


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ရွှန်းရမီမိုး

## ဆက်ထုံးပြေသောနေ့

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၆၀၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၄၅၀၅၀၉

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင်(၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၁၇၃)စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

၈၉၅.၈၃
ရွှန်းရမီမိုး
ဆက်ထုံးပြေသောနေ့/ရွှန်းရမီမိုး၊-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) ဆက်ထုံးပြေသောနေ့



www.burmeseclassic.com


အတွေးလတ်ဆတ်
အရေးဖျတ်လတ်တဲ့
ရွှန်းရမီမိုး အောင်မြင်ကျော်ကြားပါစေ...

ပန်းချီမောင်မောင်သိုက်



မရွှန်းရမီမိုး
စာဖတ်သူနဲ့
စာရေးသူ ကြားမှာရှိတဲ့
ထပ်တူကျခြင်းကို
ရရှိမှာပါ...
ဆက်ကြိုးစားနော်...

ထွန်းထွန်း



ရွှန်း
ဆက်
စေ
၂၀
(၁)

www.burmeseclassic.com

www.burmeseclassic.com


ဆရာမရွှန်းရမီမိုး

"စာပေလောကမှာ အောင်မြင်မှု
သရဖူအပေါင်း ဆောင်းနိုင်ပါစေလို့"

သော်ဇင်လင်းထွ

၁၇၀(က/၁)၊ အေးသိဒ္ဓိ(၂)လမ်း၊ ရွာမအ

အင်းစိန်မြို့နယ်၊ ရန်ကုန်မြ



ဆရာမရွှန်းရမီမိုး

ဆရာမ ရေးတဲ့ စာအုပ်တွေကို
ငှားတုန်းကတော့ ကျွန်မမျက်လုံးနဲ့ ဖတ်မလို့ပေါ့နော်...
ဒါပေမယ့်...
တကယ်တမ်းဖတ်တဲ့အခါ
ကျွန်မရင်ဘတ်နဲ့ ဖတ်မိသွားတယ်...
ကျွန်မဝတ္ထုတွေကို ငှားပဲ ဖတ်ဖူးခဲ့တယ်
အပိုင်ဝယ်သိမ်းမိတာ ဆရာမရဲ့စာအုပ်တွေပဲ...
ဆရာမရဲ့ ဆက်လက်ထွက်ရှိလာမယ့် စာအုပ်တွေကို
မျှော်လင့်စောင့်စားလျက်...

မသီတာ

၁၁၅၊ ဘုရင့်နောင်(၂)လမ်း၊ ကျောက်ရေတွင်း(၅)ရပ်ကွက်၊
မရမ်းကုန်း၊ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com




## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ရွှန်းရမိမိုး




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







"ဟာ ... ကျွတ်၊ ကြည့်ကောင်းရင် ဖြစ်ပြီကွာ၊ ဒါကြောင့် မေကြီးကိုပြောတာ၊ Brand အစစ်တွေ ဝယ်ပေးပါဆို"

ထုံးစံအတိုင်း မြတ်မြင့်မိုရ်ဆီက ပွစိစိအသံတွေကို ကြားရပါပြီ။

"မမိုရ် ... နင် မေကြီးကို ပွစိ ပွစိ မလုပ်စမ်းနဲ့ဟာ၊ ဒီ China စက်ကလေးကိုတောင် မရှိမဖြစ်ဝယ်ထားရတာ သိရက်သားနဲ့"

မြတ်မိုရ်ခန့်ဆီက အသံထွက်သည်။ မေကြီးထံမှ ...

"ပြောမနေနဲ့ ခန့်ငယ်၊ အကြီးဖြစ်ပြီး ဘယ်တော့မှ အသိရှိလာမှာ မဟုတ်ဘူး၊ အဲဒီ ဒီဗီဒီစက်ကိုတောင် သူလိုချင်လုချည်ရဲ့ဆိုလို့ မဖြစ်မနေ ဝယ်ပေးထားရတာ"

"မေကြီးစက်က ကောင်းမှမကောင်းတာ၊ မကြည့်ရသေးဘူး ထစ်တာနဲ့ Error ပြတာနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီအထစ်တောင် မနည်းဝယ်ထားရတာလို့ ပြောပြီးပြီလေ၊ တော်ပြီ ... အဲဒီစက်အစုတ်ပါ ပြန်ရောင်းလိုက်ရင် ကောင်းမယ်၊ မဟုတ်ရင် တစ်ခါဖွင့်တိုင်း တစ်ခါ ပြဿနာတက်တယ်"

"ကောင်းတယ်၊ မြင့်မိုရ်လည်း ဒီတစ်ခါ လစာထုတ်မှ ကိုယ့်ဘာသာ MP4 ဝယ်ထားလိုက်တော့မယ်"

"ဝယ် ... ဝယ် ... ဝယ်သာဝယ်၊ အေး ... ဝယ်ပြီးရင်တော့ တစ်လလုံး မိုက်မှောက်နေတော့"

"မေကြီးတို့က အဲလိုပဲ စက်လည်းကောင်းကောင်းမဝယ်ဘူး၊ MP4 ဝယ်မယ်ဆိုလည်း မဟုတ်ဘူး"

"ဟဲ့ ... နင့်ဟာက အရေးမပါတာတွေလေ မြင့်မိုရ်ရယ်၊ စဉ်းစားကြည့်စမ်း၊ ဦးနှောက်ကလေး နည်းနည်းပဲ သုံးလိုက်ကြည့်၊ ဒီအိမ်မှာ ငါ စက်ချုပ်တာရယ်၊ ညည်းလစာရယ် နှစ်ခုပေါင်းမှ မိသားစုစားလောက်ရုံနဲ့ ခန့်ငယ်ကျောင်းစရိတ်ကာမိရုံရယ်၊ ဒီလို အပိုတွေ အကုန်မခံနိုင်ပါဘူးဆိုတာလည်း အခါတစ်ရာ မကတော့ဘူး ပြောပြီးပြီ"

"အိုး ... မြင့်မိုရ်ကလည်း တခြားဘာမှ တောင်းဆိုနေတာမှ မဟုတ်တာ၊ မြင့်မိုရ် မိန်းကလေးတန်မဲ့ ဘာမှမတောင်းဆိုဘူး၊ ယုတ်စွအဆုံး ငယ်ငယ်ကတည်းက နားပေါက်မဖောက်ထားလို့ နားကပ်တောင် မရှိဘူး၊ တော်ရုံသင့်ရုံ





နားရီလေးတစ်လုံးပဲ ဒါတောင် အလုပ်ထဲမှာ လိုအပ်လို့ မဖြစ်မနေရယ်၊ အဝတ်အစားလည်း မလိုဘူး၊ ကုမ္ပဏီယူနီဖောင်းပဲ ဝတ်ရတာ၊ သူများလို ဟိုမိတ်ကပ် ဒီနှုတ်ခမ်းနီ ဆိုတာတွေလည်း မရှိဘူး"

ဒေါ်နုနုမှာ သမီးဖြစ်သူ အပြောလေးတွေကို သနားနေမိသည်။

တကယ်ပါ၊ သူမရဲ့သမီးလေးမှာ ကံကြမ္မာကပေးသော ဘဝလေး မလှရှာသော်လည်း ဘုရားပေးသောရုပ်ကလေးကတော့ ကြွေရုပ်ကလေးတမျှ။

ထို့ကြောင့်လည်း အမြဲမျက်နှာပြောင်နှင့်ပင်။ မြင့်မိုရ်ကိုယ်တိုင်ကလည်း နဂိုရုပ်ရည်ကလေး လှရုံကထက်ပိုပြီး အလှကို စိတ်မဝင်စားတတ်သူလေ။

အဲ ... သူမ အသည်းအသန် စိတ်ဝင်စားတာကတော့ သီချင်းနားထောင်ခြင်းပင်။ သီချင်းဆိုရင်တောင် တစ်ကြောင်းဖြောင့်အောင် မဆိုတတ်တဲ့ မြင့်မိုရ်ဟာ သီချင်းအမျိုးအစားမရွေး အသည်းအသန် နားထောင်တတ်တာ။ ထွက်သမျှ အဆိုတော်တိုင်းရဲ့ အခွေတိုင်းကို ဝယ်လေ့ရှိသည်။ လမ်းဘေးမှာ တစ်ထောင်ဖိုး သုံးခွေနှင့်ရသော ကော်ပီခွေကိုပင်မဝယ်။ မူရင်း Original စစ်စစ်ကိုမှ ဝယ်တာ။ ထိုသို့ဝယ်တိုင်းလည်း အိမ်မှာတကျက်ကျက် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်ရဲ့အကြောင်းပြချက်ကတော့ ကော်ပီခွေတွေက အသံမကောင်းသဖြင့် မှုရင်းဝယ်ရခြင်းတဲ့လေ။

အိမ်မှာ တီဗီက Toshiba တံဆိပ် Old model ကြီး ရှိနေသဖြင့် ဒီဗီဒီစက်တွေ ပေါ်လာတော့ မြင့်မိုရ်ရဲ့ ဂျီတွန်ဂျစ်ကျမှုဖြင့် ထိုဒီဗီဒီစက်ကလေးကို အဖြစ်ဝယ်ပေးထားတာ။ ခုတော့ စက်က Error ပြတိုင်း ဆူညံ ဆူညံနှင့်။

မိခင် ဒေါ်နုနုမှာလည်း မြင့်မိုရ်ရဲ့ ထူးခြားလှသော ဝါသနာကြီးကို စိတ်ကုန်တာ တစ်ဖက်၊ မြင့်မိုရ် သီချင်းခွေတွေ ဝယ်လာတိုင်း နမြောစိတ်တိုတာ တစ်ပိုင်းဖြင့် သံသရာကို လည်နေရှာသည်။

ခုလည်း မြင့်မိုရ် စိတ်ကောက်ကောက်ဖြင့် အိပ်ရာထဲ ဝင်ခွေနေလောက်ပြီ။ ဒါက တနင်္ဂနွေနေ့တိုင်းတက်သော ပြဿနာပါ။ ကျန်သည့်နေ့တွေကျတော့ မြင့်မိုရ် ကုမ္ပဏီသွားရသည်မို့ သူမနားသော တနင်္ဂနွေဆို ဒေါ်နုနုမှာ ဒီနေ့ မိုးမလာပါစေနဲ့ဟုသာ ဆုတောင်းချင်တော့သည်။

ကံမကောင်းစွာနှင့် တနင်္ဂနွေနေ့ မိုးလာလို့ကတော့ မြင့်မိုရ်တို့ အိပ်ရာကနိုးတာနှင့် တီဗီရှေ့ရောက်ပြီး အခန့်မသင့်ရင် အခွေကထစ် ဓာတ်လမ်းကရစ် ...။

◆ ○ ◆



"မြင့်မိုရ် အိပ်မနေနဲ့၊ ငါ ဒီမှာ ချည်ကုန်သွားလို့ သွားဝယ်ပေးဦး"

"ဟာ ... ခနဲ့ငယ်ကို ခိုင်းပါလား"

"ဟဲ့ ... ခနဲ့ငယ်က ကျူရှင်သွားပြီ၊ ဒီနှစ် ဆယ်တန်းဆိုတော့ အရေးကြီးနေပြီ၊ ခနဲ့ငယ်ကို ခိုင်းဖို့မစဉ်းစားနဲ့၊ သူ့စာနဲ့သူ လုံးပန်းရတာတစ်ဖက်၊ အမေကခိုင်းလိုက် အစ်မက ခိုင်းလိုက်နဲ့"

"မေကြီးကကို မေကြီးသားကို အကဲပိုပါတယ်"

"တော် ... တော်၊ ညည်းနဲ့ စကားကောင်းကို ပြောလို့မရဘူး၊ သွား ... ချည်လုံးသွားဝယ်၊ ညနေ အပ်ထည်တွေ ပေးရမှာ"

မြင့်မိုရ် တစ်ယောက် စူပွစူပွနှင့် အောက်ထပ်ပြေးဆင်းသွားသည်။ အိမ်နေရင်း ဂါဝန်ကိုပင် လဲမသွား။ ဆိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com



ဟာက မဖြောင့်ထားပါသော နကိုဆံပင်ပျော့စင်းစင်းလေးတွေက ခါးလယ်ခန့်မှာ ညီညီတိတိလေး ဝဲဖြာနေသည်။

မြင့်မိုရ်က ရှေ့ဆံ... နောက်ဆံပင်ပါ တစ်ညီတည်း ထားတာမို့ သူမ ဆံပင်ညှပ်ချင်လာရင် ထိုဆံပင်ကိုပဲ တညီတည်းဖြစ်အောင် မိခင်ကို ညှပ်ခိုင်းလေ့ရှိသည်။

သိချင်းခွေဝယ်ရင် မနမြော မတွန့်တိုတတ်သော ထိုကလေးမဟာ ဆံပင်ကို ဖြူကြီဆလွန်းမှာ သွားညှပ်ရမှာကိုတော့ အင်မတန် နမြောတွန့်တိုတတ်သည်လေ။

အိမ်နေရင်း စပန့်ဂါဝန်တဖားဖားဖြင့် ခြောက်လှော ပေါ်မှ ပြေးဆင်းလာကာ ကားလမ်းမတစ်ဘက်ခြမ်းရှိ စတိုးဆိုင်မှာ ချည်လုံးသွားဝယ်ရမည်မို့ လမ်းဖြတ်အကူး ...

ရပ်ထားသော ကားနောက်မှ မောင်းထွက်လာသော ကားတစ်စီးကြောင့် သူမ မျက်လုံးပြာသွားသည်။

"ကျွီ"

ကားဘရိတ်အုပ်သံ ဆူညံသွားသလို မြင့်မိုရ်ကိုလည်း နောက်က တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သည်။

"မြင့်မိုရ်ရယ် ... နင်ကလေ ရှေ့မကြည့် နောက်မကြည့်"

သူမကို ဆောင့်ဆွဲသူဆီမှ အသံထွက်လာသည်။ ဒါဆိုရင် သူမကို ကယ်တင်လိုက်သူက ဇေရင့်ပဲပေါ့ကွယ်။





"ဟဲ့ ... ကိုယ့်အန္တရာယ် ကိုယ်သိတာပေါ့ ဇေရင့်ရယ်။ မသိဘဲ နေမလား၊ ကားက ဟိုတက္ကစီနောက်က ဖြုန်းစားထွက်လာလို့ ရှောင်ချိန်မရ ဖြစ်သွားတာပါ၊ ကားလာမှန်း သိရက်နဲ့လည်း ငါက မကူးပါဘူး"

"နင် ဘယ်သွားမလို့လဲ၊ ငါ့ဆိုင်မှ ဟုတ်ရဲ့လား"

"အေး ... ငါ ချည်လုံးသွားဝယ်မလို့"

သူတို့ ပြောရင်းနဲ့ တစ်ဘက်ကားလမ်းကို ကူးလာလိုက်သည်။ ဇေရင့်က တစ်ဦးတည်းသော သားပါ၊ ဇေရင့်မိဘတွေက စတိုးဆိုင်လေး ဖွင့်ထားပြီး သူတို့စတိုးလေးက ဈေးလည်းသက်သာတာမို့ ခုဆို စတိုးလေးကနေ မိနီမတ်သာသာအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

တွေးရင်းနဲ့ ချည်လုံးရွေး ဘောက်ချာဖြတ်ပြီး ငွေရှင်းကာ ပြန်ထွက်လာတော့ ဆိုင်ရှေ့မှာ နာမည်ကြီး Electronic တံဆိပ်နှင့် ကားတစ်စီး လာရပ်သည်။ ထို့နောက် ဇေရင့် ထိုကားဆီသို့ ထွက်သွားပြီး ဘာတွေပြောနေသည်မသိ။

သူမ ထွက်လာတော့ ဇေရင့်က တစ်ချက်လှမ်းပြုံးပြီး Electronic တံဆိပ်နှင့် ကားပေါ်ကို စကားဆက်ပြောနေသည်။

ဇေရင့်နဲ့ သူမက တစ်ရပ်ကွက်တည်းသားချင်း အတန်းဖော် သူငယ်ချင်းလည်းဖြစ်ကာ သူမရဲ့ တစ်ဦးတည်းသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး သူငယ်ချင်းလည်း ဖြစ်သည်။ သူမကလည်း ဖေရင့်ရဲ့ တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းရယ်ပါ။

သူမ ကားလမ်းကူးလာပြီး နောက်က ဖေရင့်ရဲ့ ခေါ်သံကို ကြားလိုက်ရသည်။

"မြင့်မိုရ်"

"ဘာလဲ"

"ဒီနေ့ တနင်္ဂနွေလား"

"တနင်္ဂနွေမို့လို့ ငါ ကုမ္ပဏီမသွားတာပေါ့ဟ"

"အဲဒါဆို ညနေ နင်အားလား"

"ဘာလုပ်မလို့လဲ"

"ကိစ္စရှိလို့၊ ငါ ညနေ နင်တို့အိမ် လာခဲ့မယ်"

"အေး"

သူမ ပြန်လာတော့ မေကြီးက ...

"ကြာလိုက်တာ မြင့်မိုရ်ရယ်၊ စွဥလိပ်ပဲ"

"မေကြီးကလည်း ချက်ချင်းဝယ်ပြီး ပြန်လာတာပါပဲ"

ထို့နောက် သူမ မအိပ်တော့ဘဲ မေကြီးကို လက်ချုပ်ကူလိုက်ပေးသည်။ ဒီလိုပါပဲ မြင့်မိုရ်ရဲ့စိတ်ကောက်ချိန်က မကြာမြင့်တတ်။

"မြင့်မိုရ် ဒီမှာကြည့်စမ်း"





"ဟယ် ... အင်္ကျီလေးက ချစ်စရာလေးတော့၊ မေကြီး ... အဲဒါလေးက ဘယ်သူလာအပ်ထားတာလဲ"

"ညည်းအတွက် ချုပ်ထားတာ"

"ဟယ် ... လှတယ်တော့"

ပန်းနုရောင် အတွန့်တွန့် အဖတ်ဖတ်ကလေးတွေပါသော အင်္ကျီလက်ပြတ်ကလေးက ချစ်စရာ ကောင်းလှသည်။

"ဒီအင်္ကျီကို မေကြီး အရင်လက ချုပ်ပေးထားတဲ့ ပန်းနုရိပ်ပါတဲ့ စကတ်ကလေးနဲ့ဝတ်၊ သမီးက အသားဖြူတော့ ထင်းထင်းကလေးနဲ့ လှနေမှာ"

မြင့်မိုရ်က ကုမ္ပဏီယူနီဖောင်းပဲ ဝတ်ရတာပါ။ အဝတ်အစား သိပ်မလိုပါဘူး မေကြီးရယ်၊ ခန့်ငယ်ကိုပဲ ဝယ်ပေးလိုက်ပါ"

"ခန့်ငယ်က ယောက်ျားလေး၊ သူ့အတွက် ဂျင်းဘောင်းဘီ သုံးထည်လောက် အင်္ကျီငါးထည်လောက်ရှိရင် ရပြီ၊ သမီး မိန်းကလေးကိုပဲ ဆင်ရမှာပေါ့"

"မေကြီးရာ၊ သမီးကို အင်္ကျီချုပ်ပေးမယ့်အစား MP4 လေးပဲဝယ်ပေး ပြီးရော"

"မြင့်မိုရ် ... နင်ဟာလေ လူလိုသူလိုကို ဆင်ပေးလို့မရတဲ့ ကောင်မလေး၊ နင့် MP4 က ကျွေးစားလို့ရလား၊ ဘာမှ အရည်မရ အဖတ်မရ၊ တော် ... တော် ... နင့် MP4 အကြောင်း ဆက်မပြောနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပဲ နောက်ဆုံးတော့ မေကြီးနဲ့ မြင့်မိုရ်တို့ အပေးအယူမမျှစွာ လမ်းခွဲလိုက်ရပြန်တာပါကိ။

မြင့်မိုရ်လည်း ငြိမ်သက်စွာ လက်ချုပ်လိုက်နေလိုက်တော့သည်။

ညနေကျတော့ ဇေရင့် ရောက်လာသည်။

“မြင့်မိုရ် ရေချိုးပြီးပြီလား”

“အေး ... ဘာဖြစ်လို့လဲ”

“ရေချိုးပြီးရင် ငါနဲ့ ဘုရားခဏလိုက်ခဲ့ပေးပါလား”

“အောင်မာ ... ရေမချိုးပဲ လိုက်တော့ ဘာဖြစ်မှာမို့လဲ ကြီးကျယ်လို့”

“ညစ်ပတ်မ ...

အန်တီ့ကို ငါ ခွင့်တောင်းလိုက်မယ်၊ အန်တီ ... သား မြင့်မိုရ်ကို ဘုရားခဏ ခေါ်သွားမယ်နော်၊ ယ... ချေစရာရှိလို့”

“အေး ... ခေါ်သွားလေ၊ မြင့်မိုရ် မနက်က အင်္ကျီလေး ဝတ်ကြည့်စမ်း”

ဒီလိုဆိုတော့လည်း မြင့်မိုရ်တို့ မဝတ်ဘဲမနေ၊ ဇေရ... ကတော့ သူ့ရှေ့ရောက်လာသော ပန်းနုရောင် အရိပ်ကလေး... တစ်ချက်မျှ ငေးသွားပြီး ရယ်ကျဲကျဲ လုပ်လိုက်ကာ ...





“အဝတ်အစားကတော့ မိုက်ပါတယ်ကွာ၊ မျက်နှာကတော့ မျက်နှာပြောင်နဲ့”

“တို့က Natural Beauty လေ၊ ဟိ ဟိ ... မေကြီး မြင့်မိုရ် ခဏလိုက်သွားမယ်နော်”

“အေး ... မိုးမချုပ်စေနဲ့နော်”

“ဟုတ်ကဲ့”

ဇေရင့်နဲ့ပါသွားသော သမီးချောလေးကိုငေးကာ ခေါ်နန သက်ပြင်းချလိုက်သည်။ သမီးကို ဇေရင့်လို အတွင်းသိ အစင်းသိ သဘောဖြူအူစင်းလေးနဲ့ သဘောတူမိသော်လည်း ...။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ်ရောက်တော့ ဇေရင့်က အင်္ဂါထောင့်မှာ ရေသက်ဈေသွားပူဇော်သည်။ ပြီးတော့ ပါးကျပ်တန် အသစ်လေးတွေချည်းပဲ နှစ်ဆယ့်နှစ်ရွက် လှူသည်။ ပြီးတော့ ဘုရားရှိခိုးနေလိုက်တာ နာရီဝက်လောက် ကြာနိုင်သည်။

မြင့်မိုရ် ဇေရင့်ကို မစောင့်တော့ဘဲ ကြာသပတေးထောင့်ကို ထွက်လာလိုက်သည်။ အဲဒီမှာ ဇာတ်လမ်းစတာပဲလေ။

မြင့်မိုရ် ရေသပ္ပာယ်ရန် စတီးခွက်ကလေးဆီ လက်အလှမ်း၊ ထိုစတီးခွက်ဆီသို့ လှမ်းလာသော လက်တစ်ဖက်က သူမလက်ဆီ အုပ်မိုးလာခဲ့သည်။

"ဟာ ... ဆောရီး"

သူမရဲ့ လက်တွေက မနှစ်မြို့မှုဖြင့် ဆတ်ခနဲ ရုန်းပစ်လိုက်သည်။ လက်ပိုင်ရှင်ဆီမှ ရယ်သံဖွဖွ ကြားလိုက်ရသဖြင့် သူမ လှည့်ကြည့်လိုက်တော့ ရင်ဘတ်ထဲက ကလီဇာတွေ ဓောက်ထိုးမိုးမျှော် ဖြစ်သွားနိုင်သော အကြည့်တစ်ခုကို ရလိုက်သည်။





ရှိဝေရွှန်းလဲ့သော အကြည့်ဆိုတာကို ကြားဖူးခဲ့ရုံပါ။ ခုမှ တကယ်လက်တွေ့ မြင်ဖူးရတော့သည်။

သူက အပြုံးတစကို မဖြုတ်ချသေးဘဲ စတီးခွက်ကနှင့် ရေအပြည့်ခပ်ကာ သူမဘက်ကို ကမ်းပေးသည်။

"ကလေး အရင် ရေသပ္ပာယ်လေ၊ ရော့"

သူမ ဘာလုပ်လိုက်သည် ထင်ပါသလဲ။ ကြောင်စီစီ ထိုကြာသပတေးထောင့်က ထွက်ခဲ့လိုက်တာပေါ့။ သူ့ရဲ့ ...သလို အကြည့်ကို မျက်ဝန်းထောင့်စွန်းမှ မြင်လိုက်ရသေးရဲ့။

"မြင့်မိုရ်"

"ဇေရင့် ... နင် ဘုရားရှိခိုးတာကလည်း ကြာလိုက်တာ"

"အင်း ... နင်ရော ရှိခိုးပြီးပြီလား"

"ဟင့်အင်း ... ငါ ဟိုဘက်ထောင့်မှာ သွားရှိခိုးမလို့"

"အိုခေ"

သူမ ဘုရားရှိခိုးနေချိန် ဇေရင့်က ဘေးကနေ ငြိမ်...မှာ စောင့်နေပေးခဲ့သည်။ မျက်စိစုံမှိတ်ပြီး ဘုရားကို အာရုံ...သာ ငြိမ်းချမ်းလှ၏။

သူမ ဘုရားရှိခိုးပြီး မျက်လုံးပြန်ဖွင့်လိုက်ချိန် မျက်...ထောင့်စွန်းမှာ ရှိဝေသော အကြည့်တစ်စုံကို လက်ခံရပြန်



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘုရားရှိခိုးရာထောင့်မှာ လက်ကို ခပ်ဖွဖွဆုပ်ပြီး သူမကို ငေးမောနေသော ထိုလူ။

ဆတ်ခနဲ မျက်နှာလွှဲလိုက်သည်။ ဘေးမှာတော့ ဖေရင့်ရဲ့ အပြုံးတစ်ခု။

"ဘာတွေ ဆုတောင်းလဲ မြင့်မိုရ်"

"ဟင့်အင်း ... ဆုမတောင်းပါဘူး၊ ငါက ဘုရားရှိခိုးပြီး ဆုမတောင်းတတ်ဘူး"

"ထူးဆန်းတယ်"

"မထူးဆန်းပါဘူး"

"ထားပါတော့၊ ကဲ ... လာ မြင့်မိုရ်၊ ငါတို့ စနေထောင့်က ကျောက်စိမ်းဆင်းတုကို သွားကန်တော့ရအောင်"

"အဲဒါရော ယတြာချေတာပဲလား"

"အင်း"

"နင်ဟာလေ၊ ယောကျ်ားလေးဖြစ်ပြီး ဒီလိုကိစ္စတွေလည်း အယူသည်းတတ်တယ်နော်၊ မထင်ရဘူး"

"ဒါကတော့ဟာ ယောကျ်ားလေး မိန်းကလေးမှ မဟုတ်ဘူး၊ ကိုယ့်ရဲ့ခံယူချက်နဲ့ ကိုယ်ပေါ့"

"ဟုတ်ပါပြီ"

ကျောက်စိမ်းဆင်းတုကို ကန်တော့ပြီးတော့ ထိုတန်ဆောင်းရဲ့ လှေကားထစ်လေးတွေမှာ ထိုင်ဖြစ်ကြသည်။





"မြင့်မိုရ်"

"ဟင်"

"ငါ့ဆိုင်မှာ အခု Electronic ပစ္စည်းတွေပါ တင်တော့ မလို့"

"ဟယ် ... ကောင်းတာပေါ့"

"အင်း ... အဲဒါ ငါ နင့်ကို ပထမဆုံး အမှတ်တရလက်ဆောင် ပေးချင်လို့"

"ဘာလဲ"

"ရော့"

"မဟုတ်ဘူး၊ ငါ့ရဲ့ဘာလဲဆိုတာက ဘာအတွက် ပေးမှာလဲလို့ ပြောတာ"

"မဟုတ်ဘူး၊ ဘာအတွက်မှ မဟုတ်ဘူး၊ နင့်အတွက် လိုအပ်နေတဲ့ အရာလေးမို့လို့ ပေးချင်တာ"

သူက လေးထောင့်ဘူးလေးတစ်ဘူး ကမ်းပေးသည်။ ပါကင်ပေပါဖြင့် သေသေချာချာ ပိတ်ထားသည်မို့ သူမရဲ့သိချင်စိတ်က ပိုပြီးပြင်းပြလာကာ ...

"ငါ ဖွင့်ကြည့်ရမလား"

"ကြည့်ပေါ့၊ နင့်ကို ပေးထားတာပဲ"

သူမရဲ့လက်ချောင်းတွေကြားမှာ ပါကင်ပေပါလေး အလုပျက်သွားရသည်။ MP4 Playar လေးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် MP4 လေး"

"အင်း"

"Sony တံဆိပ်ပဲ၊ ငါ မယူချင်ဘူးဟာ"

"ဘာလို့လဲ မြင့်မိုရ်ရယ်၊ အဲဒါ နင်လိုချင်နေတာ ငါသိတာပဲ"

"လိုချင်တာပေါ့၊ လိုချင်လို့တောင် Sony Showroom ကို အကြိမ်ကြိမ် သွားကြည့်ဖူးတယ်။ အဲဒါကြောင့် ဈေးလည်း သိတယ်ဟာ၊ သိန်းချီနေတဲ့ ပစ္စည်းကြီးကို ငါ လက်မခံချင်ပါဘူး"

"နင်ကလည်းဟာ၊ မရှိပါဘူး။ ဒါက တရုတ်ဖက်စပ်ပါဟ၊ အပေါစားပါ အစစ်မဟုတ်ပါဘူး"

"အံမယ် ... ငါ့ကို ညာဖို့မကြိုးစားနဲ့ ဖေရင့်ကလေးရဲ့၊ ငါက ဒီ့ပစ္စည်းကို အလွတ်တောင် ရှုနေပြီ၊ ဒါ Sony အစစ်ဆိုတာလောက်တော့ ငါသိပါတယ်ဟာ၊ ငါမယူဘူးနော်"

"ဟာ ... နင်ကလည်း၊ ငါက နင့်ကို ပေးချင်လွန်းလို့ တမင်ခေါ်လာတာကို၊ ဘုရားလာတာ ငါ့ဟာငါလာလည်းရတာပဲ၊ နင့်အိမ်မှာ ပေးဖို့ကလည်း အန်တီ ရှိနေတော့ မပေးချင်ဘူးလေ"





"ဟုတ်တယ်ဟာ၊ ငါ ယူရင် မေကြီး ဆူလိမ့်မယ်"

"အန်တီ မသိစေနဲ့ပေါ့"

"မဖြစ်ပါဘူးဟာ၊ ငါ ကိုယ်တိုင်ကလည်း မယူချင်တာပါတယ်ဟ"

"နင်ကလည်း၊ နင်နဲ့ငါက သူငယ်ချင်းတွေပဲ၊ ပြီးတော့ ငါ့ရဲ့ တစ်ဦးတည်းသော အခင်ဆုံး သူငယ်ချင်းလေး၊ ဒီ သူငယ်ချင်းကို မပေးရရင် ငါ စိတ်ကောင်းပါ့မလား"

မြင့်မိုရ်ကလည်း MP4 လေးကို လိုချင်မက်မောစွာ ကြည့်လိုက်ပြီး ...

"ဒါဆို ဒီလိုလုပ်၊ ငါ ဒီဟာလေးကို ယူမယ်၊ ဒါပေမဲ့ လက်ဆောင်အနေနဲ့တော့ မဟုတ်ဘူး၊ ငါ ဒီ MP4 လေး ကို ပြန်ဝယ်မယ်လေ"

"ဟာ ... ကွာတ်၊ မဟုတ်တာ"

"ဟုတ်ပါတယ် ဟုတ်လိုက်၊ ငါ ဒီဟာကို ဝယ်မယ်၊ ဒါပေမဲ့ ချက်ချင်းအကျေတော့ မပေးနိုင်သေးဘူး၊ တစ်လ ကို နည်းနည်းဆပ်မယ်လေ၊ ငါလည်း ဒီဟာလေးကို ယူဖြစ်သွားတာပေါ့ဟာ"

"မြင့်မိုရ်"

"တော်ပြီ၊ ဘာမှမပြောနဲ့တော့၊ ငါ့ကို အကြွေးနဲ့ရောင်းနိုင်လား မရောင်းနိုင်လားပဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"မြင့်မိုရ် ... ဒီနေ့ ဘာနေ့လဲ သိလား"

"ကြာသပတေးနေ့လေ"

"အဲဒါတော့ သိသားပဲ တုံးလေးရဲ့၊ ဒီနေ့က ဘာအထိမ်းအမှတ်နေ့လဲလို့ မေးတာ"

"ဘာအထိမ်းအမှတ်လဲ၊ လွတ်လပ်ရေးနေ့လား၊ မဟုတ်ပါဘူး၊ အမျိုးသားနေ့များလား"

"မြင့်မိုရ် ... နင့်မွေးနေ့ကို နင် မမှတ်မိဘူးလား"

"မွေးနေ့ ... ဒီနေ့ ... အေး ဟုတ်သားပဲ၊ ဒီနေ့ ငါ့မွေးနေ့ပဲ။ အဟိ ... ရယ်ရတယ်၊ မွေးနေ့ကိုတောင် သတိမထားမိဘူး"

"မြင့်မိုရ်ကတော့လေ"

"အံမယ် ... မွေးနေ့ သတိမရတာများ အဆန်းလုပ်လို့၊ ငါ့လိုပဲ ကိုယ့်မွေးနေ့ကို ရောက်လို့ရောက်မှန်းမသိတဲ့သူတွေ တစ်ပုံကြီးပါနော်။ ဒါက အသိပ်အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး"

"ထားပါတော့၊ ဒီ MP4 က ငါ မွေးနေ့လက်ဆောင်ပေးတာလို့ ပြောမလို့၊ နင့်ကို မွေးနေ့လက်ဆောင်ပေးတာကိုတော့ မငြင်းရဘူး"

"ဓေရင့် တန်ဖိုးက ..."





"နင်နဲ့ ငါ့ကြားမှာ တန်ဖိုးဆိုတဲ့ အတိုင်းအတာတစ်ခု မရှိဘူးဟ၊ ခင်မင်မှုပဲ ရှိတယ်။ တော်ပြီနော် မြင့်မိုရ်၊ ဘာမှ ဆက်မပြောနဲ့တော့၊ ဒါ ငါ နင့်ကို လက်ဆောင်ပေးတာ"

"ဓေရင့်ရယ် ... ငါ့ဘဝမှာလေ မွေးနေ့လက်ဆောင် တစ်ခါမှ မရဘူးတော့ လက်မခံချင်ဘူး ဖြစ်နေတယ်ဟာ"

"ကောင်းတာပေါ့ဟာ၊ တစ်ခါမှ မရဘူးတော့ ငါက ပထမဦးဆုံးပေးတဲ့သူ ဖြစ်ခွင့်ရတာပေါ့"

"ဟုတ်တယ်၊ ပထမဦးဆုံးရတဲ့ လက်ဆောင်ကလည်း ငါ အလိုချင်ဆုံးလက်ဆောင် ဖြစ်နေတယ်၊ ကျေးဇူး ဓေရင့်"

"နင် လက်ခံပေးတာကိုပဲ ငါက ပြန်ပြီးကျေးဇူးတင်ပါတယ်ဟာ၊ နင် အလိုချင်ဆုံး ပစ္စည်းလေးကို လက်ဆောင်ပေးခွင့် ရတဲ့အတွက် ငါ အရမ်းဝမ်းသာတာပဲ"

"ဓေရင့်"

"ပြော"

"ငါ့မွေးနေ့ကို နင်က လက်ဆောင်ပေးထားပြီဆိုတော့ ငါက နင့်ကို မှန့်လိုက်ကျွေးရတော့မှာပေါ့"

"ဒါပေါ့၊ ပြောကာမှ ဗိုက်တောင်ဆာလာပြီ"

"ဘယ်လိုလုပ်မလဲ ဓေရင့်၊ ငါ့မှာ လိုလိုမယ်မယ်ထည့်လာတဲ့ တစ်ထောင်တန်တစ်ရွက်ပဲ ပါတယ်ဟ"

www.burmeseclassic.com



"ဒါဆိုရင် နင့်ကို ငါ ပိုက်ဆံချေးမှာပေါ့။ ဒါပေမဲ့ လဏ
လို့ လစာထုတ်ရင်တော့ ငါ့ကို ပြန်ဆပ်ရမယ်နော်"

"အေး ... ကောင်းသားပဲ"

ဘုရားပေါ်မှဆင်းပြီး တရုတ်တန်းဘက်သွားဧ
ဝက်သားတုတ်ထိုးနဲ့ ကြာဆံကြော် သွားစားကြသည်။

"ဟင်"

"ဘာဖြစ်လို့လဲ မြင့်မိုရ်"

"ဘာမှမဟုတ်ပါဘူး"

ဘုရားပေါ်မှာ တွေ့ခဲ့တဲ့လူ၊ မြင့်မိုရ်တို့ ထိုင်နေသေ
ဝက်သားတုတ်ထိုးဆိုင်နဲ့ မျက်စောင်းထိုးရှိ အကင်ဆိုင်ရှေ့
လက်ပိုက်လျက် မြင့်မိုရ်ကို စူးရှစွာ ကြည့်နေသည်။

ဖေရင့် ရိပ်မိမည်စိုး၍ မြင့်မိုရ် ထိုလူဘက်ကို လှည
မကြည့်တော့ပေမယ့် စိတ်ထဲမှာတော့ မျက်စောင်းပေါင်းတစ်ထော
ပို့လွှတ်နေမိသည်။

ထိုသို့ အကြည့်ခံရခြင်းအပေါ် မနှစ်မြို့သလိုလည
ဖြစ်နေမိသည်။

"မြင့်မိုရ် ဒီ MP4 ထဲမှာ ငါ သီချင်းကောင်းကောင်းလေ
တွေ သွင်းပေးထားတယ်၊ သိလား"





"အေး ... ကျေးဇူးပဲလို့ မပြောတော့ဘူးနော်၊ ဖေရင့် မြန်
မြန်စားဟာ၊ ပြန်ချင်လာပြီ"

"အေး ... အန်တီက စောစောပြန်ခဲ့လို့ မှာလိုက်တယ်၊
တော်ကြာ နောက်တစ်ခါ ခေါ်လို့မရဘဲနေဦးမယ်၊ သွား
မယ်"

သူမတို့နှစ်ယောက် ဆိုင်မှထလိုက်သည်နှင့် ဟိုလူ
ကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ထပ်ပြီး လိုက်ဦးမည်
ထင်ပါရဲ့ ... ဟူး။



www.burmeseclassic.com

www.burmeseclassic.com



MP4 ကို မေကြီး မသိအောင် ဖွက်ရတာ မောနေသည်။ သီချင်းခွေ အသစ်ထွက်တိုင်းလည်း ဝယ်စရာ မလိုတော့။ ဇေရင့်က သီချင်းသစ်ထွက်တိုင်း သူမ MP4 ထဲကို သွင်းပေးလေ့ရှိသည်မို့ အဆင်ပြေနေသည်။

မေကြီးတောင် ...

"ခုတလော မြင့်မိုရ် လိမ္မာနေပါလား"

ဟု ပြောယူရသည်အထိ။ ခန့်ငယ်ကလည်း ...

"မမိုရ် ဆယ်စက္ကန့် အခွေကောင်းတယ်တဲ့၊ ဝယ်ပြီးပြီလား၊ နားထောင်ကြည့်ရအောင်"

"ဟင့်အင်း ... မဝယ်တော့ပါဘူး"

"ကမ္ဘာကြီး ပြောင်းပြန်လည်နေပြီ ထင်တယ်"

ခန့်ငယ်က ပခုံးတွန့်ကာ ရေရွတ်ပြီး ထွက်သွားသည်။



မြင့်မိုရ် ဝရန်တာဘက် ထွက်လာတော့ အောက်ထပ်က ခေါင်းလောင်းကြီး လာဆွဲသည်။ မြင့်မိုရ် ငုံ့ကြည့်လိုက်တော့ မြေညီထပ်ရှိ စတိုးဆိုင်မှ ကောင်မလေး။

"မမြင့်မိုရ် ဖုန်းလာတယ်"

ဖုန်းလာတယ်၊ မလာစဖူး ဘယ်သူများ ဆက်ပါလိမ့်။ ဒီဖုန်းနံပါတ်ကို ရုံးက မန်နေဂျာကိုပဲ ပေးထားတာပါ။ ဒါတောင် အလုပ်သွားလျှောက်တုန်းက မဖြစ်မနေ ပေးရတာမို့လို့။

မသိတာကို ဆက်မတွေးတော့ဘဲ ပိုက်ဆံအိတ်လေး ဆွဲကာ ...

"မေကြီးအောက်မှာ ဖုန်းလာတယ်ဆိုလို့ သွားပြောလိုက်ဦးမယ်နော်"

"အေး ... အေး"

"ဟဲလို"

"မြတ်လား"

"ရှင်"

"ဪ ... မြတ်မြင့်မိုရ်လား"

"ဟုတ်ကဲ့"

"မြတ် ဘာလုပ်နေလဲ"

"ရှင် ဘယ်သူလဲ"

"မြတ်က ဘယ်သူထင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိုး ... သိမလား၊ ရှင် ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ"

"ကိုယ်လား၊ အင်း ... မြတ်ကို ချစ်နေတဲ့သူပေါ့"

"ဟင် ... ရှင် ... ရှင်"

"ကိစ္စကို ပြောရဦးမလား မြတ်၊ သတိရလို့၊ သတိရတဲ့ကိစ္စ အတွက် ဖုန်းဆက်လိုက်တာပါ"

"ခွပ်"

မြင့်မိုရ် ဖုန်းချပစ်လိုက်သည်။ ဖုန်းက ချက်ချင်းပြန် မြည်လာသဖြင့် စတိုးဆိုင်မှ ကောင်မလေးက ကိုင်လိုက်သည်။ မြင့်မိုရ်က ဖုန်းအသုံးပြုခ ပိုက်ဆံကို ပေးနေချိန်မို့ ဆိုင်ထဲက မထွက်ရသေး။

"မမြင့်မိုရ် ဖုန်းပဲ၊ ဖုန်းကျသွားလို့တဲ့"

"ကျွတ် ... ဟဲလို"

"မြတ်"

"ဒီမှာ ... ရှင် အလိုက်ကမ်းဆိုး မသိတတ်ဘူးလား၊ ဒါ ကျွန်မအိမ်ကဖုန်း မဟုတ်တာ သိမယ်ထင်ပါတယ်၊ နောက် ကို ဒီဖုန်းကို ဘယ်တော့မှ မခေါ်နဲ့"

"အိုခေ ... မြတ် တောင်းဆိုတာကို ကိုယ်လိုက်လျောမယ်၊ ဒါပေမဲ့ နောက်ကို ဘယ်တော့မှ ဒီဖုန်းကို မခေါ်နဲ့ဆိုရင် ကိုယ်တိုင် စကားလာပြောခွင့် ပေးမှာလား"



"ဘာလို့ပေးရမှာလဲ"

"ဟော ... ဒါဆို ကိုယ်က မြတ်နဲ့ ဘယ်လိုစကားပြောရ မလဲကွ"

"မပြောနဲ့လေ၊ ဘာမှ ပြောစရာမရှိဘူး"

"ကိုယ့်ကိုသိလား မြတ်"

"မသိဘူး၊ သိစရာလည်း မလိုဘူး၊ ရှင် နောက်ထပ်ဆက် မနှောင့်ယှက်ဖို့ပဲ လိုအပ်တယ်"

"ရက်စက်ပါ့ မြတ်ရယ်"

"ဒါပဲ၊ ကျွန်မကို ဖုန်းထပ်မဆက်နဲ့၊ ဒါ သူများဆိုင်က ဖုန်း"

"ကောင်းပြီ မြတ်၊ မြတ်စိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ ဪ ... မြတ် ကိုယ့်နာမည် မှတ်ထားဦးနော် မြတ်ကိုကို တဲ့"

"သေလိုက်"

သူမရဲ့ ပျစ်ပျစ်နှစ်နှစ် အသံနဲ့အတူ ဖုန်းကိုတောင် ကြီး အောင့်ကြီး ချလိုက်ပြီးမှ ဆောရီးဟု ဆိုင်ရှင်ကို တောင်းပန် လိုက်ရသည်။

အပေါ်ပြန်ရောက်တော့ မေကြီးက ...

"ဘယ်ကဖုန်းလဲ မြင့်မိုရ်"

www.burmeseclassic.com

www.burmeseclassic.com



"ရုံးက သူငယ်ချင်းပါ"

"ယောက်ျားလေးလား"

"အမကြီးကလည်း မိန်းကလေးပါ၊ သူ မနက်ဖြန်ရုံးမတက်လို့ ခွင့်တိုင်ခိုင်းတာပါ"

မကြီးကို ပထမဆုံး မုသာဝါဒ သုံးလိုက်ရသည်။ ခန့်ငယ်က စာအုပ်ကိုင်ကာ ...

"မမိုရ် ဒီပုစ္ဆာလေး နားမလည်လို့ ရှင်းပြပါလား"

"အာ ... စိတ်ရှုပ်ရတဲ့ ကြားထဲ"

"မမိုရ်က အဲလိုပဲ အကျင့်ကိုပုပ်တယ်၊ ကိုဇေရင့် လာမှပဲ ရှင်းပြခိုင်းတော့မယ်"

"နင့်မှာ ကျူရှင်လည်း ယူသေးတယ်၊ ဒါတောင် နားမလည်ဘူး"

"ဩော် ... ကျူရှင်က သူများတွေလို သီးသန့်ရှယ်ကျူရှင်မှ မဟုတ်တာ၊ လူအယောက်လေးငါးဆယ် တက်ရတဲ့ ကျူရှင်ကို၊ ဗိုင်းမှမဟုတ်ဘူး၊ ကျူရှင်တောင် ဈေးကြီးတဲ့ ရှယ်ကျူရှင်ဆို သင်တာတစ်မျိုး မမိုရ်ရဲ့၊ ငါမှ ရှယ်ကျူရှင် မတက်နိုင်တာ။ ဒီပုစ္ဆာကလည်း တွက်ရင်းနဲ့ကို လည်နေလို့"

"လာ ... လာ ... ငါ ရှင်းပြမယ်"



မကြီးကတော့ အင်္ကျီလာအပ်သော ဘေးအခန်းက ကောင်မလေးနဲ့ စကားလက်စုံကျနေရင်းက သူမတို့မောင်နှမဘက် တစ်ချက်သာ လှည့်ကြည့်သည်။

ထို့နောက်မှာတော့ ဇေရင့် ရောက်လာသည်။ ဇေရင့် ရောက်လာ၍ ပျော်သွားသူကတော့ ခန့်ငယ်ပဲပေါ့။

"ကိုဇေရင့် လာတာ အတော်ပဲ၊ ဒီပုစ္ဆာ နားမလည်လို့ မမိုရ်ကို ရှင်းပြခိုင်းနေတာ၊ ရှင်းထာ တစ်ချက်ဆို အခေါက်ခံရတာ သုံးချက်ဖြစ်နေတယ်"

"အောင်မယ် ... ရှင်းလည်း ရှင်းပြရသေးတယ်"

ဇေရင့်က စာပိုတော်ပြီး စာရှင်းပြရတာလည်း ဝါသနာပါပုံရသည်။ သူမနဲ့ ဇေရင့် ကျောင်းတက်တုန်းကလည်း ဇေရင့်ကပဲ တစ်ချိန်လုံး စာရှင်းပြရတာလေ၊ တစ်ခါတလေ သူ ရပြီးသော စာတွေကိုပင် သူမ မကျက်ရသေးရင် ကူကျက်ပေးတတ်သည်။

ခုလည်း ဇေရင့် ရောက်လာတာနဲ့ ခန့်ငယ် တစ်ယောက် ဇေရင့်နား ဖွေ့ခနဲ ရောက်သွားသည်။

သူမက မကြီးနား သွားထိုင်ကာ အင်္ကျီကြယ်သီးတွဲပေးနေလိုက်သည်။ ဘေးအခန်းက မြမြက ပြန်မလိုလုပ်ပြီး သူမ အနားရောက်လာ၍ ပြန်ထိုင်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ် အဆင်ပြေလား မြင့်မိုရ်"

"ပြေပါတယ် မြမြရယ်၊ ကုမ္ပဏီတွေထဲမှာတော့ အကောင်းဆုံးပဲလို့ ပြောရမလိုပေါ့"

"အိုင်းပေါ့"

မြမြက သူမကိုသာ စကားပြောနေတာ၊ မျက်လုံးအကြည့်တွေကတော့ ဇေရင့်ဆီ မကြာခဏ အလည်သွားနေသဖြင့် ကျိတ်ပြုံးမိသေးသည်။ ဇေရင့်လို ရုပ်ချော ဥစ္စာပေါ (မီနီမတ်ကလေး တစ်ခု ပိုင်ထားသဖြင့် သူမတို့ထက်စာရင် တော်တော်ကြီး ဥစ္စာပေါသည်ဟု ပြောရမည်လေ)ကို မြမြတစ်ယောက် ကျိတ်ပြီးစိတ်ဝင်စားရှာသည်ထင်ပါ၏။

ဇေရင့် တစ်ယောက်ဟာ သဘောသဘာဝကလည်း ပြည့်ဝသေးသည်ဆိုတော့ မြမြ အတွက် စိတ်ကူးယဉ်ချင်စရာလည်း ဖြစ်နေမှာပေါ့လေ။ သူမ တွေးရင်းနဲ့မှ ဇေရင့်ဘက်ကို လှည့်ကြည့်မိတော့ သူမကို လှမ်းကြည့်နေသော သူ့အကြည့်တွေနှင့် ဆုံသွားသဖြင့် ရင်က ဖျတ်ခနဲ ခုန်သွားမိတာကို အံ့ဩစွာ သတိထားမိလိုက်၏။



# ၅

"ဒီနေ့ အစည်းအဝေး ရှိတယ်တဲ့"

"ဟင် ... ခုပဲ ငါးနာရီထိုးတော့မှာ၊ အစည်းအဝေးက ဘယ်အချိန်မှ စမှာလဲ"

"I don't know ဒါပေမဲ့ အစည်းအဝေး ရှိတာတော့ သေချာတယ် ဆရာ၊ ခုနကပဲ GM လာပြောနိုင်းသွားတာ"

"ဟာ ... အပြန် မိုးချုပ်ပြီပေါ့ကွ၊ ဒုက္ခပါပဲ"

"ပိုပြီး ဒုက္ခတာ,စရာ တစ်ခုက ဖယ်ရီပို့တဲ့ကားက အင်ဂျင် ချထားရတယ် မြင့်မိုရ်ရေ၊ ဒီညနေအပြန် ကိုယ့်အစီအစဉ်နဲ့ကိုယ်တဲ့"

"ဟား ... သွားပြီ ... သွားပြီ၊ ဒါဆို အိမ်ကို ဖုန်းဆက်ဦးမှပဲ၊ ခန့်ငယ်ကိုပဲ လာကြိုနိုင်းရတော့မှာပေါ့"

"စကားမစပ် ရှင့်မောင်လေး ပိုချောလာသလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နီမ,နော်၊ နင်မစွံတိုင်း ပုခက်ထဲက ကလေးပါမကျ
ငမ်းမနေနဲ့"

"အေးပါ ယောင်းယောင်းရယ်၊ ငါ ပုခက်ထဲက လွတ်တ
လေးတွေကပဲ စငမ်းပါတယ်၊ ဥပမာ ခန့်ငယ်လောက်
စပြီးပေါ့ ... ဟိ ဟိ"

မြင့်မိုရ် နောက်ကျမည့်အကြောင်း ပြောဖို့ ဖုန်းဆက်
တာ ဆက်လို့လုံးဝမရ၊ စတိုးဆိုင်ကဖုန်းက ပျက်နေပုံရသည်
ထို့နောက် ဇေရင့်ကို သတိရသွားကာ Address Book ကလေးထဲ
မှာ ဇေရင့် ဖုန်းနံပါတ်ကို ရှာလိုက်သည်။ ဇေရင့် ဖုန်းနံပါတ်
သူမ ခုချိန်ထိ အလွတ်မရသေး။

"ဟဲလို ... ဇေရင့် ရှိပါလားရှင်"

"ဘယ်သူ ဆက်တယ်လို့ ပြောလိုက်ရမလဲ"

ဇေရင့်မိခင်ရဲ့အသံက မာသည့်ဘက်ကို တော်တော်
ရောက်နေသည်။ သူမ ပန်းတွန့်ကာ ...

"မြင့်မိုရ်ပါ"

"ဇေရင့် မရှိဘူး"

မရှိဘဲနှင့် ရှိသယောင် နာမည်မေးနေသေးသည်
ဇေရင့်နှင့် သူမမိခင် အကြောတည့်သလောက် ဇေရင့်မိခင်နှ
သူမကတော့ ရေးရေစက် မပါလာဘူး ထင်ပါရဲ့ကွယ်။



ဇေရင့်ဆီလည်း ဖုန်းဆက်မရသဖြင့် သူမ စိတ်အိုက်
စွာ သက်ပြင်းချလိုက်သည်။ မတတ်နိုင်တော့၊ ဖြစ်သလို ပြန်ရ
တော့မည်။

အမှန်က ဇေရင့် ရှိရက်နဲ့ သူ့မိခင်က မခေါ်ပေး
တာပါ။ နောက်မှာရပ်နေသော ဇေရင့်က တစွန်းတစ ကြားလိုက်
ရသဖြင့် မေမေ့အလစ်မှာ Colter ID ကို ကြည့်လိုက်တော့
မြင့်မိုရ်တို့ကုမ္ပဏီမှ ဖုန်းနံပါတ်ကို တွေ့ရသဖြင့် စိတ်ပူပြီး ပြန်
ခေါ်လိုက်သည်။ မြင့်မိုရ်က သူ့ဆီ ဖုန်းဆက်ခဲ့သည်လေ။

"မြတ်မြင့်မိုရ်နဲ့ ပြောချင်လို့ပါ ခင်ဗျာ"

"ဇေရင့်လား၊' ငါ မြင့်မိုရ်ပါ"

"အေး ... နင့်ဖုန်းနံပါတ်ကိုတွေ့လို့ ပြန်ဆက်လိုက်တာ၊
ဘာဖြစ်လို့ ဆက်တာလဲ"

"အေး ... အတော်ပဲ၊ နင့်ကို အကူအညီ တောင်းစရာရှိ
လို့၊ ငါတို့ အောက်ထပ်က ဖုန်းနံပါတ်က ပျက်နေလား
မသိဘူး၊ ခေါ်လို့မရလို့"

"အင်း ... နင် ဘာလုပ်ချင်လို့လဲ"

"အိမ်ကို ငါ ဒီနေ့ နောက်ကျမယ့်အကြောင်း သွားပြော
ပေးမလား။ ပြီးတော့ ဖယ်ရီကားကလည်း ပျက်နေလို့၊
Meeting ကလည်း ဘယ်အချိန်မှ ပြီးမယ်မသိသေးဘူး၊
အဲဒါ ခန့်ငယ်ကို ပြောပေးဦး၊ ငါ့ကို လာကြိုပါလို့"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြောပေးမယ်၊ ပြောပေးမယ် ဆိုတာက နောက်ကျမှာကို ပြောပေးမယ်လို့ ပြောတာ၊ ကြိုတာက ငါလာကြိုပေးမယ်လေ"

"ရပါတယ်ဟာ၊ နင့်ဆိုင်က ညနေဘက်ကို လူပိုကျတယ်မို့လား၊ နင် မအားဘဲနဲ့ မလာပါနဲ့၊ အိမ်ကို ပြောပေးရင်ပဲ ရပါပြီ"

"နင်က ဘယ်သူနဲ့ ချိန်းထားလို့ ငါ လာကြိုမှာကြောက်နေတာလဲ"

"အံမယ် ... ငါ့ရှာ ဘယ်သူနဲ့ ချိန်းရမှာလဲ၊ နင့်ကိုအားနာလို့ပါဆို"

"ငါ လာကြိုမယ်"

"ပြီးတာပဲ၊ အိမ်ကိုတော့ ပြောပေးနော်"

"အင်း"

ခုမှပဲ စိတ်အေးရတော့သည်။ သူမမှာလည်း စောင့်တစ်ယောက်ရှိနေ၍သာ တော်တော့သည်။

အစည်းအဝေးခန်းထဲဝင်တော့ တစ်စုံတစ်ယောက်၏ စူးစိုက်ကြည့်ခြင်းကို ခံရသဖြင့် ...

"ဟင်"



ဘုရားပေါ်မှာ လိုက်လာသည့် ဟိုလူပါလား၊ ကုမ္ပဏီပိုင်ရှင်သူဌေးက ဟိုလူကို အားလုံးနှင့် မိတ်ဆက်ပေးသည်။

"ဦးမြတ်ကိုကိုက ကိုယ်တို့ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ပဲ၊ သူက ခုမှ နိုင်ငံခြားက ပြန်လာတာမို့ ခုမှပဲ မိတ်ဆက်ပေးရပေမယ့် သူဟာ ဒီကုမ္ပဏီစဖွင့်ကတည်းက ဟိုဘက်ကနေ ရှယ်ယာတွေ ပံ့ပိုးပေးနေတဲ့သူပါ"

ဒါရိုက်တာ ဦးမြတ်ကိုကိုက မြင့်မိုရ်ဘက်ကို တစ်ချက်ကြည့်ပြီး ...

"ကျွန်တော်က ဒါရိုက်တာ ဆိုပေမယ့် အစစအရာရာကိုတော့ နားမလည်ဘူး၊ အဲဒါကြောင့် ဒီကုမ္ပဏီထဲကိုဝင်ဖို့ အဲ ... ဝင်ရောက်လုပ်ကိုင်ဖို့ကို အသစ်ကစပြီး လေ့လာရမှာလို ဖြစ်နေတယ်၊ ဒီတော့ ..."

သူက စကားရပ်ပြီး အားလုံးကို အကဲခတ်သလို ကြည့်နေသည်။ ဝန်ထမ်းတချို့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဒီတော့ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်၊ ကျွန်တော်က တခြားစီးပွားရေးလုပ်ငန်းတွေ လုပ်စရာရှိပါသေးတယ်၊ ဒီကုမ္ပဏီကို တိုးတက်အောင် စွမ်းဆောင်ပေးခဲ့တဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင်ကြောင်း ခေါ်ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ ကုမ္ပဏီကို မဝင်၍ မြင့်မိုရ် သက်ပြင်းချနိုင် သွားခြင်းပင်။

"တစ်ခုတော့ ရှိတယ်၊ ကျွန်တော်က နိုင်ငံခြားမှာ အနေ ကြာလာတော့ ဒီမှာ သိပ်ပြီး အံမဝင်တာလေးတွေရှိတယ်၊ ကျွန်တော့်ရဲ့ တခြား တခြားသော စီးပွားရေးလုပ်ငန်းတွေ အတွက် အထောက်အကူ တစ်ခုတော့ လိုအပ်နေတယ်။ အဲဒါကြောင့် MD ဆီကနေ ဝန်ထမ်းတစ်ယောက် တောင်း ချင်တယ်၊ ကျွန်တော့်ရဲ့ အတွင်းရေးမှူးရာထူးအတွက်ပေါ့၊ ကျွန်တော် အသစ်ခေါ်ရင် ရပေမယ့် ဒီဝန်ထမ်းတွေထဲက လူကို ပိုယုံကြည်လို့ပါ"

မြင့်မိုရယ် သွေးတွေ နားထင်တက်ဆောင့်ပြီ။ သူ ခေါ်မှာ မြင့်မိုရ်ကလွဲလို့ ဘယ်သူ ဖြစ်နိုင်မှာတဲ့လဲ။

"ဒေါ်မြတ်မြင့်မိုရ်"

ဟော ... ကြည့်။ အတွေးတောင် မဆုံးသေး သူ့ ဆီမှ အသံထွက်လာသည်။ အားလုံးရဲ့ မျက်လုံးတွေ မြင့်မိုရ်ဆီ ရောက်လာသည်။ တကယ်ဆို မြင့်မိုရ်က ဒီကုမ္ပဏီမှာ ပါချီပါချီ Office Staff ကလေး တစ်ယောက်ရယ်ပါ။

အဝေးသင်ဖြင့် ရခဲ့သော ဘွဲ့တစ်ခုရယ်၊ ကွန်ပျူတာ ဒီပလိုမာလက်မှတ်ကလေး တစ်စောင်ရယ်ကလွဲပြီး တခြားဘာ





အရည်အချင်းမှမရှိ။ ပြီးတော့ တာဝန်ကြီးသော အတွင်းရေးမှူး ရာထူးကိုလည်း သူမ မလုပ်နိုင်ပါ။

"ဒေါ်မြတ်မြင့်မိုရ် ကျွန်တော့်ကိုကူညီနိုင်မလား Please !"

"ဝမ်းနည်းပါတယ် ဒါရိုက်တာ၊ ကျွန်မ လုပ်နိုင်မယ် မထင်ပါဘူး"

"မလုပ်ချင်တာလား၊ မလုပ်နိုင်တာလား"

ချောင်ပိတ်မေးတဲ့ မေးခွန်းမျိုးကို ကျွန်မ အင်မတန် ခုန်း၏။ ခုတော့ အားလုံးက ကျွန်မမျက်နှာပေါ်ကို စိတ်ဝင်တစား စောင့်ကြည့်နေကြပြီ။ အဲဒါ သူ့ကြောင့် ...။

"နှစ်ခုစလုံးပါပဲ ဒါရိုက်တာ၊ လုပ်ဖို့ဆန္ဒမရှိသလို လုပ်နိုင် တဲ့ အရည်အချင်းလည်း မပြည့်ဝလို့ပါ"

သူ့မျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက် တာမို့ သူ့မျက်နှာပေါ်က အရိပ်ပါးပါးလေးတစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ခဏပါပဲ၊ ပြီးတော့ ပုံမှန်မျက်နှာပေးဖြင့် ...

"ဆောရီး ... ဆောရီး၊ အင်း ... ကျွန်တော် အသစ်ခေါ် လိုက်တာပဲ ကောင်းပါတယ်"

ထို့နောက်မှတော့ ကုမ္ပဏီရဲ့ ဈေးကွက်စနစ်ကို ဆွေးနွေးကြပြီး အစည်းအဝေးက ပြီးသွားသည်။ အစည်းအဝေး ခန်းကထွက်လာတာနှင့် နီမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြင့်မိုရ် ... နင်က မဟာအခွင့်အရေးကို လက်လွှတ်ခံတယ်နော်၊ ငါတို့ ဒီလိုဆက်စခန်းသွားနေရင် ဒီရာထူးကနေ တော်တော်နဲ့တက်မှာ မဟုတ်ဘူး၊ ငါ့သာဆို လက်ခံလိုက်မှာပဲ"

"ငါမှ မလုပ်နိုင်ဘဲ နီမရယ်"

"ဘာပဲဖြစ်ဖြစ် အလုပ်နဲ့ အတွေ့အကြုံက သင်သွားတာပါပဲ၊ မွေးကတည်းက တတ်လာတာ ဘယ်သူရှိလဲပြော"

"ငါ မလုပ်ချင်လို့ပါ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲတော့ မသိဘူး၊ မလုပ်ချင်တာပဲ သိတယ်"

ကုမ္ပဏီဝင်းထဲမှ ထွက်လာတော့ အပြင်ဘက်မှာ ဖေရင့် စောင့်နေသည်။ နီမနှင့် တစ်လမ်းဆီမို့ လမ်းခွဲကာ ဖေရင့်ရှိရာ လျှောက်လာချိန် အရောင်တဖိတ်ဖိတ်လက်နေသော ကားနက်ကြီးတစ်စီး သူမနား လာရပ်သည်။

"မြတ် ဒီနေ့ ဖယ်ရီ ပျက်နေတယ်ဆို"

သူမ မကြားချင်ယောင်ဆောင်ပြီး ဆက်ထွက်လာတော့ ...

"မြတ် ကိုယ်လိုက်ပို့ပေးချင်တယ်"

သူမဘေးက ကားဘီးကလည်း တလိမ့်ချင်း ...



"ဒီမှာ ဒါရိုက်တာဆိုတဲ့ ကိုယ့်ဂုဏ်ပုဒ်ကို ပြန်လေးစားလိုက်ပါဦး ဦးမြတ်ကိုကို"

သူမဘေးက ကားဘီးရပ်သွားလား မသေချာ။ သေချာတာက သူမဘေးကို ဖေရင့်ရဲ့ ခြေသံတစ်စုံ ရောက်လာခဲ့သလို သူမလက်ထဲက ဆွဲခြင်းနှင့် ဗိုင်ကလည်း ဖေရင့်လက်ထဲ ရောက်သွားပြီ။

ဖေရင့် မျက်မှောင်တွန့်ထားတာ ပြန်မပြေခင်ဘဲ ကားနက်ကြီးက အရှိန်ပြင်းစွာ ထွက်သွားခဲ့ပြီ။

"ဘာလဲ ... အဲဒါ နင်တို့သူဌေးလား"

"အင်း ... ဆိုပါတော့"

"ဘာလဲဟာ သူဌေးကလည်း ဘာတွေမှာတမ်းချွေမဆုံးနိုင်ဖြစ်နေရတာလဲ၊ Meeting လည်း နောက်ကျခေါ်သေး၊ ကားကျတော့ မစီစဉ်ပေးတဲ့အပြင် အပြင်ရောက်တဲ့အထိ အမျှင်က မပြတ်ချင်သေးဘူး"

"ထားလိုက်ပါ၊ နှင် ငါ့ကို လာကြိုတာ နင့်မေမေ ဆူနေဦးမယ်"

"မဆူပါဘူး၊ လာ ... ငါ ကားယူလာတယ်"

"ဟာ ... ဘာလို့ ကားယူလာတာလဲ၊ နင့်ကားကို ငါမစီးချင်တာ သိရက်သားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ သိပေမယ့် ဒီအချိန်က လိုင်းကားတွေ တအားကျပ်တဲ့အချိန်ဟ၊ ပြီးတော့ ညဘက်က အမူးသမားတွေကလည်း ပေါတော့ နင့်ကို မစီးစေချင်လို့ပါ၊ ကိုယ့်ကားရှိရက်နဲ့ တက္ကစီငှားစီးရမှာကလည်း ဝိုက်ဆံဖြုန်းရာကျတာပေါ့၊ အဲဒါကြောင့် ယူလာတာပါ"

သူမ မတတ်သာတဲ့အဆုံး ကားပေါ်တက်လိုက်ရသည်။ သူက ကားပေါ်ရောက်တာနဲ့ စီဒီဖွင့်ပေးသည်။ သူ့ကားက စီဒီပလေယာကား ကောင်းလိုက်တာ၊ သူမမှာ ကိုယ်ပိုင်ကားလေးဖြင့် စီမ်ကျဖူးတာ ဒါ ပထမဦးဆုံးပါကွယ်။

"တစ်ခုခု သွားစားမလား မြင့်မိုရ်"

"နောက်ကျနေပြီ၊ မစားတော့ဘူး"

"ငါ အန်တီ့ကို သေချာပြောခဲ့ပါတယ်၊ ငါ မိုက်ဆာနေတယ်ဟ"

"ဒါဆိုလည်း သွားလေ"

သူမ စကားမှမဆုံးသေး၊ ကားလေးက (YKKO) ရန်ကင်းကြေးအိုးဆိုင်ရှေ့မှာ ထိုးရပ်သွားသည်။

"လာလေ"

သူမပါ လိုက်ဆင်းရတော့သည်။

"American System ပဲနော်"



"တော်ပါ မြင့်မိုရ်ရာ၊ နင်ကလေ ကြီးကျယ်တယ် သိလား"

"မသိဘူး၊ ငါ သိတာက ဗာခြားပဲ၊ နင်နဲ့ ငါရဲ့ ရှင်သန်ခဲ့ပုံချင်းမှ မတူဘဲဟ၊ နင်သိတာနဲ့ ငါနားလည်တာ ကွာနိုင်တာပဲလေ"

သူမတို့ စကားပြောနေတုန်း ကားမည်းကြီးရောက်လာပြီး ကားပေါ်မှ ဦးမြတ်ကိုကို ဆင်းလာသည်။ ဒီတစ်ခါလည်း သူ သူမနောက် လိုက်လာပြန်တာပဲပေါ့။

"မြတ် ကြေးအိုး လာစားတာလား"

"ဆောရီး ဦးမြတ်ကိုကို၊ ကျွန်မ အလုပ်ကိစ္စနဲ့ မပတ်သက်ရင် ဦးမြတ်ကိုကိုနဲ့ စကားပြောစရာ အကြောင်းမရှိဘူးထင်တယ်"

"ဟာ ... မြင့်မိုရ်ကလည်းကွာ၊ ဘယ်လိုပြောလိုက်တာလဲ၊ အဲဒါ နင့်သူဌေးဆို"

ဖေရင့်က ဝင်ပြီးအားနာပေးနေသည်။ ဦးမြတ်ကိုကိုက ပခုံးတွန့်ကာ ...

"ကိစ္စမရှိဘူး ကိုယ့်ညီ၊ သူ စိတ်ချမ်းသာသလို ပြောပါစေ"

ဦးမြတ်ကိုကို တခြားဝိုင်းတွင် သွားထိုင်ပြီး ဘီယာတစ်ခွက်နှင့် ကြက်သွန်ဖြူကင်ကို စည်းစိမ်ယူနေသည်။ ထို့နောက် သူတို့မပြီးခင် ဆိုင်ထဲက ထွက်သွားသည်။ ကောင်းကောင်းထွက်သွားတာ မဟုတ်၊ မြင့်မိုရ်နား လာရပ်ပြီး ...

www.burmeseclassic.com



"မြတ် ဒီည အိပ်မက်လှလှ မက်ပါစေ"

"ရှင် ဆုတောင်းပေးစရာ မလိုအောင် ကျွန်မအိပ်မက်တွေက လှနေပြီးသား"

သူက လှပသေသပ်သော အပြုံးတစ်ခုကို မျက်နှာဖုံးအဖြစ် တပ်ဆင်ကာ ထွက်သွားသည်။ ဇေရင့်ဆီမှ အသံထွက်လာ၏။

"ဘယ်လိုကြီးလဲဟ"

"အဲဒါကြောင့် ပြောတာပေါ့"

သူတို့စားပြီးလို့ ပိုက်ဆံရှင်းမယ်ဆိုတော့ ...

"ဒီစားပွဲအတွက် ရှင်းပြီးပြီခင်ဗျ၊ ခုနက အစ်ကိုတို့ရဲ့မိတ်ဆွေ အစ်ကိုကြီး ရှင်းပေးသွားတယ်"

"ဟာ ... သူက ဘာဆိုင်လို့ ရှင်းသွားတာလဲကွ၊ နိုးကြောင်နိုးဝှက်"

ဇေရင့်ပင် ဒေါသထွက်သွားသည်။ ဟုတ်တယ်လေ။ သူနှင့် မြင့်မိုရ်ရဲ့ ရှားပါးလှသော ဆိုင်ထိုင်ချိန်လေးကို ဖျက်လိုဖျက်ဆီး ဝင်ရောက်မွှေနှောက်သူဟု ရက်ရက်စက်စက် ကင်ပွန်းတပ်ပစ်ချင်စိတ်ပေါက်သည်။ စိတ်တိုတိုနှင့် ...

"မြင့်မိုရ် ... နင် ဘာတွေ ရှုပ်ထားလဲ"





"ဟဲ့ ... ငါ ဘာမှမရှုပ်ဘူး၊ သူ့ဘာသာ ဘာရှုပ်နေလဲတော့ မသိဘူး"

ဇေရင့် မြင့်မိုရ်ရဲ့ ပြောင်တင်းတင်း မျက်နှာကိုကြည့်ကာ သက်ပြင်းခိုးချရသည်။ သူ့ဘက်က အချိန်မတန်သေးဟု ဆင်ခြေ၍ အောင့်အည်းမျိုသိပ်ထားခဲ့သော ဆန္ဒတစ်ခုအား အော်ဟစ်ဖွင့်ဟချင်စိတ်တောင် ပေါက်လာသည်။

အပြန်လမ်းမှာ နှစ်ယောက်လုံး တိတ်ဆိတ်လို့။

"သူ နှောင့်ယှက်နေတာ ကြာပြီလား"

"ဟင့်အင်း ... ဒီနေ့မှ"

"ဘာပဲဖြစ်ဖြစ် သတိထားနေပေါ့၊ အခြေအနေမကောင်းရင် အလုပ်ကထွက်လိုက်"

"ပြောတာက လွယ်တယ်၊ ငါတို့မိသားစုသုံးယောက်ရဲ့ ရပ်တည်မှုကို ဒီလစာက တစ်ဝက်တိတိ အထောက်အကူပြုတယ်ဟဲ့"

ဒါကတော့ ဇေရင့်လည်း သိပါသည်။ သူမ လစာထက်ကို သူ ထောက်ပံ့နိုင်ပါသည်။ သို့သော် သူမလို မာနအိုးလေးက လက်ခံမည်မဟုတ်။

သက်ပြင်းကို ကျိတ်ချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မြင့်မိုရ် ငါ့မိုဘိုင်းလ်ဖုန်းနံပါတ်လည်း မှတ်ထားဦး။ နောက်တစ်ခါ ဒီလိုနောက်ကျတိုင်း၊ ပြီးတော့ ဖယ်ရီပျက်တိုင်း လာကြိုမယ်၊ ဖုန်းဆက်လိုက်"

"ဟာ ... ရပါတယ်၊ ဒီနေ့တောင် ခန့်ငယ်ကိုပဲ ကြိုနိုင်းမလို့"

"ဘာလဲ၊ ငါ့ကို အားနာတာလား"

"အင်း"

"ငါတို့ကြားမှာ အားနာရလောက်အောင် သူစိမ်းဆန်နေလို့လား"

ဘာပြန်ပြောရမလဲ၊ သေချာတာတော့ သူမတို့နှစ်ယောက်ရဲ့ကြားမှာ ရှိနေတာက ညီမျှခြင်း မဟုတ်ဘူးလေကွယ်။

❥○❥



ကုမ္ပဏီရောက်ရောက်ခြင်း နီမက သတင်းတစ်ခုဖြင့် ဆီးကြိုနေသည်။

"ဟဲ့ ... နင့်ကို ငါ ပြောစရာရှိတယ် သိလား။ ဒါပေမဲ့ Account Section ကို လချုပ်တင်ပေးရမှာမို့လို့ လုပ်လိုက်ဦးမယ်"

"အတင်းလား သတင်းလား"

"သတင်းပါဟဲ့၊ ဒါပေမဲ့ အတင်းလို့ ခေါင်းစဉ်တပ်ရင်လည်း ရတယ်"

"ငါနဲ့ ဆိုင်လား"

"မဆိုင်ရင်လည်း ရတယ်၊ ဆိုင်ရင်လည်း ရတာပဲ"

"အတွင်းလား အပြင်လား"

ကုမ္ပဏီတွင်းက ကိစ္စလား အပြင်ကကိစ္စလားဟု ဆိုလိုခြင်းပါ။ ဒါက သူမတို့ချင်း နားလည်ထားသော စကားဆွလေ။

www.burmeseclassic.com

www.burmeseclassic.com



"အပြင်လည်းဟုတ်တယ် အတွင်းဆိုလည်း ဟုတ်တယ် ဟာ"

"ဘာတွေလဲဟာ"

"ဦးမြတ်ကိုကို အကြောင်းဟ"

"ဟာ ... အဲဒါ ငါနဲ့ဘာဆိုင်လို့လဲဟ၊ စိတ်မဝင်စားဘူး"

"ငါကလည်း ဆိုင်တယ် မပြောရပါဘူးနော်၊ ဆိုင်ရင်ရတယ် လို့ပဲ ပြောတာ"

ထိုအချိန်မှာပဲ Chief Account ဆီက အသံထွက်လာသည်။

"နီနီထွန်း လချုပ်ရပြီလား"

"ခဏလေးပါ မမ၊ ပြီးကာနီးပါပြီ"

နီမ ကွန်ပျူတာနှင့် မျက်နှာအပ်သွားမှပဲ နားငြီးသက်သာသွားတော့သည်။

ဦးမြတ်ကိုကို အကြောင်းက အချိန်ကုန်ခံ နားထောင်ပေးရလောက်အောင် စိတ်ဝင်စားစရာ မကောင်းပါဘူးကွယ်။ သို့သော် နားမထောင်ချင်လို့ မရပါဘူး။ ထမင်းစားချိန်ကျတော့ နီမက ကရားရေလွှတ် တတွတ်တွတ်ကို ပြောပြပါတော့သည်။

"ဟဲ့ ... အဲဒီ ဦးမြတ်ကိုကိုက နာမည်ကြီးဟဲ့ သိလား"





"ဪ ... သူဌေးတွေ နာမည်ကြီးတာ ဆန်းသလားဟာ၊ ဆင်းရဲတဲ့သူကို လူမသိပေမယ့် သူဌေးတွေဆို လူသိများတာ ထုံးစံပဲလေ"

"အဲလို ပိုက်ဆံရှိလို့ သိတာမဟုတ်ဘူးဟာ၊ မြာပွေလို့ နာမည်ကြီးတာလို့ ပြောတယ်"

"ဟုတ်လား"

"အင်း ... သူက ချောပေ့ လှပေ့ ထက်မြက်ပေ့ ဆိုတဲ့ အမျိုးသမီးတွေနဲ့မှ တွဲတာတဲ့ဟ၊ ဒါပေမဲ့ ခုထိ သူလက်ထပ်ချင်လောက်အောင် ဆွဲဆောင်နိုင်တဲ့သူ မတွေ့သေးဘူးတဲ့ မြင့်မိုရ်"

"ဟင်း ဟင်း ... နီမရယ်၊ သူတို့လိုလူတွေက မိန်းမတစ်ယောက်ကို အတည်တကျ လက်ထပ်ဖို့ စိတ်ကူးမျိုး မရှိတတ်ကြဘူးလေကွယ်၊ အဲလို လက်ထပ်လိုက်ရင် သွားချင်သလိုသွား၊ လာချင်သလိုလာလို့ ဘယ်မိန်းမက လက်ခံမလဲ။ အဲဒီတော့ သူတို့ ဘယ်မိုက်မဲကြမလဲ၊ လွတ်လပ်ခြင်းရဲ့အရသာကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံတတ်ကြဘူး နီမရဲ့"

"မဟုတ်သေးပါဘူးဟယ်၊ နောင်ရေးက ရှိသေးတယ်လေ"

"သူတို့အတွက်က ပိုက်ဆံရှိရင် ဘာမဆို ဖန်တီးလို့ရတာပဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... အခြေအနေဆိုတာ အချိန်အခါအလိုက် ပြောင်းလဲ
တတ်သေးတယ်လေ"

"အခြေအနေဆိုတာကို မကြုံဖူးခဲ့တဲ့ သူတို့တွေက အခြေ
အနေဆိုတာကို မသိကြဘူးဟ၊ ဒီတော့ သူတို့ ရှုပ်မယ်
သုံးမယ် ဖြုန်းမယ် ဒါပဲ။ အဲဒါကို သာယာမိတဲ့မိန်းမမျိုး
တွေကျတော့ သူတို့စက်ကွင်းထဲမှာ ငြိရတာပေါ့ဟာ"

"မြင့်မိုရ် နင့်ကို ကြည့်ရတာ ဦးမြတ်ကိုကို့ကို တော်တော်
လေး မနှစ်မြို့နေသလိုပဲနော်"

"မဟုတ်ပါဘူး၊ ဒီလိုပါပဲ"

"ဟုတ်ပါတယ်၊ နင် သူ အလုပ်ခန့်တာကိုလည်း လက်
ခံဘူး"

"ဩော် ... အဲဒါက ငါ မလုပ်နိုင်တာလည်း ပါပါတယ်
ဒါတွေ ထားလိုက်ပါဟာ၊ သူ့အကြောင်း ပြောနေတာ
ထမင်းတောင် ဘယ်လိုအရသာရှိမှန်း မသိတော့ဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ ဦးမြတ်ကိုကိုက နင့်ကိုတော
သတိထားမိပုံပဲ၊ ဟိုနေ့ကလည်း အပြန် နင့်ကို တစ်ခ
လိုက်ပြောနေသေးတယ်မို့လား၊ သတိတော့ ထားပေါ့ဟာ"

"အေးပါဟာ၊ ငါ့ကို ပြောပြတာ ကျေးဇူးပါပဲ"





"ဟဲ့ ... ဒါနဲ့ ဟိုနေ့က လာကြိုတာ ခန့်ငယ် မဟုတ်ဘူးနော်၊
ဘာလဲ ... အဲဒါ နင့်ရဲ့အချစ်ရှိဘစ်လား"

နီမက ဘန်းစကားဖြင့် အချစ်လား ဟု မေးနေသဖြင့်
သူမ ပြုံးစိစိဖြစ်သွားသည်။

"အံမယ် ... ရုပ်က ပြုံးစိစိနဲ့ ငါ့ကို လှို့ဝှက်ထားတယ်
ပေါ့လေ"

"မဟုတ်ပါဘူး၊ အဲဒါ သူငယ်ချင်းပါ၊ အိမ်နားကပဲဟာ၊
အိမ်ကို ဖုန်းဆက်လို့မရလို့ သူ့ကို ဆက်လိုက်တော့ လာ
ကြိုပေးတာပါ"

"တော်တော်ဖြောင့်တယ်နော်"

"ဖေရင့် ကြားရင် တိမ်ကိုခေါင်းနဲ့တက်ဆောင့်မယ်"

"ဖေရင့်တဲ့လား၊ နာမည်လေးကလည်း အမှန်အကန်လေး
ပဲနော်"

"တော်ပါ နီမရယ်၊ စကားနောက် တရားပါ"

"ပြောတော့ သူငယ်ချင်းဆိုပြီး တိုလှချည်လား မြင့်မိုရ်ရဲ့"

"အံမယ် ... မတိုပါဘူး၊ ဘာဆိုင်လို့ တိုရမှာလဲ"

"ပြီးရော ... မြင့်မိုရ်နဲ့ မဆိုင်ဘူးဆိုရင် ငါပဲ လွတ်လပ်
စွာ ဆိုင်လိုက်တော့မယ်နော်"

"သဘော ... သဘော"



www.burmeseclassic.com

www.burmeseclassic.com



"ဟိ ဟိ ... အသံကြီးက ဆောင့်ဆောင့်အောင့်အောင့်နဲ့"

"ကဲ ... နီမရေ၊ နင့်ဘာသာ ပြောချင်တာသာပြောတော့ ငါတော့ လစ်တော့မယ်၊ တော်ကြာ ထမင်းစားတာကြာလို့ ဆိုပြီး မန်နေဂျာ ဆူလိမ့်မယ်"

နီမကို ထားခဲ့ပြီး ရုံးထဲ တစ်ယောက်တည်း ပြန် ဝင်လာမိတာကိုပင် နောင်တရချင်သွားသည်။ သူမက ရုံးထဲအဝင် ဦးမြတ်ကိုကိုရဲ့ ကားကလည်း ရုံးရှေ့အရောက်မို့ သူမ အထင် သာ မမှားဘူးဆိုရင် ဦးမြတ်ကိုကိုဟာ ကားထဲက အမြန်ထွက် ပြီး သူမနဲ့ယှဉ်ကာ ရုံးထဲကို လိုက်ဝင်လာသလိုပင်။

"မြတ် ထမင်းသွားစားတာလား"

မြင့်မိုရ် သိထားသမျှ သူဌေးတွေဟာ မြင့်မိုရ်တို့ အညတရရုံးဝန်ထမ်းလေးတွေကို အာလာပသလ္လာပ စကားပြော ပြောမည် မထင်ပါဟူ၍ပေါ့။ သို့သော် ဦးမြတ်ကိုကိုကတော့ မြင့်မိုရ်ကို ထိုသို့ အရည်မရအဖတ်မရ ပြောချင်ပုံရသည်။

"မြတ်"

သူမဆီမှ စကားပြန်မရ၍ နောက်တစ်ခွန်း ထပ်မေး သည်။

"ဟုတ်ကဲ့"





ထိုဟုတ်ကဲ့ အပြီးမှာတော့ သူမရဲ့စားပွဲကို ရောက် ပြီမို့ ဝင်ထိုင်ကာ စားပွဲပေါ်ရှိ လုပ်လက်စ စာရင်းစာအုပ်တွေကို အမြန်ကောက်ကိုင်လိုက်သည်။ ဦးမြတ်ကိုကိုက သိမ်မွေ့နက်နဲစွာ ပြုံးလိုက်သည်။ ပြီးမှ ...

"မြတ်က ကိုယ့်ကို တော်တော်ကြောက်ပုံပဲ"

"အို ... မကြောက်ပါဘူး"

"အဟွန်း ... ဒါဆိုရင် ဒီအနေအထားထက်သာတဲ့ ကိုယ့် တောင်းဆိုမှုကို မြတ် ဘာလို့ငြင်းတာလဲ၊ မလုပ်နိုင်ဘူးလို့ ထပ်မပြောနဲ့နော်၊ ကိုယ်က မြတ် မလုပ်တတ်ရင်တောင် သင်ပေးမယ့်သူဆိုတာ မြတ် သိမှာပါ"

"ဟုတ်တယ်၊ ကျွန်မ မလုပ်ချင်လို့ မလုပ်တာ"

"ဒါဆို မြတ် ကိုယ့်ကိုကြောက်လို့ ရှောင်တာပေါ့"

ထိုစဉ် ထမင်းထွက်စားတဲ့သူတွေ တစ်ယောက်ပြီး တစ်ယောက် ပြန်ရောက်လာသည်မို့ မျက်လုံးတွေကလည်း တစ်စုံ ပြီးတစ်စုံ ရောက်လာပါသည်။

"ကဲ ... ခုတောင် ကျွန်မတို့ကို လူတွေ အကဲခတ်နေပြီ ဦးမြတ်ကိုကို၊ ကျွန်မလို အညတရဝန်ထမ်းတစ်ယောက် အတွက် ဦးမြတ်ကိုကိုရဲ့ ဂုဏ်သိက္ခာကို မထိခိုက်စေချင် ပါဘူး၊ ကျေးဇူးပြုပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို နှင်တာလား"

"ဦးမြတ်ကိုကိုလို ကုမ္ပဏီရဲ့ဒါရိုက်တာတစ်ယောက်ကို ကျွန်မ မနှင်ဝံ့ပါဘူးရှင်"

"အိုကေလေ ... မြတ်ကလေး သိပ်ပြီးစိတ်ကျဉ်းကျပ်နေမှာစိုးလို့ ကိုယ် ထွက်သွားပေးမယ်"

"ကျေးဇူးပဲ"

ဦးမြတ်ကိုကို GM အခန်းထဲ ဝင်သွားသည်နှင့် နီမကအနားရောက်လာပြီး ...

"နင့်ကို ဘာတွေပြောသွားတာလဲ"

"အရည်မရ အဖတ်မရ စကားတွေ ပြောတာပေါ့ဟာ"

"ဟဲ့ ... နင်ကလည်း"

သူမ နီမကို ဂရုမစိုက်တော့ဘဲ စာရင်းတွေ ဆက်လုပ်နေလိုက်သည်။ အရင်တုန်းက ကုမ္ပဏီမှာ မထင်မရှားလေး နေခဲ့ရသော မြတ်မြင့်မိုရ်ကို ခုတော့ အားလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြသည်မို့ မြင့်မိုရ် စိတ်ကျဉ်းကျပ်ရသည်။

အဲဒါ ဦးမြတ်ကိုကိုကြောင့်။ သူ့အပေါ် အပြစ်ပုံလွှဲချလိုက်ရမှ နေသာထိုင်သာ ရှိသွားတော့သည်။

❥ ○ ❥





"ဟင် ... ငါ့ MP4 ဘယ်ရောက်သွားပါလိမ့်"

သူမထားနေကျ နေရာမှာ မရှိသော MP4 လေးကို လိုက်ရှာနေမိသည်။ အိတ်ထဲမှာလည်း မရှိ။ ထမင်းချိုင့်ထည့်သည့် ခြင်းထဲမှာလည်းမရှိ။ ဘယ်ရောက်သွားပါလိမ့်ကွယ်။

စဉ်းစားစမ်း ဦးနှောက်ကို တစ်လှည့်ခြင်းကန့်ပြီး စဉ်းစားကြည့်မှ။

"ဗွဒ္ဓေါ ... သွားပြီ"

နေ့လယ်က ရုံးကို MDရောက်လာသည်။ ပြီးတော့ ဦးမြတ်ကိုကို ထပ်ရောက်လာသည်။ ခဏကြာတော့ မြင့်မိုရ်ကို ခန်နေဂျာက လာခေါ်တော့တာပဲ။

"မြင့်မိုရ် MD ခေါ်နေတယ်"

MD ကို တစ်ခါမှ ထိပ်တိုက်မတွေ့ဖူးသဖြင့် သူမ ထန့်သွားသည်။ MD အခန်းတံခါးကိုခေါက်ရင်း လက်တွေပင် အေးချင်ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင် ... မြင်မြင့်မိုရ်"

ဦးမြတ်ကိုကို ထိုင်နေသောခုံရဲ့ဘေးကို MD က ညွှန်ပြ၏။ MD ရဲ့ အကျင့်တစ်ခုက အလုပ်သမားပင်ဖြစ်စေ သူ့ရှေ့မှာ မတ်တတ်ရပ်ပြီး ပြောတာမျိုးကို မကြိုက်။ သင့်တော်ရာမှာ ဝင်ထိုင်လိုက်မှ ...

"ဦးမြတ်ကိုကိုက ဒီနေ့ ဝန်ထမ်းတွေအတွက် Lucky Draw ဖောက်ပေးဖို့ ပစ္စည်းတွေ ကိုယ်တိုင်ဝယ်မယ် ပြောတယ် အဲဒါ ရုံးက ဝန်ထမ်းတစ်ယောက်တော့ လိုက်ကူပေးရမယ် ဒါပေမဲ့ ဘာပစ္စည်းတွေ ဝယ်ထားတယ်ဆိုတာလည်း ဝန်ထမ်းတွေကို မသိစေချင်ဘူး၊ မြတ်မြင့်မိုရ်ကတော့ ချွင်းချက်ပေါ့လေ"

MD က မြတ်မြင့်မိုရ်ကို တစ်ချက်ကြည့်လိုက်ပြီး ...

"ဦးမြတ်ကိုကို့ကို ဈေးလိုက်ဝယ်ပေးလိုက်ပါ မြတ်မြင့်မိုရ်"

MD ရဲ့ တစ်ချက်လွှတ်အမိန့်ကို သူ ဘယ်လိုငြင်းဆန်ရမလဲ။

ဦးမြတ်ကိုကို ဈေးဝယ်ရာနောက်ကို တကောက်ကောက် ပါသွားတော့သည်။

မြင့်မိုရ်ကိုသာ ခေါ်သွားတာ၊ ဘာမှလဲ ကူမလုပ်ရပါ။ ဈေးဝယ်တော့လည်း သူကြိုက်တဲ့ပစ္စည်းကို သူကြိုက်တဲ့ဈေးရှင်





ဝယ်လိုက်တာပဲ။ သူဝယ်သမျှကို သူ့ဒရိုင်ဘာမောင်းလာသော Toyota အမိုးဖွင့်လေးက လိုက်သယ်ပေးသည်။ သူက မြင့်မိုရ်ကို သူ့ပိုက်ဆံအိတ်ကိုင်ခိုင်းပြီး သူဝယ်သမျှကို ပိုက်ဆံလိုက်ရှင်းပေးရရုံ။

တစ်ခုတော့ ရှိသွားပေါ့လေ။ မြင့်မိုရ်က သူကိုယ်တိုင်မောင်းသော သူ့ရဲ့မာစီဒီးကားနက်ကြီးပေါ် လိုက်စီးရချိန်တွေမှာ သူဟာ မြင့်မိုရ်ဘက်က အရည်မရ အဖတ်မရလို့ သတ်မှတ်ထားသော စကားတွေကို ပြောတတ်သည်။

ဥပမာ ...

"မြင့်မိုရ် ဒီနေ့ဝတ်လာတာ အရမ်းလှတယ်"

"သြော် ... ကုမ္ပဏီယူနီဖောင်းပဲ နေ့တိုင်းဝတ်လာတာပဲ၊ ရှင် ဖိန့်ချင်ရင် စကားလုံးရွေးပြီးမှ ဖိန့်ပို့ကောင်းတယ်"

"မြင့်မိုရ်က ကိုယ့်ကိုဆို အကျွောင်းကို မထင်ဘူး"

"ရှင်ကရော ကောင်းတဲ့စကား လူကြီးလူကောင်းဆန်တဲ့ စကားမျိုးပဲ ပြောပါလား"

"မြင့်မိုရ်က ဘာလို့ ကိုယ့်ကို အဲဒီလောက် မုန်းတီးနေရတာလဲ"

"ရှင်ထင်တာ မှားနေပြီ ဦးမြတ်ကိုကိုရဲ့၊ ကျွန်မ ရှင့်ကို မုန်းလည်း မမုန်းဘူး၊ ဘယ်လိုခံစားချက်မှလဲ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ မြင့်မိုရ်ကို စိတ်ဝင်စားနေတယ်"

"ဒါက ရှင့်ရဲ့လက်သုံးစကားပဲ၊ ပြောပေါ့"

"မြင့်မိုရ် အရမ်းမာနကြီးတယ်၊ ဒါပေမဲ့ ကိုယ်က အဲဒါကိုပဲ သဘောကျနေတာ"

"အဲဒီမာနကို ရိုက်ချိုးဖျက်ဆီးချင်စိတ်တွေလည်း ပေါက်နေတယ် ဆိုပါတော့"

"စိတ်ချမ်းသာတယ် ဆိုရင်တော့ ကြိုက်သလို ထင်နိုင်ပါတယ်"

မြင့်မိုရ် သူ့စကားတွေကို ခါးသက်နေသည်။ အိတ်ကိုဖွင့်ပြီး MP4 ထုတ်ကာ Ear Phone ကို နားမှာတပ်ထားလိုက်သည်။ ဦးမြတ်ကိုကိုက သဘောကျသလိုပြုံးကာ သူ့ကားထဲမှာ တပ်ထားသော CD Player ကို Volume ဆုံးကာနီးအထိ ဖွင့်ချလိုက်သည်။

မြင့်မိုရ် ဒေါသဖြစ်ဖြစ်နှင့် Ear Phone ကို ဖြုတ်လိုက်တော့ သူက သဘောကျသလို ရယ်နေသေးသည်။

ရှော့ပင်းစင်တာ တစ်ခုရှေ့မှာ ကားရပ်လိုက်တော့ MP4 လေးကို သူ့ကားဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်မိတာ။

ကားပေါ်ပြန်ရောက်တော့ သူမ ဘာလို့ မသိမ်းမိပါလိမ့်။ အခု ရုံးဆင်းကာနီးမှပဲ ထို MP4 ကို သတိရတော့တာပါ။





"နိုမ"

"ဘာလဲဟ၊ အလန့်ထန်းလျက်"

"ဦးမြတ်ကိုကို ဖုန်းနံပါတ် သိလား"

"မသိ ... အဲ ... ကုမ္ပဏီဖုန်းစာအုပ်ထဲမှာ ရှိတယ်လေဟာ"

"ဪ ... ဟုတ်သားပဲ၊ ငါကလည်း မေ့တတ်လိုက်တာ"

"နင် ဘာလုပ်မလို့လဲ"

"ငါ့ MP4 လေး သူ့ကားပေါ် ပါသွားလို့ဟာ"

"ဪ"

ထို့နောက် ဖုန်းစာအုပ်ထဲမှ ဖုန်းနံပါတ်ရှာပြီး သူ့ဆက်လိုက်သည်။

"ဟဲလို"

"ဦးမြတ်ကိုကိုလား"

"ဟုတ်ပါတယ်"

"နေ့လယ်က ကားပေါ်မှာ ကျွန်မ MP4 လေး ကျန်ခဲ့လို့"

"ဪ ... မြတ်ကလေးလား၊ ဟုတ်တယ်၊ ကိုယ် မြတ်ကလေးရဲ့ MP4 ကို တွေ့တယ်"

"အဲဒါ အခုလိုချင်လို့"

"ဟော ... ကိုယ်က လောလောဆယ် ကုမ္ပဏီကိုလာဖို့ အစီအစဉ်မရှိဘူးကွ၊ ဒါပေမဲ့ မြတ်ကလေးအတွက် အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေရင်တော့ ကိုယ်လာပို့ပေးမယ်၊ ပို့ပေးခတော့ ပြန်
ပေးရမယ်နော်"

"အို ... ဘာပေးရမှာလဲ"

"ကော်ဖီဆိုင် အတူထိုင်ခွင့်လောက်ပါပဲ ကလေးရဲ့။ အခု
ကလေး ရုံးဆင်းတော့မယ်မို့လား၊ ကိုယ် လာကြိုလိုက်မယ်
လေ၊ ပြီးရင် ကော်ဖီ ... အင်း ... ညနေဘက်ဆိုတော့
ကော်ဖီသောက်လို့ မကောင်းတော့ဘူး၊ တစ်ခုခုပေါ့ သွား
စားရအောင်"

"မသွားချင်ပါဘူး၊ ကျွန်မပစ္စည်းပဲ လာပြန်ပေးပါ"

"ဒါဆိုရင်တော့၊ နောက်နေ့ ကိုယ်ကမှတ်ကဲလာမှပဲ ယူတော့"

"အိုး ... မရဘူး၊ ခုလာပေးပါ"

"ဟော ... ဘယ်လိုလေးလဲ၊ ဘာမှ အရေးမကြီးတာလေး
ကိုကွာ၊ ဘာလဲ ကိုယ့်ကို တွေ့ချင်လို့လား"

"ဦးမြတ်ကိုကို ... ရှင် ဘာစကားပြောတာလဲ၊ ဒီမှာ ရှ
ရုပ်ကြီးကိုများ ကြည့်ချင်ဖို့ နေနေသာသာ ဒီ MP4 လ
ကျွန်မအတွက် အရေးအကြီးဆုံးပစ္စည်းမို့လို့ပေါ့၊ မဟုတ်
လို့ကတော့ ရှင့်ကို ဖုန်းတောင်မဆက်တော့ဘူး"

"ဟုတ်လား ... အဟွန်း ... မဟုတ်မှလွဲရော ရည်းစား
များ လက်ဆောင်ပေးထားသလားကွယ်"





သူ ပြောနေတာကို နားထဲမှာ ခါးသက်သွားသော်
သည်း နှုတ်ခမ်းတွေကတော့ ရင်ဘတ်ထဲကနဲ့ ဆန့်ကျင်စွာ ...

"ဟုတ်တယ်၊ ကျွန်မချစ်သူ ဝယ်ပေးထားတဲ့ ပစ္စည်းမို့လို့
တစ်ရက်ကလေးတောင် မခွဲနိုင်ဘူး"

သူ့ဘက်က အကြာကြီး တိတ်ဆိတ်သွားပြီးမှ ...

"ကိုယ် မင်းလိုမိန်းကလေးမျိုး တစ်ခါမှ မကြုံဖူးသေးဘူး၊
အိုခေလေ၊ ကိုယ် လာပေးပါမယ်၊ စောင့်နေလေ"

"ရှင် သိပ်မကြာနဲ့နော်၊ ဖယ်ရီ ထွက်တော့မှာ"

"အင်း ... အင်း ... အခုပဲ ထွက်လာပြီ"

ထိုနေ့က MP4 လေး လာပေးတဲ့ သူ့မျက်ဝန်းတွေ
ထဲမှာ မြင့်မိုရ် နားမလည်နိုင်သော အရိပ်တချို့ကို တွေ့ရသည်။
ဘာပဲဖြစ်ဖြစ် မြင့်မိုရ်ကတော့ MP4 လေးကို မြတ်နိုးယုယစွာ။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော ရုံးရောက်ရောက်ချင်း GM က မင်္ဂလာရှိသော သတင်းတစ်ခု ကြေညာလေသည်။

"ဒီနှစ် စာရင်းချုပ်လိုက်တော့ Target မီလို့ MD က Trip ပို့ပေးမယ်တဲ့"

"ဝေး"

"အဲဒါ· သကြင်္န်ရုံးပိတ်ရက်မှာ ပို့မှာတဲ့"

"ဟင် ... သကြင်္န် ဆိုရင်တော့ မြင့်မိုရ် လိုက်လို့မရတော့ဘူး"

"ဘာလို့လဲ"

"ဒီသကြင်္န်မှာ မြင့်မိုရ် မောင်လေးကို ကိုရင်ကြီးသွားဝတ်ပေးကြမလို့လေ"

"ဪ"

"ဟင် ... MD ကလည်း တခြားအချိန်ပို့တာ မဟုတ်ဘူး"





"သကြင်္န်ပဲ ပိတ်ရက်ရှည်ရှိတာကိုးဟဲ့၊ တခြားအချိန် ဘယ်ပို့မှာလဲ။ ဘယ်သူ့ဌေးမှ သူတို့အလုပ်ချိန် အပါခံပြီးမပို့ဘူး၊ ပိတ်ရက်ပဲ ပို့မှာ"

"မြင့်မိုရ် မလိုက်ရတော့ဘူးပေါ့ နီမရဲ့"

"အေးဟာ၊ နင်ကလည်း လိုက်လို့ရအောင် လိုက်ခဲ့ပေါ့"

"အလှူလုပ်ဖို့ကလည်း အားလုံး စီစဉ်ပြီးပြီ။ ကိုယ့်ကံပဲပေါ့ဟယ်"

"ဟဲ့ ... မြင့်မိုရ်၊ နင်မပါရင် ဦးမြတ်ကိုတို့ မျက်နှာမှုန်နေတော့မှာပဲ"

"အံမယ် ... ဘာဆိုင်လို့လဲ နီမနော်"

"သိပါဘူး၊ ဆိုင်သလားလို့"

ထိုစဉ်မှာပဲ ဦးမြတ်ကိုကို ရောက်လာပြီး မြင့်မိုရ်စားပွဲရှိရာ လှမ်းကြည့်လိုက်တာ တွေ့ရသည်မို့ နီမက ကျိတ်ပြီး ရယ်နေလေရဲ့။ မြင့်မိုရ်က သူ့မစားပွဲမှာ မရှိဘဲ နီမစားပွဲကိုရောက်နေတာလေ။

မြင့်မိုရ်ကို မတွေ့တော့ တစ်ခန်းလုံးကို ခြုံငုံပြီး ဆုဝဲကြည့်သွားသည်။ နီမစားပွဲမှာ မြင့်မိုရ်ကို တွေ့သွားတော့မှ ပြုံးသလို မပြုံးသလို မျက်နှာထားနှင့် GM အခန်းထဲ ဝင်သွားတော့သည်။ နီမက ပြုံးစိစိဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား၊ မျက်နှာတော် ဖူးရမှ စိတ်ချမ်းသာစွာ အထဲဝင်သွားရှာတယ်"

"နို့မနော်"

ခဏကြာတော့ Trip လိုက်မည့် လူစာရင်းလိုက်ကောက်ကြသည်။ မြင့်မိုရ်နဲ့ အိမ်ထောင်သည်တချို့ကလွဲရင် တော်တော်များများ စာရင်းပေးကြသည်။

ဦးမြတ်ကိုကို ပြန်ထွက်လာတော့ မြင့်မိုရ် စားပွဲရှိရာ လျှောက်လာသည်မို့ မျက်လုံးပေါင်းကစ်ထောင်က မြင့်မိုရ်စားပွဲဆီသို့ သိသိသာသာရော မသိမသာပါ အကဲခတ်လာခဲ့ကြသည်။ မြင့်မိုရ် စိတ်ရှုပ်လိုက်တာကွာ ...

"မြတ်ကလေး"

သူ့ခေါ်သံ တိုးရှုရှုကိုလည်း သူများတွေကြားမှာ စိုးရိမ်မိသည်။

"ဘာလို့ Trip မလိုက်တာလဲ"

"မလိုက်ချင်လို့ပေါ့"

"ဘာလဲ ... ကိုယ်မပါလို့လား"

သူ့ရဲ့ရိသဲ့သဲ့အမေးကို မြင့်မိုရ် စိတ်တိုလိုက်တာ။

"ဒီမှာ ဦးမြတ်ကိုကို၊ ဒါက အလုပ်ချိန်၊ ပြီးတော့ ဦးမြတ်ကိုကိုရဲ့ ဒါရိုက်တာဆိုတဲ့ဂုဏ်ပုဒ်ရဲ့ ဂုဏ်သိက္ခာကို ထိန်း





သိမ်းသောအားဖြင့် ကျွန်မနားက ထွက်သွားရင် ကောင်းမယ်"

"အို ... နှင်ပြန်ပြီ၊ ကိုယ် တစ်ခါမှ အနှင်မခံခဲ့ရဘူးကွ၊ မင်းနဲ့ကျမှပဲ"

"ဟုတ်ကဲ့၊ မြင့်မိုရ်နဲ့သာ လာမပတ်သက်ရင် အနှင်မခံရတော့ဘူးပေါ့"

"အဟွန်း"

သူက မြင့်မိုရ် စားပွဲပေါ်မှာ အလှထိုးထားသော နှင်းဆီပန်းလေးကို လက်ဖြင့်မကြေရုံ ခပ်ဖွဖွ ဖျစ်လိုက်ကာ ထွက်သွားတော့သည်။

သူ ထွက်သွားပြီး သိပ်မကြာခင် သူ့ဆီမှ ဖုန်းဝင်လာခဲ့သည်။

"မြတ်ကလေး"

မြင့်မိုရ် စိတ်ကုန်စွာ အသံတိတ်နေလိုက်တော့ ...

"နှင်းဆီပွင့်လေးကို မြတ်ကလေးရဲ့ ပါးပြင်အဖြစ် ခဏအစားထိုး ဖြေသိမ့်လိုက်တာ သိလား"

"အရှူး"

သူမ ပျစ်ပျစ်နစ်နစ် ကျိန်ဆဲလိုက်ပြီး ဖုန်းချလိုက်တော့ ရယ်သံသဲ့သဲ့က ကပ်ပါလာသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေက တိုက်တိုက်ဆိုင်ဆိုင် ဖေရင့် လာ[illegible]သည်။

"ငါ မြို့ထဲလာရင်း လမ်းကြုံတာနဲ့ ဝင်လာတာ၊ ဖယ်ရှိနဲ့ မလိုက်နဲ့တော့"

"အင်း"

"နင် ဘာစားမလဲ၊ ငါ ဗိုက်ဆာနေလို့ တစ်ခုခု သွားစားရအောင်"

"ငါ မစားတော့ဘူး၊ နင်စားချင်တာ သွားစားလေ၊ ငါ လိုက်ခဲ့ပေးမယ်"

"အံမယ် ... အိမ်ပြန်ရောက်ရင် ဗိုက်ဆာတယ်ဆိုပြီး အိမ်ပေါက်ဝတည်းက အော်တတ်တဲ့အကြောင်း ငါကမသိဘူးကိုး"

"တစ်ခါတလေပါ ဖေရင့်ရာ"

"ကဲပါ ... ကြေးအိုးသွားသောက်မယ်၊ နင်ကြိုက်တဲ့ YKKO ပဲပေါ့"

"ဖေရင့် ... နင်ဟာလေ ဘာလို့ ငါကြိုက်တာပဲ စားရတာလဲ၊ တစ်ခါတလေ ကိုယ့်ဘာသာ ကိုယ့်အကြိုက်ကို သွားစားပါလား"





"ဩော် ... အရူးမလေးရဲ့၊ နင့်အကြိုက်နဲ့ ငါ့အကြိုက်က အတူတူပဲကိုးဟဲ့၊ နင့်အကြိုက် လိုက်စားတာ မဟုတ်ဘူး၊ ငါ့ဟာငါ ကြိုက်တာစားတာ"

သူတို့ တစ်ယောက်တစ်ပေါက် ငြင်းခုန်ရင်း YKKO ရောက်သွားကြသည်။

အဲဒီမှာ ဦးမြတ်ကိုကို ရှိမှန်းသိရင် မြင့်မိုရ် ခြေဦးလှည့်မှာမဟုတ်။ ခုတော့ မျက်နှာချင်းဆိုင် ဆုံကြရပြီပေါ့။

ဆိုင်မှာထိုင်ပြီးမှ ဖေရင့် မိဘိုင်းလ်ဖုန်းက ထမြည်သည်မို့ ...

"မြင့်မိုရ် ခဏနော်၊ ဒီထဲမှာ လိုင်းသိပ်မကြည်လို့ အပြင်ထွက်ပြီး ပြောလိုက်ဦးမယ်၊ နင်ကြိုက်တာ မှာထားနှင့်"

စကားမဆုံးခင် လူက အပြင်ရောက်သွားသော ဖေရင့်ကို မျက်စောင်းထိုးလိုက်ပြီး ကြေးအိုးနှစ်ပွဲ မှာလိုက်သည်။

မျက်ဝန်းထောင့်မှာ အရိပ်တစ်ခု လာထင်သော်လည်း [illegible]င်းငဲ့၍ပင် မကြည့်မိပါ။

"မြတ်ကလေး"

တိတ်ဆိတ်ခြင်းဖြင့် တုံ့ပြန်လိုက်သည်။

"ဟော့ ... ဘယ်တုန်းက တေမိမင်းသမီး ဖြစ်သွားတာလဲကွ၊ ကိုယ်နဲ့ မြတ်ကလေးကြားမှာ စိတ်ကောက်ရလောက်တဲ့ ပတ်သက်မှုမျိုး မရှိဘူး ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ရှင် ... ရှင် ဇော်ကားလူချည်လား"

"ခုမှပဲ အသံထွက်လာတော့တယ်၊ ပြောပါဦး၊ ဘာ[illegible] စိတ်ကောက်နေသလဲ"

သူက ခုံပေါ်လက်ထောက်ပြီး မျက်ခုံးနှစ်ဖက်[illegible] ကာ ပြုံးစစနဲ့ မေးနေပုံက အသည်းယားစရာ။ မြင့်မိုရ် အံ[illegible] ချက်ကြိတ်လိုက်ပြီး စားပွဲပေါ်ရှိ ရေတ်သီးစိမ်ထားသော အ[illegible] ခွက်ဖြင့် သူ့ရဲ့ ဖြူလွနေသော အင်္ကျီကို ပက်ပစ်လိုက်သည်

"ဟာ ... ဘာလုပ်တာလဲ၊ မင်း ရူးနေလား"

ရုတ်တရက် သူ့မျက်နှာ ဖြတ်ရိုက်ခံရသလို ရဲ[illegible] သွားပြီး ...

"အိုကေ ... ပွဲက ခုမှစတာ၊ ကိုယ်က မင်းကို ကြေ[illegible] ကလေးလို့ ထင်ထားတာ၊ မင်းက ကျားသစ်မ ဖြစ်နေ[illegible] ကိုး၊ အဟွန်း ... မြတ်မြင့်မိုရ် ... မင်းကို ကိုယ် [illegible] တကယ် စိတ်ဝင်စားသွားတာ၊ See you baby ကိုယ့်ရဲ့[illegible] ပျက်ဆင်းပျက် ဖြစ်သွားတဲ့ အင်္ကျီကြောင့် ကိုယ် ဒီ[illegible] ထဲက အမြန်ဆုံး ပြန်ထွက်မှ ရတော့မယ်"

သူက ပြောပြီးတာနဲ့ လှည့်ထွက်သွားသည်။

"ကိုမြတ် စောင့်ဦးလေ"





သြော် ... သူ့စားပွဲမှာ သူနဲ့အတူလာတဲ့ မဒီတစ်[illegible]ကောက် ရှိသေးတာပဲ။ ကြည့်စမ်း ... ထိုလူဟာ သူ့ရဲ့မဒီခေါ်[illegible]ကိုတောင် တစ်ချက်ကလေး စောင်းငဲ့မကြည့်သွားပါ။

ထိုနေ့က သူမဘာသာ တက္ကစီငှားပြန်ရရှာသော [illegible]မျိုးသမီးကိုကြည့်ကာ သူမရင်ထဲမှာ ဦးမြတ်ကိုကို အပေါ်[illegible]မြို့ခြင်းတွေ ပိုတိုးလာခဲ့သည်။

ဖေရှင့် ပြန်ရောက်လာတော့ ...

"မြင့်မိုရ် ဘာဖြစ်တာလဲ၊ နင့် မျက်နှာ မကောင်းပါလား"

"ဘာမှမဖြစ်ပါဘူး"

ဖေရှင့်က မယုံသော်လည်း ဆက်မမေးတော့ဘဲ [illegible]နေသည်။

စားခဲ့ဖူးသမျှ ကြေး[illegible]တွေထဲမှာ ထိုနေ့က စားရ[illegible] ကြေးအိုးက အရသာ အဆိုးဆုံး ဖြစ်မည်ထင်ပါရဲ့။

ဖေရှင့်ကလည်း ပြောင်းလဲသွားတဲ့ သူမမျက်နှာပေါ်[illegible]တိတ်တဆိတ် အဖြေရှာနေခဲ့သည်။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ရဲ့ နောက်ပိုင်းမှာတော့ ဦးမြတ်ကို
က သူမနောက်မှာ အရိပ်တစ်ခုပမာ ကပ်ငြိနေခဲ့တော့တာပင်။

ကုမ္ပဏီပိတ်တဲ့ရက် အပြင်လုံးဝမထွက်ရင်တော
သူမတို့ ကန်ထရိုက်တိုက်ရှေ့မှာ ကားလာရပ်ပြီး ခြောက်လှ
မော့ကြည့်နေခဲ့တာပါ။

တစ်ခါတစ်ရံ [နှမ / တ] ငါးလောင်းကြီး လာဆွဲလိုဆွဲ
တစ်ခါတစ်ရံဆို အိမ်ပင်လာလည်တတ်၍ မိခင်ဖြစ်သူရော မော
လေး ခန့်ငယ်ပါ ရိပ်မိရုံသာမက သူမတို့ ပတ်ဝန်းကျင်ကလည်း
သူနဲ့ သူမကို ဘာလိုလို ညာလိုလို ထင်ကြေးမျိုးစုံ ပေးကုန်ကြ
ပြီမို့ ခန့်ငယ်မှာ အံတကြိတ်ကြိတ် ဖြစ်နေပြီ။ မိခင်ဖြစ်သူမှာ
သားငယ်ကို မနည်းချော့မော့ ဖျောင်းဖျထားရသည်။

ထိုသို့ ပတ်ဝန်းကျင်မှာ ရိုက်ခတ်လွန်းလေမှ ဇေရှင်
တစ်ယောက် သိရှာတော်မူသည်။





"ဟာ ... ဒီလူ ဘာလာငြိနေတာလဲ၊ မုဆိုးမမိသားစုဆိုပြီး မထေမဲ့မြင် လုပ်တဲ့သဘောလား။ နင် ဘာဇာတ်လမ်းရှုပ်ထားလဲ မြင့်မိုရ်"

"ဟဲ့ ... ဘာမှ ဇာတ်လမ်းမရှုပ်ဘူး၊ သူ့ဘာသာ ဖြစ်နေတာ"

"တော်ပြီ မြင့်မိုရ်၊ ဒီလူ ရှယ်ယာပါတဲ့ ကုမ္ပဏီက ထွက်လိုက်တော့"

"ပြောတော့ လွယ်တယ် ဇေရှင့်ရယ်၊ ငါတို့မိသားစုရဲ့ စီးပွားရေးအခြေအနေကိုလည်း နင် သိသားနဲ့၊ နောက်အလုပ်တစ်ခု ချက်ချင်းရဖို့က မလွယ်ဘူးဟ"

"အဲဒါဆို နင် ဒီအတိုင်းပဲ ငြိမ်ခံနေတော့မှာလား"

"သူလည်း ဒီထက်တော့ ပိုဆိုးစရာ အကြောင်းမရှိတော့ပါဘူး"

"မဟုတ်သေးပါဘူးဟာ"

ထို့နောက် ခန့်ငယ်လည်း စာမေးပွဲဖြေပြီးချိန်မို့ [...]းလပ်နေသဖြင့် သူမ အပြင်ထွက်တိုင်း အဖော်လိုက်ပေးတတ် [...]လို သူမကိုယ်တိုင်ကလည်း အဖော်မပါဘဲ အပြင်လုံးဝမထွက် [...]တော့ပါ။

ထိုသို့ ပြင်ပမှာတွေ့ဖို့ မလွယ်တော့ သူက တစ်ဆင့် [...]က်ကာ ကုမ္ပဏီမှာ ပေါ်တင် စကားလာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမစားပွဲပေါ်ကျလာတဲ့ အရိပ်ကို မသိစိတ်က ထိတ်လန့်သွား၍ထင်သည်။ ကြက်သီးမွေးညင်းတွေ ထလာသည် အထိပင်။

"မြတ်ကလေး"

သူမ မကြားချင်ယောင်ဆောင်ကာ မျက်နှာလွှဲလိုက် တော့ တစ်ခန်းလုံးမှာရှိတဲ့ မျက်လုံးပေါင်းများစွာက သူမတို့နှ ယောက်ဆီ ဝေ့ဝဲနေသည်။

"မြတ်ကလေးကို ကိုယ်ချစ်တယ်"

သူ့စကားမှာ သူမတစ်ကိုယ်လုံး ကျင်စက်နဲ့အတို့ ခံရသလို တုန်တက်သွားသည်။

"ဒါ အလုပ်ချိန်ပါ ဦးမြတ်ကိုကို၊ ပြီးတော့ ဒီနေရာဟာ အလုပ်လုပ်နေတဲ့ ကုမ္ပဏီနေရာဆိုတာလည်း သတိရပါဦး"

"ဒါပေမဲ့ ကိုယ် မြတ်ကလေးကို စကားပြောဖို့ အချိန်မှ မရှိဘဲ၊ ပြီးတော့ စကားပြောစရာ နေရာလည်း မရှိဘူးလေ ဒီတော့ ကိုယ် အချိန်တွေ နေရာတွေ မရွေးနိုင်ဘဲ ရတဲ့ အခွင့်အရေးလေးကိုပဲ လက်တွေ့ အသုံးချရတော့တာ ပေါ့"

"ကျွန်မကို ဒီအလုပ်က ထွက်သွားစေချင်လို့လား"



"အဲဒီလို အတွေးမျိုး မတွေးမိတာ အမှန်ပဲ မြတ်ကလေးရဲ့၊ ကိုယ်ဖြစ်ချင်တာ တစ်ခုပဲ ရှိတယ်၊ အဲဒါက မြတ်ကလေး ကိုယ့်မျက်စိရှေ့မှာပဲ ရှိစေချင်တာ၊ ကိုယ့်နားမှာပဲ ရှိစေချင် တာ၊ တကယ် ... သိလား၊ ကိုယ့်ဘဝမှာ ဘယ်မိန်းမကိုမှ ချစ်တယ်လို့ မပြောဖူးဘူး၊ ဒါဟာ ကိုယ့်ဘဝရဲ့ ပထမဆုံး အချစ်ပဲ"

သူမ တစ်ခွန်းလောက် ပြန်ပြောမိတာနှင့် သူ့ဘက် က စကားလုံးတွေက စက်သေနတ်ပစ်သလို တရစပ် မနားတမ်း ထွက်ကျလာခဲ့သည်။

သည်းမခံနိုင်သည့် အဆုံးမှာတော့ မန်နေဂျာစားပွဲ ဆီ ထွက်စာလေး သွားတင်ပြီး ကုမ္ပဏီထဲကနေ ထွက်ခွာလာ ခဲ့ရတော့သည်။

အိမ်ပြန်ရောက်တော့ အမေ့မျက်နှာကို မကြည့်ဝံ့ဝံ့ ဖြင့် ...

"မေကြီး ... သမီး အလုပ်ထွက်လိုက်ပြီ"

မေကြီးဆီမှ သက်ပြင်းချသံ ခပ်လေးလေး ကြား လိုက်ရပြီး ...

"ဘယ်တတ်နိုင်မလဲ မြင့်မိုရ်ရယ်၊ အဆင်ပြေသလိုပေါ့"

ခန့်ငယ်ကတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ထွက်လိုက်တာပဲ ကောင်းပါတယ် မမိုရ်ရာ၊ ဘာမှဝမ်းနည်းမနေနဲ့၊ ပိုက်ဆံဆိုတာ ဂုဏ်သိက္ခာလောက် အရေးမကြီးဘူး"

ဖေရင့်က ...

"မြင့်မိုရ် ... နင် ငါ့ဆိုင်မှာ ကောင်တာထိုင်ပေး၊ နင့်ကုမ္ပဏီလစာ ငါပေးမယ် သူငယ်ချင်း"

"ဟာ ... ဖေရင့်ကလည်း၊ နင့်ကောင်တာထိုင်တဲ့ ကောင်မလေးတောင် လစာဘယ်လောက်မှ မပေးရဘဲနဲ့၊ ပြီးတော့ တစ်ယောက်ခန့်ထားပြီးပြီဆိုတော့ ငါမှ မလိုတော့တာ"

"ငါ့ဆိုင်လည်း ဝင်ကြည့်ပါဦး မမရယ်၊ ငါ အခုလျှပ်စစ်ပစ္စည်းတွေပါ တင်ရောင်းနေတာလေဟာ၊ မဆိုးဘူးဟ၊ ကောင်တာကလည်း တစ်ယောက်တည်းနဲ့ မနိုင်တော့လို့၊ ငါ့အမေပါ ထိုင်နေရတာ၊ တစ်ယောက်ထပ်ခန့်မှာဟာ၊ နင် တခြားအလုပ်မရခင် ဝင်လုပ်ပေါ့၊ လစာက မသတ်မှတ်ကြေးလေ၊ နင့်ကုမ္ပဏီလစာအတိုင်း ပေးတာက သူငယ်ချင်းကဏ္ဍလို့ပဲ သဘောထားပေါ့"

"ဟင့်အင်း ... နင့်ကောင်တာက ကောင်မလေး လစာအတိုင်းပဲ ယူမယ်၊ ငါ အလကားသဘောမျိုးရတဲ့ အရာဆိုဘာမှ မလိုချင်လို့ပါ"





"ဒါဆို ငါက နင့်ကို ကောင်တာ မထိုင်ခိုင်းပဲ ဆိုင်ဖန်နေဂျာခန့်မယ်ဟာ"

"ကဲ ... ကိုဖေရင့်ကလေး၊ တော်တော့ တစ်ခန်းရပ်တော့၊ ငါ့ကို အလုပ်ခန့်မလား မခန့်ဘူးလားပဲ ပြောတော့"

"နင်ဟာလေ မာနကို ကြီးလွန်းတယ်"

အဲဒီလိုပဲ သူမတို့တိုက်ခန်းကလေးနဲ့ လမ်းသာခြားသော ဖေရင့် ဆိုင်ကလေးမှာ အလုပ်ဆင်းနေခဲ့သည်။ ထုံးစံမပျက်ပေါ့။ ဦးမြတ်ကိုကိုက ဆိုင်ထဲလိုက်ဝင်လာပြန်တာပင်။ ဒါပေမဲ့ ဖေရင့်ရဲ့ ကာကွယ်မှုအောက်မှာ သူမ လုံခြုံနေခဲ့ရပါသည်။

•○•



www.burmeseclassic.com

www.burmeseclassic.com



ခန့်ငယ် စာမေးပွဲ အောင်စာရင်းထွက်သည့်နေ့မှာတော့ ဇေရင့်က သူမကို ခွင့်တစ်ရက်ပေးပါသည်။ သို့သော် စာမေးပွဲအောင်စာရင်း အစောကြီး သွားကြည့်ပေးပြီး လာပြောသူမှာလည်း ဇေရင့် ကိုယ်တိုင်ပင်။ "

"ခန့်ငယ် ဂုဏ်ထူးငါးဘာသာပါတယ် မြင့်မိုရ်ရေ"

အခန်းတံခါးကို တဒုန်းဒုန်းထုကာ သူ အော်နေသည်။ မေကြီးက ဘုရားရှိခိုးရင်းတန်းလန်း လက်အုပ်ချီပြီး ရပ်တံ့နေခဲ့သလို ဇေရင့်ကို တံခါးဖွင့်ပေးဖို့ သူမကိုယ်တိုင်လည်းမေ့လျော့ကာ မျက်ရည်ကျနေခဲ့တာပင်။ ကာယကံရှင် ခန့်ငယ်ကတော့ ကျွမ်းကို တစ်ပတ်ပြီးတစ်ပတ် လိမ့်ထိုးကာ ဇေရင့်ကို တံခါးဖွင့်ပေးဖို့ သတိမရ။

အဲဒီလိုဖြင့် ပတ်ဝန်းကျင် အခန်းတွေပါနိုးပြီး တံခါးတွေဖွင့်ကာ ခေါင်းတွေပြူလာကာမှ သူတို့ရဲ့ ကမ္ဘာပျက်ခြင်းအမှုကို သတိရကာ ဇေရင့်က ...





"မြင့်မိုရ် ... ခန့်ငယ် ... တံခါးဖွင့်ဦးလေ"

"ဟဲ့ ... ဟုတ်ပါရဲ့၊ ကိုယ့်ဘာသာ ပျော်နေတာနဲ့မေ့သွားတာ"

ထိုအခါမှ မြင့်မိုရ်က တံခါးကို ဖွင့်ပေးဖြစ်တော့သည်။

"ဟာ ... မျက်နှာလည်း မသစ်ရသေးပါလား ညစ်ပတ်မရဲ့။ ငါတောင် အောင်စာရင်း သွားကြည့်ပြီး ပြန်လာပြီ"

ခန့်ငယ်က ဇေရင့်ကို ပြေးဖက်ကာ ...

"ကျွန်တော် ခုလို အောင်မြင်တာ ကိုဇေရင့် ကျေးဇူးတွေအများကြီးပါတယ် သိလား၊ ကိုဇေရင့် စိတ်ရှည်လက်ရှည်စာပြပေးလို့"

"မဆိုင်ပါဘူးကွာ၊ မင်း ကြိုးစားလို့ အောင်မြင်တာပါ"

မေကြီးကတော့ တစ်ခွန်းပဲ အသံထွက်လာသည်။

"ခန့်ငယ် ဆေးကျောင်းတက်နိုင်ဖို့ မေကြီး ပိုပြီးအလုပ်လုပ်ရတော့မှာပေါ့"

"ဩော် ... အဲဒါ ပြောမလို့ အန်တီ၊ ခုပဲ ကျွန်တော်လမ်းမှာ စဉ်းစားလာတာ၊ ခန့်ငယ် ကျောင်းစရိတ်ကို ကျွန်တော် တာဝန်ယူပါရစေ၊ ဘာကြောင့်မှ မဟုတ်ဘဲ ပညာဒါနပြုတဲ့သဘောပါ၊ ခန့်ငယ်လည်း စိတ်အေးလက်အေး ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်နိုင်အောင်လို့ပါ၊ အဲဒီအတွက် အန်တီတို့ကိုလည်း ဝန်မပိစေချင်ဘူး၊ ကျွန်တော့်အနေနဲ့ကလည်း ဒါက ဘာမှ မဖြစ်လောက်တဲ့အပြင် ကုသိုလ်တောင် ရသေးတာဆိုတော့ လက်ခံပေးပါလို့ပဲ တောင်းဆိုပါရစေ”

“မဟုတ်တာကွယ်၊ အဲဒါ အန်တီတို့က ပြောရမှာပါ၊ ဒါပေမဲ့ အန်တီ တတ်နိုင်ပါတယ်၊ ခန့်ငယ်ရဲ့ကျောင်းစရိတ်ကို မျှော်တွေးပြီးတော့ အန်တီ ပိုက်ဆံလည်း ကြိုစုထားပါတယ်၊ ရှိသင့်သလောက်လည်း ရှိပါတယ်၊ ဆေးကျောင်းက နှစ်ပိုများတော့ အလုပ်နည်းနည်း ပိုလုပ်ရမှာကလွဲရင် အဆင်ပြေပါတယ် သားရယ်၊ ပြောတာကိုတောင် ကျေးဇူးတင်တယ်၊ တကယ်ပါ။ ဒါပေမဲ့ အန်တီ လုံးဝလက်မခံပါရစေနဲ့ကွယ်”

မြင့်မိုရ် မိခင်ပဲလေ၊ ဒီလောက်တော့ မာနကြီးမှာပေါ့၊ ဇေရင့် သက်ပြင်းကျိတ်ချကာ နောက်ပိုင်းမှပဲ တတ်နိုင်သလောက် မရ,ရအောင် ထောက်ပံ့ဖို့ ဆုံးဖြတ်လိုက်သည်။

ထိုနေ့က ဇေရင့် ပြန်သွားတော့ မေကြီးက မြင့်မိုရ်တို့ မောင်နှမကို ...

“ကဲ ... သမီးနဲ့သားကို မေကြီး ပြောစရာရှိတယ်၊ မေကြီးရဲ့သားကို မေကြီးပိုင်တဲ့ ပိုက်ဆံနဲ့ပဲ ဆရာဝန် ဖြစ်စေချင်





လို့ မေကြီး ကြိုးစားမယ်၊ သူတစ်ပါးရဲ့ကျေးဇူးတရားတွေ မပိစေချင်လို့၊ သူတစ်ပါးရဲ့ ကျေးဇူးတရားတွေ မပိစေချင်လို့ မေကြီး ကြိုးစားပြီး ကျောင်းထားမယ်။ ဒါပေမဲ့ မေကြီးမှာလည်း ကြိုစုထားတာရယ်၊ သားတို့ဖေကြီးဘက်က အမွေရထားတဲ့ ငွေသားလေးတွေရယ် ရှိသေးတယ်”

မေကြီးက ပြောပြောဆိုဆိုဖြင့် အိမ်ခန်းထဲ ဝင်သွားပြီး ပြန်ထွက်လာတော့ ဘဏ်စာအုပ်တစ်အုပ် လက်ထဲပါလာသည်။

ဘဏ်စာအုပ် အသစ်ကလေးကိုကြည့်ကာ ...

“မေကြီး ဘယ်တုန်းက ဘဏ်စာအုပ် လုပ်လိုက်တာလဲ”

“ကြာပြီလေ၊ ဖေကြီး ဆုံးကတည်းကပဲ၊ ဒါပေမဲ့ တစ်နှစ်နေမှ တစ်ခါလောက်ပဲ သွားပြီး သွင်းဖြစ်တာ ဆိုတော့ စာအုပ်တောင် မနွမ်းနိုင်ရှာဘဲ အသစ်အတိုင်း ဖြစ်နေတာ၊ အဟင်း”

မေကြီးရဲ့ဘဏ်စာအုပ်ထဲက ပမာဏဟာ ခန့်ငယ်သော သာမန်ဘွဲ့တစ်ခုအတွက်ပဲ ကျောင်းတက်မယ်ဆိုရင် လုံလောက်ရုံကေ ပိုပင်ပိုလျှံနေပါသေးရဲ့။ သို့သော် ဆေးကျောင်းလို နှစ်ရှည်သများ တက်ရမည့်အတွက် ဆိုလျှင်တော့ မလောက်ငတော့။

“မေကြီး ဒီဘဏ်စာအုပ်ကို ထုတ်ပြရတဲ့ ရည်ရွယ်ချက်က ခန့်ငယ်ကို မေကြီး လွယ်လွယ်လေးနဲ့ ကျောင်းထားပေး



www.burmeseclassic.com

www.burmeseclassic.com



ရတာ မဟုတ်ဘူး၊ သားသမီးတွေကို ကြိုးစားစေချင်လို့ သားသမီးတွေအတွက် မေကြီးဟာ အနှစ်နှစ်အလလ စုဆောင်းထားခဲ့ရတဲ့အကြောင်း သိစေချင်လို့၊ အထူးသဖြင့် သားငယ် ကြိုးစားစေချင်လို့ပဲ၊ မေကြီး မရှိပေမယ့် မေကြီးဟာ သမီးကို ဘွဲ့ရအောင် သားကို ဆရာဝန်ဖြစ်အောင် ကြိုးစားနိုင်တယ်ဆိုတာ ပြချင်လို့ပဲ၊ သားသမီးတွေ ကြိုးစားတဲ့အတွက် လိမ္မာတဲ့အတွက်လည်း မေကြီး ပင်ပန်းရ ကျိုးနပ်ပါတယ်"

မေကြီးက မောသွားသလို ခဏနားလိုက်သည်။

"စိတ်ချပါ မေကြီးရာ၊ သား ကြိုးစားမှာပါ၊ ပြီးတော့ သားအခြေအနေကို သား နားလည်ပါတယ်၊ မေကြီး စိတ်ချပါ"

"မေကြီး သားသမီးတွေ လိမ္မာမှန်း မေကြီး သိပါတယ် အင်း ... ဒေါက်တာမေမေ ဖြစ်ဦးမှာပေါ့ သားရယ်"

"အေးနော်... ခန့်ငယ်သာ ဒေါက်တာဖြစ်သွားရင် သမီးကလည်း ဒေါက်တာမမပေါ့၊ ဟား ဟား Good တယ်ကွာ"

ထိုနေ့က ညနေဘက်ရောက်တော့ ဇေရင့် ကားဖြင့် လာခေါ်ပြီး သူမတို့မိသားစု စားသောက်ဆိုင်မှာ တရုတ်စာသွားစားကြသည်။





ထုံးစံအတိုင်း သူမနောက် အရိပ်လို လိုက်နေသော ဦးမြတ်ကိုကိုကလည်း မျက်နှာပြောင်စွာ ဆိုင်ထဲအထိ ပါလာသည်။ သို့သော် သူမကိုတော့ စကားလာမပြောဘဲ သူမနှင့် မျက်နှာချင်းဆိုင်စားပွဲမှာ ဝင်ထိုင်ပြီး သူမမျက်နှာကို မမိုတ်မသုန် စိုက်ကြည့်နေသဖြင့် ခန့်ငယ်က အံတကျစ်ကျစ် ဖြစ်နေပြီး ...

"ကိုဇေရင့်ရာ၊ ကျွန်တော် အဲဒီဘိုးတော်မျက်နှာကို ဆွဲထိုးပစ်ချင်တယ်၊ မမိုရ် ဒီဘက်ပြောင်းထိုင်ဟာ"

"ဟာ ... ခန့်ငယ်ကလည်း၊ ခုမှထပြီး ပြောင်းထိုင်ရင် ရုပ်ပျက်တာပေါ့"

"ဟုတ်တယ် ခန့်ငယ်၊ မမြင်ရအောင် မင်းက မြင့်မိုရ်နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်နေလိုက်၊ မဟုတ်ရင်တော့ ဒီလူ ငမ်းနေဦးမှာပဲ၊ မင်း မြင်ရရင်လည်း စိတ်တိုနေဦးမှာ၊ မင်းပဲ သူ့ကို ကျောပေးထိုင်လိုက်တာ ကောင်းတယ်"

ဇေရင့်စကား မဆုံးခင်မှာပင် ခန့်ငယ်က နေရာပြောင်းထိုင်ပြီးပါပြီ။ ဦးမြတ်ကိုကိုရဲ့ မဲ့ပြုံးတစ်ချက်ကိုတော့ တွေ့လိုက်ရသေးသည်။ ထို့နောက် ဇေရင့်ကပဲ ဦးဆောင်ကာ စားစရာတွေ မှာပေးသည်။ မေကြီးကို အရင်ဦးချပြီးသည်နှင့် မြင့်မိုရ်နဲ့ ခန့်ငယ်ကိုပါ ဟင်းထည့်ပေးလိုက်သည်။ ခန့်ငယ်ကလည်း ဇေရင့်ကို ဟင်းပြန်ခပ်ထည့်ပေးနှင့် လက်တွေ့ရှုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြီးကတော့ မိသားစုဆန်လှသော ထမင်းဝိုင်း

ကြည့်ကာ ကျေနပ်ပြုံးတွေနှင့် ...

"ကိုဇေရင့် ... ပြီးရင် ဘုရားလိုက်ပို့"

"ပို့မှာပေါ့"

"ခန့်ငယ် ကိုမကျန်နဲ့လေ၊ ဇေရင့်က ဆိုင်ပြန်သိမ်းပေးရဦးမှာ"

"ရပါတယ်ဟာ၊ ဒီတစ်ရက်တော့ ခန့်ငယ် ဖြစ်ချင်တာ

ပြော၊ အားလုံး လုပ်ပေးမယ်"

"နင် ကျပ်ကျပ် အလိုလိုက်နော်၊ တော်ကြာမှ ပြော

ဆိုမရ ဖြစ်နေလိမ့်မယ်"

"ခန့်ငယ်က အဲလိုကလေးမျိုးမှ မဟုတ်တာဟာ၊ လိမ္မာ

သားပဲ"

သူတို့ဝိုင်းကလေးက တစ်ယောက်ကို တစ်ယောက်

စကားနိုင်လုရင်း ဆူညံသက်ဝင်လို့ပါ။

သူတို့ ဘုရားဆက်သွားတော့လည်း ဦးမြတ်ကိုကိုး

ကားမည်းကြီးက ပါလာပြန်သည်။

ဘုရားရောက်တော့ ခန့်ငယ်က ...

"မကြီးက ခြေကျင်တက်ချင်တယ်တဲ့၊ ကျွန်တော် မကြီး

ကိုတွဲပြီး တက်နင့်မယ်၊ ကိုဇေရင့် မမိုရ်ကို ခေါ်ခဲ့၊ ဟိုမှာ

ဟိုလူကြီး ဘာလိုက်ရှုပ်ပြန်တာလဲ မသိဘူး"





"သားငယ်ရယ်၊ ဘုရားလာတာ ငြိမ်းငြိမ်းချမ်းချမ်း ရှိစမ်း

ပါ၊ ပူလောင်မနေနဲ့ကွယ်"

ထို့နောက် မကြီးနှင့် ခန့်ငယ် တက်သွားနှင့်တော့

သူက မြင့်မိုရ်ကို စောင့်ခေါ်ရင်း အေးအေးဆေးဆေး တက်ဖြစ်

ကြသည်။

"ဇေရင့်"

"ဟင်"

"ငါ မနက်ဖြန် နင့်ဆိုင်ကို အလုပ်မဆင်းတော့ဘူးဟာ"

"ဟာ ... ဘာဖြစ်ရပြန်တာလဲ"

ဇေရင့်က မျက်နှာပျက်ပျက်ဖြင့် ပြန်မေးသော်လည်း

သူမက ဇေရင့်ကို ဥပေက္ခာပြုကာ ဆက်ပြောဖို့ ကြိုးစားပါသည်။

သူမ ထိုဆိုင်မှာ လုပ်ရတာ မဇေရင့် အလုပ်ခန့်၍ပါ။

ဒါပေမဲ့ သားကိုချစ်၍ မကာန့်ကွက်သော ဇေရင့် မိခင်ကြီးက

သူမကို အမြင့်မကြည့်သော မာတ်ခံဖြင့် သူမကို အခေါ်ပြောမ

လုပ်ပါ။ နိုင်းစရာရှိရင်လည်း တခြားကောင်မလေးတွေကို တစ်

ဆင့်ပြောခိုင်းပြီး ခိုင်းတတ်သလို များသောအားဖြင့် ဇေရင့် ဆိုင်

ထဲဝင်လာတာနှင့် ဇေရင့် သူမနား ရောက်မလာနိုင်အောင် မသိ

မသာ ကြံဆောင်တတ်သည်။

ငယ်စဉ် ကလေးဘဝကတည်းက သူမနှင့် ဇေရင့်

တွဲတာကို မကြိုက်ခဲ့တာ သူမ အသိ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဇေရင့် မိခင်ရဲ့ ဆက်ဆံပုံက မတူမတန် မတန်မရာသည့်ပုံစံ ပေါက်နေတာမို့ သူမ လက်လျှော့လိုက်တော့သည်။

တခြားအလုပ်တစ်ခုခုပဲ ရှာတော့မည်။ ဇေရင့်မိခင်ကြီးဟာ သူမနှင့် ဇေရင့်ကြားက သူငယ်ချင်း သံယောဇဉ်ကိုလည်း စိတ်မချဖြစ်နေပုံပင်။

ငယ်စဉ်ကလေးဘဝ ကစားဖော်အဖြစ်နဲ့တောင် မပတ်သက်စေချင်တာ လက်တွဲဖော်များဖြစ်သွားရင် နေရာတွင် မုန်းမုန်းသား လဲကျသွားမည့်ပုံပင်။

ရယ်စရာကောင်းလှသော စိုးရိမ်မှုကို သနားငဲ့ညှာသောအားဖြင့် သူမ ထိုဆိုင်ကလေးမှ အလုပ်ထွက်ရပါမည်။ ဒါတွေကိုတော့ ဇေရင့် နားလည်အောင် ရှင်းပြလို့ ဘယ်ဖြစ်ပါ့မလဲ။

"ပြောလေ မြင့်မိုရ်"

"ငါ မေကြီးနဲ့ စက်ချုပ်မလို့၊ မေကြီး အပ်ထည်တွေများပြီး မနိုင်ဘူးဟ၊ မေကြီးက မညည်းပေမယ့် ငါကမကြည့်ရက်လို့၊ အဲဒါ ..."

"ဟူး ... ငါဏ ဘာများဖြစ်ပြန်ပြီလဲလို့"

"ဘာဖြစ်ရမှာလဲ၊ ငါ့ကိုဆို ပြဿနာတုံးများ အောက်မေ့နေလား မသိဘူး"





ထိုစဉ်မှာပဲ ဦးမြတ်ကိုကိုက အနားကို ရောက်လာသည်။

"မြတ်ကလေးနဲ့ စကားခဏလောက် ပြောပါရစေ"

"ဘာမှပြောစရာမရှိဘူး"

"မြတ်ကလေးမှာ မရှိပေမယ့် ကိုယ့်မှာရှိတယ်"

"ဆောရီးပဲ၊ ကျွန်မ နားမထောင်ပေးနိုင်ဘူး"

"Why ? မြတ်ကလေး ကိုယ့်ရဲ့ဂုဏ်သိက္ခာကို နည်းနည်းလောက် အားနာပါဦးကွာ"

"အိုး ... ရှင်တောင် ရှင့်ဂုဏ်သိက္ခာကို အားမနာဘဲ ဂုဏ်သိက္ခာမရှိတဲ့ အပြုအမူတွေ ပြုမူနေသေးတာပဲ၊ ကျွန်မက ဘာလို့ အားနာပေးရမှာလဲ"

"မြတ်ကလေး ရက်စက်တယ်"

မြင့်မိုရ်က ပခုံးတွန့်လိုက်ပြီး သူ့ကို ရှောင်ကွင်းပြီး ဘုရားပေါ် ဆက်တက်သည်။ ဇေရင့်က သက်ပြင်းချပြီး မြင့်မိုရ်နောက်က ဆက်တက်လာခဲ့သည်။

မြတ်ကိုကိုက ဇေရင့်နဲ့ မြင့်မိုရ်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ခန့်ငယ်က မေကြီး ပန်းဝယ်နေတာကို ရပ်စောင့်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မမိုရ် ... ဟိုတစ်ယောက် ဘာလာပြောနေတာလဲ"

"ထားလိုက်ပါဟာ၊ ခေါင်းစားမနေနဲ့"

အဲဒီနောက် သူတို့ ဘုရားဖူးကြပြီး မကြီး ပုတီးစိပ်တာကို ထိုင်စောင့်ရင်း စကားပြောနေကြသည်။ ဦးမြတ်ကိုကိုလည်း ဘုရားရှိခိုးနေတာ တွေ့ရသည်။ သြော် ... သူမတို့ရဲ့ ဆုံစည်းခြင်းကို အမှတ်ရမိပါသေးရဲ့။ ဒီရွှေတိဂုံဘုရားမှာပဲ၊ ဒီကြာသပတေးထောင့်မှာပဲ ကြာသပတေးသားဖြစ်ပုံရသော ဦးမြတ်ကိုကိုနဲ့ ကြာသပတေးသမီး မြင့်မိုရ်တို့ ဆုံစည်းခဲ့ရသည်။

ခုလည်း ဦးမြတ်ကိုကို ဘုရားကို ရေသပ္ပာယ်နေသည်။

ဒီလူကြီးဟာ ဘုရားတရားတော့ ကြည်ညိုကိုင်းရှိုင်းပုံရရဲ့နဲ့ ဘာဖြစ်လို့များ သူမကို လူကြီးလူကောင်းမဆန်စွာ နှောင့်ယှက်ချင်တာပါလိမ့်။

သူ့ကို သူမ အချဉ်ရည်ဖြင့်ပက်ပြီး နောက်ပိုင်းမှာ သူ့ဘက်က ပိုပြီးဆိုးရွားလာတာပါ။

ဇေရင့်က သူမဘက် လှည့်ကြည့်ကာ ...

"မြင့်မိုရ် ဘာပဲလုပ်လုပ် တစ်ခုခု ဆုံးဖြတ်မယ်ဆို ငါ့ကို တိုင်ပင်နော်၊ ငါ နင့်ကိုဆိုရင် ကူညီဖို့ အသင့်ပဲ သိလား"

"အင်းပါဟာ"





ထို့နောက်မှာလည်း ဦးမြတ်ကိုကိုက လူကိုယ်တိုင် အမှနှောင့်ယှက်သော်လည်း သူမကိုတော့ ငေးမောကြည့်နေခဲ့သည်။

ဇေရင့်ပင် ဦးမြတ်ကိုကိုဟာ နှောင့်ယှက်ရုံသက်သက်လား၊ ချစ်နေတာလားဟု ဓဝေဓဝါ ခွဲရခက်လာသည်။

တကယ်သာဆိုရင် ...

တွေးကြည့်ရုံဖြင့် ချွေးပြန်လာကာ သူ့သဘောမှ သူငယ်ချင်းမလေးရဲ့ မျက်နှာကို ငဲ့ကြည့်မိသည်။

မြင့်မိုရ်ကတော့ ဘုရားဖူးလာသူတွေကို ငေးမောလို့။



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေးညနေခင်းတွေဟာ မြတ်ကိုကိုရဲ့ အနားယူချိန်တွေပါ။ တစ်ခါတစ်ရံ ဂေါ့ဖ်သွားရိုက်တတ်တာကလွဲလို့ပေါ့။

ခုလည်း သူ့ခြံထဲက wooden House လေးမှာ ဘီယာတစ်ဘူးနှင့် စိမ်နေမိသည်။

သီဟိုဠ်စေ့လှော် ကြွေးကြွေးကဲလေးကို ဝေးရင်း မြတ်မြင့်မိုရ် ဆိုသော ကောင်မလေးရဲ့ မဲ့ရွဲ့နေတတ်တဲ့ နှုတ်ခမ်းကလေးတွေကို မြင်ယောင်လာမိသည်။

ထိုကောင်မလေးဟာ သူ့ကိုရွှေ့တာနဲ့ သူမရဲ့လှပသော နှုတ်ခမ်းလေးတွေကို တွန့်ကော့မဲ့ရွဲ့ပစ်လိုက်ပုံမှာလည်း သည်းယားစရာ။

သူ မြန်မာပြည်ပြန်ရောက်ပြီး ရွှေတိဂုံဘုရားကို သွားဖူးဖြစ်သည်။ အဲဒီမှာပဲ ကောင်မလေးနှင့် ဆုံခဲ့တာ။ မြင်မြင်ချင်း သူမလေးကို စိတ်စင်စားသွားသည်။



ဒါပေမဲ့ ကောင်မလေးပုံဝံက နွမ်းပါးပုံရသည်။ အသွင်အပြင်ရော အပြင်အဆင်ပါ သူ့ပတ်ဝန်းကျင်က မိန်းမလှတွေနှင့် များစွာခြားနားလှသည်။ သို့သော် ထိုကောင်မလေးဟာ ထူးခြားသော ဆွဲဆောင်မှုလေး ရှိနေသည်။

တကယ်တော့ မြတ်ကိုကိုက တော်တန်ရုံ ရင်မခုန်တတ်ပါ။ မိန်းမတွေကို အပျင်းပြေကစားစရာတစ်ခုသာသာ သဘောထားတတ်သူ၊ ရည်းစားမကျ သူငယ်ချင်းမက တွဲရုံထက်မပို။

ထိုသို့ ရည်းစားမကျ သူငယ်ချင်းမကသော အိစီကလီတွေကတော့ အများကြီးပါ။

ကြုံရင် ကြုံသလို တွဲလိုက်တာပဲ။ တစ်ခါတစ်ရံ သူတို့ ရှော့ပင်းထွက်ရင် လိုက်ပို့လိုက်ရုံ။ တစ်ခါတစ်ရံ သူ ညှိခံပွဲတစ်ခုခု တက်စရာရှိရင် အဖော်ခေါ်သွားရုံထက် မပိုခဲ့။ သူ့ရဲ့ အပျော်တွဲမှုကို သူ့ရဲ့အိစီကလီ မိန်းကလေးတွေကလည်း လက်ခံသည်။ မချုပ်ချယ်ကြေး။ မကန့်သတ်ရ။

အကန့်အသတ်တွေ လုပ်လာပြီဆိုရင်လည်း ကျောင်းပဲ။

ခုမှ ... ခုကောင်မလေးကျမှ မြတ်ကိုကို စိတ်တွေပြောင်းပြန်လှန်ကုန်ပြီ။ တကယ်ဆို မြတ်ကိုကို ဘဝမှာ မိန်းကလေးတစ်ယောက်အတွက် အချိန်ပေးခဲ့ရိုး ထုံးစံမှ မရှိတာ။ ဘယ်မိန်းကလေးအတွက်မှ စိတ်ရှုပ်ခဲ့ရိုး ထုံးစံမရှိ။ ခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဘီယာတစ်ကျိုက် မော့လိုက်သည်။ ဒရင်းဘက် ပေါ် ခြေပစ်လက်ပစ် လှဲချရင်း နဖူးပေါ်လက်တင်ကာ ကောင်မလေး ပုံရိပ်တွေကို မြင်ယောင်နေမိသည်။

ဘုရားပေါ်မှာ တွေ့လိုက်ကတည်းက သူမလေးက သူ့အာရုံတွေကို ဖမ်းစားသွားခဲ့တာ။

ထို့နောက် မမျှော်လင့်ဘဲ သူ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီမှာ သူမ လုပ်နေခဲ့တော့ သူနဲ့ သူမ မဖြစ်မနေ ပြန်ဆုံကြရတာ။

ထိုအတောအတွင်း သူ သူမလေးကို ပိုပြီးငြိတွယ်လာခဲ့တာပါ။ သို့သော် သူမလေးဘက်ကတော့ ပိုပြီးခါးသီးလာခဲ့သည်။ အဲဒါကလည်း သူက သူမကိုမြင်တိုင်း မခံချင်အောင် လိုက်စမိတာတွေကြောင့် ဖြစ်နိုင်သည်။

သူမဘက်က စိတ်ဆိုးမှု ဘယ်လောက်ထိ ပြင်းထန်လိုက်ပါသလဲဆိုတာ အချဉ်ရည်စွန်းနေသော သူ့အင်္ကျီက ဖော်ပြနေသလိုပါ။ ထိုအင်္ကျီကို သူ ဒီ Wooden House ထဲမှာပဲ ထည့်ထားသည်။ ထိုအင်္ကျီကို လျှော်လည်းမလျှော်ပါ။ ထိုစွန်းထင်းသော ချဉ်ရည်ကွက်ကိုမြင်တိုင်း သူမကို ရအောင်ယူဖို့ သူ ဆုံးဖြတ်ထားလို့ပေါ့။

ဒါပေမဲ့ ...





သူမလေးမှာ ချစ်သူရှိနေပြီ။ ဘယ်လောက်ထိလဲဆို မဟာ သူ့ကောင်လေး လက်ဆောင်ပေးထားတဲ့ MP4 လေးကို စ်ရက်ပင် မခွဲနိုင်ခဲ့ပါတဲ့။ အဲဒီတုန်းကလည်း MP4 သွားပြန် ရင်း သူ့ရင်တွေ ထူးဆန်းစွာ နာကျင်ခဲ့ရဖူးသည်။

တွေးရင်း သူ သတိတွေ ရလာတာမို့ လက်ကဖုန်း လှမ်းသွားပြီးမှ ဒီအချိန်ဆို သူမဟာ သူ့ကောင်လေးရဲ့ဆိုင် ဲ ရှိနိုင်တာကို တွေးမိကာ ကားသော့ကိုကောက်ကိုင်လိုက် ည်။

ကိုယ့်ရဲ့အနားသူခြင်းတွေကို နှောင့်ယှက်တဲ့အတွက် ပြန်လျော်ပေးရမယ် ကောင်မလေးရေ။

ဖေရင့်ရဲ့ စူပါမားကတ်ကလေးကိုရောက်သော့ သူမ မတွေ့ရတော့။

ဒီနေ့ သူမ အလုပ်မဆင်းတာလား။ နေမျှားမကောင်း လား ကောင်မလေးရယ်။ ရင်ပူမှုတွေ ပေးပြန်ပြီ။ ကိုယ့်ကို ပူစေပြန်ပြီ။

ထို့နောက် သူ့ခြေလှမ်းတွေက သူမတို့တိုက်ခန်း ဆီသို့။

သူ ဖေရင့်ရဲ့ဆိုင်ကိုရောက်တော့ ဖေရင့်ကလည်း တာမို့ သူ လာတာကို မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးဘဲလ်ကို တီးလိုက်တော့ တံခါးလာဖွင့်သူက

သူမကလေး။

"ဟင် ... ရှင်"

"ကိုယ့်ကို အိပ်ထဲဝင်ခွင့် ပေးနိုင်မလား"

"ဟင့်အင်း"

သူမက တံခါးကို ပြန်ပိတ်ဖို့ ကြိုးစားသည်။ သူက

တံခါးချပ်ကို တံတောင်ဖြင့် ခံထားလိုက်ပြီး သူမ မျက်နှာလေး

ငေးမောကြည့်နေသည်။

"ကိုယ် လမ်းထိပ်ဆိုင်ကို ဝင်ခဲ့သေးတယ်၊ မင်းကိုမတွေ့တာ

နဲ့ စိတ်ပူပြီး လိုက်လာမိတာ၊ နေမကောင်း ဖြစ်နေလားလို့"

"ကျွန်မကိစ္စကို ရှင် စိတ်ဝင်စားဖို့ မကြိုးစားနဲ့ ဦးမြတ်ကိုကို

ပြီးတော့ ရှင့်ရဲ့ လူကြီးလူကောင်း ဂုဏ်သိက္ခာလေးတော့

ထိန်းပါဦး၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့။ ကျွန်မ ပတ်ဝန်း

ကျင်ထဲမှာ ကျွန်မရဲ့ဂုဏ်သိက္ခာကို ရှင် ဆက်ပြီးထိခိုက်

နေမယ်ဆိုရင် ကျွန်မအဆိုးမဆိုနဲ့"

ဒေါသရောင် လက်နေတဲ့ သူမ မျက်လုံးတွေ

တော်လေး လှတာကို ဝန်ခံရမည်။ မြင့်မိုရ်ကတော့ သူ့ကို

ဟစ်မောင်းထုတ်ပစ်ချင်သော်လည်း ပတ်ဝန်းကျင်က ရှိသေးသဖြင့်

ဒေါသကို တကျစ်ကျစ် မျိုချနေရသည်။ ပြီးတော့ မကြာ



မောင်လေးခန့်ငယ် အပြင်က ပြန်လာတော့မည်။ ခန့်ငယ် ရောက်

လာရင် ပြဿနာက ထိန်းလို့ရတော့မှာ မဟုတ်။

"လူကြီးလူကောင်းဆိုတာ ဘာလဲ ကိုယ် မသိဘူး မြတ်

ကလေး။ ပြီးတော့ မြတ်ကလေးရဲ့ကိစ္စဟာ ကိုယ့်ကိစ္စလို့

ခံယူထားလို့ ကိုယ့်ကိစ္စကို စိတ်ဝင်စားတာပါ၊ ကိုယ်

မြတ်ကလေးနဲ့ စကားခဏပြောချင်တယ်၊ အပြင်ကိုလိုက်

ခဲ့ပေးပါလား"

သူမ ဒေါသတကြီး တုံ့ပြန်ရန်ပြင်စဉ်မှာပဲ ...

"မြင့်မိုရ် ... မေကြီးကို အပ်ပေါက်လာထိုးပေးစမ်း။ လာ

ပါ မောင်ရင်၊ အိမ်ထဲဝင်ပါဦး"

"မေကြီး"

"မေကြီး ဘာခိုင်းနေလဲ မြင့်မိုရ်"

မြင့်မိုရ် စက်ခုံနား ရောက်သွားပြီး မြတ်ကိုကိုက

သည်း ဧည့်ခန်းဆက်တီမှာ ဝင်ထိုင်လိုက်ပြီး ...

"ဒီမယ် မောင်ရင်၊ အန်တီ့သမီးကို အန်တီက မိကောင်း

ဖခင်သားသမီးပုံစံ သွင်းခဲ့တာပါ။ အန်တီ့သမီးဟာ ကလေး

ကဝ ပေါက်လွှတ်ပဲစား ကြီးပြင်းလာတာ မဟုတ်ဘူး။

ဆင်းရဲတယ် ဆိုပေမယ့် မိခင်အုပ်ထိန်းမှုအောက်မှာ ဂုဏ်

သိက္ခာနဲ့ ဣန္ဒြေနဲ့ ကြီးပြင်းလာတာပါ။ အခု မောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပုံက သမီးကိုတင် မဟုတ်ဘူး၊ လူကြီးမိဘတွေ
ပါ စော်ကားသလို ဖြစ်နေတယ်၊ အန်တီတို့မှာ ပတ်ဝန်း
ကျင်နဲ့ နေတာပါ။ အတိုင်းအတာတစ်ခုထက်တော့ ပိုပြီ
သည်းခံမှာ မဟုတ်ဘူး။ မောင်ရင်ဟာ နိုင်ငံခြားမှာ ကြ
ပြင်းလာရလို့ နိုင်ငံရပ်ခြား အမူအကျင့်တွေ ပါလာကောင်
ပါလာနိုင်ပေမယ့် ဒီနိုင်ငံ ဒီယဉ်ကျေးမှုကို လေးစားသော
အားဖြင့် မောင်ရင့် လုပ်ရပ်တွေ ရပ်တန်းကရပ်ပါ"

"ဆောရီးပါ အန်တီ၊ ကျွန်တော့်အပြုအမူက လွန်ကျူးနေ
ခဲ့ရင် တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သူ့ကို
တကယ်ချစ်တာပါ၊ အပျော်အပြက် နှောင့်ယှက်နေတာ
မဟုတ်ဘူးဆိုတာ ဝန်ခံပါတယ်"

"အေးလေ ... အန်တီ သမီးဆန္ဒကို မေးပေးမယ်၊ ဒါပေမဲ့
သူ လက်မခံရင်တော့ နောက်ဆုတ်ပေးပါ မောင်ရင်"

"သမီး လက်မခံဘူး မေကြီး"

သူမမိခင်က ကြားတဲ့အတိုင်းပဲဆိုတဲ့ ပုံစံနှင့် သူ့ကို
ကြည့်နေသည်။ သူမကတော့ ခါးသီးစွာ စူးရဲစွာ ကြည့်နေသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ၊ မြတ်ကလေး ကိုယ်
သွားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ဟာ မြတ်ကလေးအတွက်
ထာဝရရှိနေတယ်ဆိုတာကို မှတ်ထားပေးပါ"





သူ ပြန်ဆင်းလာတော့ လှေကားမှာ မြတ်ကလေးရဲ့
မောင်လေးနဲ့ တွေ့သည်။

သူ့ကိုတွေ့တာနဲ့ တင်းမာသွားသော မျက်နှာကို
သူကတော့ ဝေ့သော့သော့ ပြုံးပြလိုက်သည်။

ရှူးရှူးရားရားနဲ့ သူ့ကို ဖြတ်ကျော်သွားသော
နာတိတ်ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ့ဘက်မှာ တစ်မဲမှ မရှိပါလား။ ဒီရွေးချယ်မှုမှာ
ဇေရင့်ဘက်မှ မဲကုန် အပြတ်နိုင်နေပြီ။ ဒီတော့ နောက်ဆုံး သူ့
ရဲ့ပစ်မှတ်က ဇေရင့် ဖြစ်သွားပြီ။

ဇေရင့် မရှိရင် သူမကလေး သူ့ကို ဒီလောက်အထိ
တစ်ခါရက်စက်မှာမဟုတ်။

သူ ဇေရင့်ကိုရင်ဆိုင်ရမယ်၊ ဘာမဟုတ်တဲ့ ကောင်
လေးတစ်ယောက်နဲ့ သူ့ Roll ကို ညှိရတော့မယ်။

သူ ဆုံးဖြတ်ပြီးတော့လည်း ဆုံးဖြတ်ချက်ကို ချက်
ချင်းအကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်သည်။

◆ ○ ◆



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားကန်စောင်းမှာ လေက တဖြူးဖြူးတိုက်ခတ်နေသည်။

ဇေရင့်က သူ့ရှေ့မှ ဦးမြတ်ကိုကို မျက်နှာကိုကြည့်လိုက်၏။

"ကိုယ် ဘာကိုစပြောရမှန်း မသိဘူး"

"မြင့်မိုရ်ကိစ္စက စပြောပေါ့"

"ဟုတ်တယ်၊ ကိုယ့်ညီ နောက်ဆုတ်ပေးပါ"

ဇေရင့် ရယ်ချင်သွားသည်။ သူနှင့် မြင့်မိုရ်ကို တစ်မျိုးထင်ပြီး လာတားနေတာကို။ သူ့ရှေ့မှလူကို အထူးအဆန်းသဖွယ် ကြည့်လိုက်မိသည်။

"ဒါက ကျွန်တော့် Right နော်၊ လာတားနေတာက မမှုတဘူးထင်တယ်၊ ကိုယ့်ဘာသာ ရအောင်ကြိုးစားပါဗျာ"

"ညီ ရှိနေသမျှ ကိုယ် ကြိုးစားလို့ရမှာ မဟုတ်ဘူးလေညီ၊ ကိုယ် သူ့ကို တကယ်ချစ်တာပါ ညီ"





"မယုံကြည်ဘူး၊ သူ မပြောနဲ့ ဘေးက ကျွန်တော်တောင် မယုံဘူး၊ ကျွန်တော့်အထင် ခင်ဗျားဟာ သူ့ကို အငြိုးတကြီး နှောင့်ယှက်နေတာ"

"မဟုတ်ဘူး၊ ကိုယ် တကယ်ချစ်တာပါ"

"တကယ်ချစ်ရင် သူ စိတ်ညစ်အောင် မလုပ်ရဘူး၊ ကျွန်တော်ဆိုရင် သူ စိတ်ညစ်အောင် သူ့မျက်နှာညိုအောင် လုံးဝ မလုပ်ရက်ဘူး၊ ကျွန်တော့်ဘေးမှာ သူရှိနေတဲ့အချိန်ဆို ပိုဆိုးတယ်၊ ကျွန်တော်ရဲ့အချစ်ကကျတော့ ရယူချင်တာ မဟုတ်ဘူး၊ သူ စိတ်ချမ်းသာအောင် ဘာမဆိုဖြည့်ဆည်းပေးလိုက်ချင်တဲ့ အချစ်မျိုးပဲ"

"ဒါက ညီက သူ့အချစ်ကို ပိုင်ဆိုင်ထားရလို့ ပြောအားရှိတာပါ။ တကယ်လို့သာ ညီ ကိုယ့်နေရာမှာဆိုရင် သူ့အချစ်ကိုတော့ ပိုင်ဆိုင်ချင်မှာပဲလေ"

"ကျွန်တော် စိတ်ချမ်းသာဖို့အတွက် သူ စိတ်ဆင်းရဲရမှာကို မလုပ်ရက်ဘူး၊ ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် နောက်ပဲဆုတ်လိုက်မှာ"

"ထားလိုက်ပါတော့၊ ကိုယ်တို့လက်တွေ့ကျတဲ့ဘက်က စဉ်းစားကြည့်ရအောင်၊ သူ့ဘဝကို ညီနဲ့ကိုယ် ဘယ်သူက ပိုမြင့်တင်ပေးနိုင်မယ် ထင်သလဲ"

"ငွေရေးကြေးရေးအပိုင်းလား စိတ်ဓာတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးပေါ့"

"ငွေကြေးဘက်ကကြည့်ရင် ခင်ဗျား သာမှာပါ၊ ဒါပေမဲ့ သူ့စိတ်ဓာတ်တွေကို ရိုက်ချိုးနေတာလည်း ခင်ဗျားပဲ"

"ကိုယ် သူ့ကို စိတ်ချမ်းသာအောင် ထားမှာပါ"

"ငွေရှိရုံနဲ့ စိတ်ချမ်းသာမယ် မထင်နဲ့ ဦးမြတ်ကိုကို၊ ငွေဟာ ဒုတိယဘုရားသခင် ဆိုပေမယ့် လောကကြီးမှာ ငွေက အရာရာကို မဖန်တီးနိုင်သလို လူတိုင်းလည်း ငွေကို မကိုးကွယ်ကြဘူး။ စိတ်ချမ်းသာဖို့ဆို ပိုတောင်မလုပ်နိုင်သေးတယ်၊ ငွေပုံပေါ်မှာ စိတ်ဆင်းရဲရတာထက် ရေတစ်ခွက်နဲ့ စိတ်ငြိမ်းချမ်းနေနိုင်တဲ့သူတွေ တစ်ပုံကြီးပဲ၊ ခင်ဗျားပြောသလို လက်တွေ့ကျကျ စဉ်းစားကြည့်လိုက်ရင် ငွေဆိုတာ ဘာမှ မဟုတ်ပါဘူးဗျာ၊ လူတစ်ယောက်ရဲ့ ရပ်တည်မှုကို စိတ်နဲ့ပဲ တည်ဆောက်ထားတာဗျာ၊ စိတ်ချမ်းသာရင် သူဟာ ချမ်းသာတာပဲ"

"အေးလေ ... ညီလည်း ပြန်စဉ်းစားလိုက်ပါဦး၊ ညီ့ကို တစ်ခုပဲ ပြောမယ်၊ ရေမြင့်မှ ကြာတင့်မှာ ... ဒို့မိသားစုလေးကို ဒီထက်အေးချမ်းတင့်တယ်စေဖို့ ညီထက် ကိုယ်က ပိုပြီးတာဝန်ယူနိုင်တယ် ဆိုတာပဲ၊ ကဲ ... ညီ့ကို ဘယ်ကို ပြန်ပို့ပေးရမလဲ"





"ရပါတယ်၊ ကျွန်တော် ကားပါတယ်"

ဦးမြတ်ကိုကိုကတော့ လွဲမှားသော ယုံကြည်မှုကို ...ဖိုက်၍ ကားဆီကို ထွက်ခွာသွားပြီ။

အင်းလျားလေက သူ့စိတ်တွေကို မရှင်းလင်းနိုင်ဘူး ...ပါရဲ့။

ဖေရင့်က ကန်ပေါင်ပေါ်မှာ ထိုင်ချလိုက်ပြီး ပြာလဲ့လဲ့ ...အင်းကင်ကို ငေးကြည့်နေမိသည်။

မြင့်မိုရ်ကို ဖွင့်ပြောဖို့ စဉ်းစားမိတိုင်း သူငယ်ချင်း ...သားဆီက သူ့အပေါ် ယုံကြည်အားကိုးမှုတွေကို ဆုံးရှုံးရမှာ ...ကြောက်သည်။

ရရှိထားတဲ့ သံယောဇဉ်လေးကို ဆုံးရှုံးလိုက်ရမှာ ...ကြောက်ရွံ့နေတာနဲ့ပဲ ဖွင့်မပြောဖြစ်။

ပြီးတော့ သူ့မိခင်ကလည်း သူနဲ့ မြင့်မိုရ် နီးစပ်သွား ...ကြောက်နေပုံဖြင့် မြင့်မိုရ်နှင့် သဘောမတူကြောင်း အရိပ် ...ယောက်တွေ ခဏ ခဏ ပြသည်။

ဘာပဲဖြစ်ဖြစ် သူ့ဘက်မှာ မြင့်မိုရ် ရှိရင် သူ အရာ ...ကို ရင်ဆိုင်ရဲသည်။

ဦးမြတ်ကိုကိုက ခြေလှမ်းတွေ သွက်နေပြီ။ သူလည်း ...တစ်လှမ်းတော့ တိုးရမည်။ ရှိဖူးတဲ့ သံယောဇဉ်ကို အားကိုး၍ ...မိုရ်ကို ဖွင့်ပြောရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်တော့လည်း စိတ်တွေက ပေါ့ပါးလွ
လပ်သွားသလိုပင်။

ထိုင်နေရာကထ၍ လှည့်အထွက် တစ်စုံတစ်ယော
ကို ဝင်တိုက်မိသည်။

"ဟာ ... ဆောရီး"

"ဩော် ... ကိုဇေရင့်"

"မြမြပါလား"

"ကိုဇေရင့် တစ်ယောက်တည်းလား"

"ဟုတ်တယ်"

မြမြကတော့ သူမသူငယ်ချင်းနှစ်ယောက်ပါသည်
သူ့ကို အကဲခတ်သလို ကြည့်ပြီး ...

"ဒီနေရာက တစ်ယောက်တည်း လာရဟဲ့နေရာမျိုး မဟု
ဘူးနော် ကိုဇေရင့်"

သူက စပ်စုတတ်တဲ့ မိန်းကလေးတွေကို အမြင်က
သည်။ မြင့်မိုရ်ဆို ဘယ်သောအခါမှ ဘယ်သူ့အကြောင်းမှ
ကိုမှ မစပ်စုဘူး။

"ဟုတ်တယ်၊ ကျွန်တော် အသိတစ်ယောက်နဲ့ ချိန်း
တာ မြမြရဲ့၊ သွားပြီနော်၊ ဆိုင်သိမ်းစရာရှိလို့"





"ဩော် ... ကိုဇေရင့် မြလည်း ခုပဲပြန်တော့မှာ၊ သူငယ်ချင်းတွေနဲ့က တစ်လမ်းစီ ဖြစ်နေတာနဲ့ အတော်ပဲ၊ ကိုဇေရင့် ဆိုင်ကိုပြန်မှာဆိုတော့ မြပါ ကိုဇေရင့်နဲ့အတူ ပြန်လိုက်ခဲ့လို့ ရမလား"

ဘယ်လိုအမျိုးသမီးပါလိမ့်။ မလိုက်နဲ့ဆိုပါက စိတ်
ရာကျမည်။ လမ်းမကြုံဘူး ဆိုရအောင်လည်း ဆိုင်ကိုပြန်မှာ
လို့ ပြောပြီးပြီမို့ ...

"ရပါတယ် လိုက်ခဲ့လေ"

"Thanks ကိုဇေရင့်၊ မိုးစု ငါပြန်တော့မယ်ဟာ၊ နောက်မှပဲ"

"အေးပါ၊ သွားပါ၊ ရပါတယ်"

ဒီလိုနဲ့ သူ့ကားပေါ်မှာ မြမြက အခန့်သားပါလာ
ည်။ လမ်းမှာလည်း တစ်လမ်းလုံး စကားပြောလာတာ နားတောင်
နေပြီ။

"ကိုဇေရင့် ရည်းစားနဲ့ ချိန်းထားတာလား"

"မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ယောက်နဲ့ပါ"

"အမျိုးသမီး မိတ်ဆွေလား"

"မဟုတ်ပါဘူးဗျာ"

တော်ကြာ အမျိုးသမီးဆိုရင် ကောက်ချက်တစ်မျိုး
သွားမှာစိုး၍ အမြန်ငြင်းရသည်။ မငြင်းလို့ မရဘူးလေ။ သူ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မြင့်မိုရ်က အခန်းချင်းကပ်ရပ်။ တော်ကြာ မြင့်မိုရ်ကို သတင်း
အမှား သွားပို့ရင် သူပဲ ဒုက္ခရောက်မှာ၊ စစ်မရောက်ခင် မြားကျ
လို့မဖြစ်ပါ။

သူ့ဆိုင်နား ရောက်ကာနီးတော့ ...

"ဘယ်နားရပ်ပေးရမလဲ"

"ဆိုင်ကို သွားမှာမို့လား၊ သွားလေ၊ မြလည်း ကိုဇေရှ
တို့ဆိုင်က ဝယ်စရာလေးတွေ ရှိလို့"

ဆိုင်ထဲထိ လိုက်ဝင်၊ မေမေနဲ့ စကားလက်ဆုံကျပြ
အတော်ကြာမှ ပြန်သွားသည်။ မြင့်မိုရ်ကို မကြည်လင်သော
ဇေရှင်မိခင်က မြမြကိုကျတော့ ဖက်လဲတကင်း ခင်မင်လို့။

"ဟူး"

❥ ○ ❥





မြင့်မိုရ် ဇေရှင့် ဆိုင်မှာ မလုပ်တော့ဘဲ အိမ်မှာ
မေကြီးကိုကူရင်း တစ်ဖက်ကလည်း အလုပ်တွေ လိုက်လျှောက်
နေမိသည်။

သူမ အလုပ်တစ်ခု မဖြစ်မနေ လိုအပ်ပါသည်။
သူမ အလုပ်မလုပ်ဘဲ အိမ်မှာငုတ်တုတ်မဖြစ်။ ခန့်ငယ်ရဲ့ ဆေး
ကျောင်းစရိတ်က ရှိသေးသည်။

ခုလည်း ကုမ္ပဏီတစ်ခုမှာ အင်တာဗျူးလာဖြေတာ
ပါ။ ဖြေခဲ့ရတာ ကျေနပ်စရာ ကောင်းတာမို့ ဒီအလုပ်ကိုတော့
ရမှာသေချာသလောက်ပါပဲ။ အင်တာဗျူးဖြေပြီးတော့ သူမ ဘုရား
သွားချင်စိတ်ပေါက်တာနဲ့ ဘုရားကို ထွက်လာလိုက်သည်။

မြတ်ကိုကိုရဲ့ကားက ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်
ကို ဖြတ်လာတုန်း သူမကလည်း ၂၀၄ ဘတ်စ်ကားပေါ်မှ ဆင်း
လာတာနဲ့ ဆုံသွားသည်။ သူမက မတွေ့သော်လည်း မြတ်ကိုကို
ကတော့ သူမကို တွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်ကတော့ တစ်ယောက်တည်း အေးအေးဆေး ဆေး ဘုရားပေါ် တက်လာသည်။

ကြာသပတေးထောင့်ရောက်တော့ ဘုရားကို ရေ သပ္ပာယ်လိုက်သည်။

"သာဓု ... သာဓု ... သာဓုပါဗျာ"

"ဟင် ... ဦးမြတ်ကိုကို"

အဲဒီနောက် မြတ်ကိုကိုရဲ့ အတင်းအဓမ္မ မရမက ခေါ်နေတာကြောင့် သူနဲ့အတူ Hitachi Tower ရှိ သီရိပစ္စရာ Sky Lounge ကို ရောက်ခဲ့ရသည်။ ပြီးတော့ ဒါဟာ သူနဲ့စကား အပြတ်ပြောပြီး ငြင်းစရာရှိတာ ပြတ်ပြတ်သားသား ငြင်းရန် ရည်ရွယ်ချက်လည်း ပါသည်။

ကော်ဖီတစ်ခွက်စာကို သူတို့မိသားစုရဲ့ တစ်နေ့တာ စရိတ်လောက် ပေးရသော ဒီဆိုင်ကလေးဟာ ရန်ကုန်မြို့ကို အပေါ်စီးကနေ အထက်စီးဆန်ဆန် ကြည့်၍ရသည်။

သူမရှေ့မှ Mocha ကော်ဖီခွက်လေးကို ငေးစိုက် ကြည့်ရင်း ...

"ဦးမြတ်ကိုကို ... ကျွန်မကို ဦးမြတ်ကိုကို ဘာတွေမကျေ နပ်တာရှိနေလဲ၊ ရှိနေခဲ့ရင် ကျေအေးပေးပါ၊ ကျွန်မ အနူး အညွတ် တောင်းပန်ပါတယ်"





"မရှိပါဘူး၊ ကိုယ် နှောင့်ယှက်နေတာ မဟုတ်ပါဘူး။ ကိုယ် မြတ်ကလေးကို တကယ်ချစ်တာပါ"

"ကျွန်မ မယုံဘူး"

"မယုံဘူး ဆိုတာကို ဘာနဲ့ဆုံးဖြတ်လိုက်တာလဲ"

"ဦးမြတ်ကိုကို ပတ်ဝန်းကျင်မှာ ကျွန်မထက် အားလုံး သာကြမှာပဲလေ"

"ဟုတ်တယ်၊ ဒါပေမဲ့ အဲဒီ သာတာတွေကိုကျော်ပြီး မင်း ကိုမှ တကယ်ချစ်မိသွားတယ်၊ မထူးဆန်းဘူးလား၊ တကယ် ဆိုရင် မင်းနဲ့ကိုယ်က တကယ်မလိုက်ဖက်ဘူး၊ မင်းရဲ့ဘက် မဖြစ်သင့်ဘူး၊ ဒါပေမဲ့ ဒီထဲက အင်အားကို ကိုယ်မတွန်း လှန်နိုင်ဘူး ဆောဘီရဲ့"

သူ့နှလုံးသားရှိရာ ဘယ်ဘက်ရင်အုံကို ခပ်ဖွဖွဖိပြီး ...င်သော ရိုင္ဌေ့သော ချစ်ရိပ်လွှမ်းသော မျက်ဝန်းအကြည့်တွေ ... ပြောနေပုံက လိမ်ညာနေတာနဲ့မတူ။ ဒါမှမဟုတ်ရင်တော့ ဦးမြတ်ကိုကိုဟာ ဟန်ဆောင်ခြင်းကို တစ်ဖက်ကမ်းခတ် ကျွမ်း ...ချင်သူပဲ ဖြစ်ရမယ်။

"ကိုယ် မင်းကိုချစ်တယ်၊ လက်ထပ်ချင်တယ်၊ ဒါပေမဲ့ လက်ထပ်ဖို့အတွက် ကိုယ့်နှလုံးသားကို အလိုလိုက်ဖို့ အတွက် မင်းကို အများကြီး မြှင့်တင်ပေးရမယ်၊ ကိုယ်က

www.burmeseclassic.com



တော့ အိပ်မက်တွေနဲ့ ရူးနေမိတယ်၊ ကိုယ့်အိပ်မက်တွေကို ရှင်သန်ခွင့်ပေးပါ ကလေးရယ်”

“ရှင် ကျွန်မကို လွှ[illegible]ပေးပါ”

“လွှတ်မြောက်ခွင့် ... ကလေးကို ကိုယ် ချုပ်ကိုင်မထားပါဘူး၊ အဲဒါကြောင့် ကိုယ့်ဆီက ရှုန်းမထွက်သွားပါနဲ့ ကလေးရဲ့”

“ကျွန်မ မယုံဘူး၊ ရှင့်ကို ကျွန်မ အချဉ်ရည်နဲ့ ပက်တုန်းက ရှင် ကြိမ်းဝါးသွားခဲ့တာ ကျွန်မ ကြားယောင်နေတယ်”

“ရုတ်တရက် ရှက်သွားလို့ ပြောမိတာပါ၊ တကယ်ပါ။ ခုချိန်မှာ ကလေးအပေါ် အချစ်ကလွဲပြီး Side effects တွေ ဘာမှမရှိဘူးဆိုတာ ယုံပါ”

“ဒါပေမဲ့ ... အင်းလေ ထားလိုက်ပါ၊ ရှင် ဝါကယ်ချစ်ခဲ့တယ်ပေါ့၊ အဲဒီလိုပဲ ဆိုရင်တောင် ကျွန်မ ရှင့်ကိုလက်မခံဘူး၊ ကျွန်မ ရှင့်ကို မချစ်ဘူး၊ အဲဒါ သေချာတယ်၊ အသေအချာကို ငြင်းပါတယ်၊ ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့”

“ကလေး”

“Please ! ကျွန်မ ဆက်ပြောပါရစေ၊ ကျွန်မမှာ ဖေဖေမရှိတော့ဘူး၊ ပြီးတော့ မောင်လေးကလည်း ဆေးကျောင်း





တက်ရမယ်၊ အဲဒီတော့ ကျွန်မမှာ ရှနီးကန်ကြီးစားစရာတွေ ရှိနေပါတယ်။ ကျွန်မ အခု အလုပ်ရှာနေတယ်၊ အလုပ်လုပ်တဲ့အခါ ကျွန်မကို တကယ်ချစ်ရင် လာမနှောင့်ယှက်ပါနဲ့၊ ကျွန်မကိုချစ်ရင် ကျွန်မဂုဏ်သိက္ခာကို ထိခိုက်မယ့် အပြုအမူမျိုးတွေ လုပ်မှာမဟုတ်ဘူး။ ကျွန်မအိမ်ပတ်ဝန်းကျင်၊ ပြီးတော့ ဟိုနေ့ကလို ကျွန်မအိမ်လာပြီး ကျွန်မကို လာနှောင့်ယှက်တာမျိုးတွေက ကျွန်မမေမေ့ကိုလည်း စော်ကားရာ၊ မထီမဲ့မြင်ပြုရာ ကျပါတယ်။ ရှင့်ဘာသာ နိုင်ငံခြားမှာ ဘယ်လို Type မျိုးပဲရှိရှိ ဒီမှာ ဒီလိုအပြုအမူမျိုး လာပြုမူတာဟာ အင်မတန် နိုင်းစိုင်းတဲ့လုပ်ရပ်မျိုးပဲ ...

ရှင်ရဲ့ ဂုဏ်သိက္ခာရော၊ ပြီးတော့ ကျွန်မဂုဏ်သိက္ခာကိုပါ စဉ်းစားပေးမယ်ဆိုရင် ပိုပြီးကျေးဇူးတင်မှာပါ၊ ရှင်မနှောင့်ယှက်ပါနဲ့တော့နော်”

မြတ်ကိုကိုက သူ့ရှေ့မှ ယုန်မလေးကို ငေးကြည့်နေမိသည်။ တကယ်တော့ သူမပုံစံလေးက ငေးကြည့်ချင်စရာကောင်းလောက်အောင် မလှပါ။ ဆွဲဆောင်မှုရှိပြီး ချစ်စရာကောင်းတာတော့ သေချာသည်။ သူ့ရှေ့မှာထိုင်နေရတာကို စိတ်ကျဉ်းကျပ်နေပုံလေးဖြစ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကိုယ် တစ်ခုတောင်းဆိုချင်တယ်"

ဘာများ တောင်းဆိုတော့မှာလဲဟု စိုးရိမ်ပုံဖြင့် ကြည့်လာ၏။

သူက ချော့မော့ယုယသော အပြုံးမျိုးဖြင့် ...

"ကိုယ့်ကို တစ်ပတ်တစ်ခါလောက် တွေ့ခွင့်ပေးပါ"

"အိုး ... ကျွန်မ ရှင့်ကို ငြင်းနေတာပဲ၊ ဘယ်လိုတွေ့ခွင့် ပေးနိုင်ပါ့မလဲ"

"ဟာ ... ဒါဆို ကိုယ် အရမ်းသတိရလာလို့ မင်းပတ်ဝန်း ကျင်ကို လာမိရင် ဘယ်လိုလုပ်မလဲ"

"ဟင့်အင်း ... မတွေ့ရဘူး"

"ဟာကွာ ... မရဘူး။ တစ်ပတ်တစ်ခါလောက်တော့ တွေ့ ရမှဖြစ်မှာ"

မြင့်မိုရ် သူ့ရှေ့ကလူကို စိတ်ပျက်လက်ပျက် ကြည့် လိုက်မိသည်။ သူ့ပုံစံက ဖွတ်အတင်း ငြင်းလို့တော့ ရမှာမဟုတ်ပါ။

"ရှင့်ကို ကျွန်မက ငြင်းနေတာလေ၊ ကျွန်မ ငြင်းနေတဲ့ လူတစ်ယောက်ကို ကျွန်မက ဘာဖြစ်လို့ တစ်ပတ်တစ်ခါ တွေ့နေရမှာလဲ"

"ရှင်းပါတယ်၊ ကိုယ်က မတွေ့ရ မနေနိုင်လို့ပေါ့"

"ကျွန်မက မတွေ့ချင်ဘူးလေ"





"အဲဒီလောက်တောင်ပဲလား ကလေးရယ်၊ ဒါဆိုရင် ကိုယ် ကလေးဆီ ဖုန်းဆက်လို့ ရမလား"

"ကျွန်မအိမ်မှာ ဖုန်းမှမရှိတာ"

"ကလေးတို့အိမ်အောက်က ဆိုင်ဖုန်းကို ခေါ်ရတာလည်း အားနာတယ်၊ ကိုယ် ကလေးကို အချိန်မရွေး ဖုန်းခေါ်လို့ ရအောင် Mobil တစ်လုံးလောက် လက်ဆောင်ပေးထား ချင်တယ်"

မှားပါတယ်။ သူနဲ့ ဖုန်းပြောဖို့ပဲ သူ့ဆီက ယူထားရ ဦးမယ်၊ တော်တော်ဂေါက်တဲ့သူပဲ။

ထိုနေ့က မြင့်မိုရ်မှာ သူ့ဆီ တစ်ပတ်တစ်ခါ ဖုန်း ဆက်ပါမည်ဟု ကတိပေးလိုက်ရသည်။ ကတိမပေးလို့လည်း မရအောင် သူက တစ်ဖွတ်ထိုး တဇောက်ကန်းသမားလေ။

❥ ○ ❥



www.burmeseclassic.com

www.burmeseclassic.com



ဇေရင့် တစ်ယောက် မြင့်မိုရ်ကို ဖွင့်ပြောမည်ဟု စဉ်းစားထားကာမှ အလုပ်တွေက မအားနိုင် မလပ်နိုင်နှင့် တစ်လခန့် ကြာသွားပြီ။ ထိုအတောအတွင်းမှာ မြတ်ကိုကိုနှင့် မြင့်မိုရ် တွေ့ဆုံဖြစ်ခဲ့သလို ဖုန်းလည်း တစ်ပတ်တစ်ခါ ပြောဖြစ်နေပြီ။

မြင့်မိုရ်လည်း အင်တာဗျူးအောင်ပြီး အလုပ်ရသွားပြီ။ ထိုအချင်းအရာတွေကို ဇေရင့် လုံးဝမသိခဲ့ပါ။

ခုမှ အလုပ်ပါးတာနဲ့ မြင့်မိုရ်တို့အိမ်ဘက် ထွက်လာမိသည်။

သူမအိမ်ရောက်တော့ သူမမိခင်က တံခါးလာဖွင့်ပေးသည်။

"လာ ... လာ သား၊ မလာတာတောင် ကြာပြီ၊ အလုပ်ရှုပ်နေတယ် ထင်တယ်"





"ဟုတ်တယ် အန်တီ၊ မြင့်မိုရ်တို့လည်း မတွေ့ပါလား"

"သားသူငယ်ချင်း အလုပ်သွားတယ်သား"

"ဗျာ ... အလုပ်"

"အေးလေ။ သူ (......)ကုမ္ပဏီမှာ အလုပ်ရသွားပြီသားရဲ့။ မဆိုးပါဘူး၊ ဖယ်ရီအကြိုအပို့လည်း ရှိတယ် နေ့လယ်စာလည်း ကျွေးတယ်ပြောတယ်"

"ဟင် ... ကျွန်တော်တောင် မသိဘူး၊ ကျွန်တော့်ကိုတောင် မပြောဘူး"

"စကားမစပ်မိလို့လား၊ သားနဲ့ မဆုံဖြစ်လို့လား မသိဘူး။ မဟုတ်ရင်တော့ သူ ပြောမှာပါ သားရယ်"

သူ သက်ပြင်းရှိုက်လိုက်မိသည်။ အဲဒါကြောင့် ဒီကုမ္ပဏီရဲ့ ဖယ်ရီကားကို ဒီနားမှာ ခဏ ခဏ တွေ့နေရတာကိုး။

"ခန့်ငယ်ရော အန်တီ၊ ခန့်ငယ်တို့ ကျောင်းအပ်လို့ရပြီပြောတယ်"

"အေး ... သားညီလေး အခု ကျောင်းသွားအပ်မယ်ဆိုပြီး ထွက်သွားတာပဲ"

"ဪ"

"ကင်း ... တောင်"

တံခါးဘဲလ် မြည်လာသဖြင့် သူ ထဖွင့်လိုက်တော့ ကြီးတစ်ဘူးကိုင်လျက် ရပ်နေသော လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ မမြတ်မြင့်မိုရ်ရဲ့ အခန်းပါလား ခင်ဗျာ"

"ဟုတ်ကဲ့"

"ဪ … ကျွန်တော်က (……)မုန့်တိုက်ကပါ၊ သူမှာ ထားတဲ့ မုန့်ဘူး လာပို့တာပါ၊ လက်ခံရရှိကြောင်းလေး လက်မှတ်ထိုးပေးပါခင်ဗျာ"

မုန့်ဘူးဆိုသော ဘူးကြီးက တော်တော်အရွယ်အစား ကြီးမားပါသည်။

"သူ မှာထားတာ ဟုတ်လို့လား"

"ဟုတ်ကဲ့ခင်ဗျ၊ ပိုက်ဆံလည်း ရှင်းပြီးပါပြီ။ ဒီ Address နဲ့ သေသေချာချာ မှာသွားတာပါ၊ လက်မှတ်လေး ထိုးပေး ပါခင်ဗျာ"

သူ လက်မှတ်ထိုးပြီး လက်ခံပေးလိုက်သည်။ အန်တီ ကလည်း အံ့သြနေပုံဖြင့် …

"မြင့်မိုရ် တစ်ယောက်ဟာလေ ပိုက်ဆံတော်တော်ပေါနေ လား မသိဘူး၊ မုန့်တိုက်ကနေ မုန့်မှာစားဦးမယ်လို့"

မုန့်ဘူးက ကြီးလွန်းသဖြင့် ရေခဲသေတ္တာထဲတောင် ထည့်လို့မရ။

အန်တီက မုန့်ဘူးကို ဖွင့်ကြည့်တာမို့ သူလည်း စိတ်ဝင်တစား ကဲ,ကြည့်လိုက်တော့ …





ရောမ အသည်းပုံကိတ်မုန့်ကြီးတစ်ခု ချောကလက် ကိတ်ကြီးဟာ အနားမှာတော့ နှစ်ထပ်အတွန့်လေးတွေဖြင့် ပုံဖော် ထားပြီး အသည်းပုံရဲ့အလယ်တည့်တည့်မှာတော့ …

True Love ဟူသော စာတန်းလေးကို Cream တွေဖြင့် ပုံဖော်ထားသည်။ ပြီးတော့ ကိတ်မုန့်ရဲ့ဘေးပတ်ပတ် လည်မှာ စတော်ဘယ်ရီသီးတွေ ခပ်ကျဲကျဲလေး ကပ်ထားသေး သည်။

သူကတော့ ထိုကိတ်မုန့်ဟာ မြင့်မိုရ် မှာတာလို့ ထင်ပါ။ သူမတို့အိမ်မှ ပြန်လာပြီး ညနေဘက်ကျတော့ မြင့်မိုရ် လုပ်လုပ်နေသည်ဆိုသော ကုမ္ပဏီရှေ့သွားကာ သူမကို သွားကြို သည်။

ဖယ်ရီကားဆီသို့ သွားရန်ပြင်နေသော မြင့်မိုရ်က သူ့ကိုတွေ့တော့ အံ့သြသွားပုံဖြင့်၊ ပြီးတော့ ရင်မဆိုင်ဝံ့သလို လည်း ပေါက်နေသေးသည်။

သူ့ဆီ လှမ်းလာပြီး …

"ဖေရင့် … ငါ့ကို လာကြိုတာလား"

"နင့်ကို မကြိုလို့ ငါက ဘယ်သူ့သွားကြိုရဦးမှာလဲ

"မောင်ဖေရင့်ကလေး စိတ်ကောက်နေပြီ ထင်ပါရဲ့။ ကဲပါ ငါ့ကို လာကြိုတယ်ဆိုရင်လည်း သွားမယ်လေဟာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာနေလို့ ကြေးအိုးတစ်ပွဲလောက် သွားစားရင်ကောင်းမလားလို့"

ဇော်ရင့်က ရှုပုပ်ပုပ်ဖြင့် သူ့ကားတံခါးကို ဖွင့်ပေးသည်။ သူမ ဇေရင့်ကားပေါ် တက်ခါနီး တန့်သွားသေးသော်လည်း ကိုဇေရင့်ကလေး မျက်နှာမှုန်နေတာကြောင့် ဘာမှမပြောတော့ဘဲ သူ့ခေါ်ရာ လိုက်လာလိုက်တော့သည်။

YKKO ရောက်တော့ သူမ စားနေကျ ညှပ်ကြေးအိုး ဆီချက် မှာပေးသည်။

ပြီးမှ ...

"နင် ငါ့ကို ဘာလို့မပြောတာလဲ"

"ငါ အလုပ်ဝင်တာကိုလား၊ ပြောမလို့ပဲ၊ နင်နဲ့မတွေ့ဖြစ်လို့ပါ"

"အပိုမပြောနဲ့ မြင့်မိုရ်ရာ၊ နင် ဖုန်းတစ်ချက်လောက်ဆက်ရင်တောင် ရတာပဲ၊ ငါ့ Mobile ဟာ ငါနဲ့မကွာ အမြဲနေတယ်ဆိုတာတော့ နင် မမေ့ပါဘူးနော်"

"ဇေရင့်ရယ်"

"မဟုတ်ပါဘူး၊ ငါက နင် မေ့သွားပြီလားလို့ပါ"

ဇေရင့်ဆီ ဖုန်းမဆက်ဖြစ်ပေမယ့် ဦးမြတ်ကိုကိုဆီတော့ နှစ်ခါဆက်ရပြီးပြီ။





သူမရှေ့မှ သူငယ်ချင်းလေးရဲ့ မကျေမနပ် မျက်နှာလေးကို ကြည့်ရင်း ...

"ငါ့ကို နင့်ဆိုင်က ဘာလို့ထွက်ရတာလဲလို့ မေးမှာစိုးလို့ ငါ နင့်ကို မပြောရဲတာပါ"

"အေး ... အခု မေးမယ်၊ မေးပေမယ့် ငါ့ဟာငါ ပြန်ဖြေလိုက်ပါမယ်၊ မေမေ့ကြောင့်လား"

"အန်တီကြောင့်ရယ်တော့ မဟုတ်ပါဘူး၊ နင့်ဆိုင်မှာကလည်း တကယ်မှ မလိုတာ၊ ငါက အလုပ်ကို အလုပ်နဲ့တူအောင် ပီပီပြင်ပြင် လုပ်ချင်တာဟ၊ နင့်ဆိုင်မှာ ဈေးရောင်းရုံ စာရင်းတွက်ရုံလောက်က ပညာသား မပါဘူးလေ"

သူမ ဇေရင့်ကို ထင်ရာမြင်ရာ ဆင်ခြေတွေပေးဖို့ ကြိုးစားမိ၏။

"ထားတော့ ... ထားတော့၊ ငါ ကျေနပ်သွားပြီ။ ဒါပေမဲ့ နောက်တစ်ခု ရှိသေးတယ်"

"ဘုရားရေ ... ကျုပ်မှာ ဒီတစ်ခုပဲ ရှိပါတယ်နော်"

သူမ ဦးမြတ်ကိုကိုဆီ ဖုန်းဆက်တာများ သူ သိနေသလားဟု တွေးလိုက်မိသည်။ သူမက လမ်းဘေး PCO ဖုန်းဖြင့် ဆက်တာပဲ။ သူ မသိနိုင်ပါဘူး။ ဇေရင့် သိမှာကို ဘာလို့စိုးရိမ်ရပါလိမ့်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီနေ့ နင့်အိမ်ရောက်တယ်၊ အိမ်မှာ (……)မှန့်တိုက်က လာပို့တဲ့ မုန့်ဘူးကြီး ရောက်နေတယ်"

"ဟမ် … ဘာလို့ ရောက်နေရတာတုန်း"

"နင် မှာထားလို့တဲ့"

"ဘုရားရေ … ငါ မမှာပါဘူး၊ ဒုက္ခပါပဲ၊ ဘယ်လောက် ရှင်းလိုက်ရလဲ"

"မရှင်းရဘူး၊ ရှင်းပြီးသားတဲ့၊ မုန့်ကလည်း အသည်းပုံ"

"ကေ့ခ်"

"ဟိုလူကြီး လက်ချက်မို့လား"

"ငါ ဘယ်သိမလဲ"

"ဟုတ်ရဲ့လား"

"ဧရင့်နော် … ငါက ဘာလို့သိရမှာလဲ၊ သူ့ဘာသာ ရင်လည်း ပို့ထားမှာပေါ့"

"မြင့်မိုရ်"

"ဟင်"

ဧရင့် မျက်လုံးထဲမှာ အရိပ်တွေ။ မိန်းကလေးရဲ့ မသင်ဘဲတတ်တဲ့ ပညာနဲ့ ထိုအရိပ်တွေကို ခန့်မှန်းလို့ ရသွားပြီ။ ဘုရားရေ … ဧရင့်က သူမကို ဟင့်အင်း … သူမရဲ့ အကြွင်းဆုံး သူငယ်ချင်းကလေးကို မဆုံးရှုံးပါရစေနဲ့ကွယ်။



"ဧရင့် … နင်ဟာလေ ငါ့အတွက် တစ်ဦးတည်းသော သူငယ်ချင်းလေးပဲ သိလား။ ပြီးတော့ ငါ့အတွက် နင့်ရဲ့ သူငယ်ချင်းသံယောဇဉ်က တန်ဖိုးမဖြတ်နိုင်အောင်ပဲ"

"အဲဒီတော့"

"ငါ အဲဒါကို မဆုံးရှုံးချင်ဘူး"

"မဆုံးရှုံးစေရပါဘူး၊ သူငယ်ချင်းလို အစ်ကိုတစ်ယောက်လို … ပြီးတော့ …"

"ဟင့်အင်း၊ နင် ဆက်မပြောပါနဲ့တော့ဟာ၊ ကျေးဇူးပြုပြီး မပြောပါနဲ့ ဧရင့်ရယ်၊ ငါ့မှာက အဲဒီအတွက် အခြေအနေ မပေးသေးဘူးဟာ၊ လောလောဆယ်မှာ ခန့်ငယ် ပညာကို အေးအေးဆေးဆေး သင်နိုင်ရေးပဲ ငါ စိတ်ဝင်စားတယ်"

"ငါက နောက်ကျသွားမှာ စိုးလို့ဟ၊ ခုဆို နင့်ဘေးမှာက ဝိုင်းဝိုင်းလည်နေတာ"

"ဘာပဲဖြစ်ဖြစ် ငါ့အတွက်က နင်သာ နံပါတ်တစ်ပါ၊ သူငယ်ချင်းရဲ့၊ ငါ့ရာဇဝင်မှာ နင်က ဘယ်တော့မှ နောက်မရောက်စေရဘူး၊ စိတ်ချ"

"စိတ်မချဘူးဟာ"

"ငါ ပြောပြီးပြီပဲကွယ်"

"တကယ်နော်။ နင် ငါကလွဲရင် ဘယ်သူမှ ပြန်မကြိုက်ဘူးလို့ ကတိပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ပေးတယ်ဟာ"

"ပြီးရော"

"နင်က ကတိတောင်းပြီးမှ နင်ကအရင် ဖောက်သွားရင် ရော"

"မှတ်ထား၊ မိုရ်ကလေးရဲ့ ဇေရင့်ကမ္ဘာမှာ မြတ်မြင့်မိုရ် ဆိုတဲ့ လတစ်စင်းပဲရှိတယ်၊ မြင့်မြတ်မိုရ်က နံပါတ်တစ် တောင် မဟုတ်ဘူး၊ ငါ့ရဲ့နံပါတ်တွေ အားလုံးကို ပိုင်ဆိုင် ထားတာ"

"ပြီးတာပဲ"

ဇေရင့်က သူ့ပန်းကန်ထဲက ငုံးဥဖတ်ကလေးကို တူဖြင့်ဆယ်ပြီး သူမကို လှမ်းခွံ့သည်။

"ဟာ ... မစားဘူး"

"ဘာလို့လဲ၊ ရက်လို့လား၊ ငယ်ငယ်တုန်းကဆို ငါကတောင် မကျွေးရသေးဘူး နင် လုစားတာလေ"

"ကြည့် ... ဇေရင့်နော်"

ဘာပဲဖြစ်ဖြစ် သူမတို့နှစ်ယောက်ကြားမှာ ကတိဆိုတဲ့ နှောင်ကြိုးတစ်ခု ရှိနေပါတယ်။ အဲဒီ နှောင်ကြိုးလေးကို တစ်ဖက် တစ်ချုပ် ဆုပ်ကိုင်ရင်းပေါ့။

မြင့်မိုရ်က နာရီတစ်ချက်ကြည့်ပြီး ...





"ပြန်မယ်၊ မေကြီး စိတ်ပူနေဦးမယ်"

အပြန်လမ်းတစ်လျှောက် ဇေရင့် ကားထဲက စီဒီ ပလေယာကို ကလိနေမိသည်။ Music ရှိရင် လောကကြီးပါမေ့ သွားတတ်သော မြင့်မိုရ်။ မျက်စိစုံမှိတ်ပြီး တေးသွားလိုက်နေမိ သည်။

"မြင့်မိုရ်"

"ဟင်"

"နင့်ကို ငါ စိတ်ချမယ်နော်"

ကားလေးက သူတို့လမ်းနားမရောက်ခင် သစ်ပင် ရိပ်ကလေးမှာ ထိုးရပ်သွားသည်။

"အင်းပါ၊ ငါရောပဲ"

"အင်း ... ငါတို့နှစ်ယောက်ကြားထဲက ကတိကို ပိုပြီးလေး နက်စေချင်တယ် မြင့်မိုရ်"

"အဲဒီတော့ ..."

"အဲဒီတော့ ငါတို့ စာချုပ် ချုပ်ထားရအောင်ဟာ"

"ဟာ ... မဟုတ်တာ"

"ဟုတ်တယ်၊ ဒီကတိပေးထားတာကို မဖောက်ဖျက်ကြေး"

"ဟုတ်တယ်လေ၊ မဖောက်ဖျက်ကြေး၊ ဖောက်ဖျက်ခဲ့ရင် စတင်ဖောက်ဖျက်ခဲ့သူ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ ပျော်ရွှင်မှု မရှိပါစေနဲ့"

"ဟာ ... အဲလို မကျိန်ချင်ဘူး"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ ငါက ဘယ်တော့မှ ဖောက်ဖျက်မယ့်သူ မဟုတ်လို့၊ နင် ဖောက်ဖျက်ခဲ့သည်ရှိသော် နင့်ဘဝတစ်လျှောက်လုံး အဲဒီကျိန်စာသင့်မှာစိုးလို့"

"အံမယ်"

"ဟုတ်တယ်၊ တကယ်ပြောတာ"

"နင် ငါ့ကို အဲလောက်ချစ်လား မြင့်မိုရ်"

"သူငယ်ချင်းပဲ ချစ်တာပေါ့"

"နင် လျှောက်ပြောနေတာနဲ့ ငါ့ဦးတည်ရာတောင် ပျောက်သွားတယ်၊ ငါပြောမယ်၊ ငါတို့ စာချုပ် ချုပ်ရအောင်ဟာနော်"

"ဟာ ... ဟင့်အင်း၊ နင်ကလည်း နှုတ်ကတိတောင် မတည်နိုင်ဘူးလား"

"တည်တာက တည်တာပေါ့၊ ငါက ပိုလေးနက်စေချင်တာဟ၊ ပြီးတော့ ငါတို့ရဲ့ကတိလေးကို ပိုပြီးလှပသွားစေချင်တာ"

"နနေပြန်ပြီ"





"တကယ်ပြောတာ"

"ကဲပါ၊ သဘော ... သဘော၊ ဘယ်လိုစာချုပ် ချုပ်ရမှာလဲ"

"နင် မျက်လုံးမှိတ်ထား"

"ဘာလို့လဲ"

"မှိတ်ထားကွာ"

သူမ မျက်လုံးလေး မှိတ်လိုက်သည်။ သူမ မျက်ခွံနှစ်ဖက် နွေးသွားသည်။ သူမ ရင်ဘတ်ထဲမှာတော့ ငြိမ့်ညောင်းသော ခံစားမှုလား။ သူမ နှလုံးသားက ဟိုးကောင်းကင်ပေါ်ရောက်သွားသလို။

"ဖော်ရင့်"

"အနမ်းစာချုပ်လေး ဘယ်တော့မှ မဖျက်ကြေးနော်"

"ဖော်ရင့် ... နင် တော်တော်ဆိုးပါလား၊ ဟင့်အင်းဟာ၊ ဖယ်ဆို"

ဟုတ်ကဲ့။ သူတို့နှစ်ယောက် အဲဒီလို စာချုပ်ကတိထားခဲ့ကြပါတယ်။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



ဖော်ရင့် တစ်ယောက် ကဲကိုကဲတယ်၊ ပထမဆုံး အတွေ့အကြုံမို့ သူမရင်တွေ တအားခုန်နေပြီး ဒူးတောင်မခိုင်ချင်။ ဖေရင့်ရဲ့နှုတ်ခမ်းတွေက အဲဒီလောက် အစွမ်းအစရှိတာကို အံ့သြမိပါရဲ့။

"ဖော်ရင့်ရယ် ... ငါ ရင်ခုန်လို့ သေတော့မယ်"

ကားပေါ်က ဆင်းကာနီး ...

"တက်လို့ရရဲ့လား၊ ငါ လိုက်ပို့ရမလား"

"ရတယ် ... ရတယ်"

"အပွန်း ... နင် တော်တော်ချစ်စရာကောင်းတယ်၊ ကဲ ... သွားတော့ Good night အချစ်လေး"

"Same to you"

လေ့ကားပေါ် တက်ရတာပင် အားမရှိသလို ရင်က ခုန်လို့ကောင်းဆဲ။ သူမ မျက်ခွံလေးတွေကို ယောင်ယမ်းစမ်းလိုက်မိသည်။ ဘာတဲ့ သူပြောသွားတာ ...



"နင်က မျက်လွှာချထားရင် အရမ်းချစ်ဖို့ကောင်းတာ၊ သိုးငယ်လေးလိုပဲ၊ အဲဒါကြောင့် နင့်မျက်ခွံလေးတွေကို ငါ နမ်းချင်နေတာ ကြာလှပြီ"

"သေပါလား"

"အဲဒီထက် ချိုချိုသာသာ မပြောတတ်တော့ဘူးလား"

တဲ့။ သူမ ရယ်မိရင်း ကိုယ့်အခန်းကိုကျော်ကာ လှေကားတွေကို ဆက်တက်သွားမိပြီးမှ ယောင်ယမ်းပြီး တက်မိတာကို သတိရကာ ရှက်ရှက်နှင့် ပြန်ဆင်းလာရသည်။

ရောက်တာနှင့် မေကြီးက ...

"နောက်ကျလှချည်လား သမီးရယ်"

"ဖေရင့် လာကြိုရင်းနဲ့ ပြဿနာရှာနေလို့ မေကြီး၊ အလုပ်လုပ်နေတာ သူ့ကို မပြောလို့တဲ့"

"ဪ ... ထင်တော့ ထင်ပါတယ်၊ နေ့လယ်က လာသွားသေးတယ်လေ"

"ဟုတ်"

"ကဲ ... ကဲ ... ရေမိုးချိုး ထမင်းစားရအောင်"

ကြေးအိုးဆီချက် စားထားကြောင်း ပြောမနေတော့ပါဘူး။

"ဪ ... မြင့်မိုရ်ရေ၊ မုန့်မှာထားသေးလား၊ မုန့်ဘူးလာပို့ထားတယ်"

www.burmeseclassic.com



"မှာပါဘူး မေကြီးရယ်၊ ဇေရင့် ပြောတယ်၊ ဟိုလူကြီးပဲ နေမှာပေါ့"

"အင်း ... ကြည့်ရှောင်ပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် မေကြီးကို တိုင်ပင်နော်၊ မေကြီးက သမီးတို့ သားတို့ကို ပိတ်ပင်တားဆီးမယ့် မိဘမျိုး မဟုတ်ဘူး၊ ဘေးကနေ ကောင်းတယ် သင့်တယ် ဆိုတာ ဝိုင်းအကြံပေးလို့ ရအောင် ပြောတာ"

"ဟုတ်ကဲ့ပါ မေကြီး"

မေကြီးက ချောကလက် မကြိုက်သလို ခန့်ငယ်က လည်း ထိုမုန့်ကို ထိပင်မထိ။ သူမကလည်း လုံးဝစိတ်မဝင်စား။

"မေကြီး အဲဒီမုန့်ကို မနက်ဖြန် ဈေးသွားရင်း စည်ပင်အမှိုက်လှည်းတဲ့သူတွေကို ကျွေးလိုက်မယ်"

"သဘောပဲ၊ မေကြီး ကြိုက်သလိုလုပ်"

သူမ ထိုညက ထမင်းကို တို့ကနန်း ဆိတ်ကနန်း စားပြီး စောစောအိပ်ရာဝင်လိုက်၏။

နဖူးပေါ် လက်တင်ရင်း ဇေရင့် အကြောင်း တွေးချင်လို့လေ။

တကယ်ဆိုရင် သူမ ဇေရင့်အချစ်ကို ရမယ်ဆိုတာ သေချာခဲ့ပြီးသားပါ။





သူမဘက်ကလည်း သူ့အပေါ် သံယောဇဉ်ရှိနေပြီးသား။

ဒါပေမဲ့ အဲဒါတွေက ဦးမြတ်ကိုကို ပေါ်လာမှ ပွင့်ထွက်ပေါက်ကုန်ကြတာ။

ဇေရင့်ဟာ ငယ်စဉ် ကလေးဘဝတည်းက သူမအပေါ် ညာတာခဲ့တာ။ သူမအတွက်ဆို ဘာမဆို ပေးဆပ်တတ်ခဲ့တာပါ။

ငယ်တုန်းကဆို နေ့တိုင်း ကျောင်းတက်တိုင်း သူမ့ဘ ဇေရင့် ထမင်းဘူးကိုစားပြီး ဇေရင့်ကတော့ သူမရဲ့ ဘဲဥကြော်တစ်လှည့်၊ ပဲပြုတ်ကြော်တစ်ခါ၊ ထမင်းဘူးကို ယူစားရှာသည်။

သူမ ကျောင်းပျက်ရင် ဇေရင့်က စာကူးပေးပြီးသား၊ ရှုရှင် မယူနိုင်သော သူမကို စာဒိုင်ခံ ရှင်းပြရသူကလည်း ဇေရင့်ကလွဲလို့ ဘယ်သူများ ဖြစ်ဦးမှာတဲ့လဲ။

သူမ နေမကောင်းရင် သူပါ နေမကောင်းဖြစ်နေသယောင်။ သူမနဲ့အတူ အနွေးထည် လိုက်ဝတ်ပြီး ချွေးပြိုက်ပြိုက်ကျခဲ့သူကလည်း ဇေရင့်ပဲပေါ့။

ကလေးဘဝကို လွန်မြောက်လာတော့လည်း သူ့မှာ ဘခ်ချက္ခ။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ ရုပ်ရည်အားဖြင့် ချောသည် လှသည် မဆိုသာသော်လည်း သူမမျက်နှာက အရမ်းကို Sweet ဖြစ်သည်။ သူမ ခပ်တည်တည် နေတာတောင် ပြုံးနေတယ် ထင်ရသည်။

ဒီတော့ ချစ်သူ ဝိုင်းဝိုင်းလည်ခဲ့သည်ပေါ့။ ကျောင်းမှာ သူထိုင်သည့်ခုံပေါ် ပန်းလာတင်ထားသူနှင့်၊ ကျောင်းမုန့်စားဆင်းရင် စကားလာပြောသူနှင့် ကျောင်းဆင်းရင် စာလိုက်ပေးသူနှင့်။

ထိုသူ ... ထိုသူတွေနှင့် ကိုဇေရင့်တို့ အမြဲပြဿနာတက်ကြပြီး ထိုကိစ္စတွေကို အကြောင်းပြုကာ ကိုဇေရင့်ကလေးက သူမကို သူ့ကားနှင့် ခေါ်ပါသည်။

သူကတော့ ကိုယ်ပိုင်ကားနှင့် အကြိုအပို့ ခံရတာကိုး။

သို့သော် ...

သူ့မိခင်က ဆွေ့ဆွေ့ခုန်ပါသည်။ သူမကိုလည်း မတူမတန် ပြောဆိုတာမို့ ထိုစဉ်ကတည်းက သူမ ထိုကားကို လုံးဝမစီးတော့တာ။

ဇေရင့်က ခေါင်းမာသူလေ။

သူမ လိုက်မစီးတော့၊ သူကပါ သူမစီးသောကျောင်းဖယ်ရီကို လိုက်စီးသည်။





သူ့မိခင်က သူ့ကို ကျောင်းကောင်းကောင်းသို့ ပြောင်းထားသော်လည်း သူကတော့ သူမတက်သည့် ရပ်ကွက်ကျောင်းလေးမှာပဲ တစ်ယူသန်ဆန်စွာ ဆက်တက်ခဲ့သည်။

သူမကလည်း ဇေရင့်ကို အစစအရာရာ ယုံကြည်အားကိုးခဲ့၏။ ဇေရင့်သည် သူမအတွက် အစ်ကိုဆိုလည်းဟုတ်သည်။ သူငယ်ချင်းဆိုလည်း ဟုတ်သည်။

သူမဘေးမှာ ဇေရင့် မရှိတော့ရင် ဆိုတာကို ယောင်၍ မတွေးမိခဲ့။ ဇေရင့်ကလည်း အမြဲရှိနေပေးမှာ သေချာသည်လေ။

ခုတော့ သူတို့နှစ်ယောက် အနမ်းစာချုပ် ချုပ်လိုက်ပြီးသည့် ချစ်သူလောင်းလျာတွေ ဖြစ်လာကြပြီ။ ဒါပေမဲ့ သူတို့နှစ်ယောက် နီးစပ်ဖို့က လွယ်မည်တော့ မထင်ပါ။ သူ့မိခင်ရဲ့ ကန့်ကွက်ခြင်းကိုတော့ ကျိန်းသေရင်ဆိုင်ရမှာ သေချာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဇေရင့်ဟာ ထိုကန့်ကွက်ခြင်းကို အောင်ကျော်ဖြတ်ခဲ့မှာလည်း သေချာသည်လေ။

မျက်ခွံလေးတွေကို ခပ်ဖွဖွ စမ်းမိတော့ နွေးထွေးလာသလို ခံစားရသည်။

သိပ်ချစ်ပါတယ် ဇေရင့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဧရှင့် အချစ်ကိုလည်း အကြွင်းမဲ့ ယုံကြည်ထားတယ်။

တို့နှစ်ယောက်ရဲ့ အနာဂတ်ကလေး ဒီထက်ပိုလှလာမှာပါ။

ဧရှင့် ပေးထားတဲ့ MP4 ကလေး နားမှာတပ်လိုက်သည်။

ဧရှင့်က သီချင်းအသစ် သွင်းပေးထားတယ်ဆိုလို့လေ။





ဦးမြတ်ကိုကိုရဲ့ကားကို လှမ်းတွေ့လိုက်ရသည်။ သူမစိတ်ထဲ ထိတ်လန့်သွားကာ ဖယ်ရီကားပေါ် ပြေးတက်လိုက်သည်။ သူ့ကားက သူမတို့ဖယ်ရီနောက်မှာ ပါလာသည်။

သူ့ကို ဖုန်းမဆက်မိ၍ လိုက်လာတာပဲ ဖြစ်ရမည်။ ဘယ်လိုလုပ်ရပါ့။ သူ့ကို မချစ်နိုင်တာချည်းကို ဘာလို့သူမက ဖုန်းအမြဲဆက်နေရမလဲ။ မဆက်မိတော့လည်း သူ လာနှောင့်ယှက်ပြီ။ စိတ်ပျက်ပါတယ်။

ဧရှင့်ကို ဒီအကြောင်း ဖွင့်ပြောလိုက်ရင် ကောင်းမလား။ ဧရှင့် သိရင်တော့ မဆက်နဲ့ဟု ပြောမှာသေချာသည်။ နောက်ဆက်တွဲတွေကလည်း အကောင်းဘက်မှာ သိပ်မရှိ။ ဘယ်လိုလုပ်ရမလဲကွာ။

ရုံးရောက်လို့ ဖယ်ရီပေါ်က ဆင်းတော့ သူ့ကားကပါ သူမတို့ရုံးရဲ့ ကားပါခ်ကင်မှာ ဝင်ရပ်လိုက်သည်။ ကားပေါ်မှ ဆင်းကာ သူမဆီ ခပ်တည်တည် လျှောက်လာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရီစီးသူအားလုံး သူ့ကား ပါလာတာကို သ[...] ထားမိကြတာမို့ ခုဆို သူနဲ့ သူမကို အကဲခတ်နေကြပြီ။

"မြတ်ကလေး"

"ဦးမြတ်ကိုကို ကျွန်မတို့ ဖုန်းထဲမှာပဲ စကားပြောရအောင် ညနေ ကျွန်မ ဖုန်းဆက်လိုက်မယ်"

"မြတ်ကလေး"

"ကျွန်မ ပြောပြီးပြီနော်၊ ရှင် အခု ဘာမှဆက်မပြော[...] တော့"

"အိုခေ ... ကိုယ် ဖုန်းမျှော်နေမယ် ဘေဘီ၊ See you"

သူ ထွက်သွားတာကို အားလုံးက စူးစူးစမ်း[...] စပ်စပ်စုစု ကြည့်နေကြသည်။ စိတ်ညစ်ပါတယ်။ ဒီကုမ္ပဏီ[...] သူမက လူသစ်ပါဆိုမှ အခုလို လာလုပ်တော့ အနည်းဆုံးနှစ်[...] နဲ့ တစ်ပိုင်းလောက် အေးအေးဆေးဆေး အတင်းပြောခံရ[...] မည်။

ရုံးမှာ လူပျို အပျိုတွေ များတာမို့ ရည်းစား[...] လာပို့တာ ကြိုတာတွေလည်း ရှိပါသည်။ ဧည့်သည်လာတွေ့[...] မျိုးတွေလည်း ရှိသည်။ သို့သော် ဖယ်ရီနောက် လိုက်ခံရတာ[...] သူမတစ်ယောက်ပဲ ရှိမည်ထင်သည်။





နေ့လယ် ထမင်းစားချိန် ထမင်းစားခန်းဘက်ထွက်လာတော့ အခန်းထဲ မဝင်မီ ကိုယ့်နောက်ကွယ်က စကားတွေကို နားနဲ့ဆတ်ဆတ် ကြားလိုက်ရသည်။

"ဟဲ့ ... အဲဒါ ဦးမြတ်ကိုကိုပေါ့၊ ရှုပ်လိုက်တဲ့နေရာမှာ သူ့ထက် နာမည်ကြီးတဲ့သူတောင် သူ့လောက်နာမည်ကြီးမှာ မဟုတ်ဘူး ဆရာရေ"

"ဟဲ့ ... သူ့ကို ငါလည်းသိတယ်၊ (......)ကုမ္ပဏီက ဒါရိုက်တာလေ၊ နိုင်ငံခြား ပြန်လာတာ မကြာသေးဘူး၊ အရမ်းချမ်းသာတယ်တဲ့"

"သူနဲ့တော့ မလိုက်ပါဘူးဟယ်"

"ဩော် ... သူ့ပုံစံကို ဟိုက အတည်ထားပါ့မလား၊ ဦးမြတ်ကိုကိုရဲ့ စာရင်းတွေက အလှန်းဇယားတွေချည်းပဲ ဆရာ၊ ဟိုနာမည်ကြီး အဆိုတော်မလေးတောင် ပါသေးတယ်"

"ဟုတ်တယ်၊ သူ့ဇယားထဲမှာ စိန်တိုက်ပိုင်ရှင် မမတစ်ယောက်လည်း ပါသေးတယ်။ မြတ်မြင့်မိုရ်ကို လိုက်တာကတော့ စတန့်ထွင်တာ ထင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် ဘယ်လိုမှ မကိုက်ဘူး"

"ဟုတ်တယ် ဦးမြတ်ကိုကိုက ရှုပ်တာတော်တော် ဖြူးတာ[...] သူက အပေအတေပုံလေးနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူ့မှာလည်း ရည်းစားရှိတယ်မို့လား၊ မနေ့
လာကြိုတဲ့ တစ်ယောက်လေ"

မြင့်မိုရ် ထမင်းစားခန်းနားက လှည့်ထွက်ခဲ့
သည်။ ပြီးမှ စားတော့မယ်။

လူတွေဟာလေ ကိုယ့်ထမင်းကိုတောင် ဖြောင့်
မစားနိုင်ကြဘူး၊ ရတဲ့အချိန်လေးကို မရ ရအောင် အတင်းပြော
ဖြုန်းတီးနေကြသေးရဲ့၊ ခက်ပါပြီ။

မြင့်မိုရ်ရဲ့ ခံယူချက်က ကိုယ့်နောက်ကွယ်မှာ အ
ပြောတာဟာ ကိုယ့်ကို နောက်ကွယ်ကနေ ထိုင်ရှိခိုးနေသလို
ထိုခံယူချက်ကြောင့် မြင့်မိုရ်က သူတို့ကို စိတ်မဆိုးတဲ့အ
ကျန်းမာပါစေ၊ ချမ်းသာပါစေလို့တောင် ဆုပေးလိုက်ချင်သေး

ဘာပဲဖြစ်ဖြစ် ညနေကျရင်တော့ ဖုန်းဆက်
ဦးမယ်။ တစ်ရက်စာ အသုံးစရိတ်ကို ချွေတာပြီး ဆက်
မှာပဲ။

သူတို့လို သူဌေးတွေကတော့ ဒါတွေကို စဉ်းစား
မဟုတ်ပါဘူး။

ထိုနေ့က မြင့်မိုရ် နောက်ကျမှ ထမင်းစားဖြစ်
ညနေ ရုံးကပြန်တော့ ဦးမြတ်ကိုကိုဆီ ဖုန်းဆက်ဖြစ်သည်

"ဟဲလို ... မြတ်ကလေး၊ လွမ်းလိုက်တာကွာ"





သူ့ရဲ့ ချိုရှရှအသံဟာ နားထောင်ကောင်းပါရဲ့နဲ့
တော့ သူ့အသံကြီးကြားပြီး စိတ်ညစ်သွားရသည်။ သို့သော်
ည်းပေါ့ ...

"ကျွန်မ ဒီနေ့ သိပ်စိတ်တိုတယ် ဦးမြတ်ကိုကို၊ ရှင်ဟာ
တော်တော်လေးကို လူကြီးလူကောင်း မဆန်တတ်တာပဲ"

"တစ်ဘက်ကနေ လှည့်တွေးကြည့်ရင်တော့ သိပ်ချစ်မိလို့
အဲလိုဖြစ်နေတာလေ ဘေဘီရဲ့၊ စိတ်မတိုပါနဲ့ကွာ"

"ဒါပေမဲ့ တစ်ဘက်ကမှ မတုံ့ပြန်နိုင်တာလေ၊ ခုမှ ကျွန်မ
ရန်သူမျိုး ငါးပါးထဲက တစ်ပါးနဲ့ ရင်ဆိုင်နေရတယ်၊ ရှင်
သိတယ်မှုလား၊ ရန်သူမျိုး ငါးပါးထဲမှာ မချစ်မနှစ်သက်
သောသူလည်း တစ်ပါးပါတယ်ရှင့်"

"ပြောရက်လိုက်တာကွာ"

"ရှင်သာ တကယ်ချစ်ရင် ကျွန်မ စိတ်အနှောင့်အယှက်
ဖြစ်အောင် လုပ်မှာမဟုတ်ဘူး၊ တကယ် မချစ်လို့ သက်
သက် ငြိုးနေတာ"

"ဟာ ... ထင်ရက်တယ် ဘေဘီရယ်၊ ကဲ ... ကိုယ် ဘယ်
လိုနေပြမှ ကိုယ်ချစ်တာကို ယုံမှာလဲ၊ ပြော"

"ဘယ်လိုမှ နေပြစရာ မလိုဘူး၊ ကျွန်မမှာလည်း ရည်းစား
ရှိနေတဲ့အတွက်၊ ကျွန်မ ရှင့်ကို စိတ်မဝင်စားတဲ့အတွက်
ရှင် ကျွန်မနဲ့ ကင်းကင်းပြတ်ပြတ် နေပေးရင် ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်ပါ့ ကလေးရယ်"

"Please ကျွန်မ တောင်းဆိုတာပါ"

"ကောင်းပြီလေ၊ ကိုယ် ကြိုးစားကြည့်မယ်"

"ကျေးဇူးတင်ပါတယ်၊ အခု ရှင့်ဆီ ဖုန်းဆက်ရတဲ့ ဖုန်းဆက်ခက ကျွန်မရဲ့တစ်နေ့တာ အသုံးစရိတ်ပဲ သိရဲ့လား၊ ဒီတော့ နောက်ကို ကျွန်မ ဖုန်းမဆက်တော့ဘူး၊ ရှင်လည်း ကျွန်မကို မနှောင့်ယှက်ပါနဲ့"

"ဟာ ... Sorry sorry, so sorry ပါကွာ၊ ကိုယ် မင်းအတွက် မတွေးမိလိုက်ဘူး"

"ဟုတ်တယ်၊ ကိုယ့်အတွက်ကို ကိုယ်ပြန်သိရင် ဝမ်းသာစရာပေါ့၊ ဒါပဲနော် Good Bye ! "

"ကိုယ် နှုတ်မဆက်တော့ဘူးနော်"

ဖုန်းဆက်ပြီးမှ စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသည်။ ဖုန်းရုံလေးထဲမှအထွက် ...

"ဟင် ... ဇေရင့်"

"ဘယ်သူနဲ့ ပြောနေတာလဲ"

"ဟို ... အလုပ်ထဲက"

"နင် ညာတတ်နေပြီနော်"





"မဟုတ်ပါဘူးဟာ၊ အမှန်အတိုင်း ပြောရင် နင် စိတ်ဆိုးမှာစိုးလို့ပါ"

"ညာတာကိုမှ စိတ်ဆိုးတာ၊ ဟိုလူကြီးကို မကြိုက်ဘူး မကြိုက်ဘူးနဲ့ ဘာကိစ္စ ဆက်ရတာလဲ"

"နောက်ဆုံးဆက်တာပါဟာ၊ အပြတ်ပြောလိုက်ပြီ"

ပြီးတော့ ဇေရင့်ကို မနက်ကိစ္စကို ရှင်းပြလိုက်သည်။ ထင်သည့်အတိုင်း ဇေရင့် တစ်ယောက် ရှူးရှူးရားရား ဖြစ်နေပြီ။

"ငါတော့ ဒီဘိုးတော်နဲ့ စာရင်းနည်းနည်းရှင်းမှ ဖြစ်တော့မယ်"

"ကိုယ့်ဘာသာနေပါ ဇေရင့်ရယ်၊ ငါ့ဘာသာ ရှင်းပါ့မယ်"

"ရှင်းရင်း ရှင်းရင်း နင်ပါသွားရင် ဘယ်လိုလုပ်မလဲ"

"ဇေရင့်နော် ... နင် ငါ့ကို အထင်မကြီးရင်နေ၊ အထင်တော့ မသေးသင့်ပါဘူး၊ ငါက ပါချင်ရင် အစောကြီးကတည်းက ပါပြီးပြီ၊ သဘောပေါက်"

"အေးပါကွာ၊ ငါကလည်း စိုးရိမ်လို့ ပြောတာပါ။ ကဲပါ သူ့အကြောင်း ပြောရတာတောင် အချိန်ဖြုန်းရာ ရောက်နေပြီ။ ပြန်မှာမို့လား၊ လာ ... ပြန်ပို့ပေးမယ်၊ ဪ ... နောက်တစ်ခါ နင် သူ့ကိုဆက်ရင် ငါ့ဖုန်းနဲ့ဆက် ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ဆက်စရာ မလိုတော့ဘူး၊ အပြတ်ပြော ပြီးပြီ"

"ပြီးတာပဲ"

သူမတို့အခန်းဆီ လမ်းပြန်လျှောက်လာရင်း လမ်းမှာ မြမြနဲ့တွေ့သည်။

"ဒီနှစ်ယောက် ဘယ်ကပြန်လာတာလဲ"

"ရုံးက ပြန်လာတာပါ၊ မြမြရော ဘယ်ကပြန်လာတာလဲ"

"မေမေ့ကို ဆိုင်သွားသိမ်းပေးတာ"

မြမြရဲ့မိခင်က လှည်းတန်းဈေးမှာ အထည်ဆိုင်ဖွင့်ထားတာပါ။ မြမြက အပြင်အလုပ် မလုပ်ဘဲ သူ့အမေဆိုင်မှာပဲ ကူပေးနေတာပါ။ မြင့်မိုရ်တို့ထက်စာရင် မြမြက စီးပွားရေးအရ အပြတ်အသတ်ကို သာနေတာမို့ ဇေရင့်မိခင်က မြမြကို ပိုဦးစားပေးတာ မဆန်းပါဘူးလေ။

"ဩော် ... ကိုဇေရင့်၊ မြ မနက်က နန်းကြီးသုပ် လာပို့ထားတာ စားရလား"

"ဩော် ... အဲဒါ မြမြ ပို့တာလား၊ စားရတယ်"

"အဲဒါ မြလက်ရာလေ၊ ကောင်းလား"

"ကောင်းပါတယ်"





မြမြက ဇေရင့်ကို အတင်း စကားရော ဖောရော ဆုပ်နေသည်။

မြမြက ဇေရင့်ကို သဘောကျနေတာကို သိထားသော မြင့်မိုရ်ကလည်း ဇေရင့် မပါမှန်း သိပေမယ့် ရင်ထဲမှာ တော့တော့နှင့် သဝန်တိုမီးက ဖွဲမီးပမာ တငွေ့ငွေ့ တရိပ်ရိပ် အရှိန်အစပြုလာသည်။

ဇေရင့်က ရိပ်မိပုံဖြင့် ...

"မြမြနဲ့ အဖော်ရသွားပြီပဲ၊ ငါ လိုက်မပို့တော့ဘူးနော် မြင့်မိုရ်၊ ငါ ဒီနားမှာ ဝင်စရာရှိလို့"

"ရပါတယ်"

ဇေရင့် ချန်ရစ်ခဲ့တာတောင် မြမြဆီက ဇေရင့်အကြောင်းက ပလုပျံနေသေးရဲ့။

"ကိုဇေရင့်က မြင့်မိုရ်ကိုတော့ တော်တော်ခင်တယ်နော်"

"ဟုတ်တယ်၊ ငယ်သူငယ်ချင်းတွေကို"

"ကိုဇေရင့်မှာ ရည်းစားရှိလား"

"မသိပါဘူး မြမြရယ်"

"ကိုဇေရင့်မေမေကလည်း အရမ်းသဘောကောင်းတာပဲ၊ မြကိုဆို သမီး ... သမီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ မြမြ တမင်ထည့်လိုက်တာပါ။ ဖေရှင့် မိခင်က မြင့်မိုရ်နဲ့ ဖေရှင့် တွဲတာ သဘောမကျကြောင်း ကြေညာထား၍လည်း ဖြစ်နိုင်သည်။

မြင့်မိုရ်ကတော့ ဘာမှဘုံပြန်မနေတော့။ အခိက,က ဖေရှင့်ပဲ။ ဖေရှင့် သူ့မဘက်မှာ ရှိနေရင် ရပြီ။

မြမြကတော့ မြင့်မိုရ်ကို အကဲခတ်လို့။

ဒါဟာ ကဗျာဆန်ဆန် ပြောရရင်တော့ "ပန်းတစ်ပွင့်ရဲ့ ရင်တွင်းဒဏ္ဍာရီ ပဲပေါ့။

❥ ○ ❥





ဟိုတစ်နေ့က ခန့်ငယ်ရဲ့ဆေးကျောင်းက သူငယ်ချင်းလေးတစ်ယောက် ပါလာသည်။ ရှမ်းတရုတ်ကလေးမို့ နှုတ်ခမ်းရဲရဲ မျက်ခွံအစ်အစ်ကလေးနှင့် စကားဝဲဝဲ ထိုကောင်လေးဟာ ရယ်စရာဟာသလေးတွေကလည်း ပြောတတ်ပါဘိသနဲ့ဆိုတော့ သူမနှင့် အလွယ်တကူ ခင်သွားတာပေါ့။

ပေါင်းသင်းဆက်ဆံရေး ကျေညက်လှသော ထိုကောင်လေးဟာ မေကြီး စက်ချုပ်သည့်အား ဝင်ထိုင်ပြီး အပ်ပေါက်ပိုင်းထိုးပေးရတာနှင့် သူမ လက်ဖက်သုပ်သည့်အား လာပြီး ကြက်သွန်ဖြူ ခွာပေးရတာနှင့်ဆိုတော့ သူမတို့နှင့် ရင်းနှီးလွယ်သွားတာပေါ့။

ဒါကိုလည်း ကိုဖေရှင့်ကလေးက သဝန်တိုသည်။

"ဟိုကောင်လေးနဲ့ သိပ်အရောမဝင်နဲ့"

"ကလေးလေးပါ ဖေရှင့်ရယ်၊ ခန့်ငယ်နဲ့မှ ရွယ်တူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ကွာ၊ ကိုယ်မှ မကြိုက်တာ"

"ဩော် ... ကဲ ... အကဲပိုပြနေပုံ ထောက်ရင်တော့ တစ်ခုခုပဲနော်၊ ရှင့်ကျတော့ မြမြဲ့နန်းကြီးသုပ်ကို စားတယ်"

"အဲဒါ မသိလိုက်လို့ကွ၊ သိရင် ဘယ်စားမှာလဲ၊ အဲဒီကောင်မလေးကလည်း တစ်မျိုးလေးပဲ"

မြမြရဲ့စိတ်ဝင်စားမှုကို ဇေရင့် ကိုယ်တိုင်လည်း ရိပ်မိပုံပင်။

"ငါ နင့်ကို သဝန်မတိုချင်ဘူးဟာ၊ သဝန်တိုခြင်းက ပူလောင်တယ်၊ ပူခြင်းရဲ့ လောင်မြိုက်မှုကို ငါ မခံစားနိုင်ဘူး သိလား"

"ငါကတော့ သဝန်တိုတယ် မြင့်မိုရ်၊ ငါက ယောကျ်ား၊ မိန်းကလေးတွေ ငါ့ကိုကြိုက်ရင်တောင် လာဖွင့်ပြောခွင့်မရှိဘူး၊ နင့်မှာသာ ချစ်သူဝိုင်းဝိုင်းလည်နေတာ၊ နင်သာ တစ်ယောက်ယောက်အပေါ် ငါ့ထက် ပိုချစ်သွားခဲ့ရင် ငါ ဒီတစ်သက် ဖြေလို့ရမှာ မဟုတ်တော့ဘူး"

ကျွန်မ ဇေရင့်ရဲ့စကားလုံးတွေမှာ ပျော်ဝင်နစ်ဆင်းခဲ့ရပြီ။ ကျွန်မကလွဲလို့ ဘယ်သူ့ကိုမှ မျှဝေမပေးနိုင်တဲ့ သူ့အချစ်တွေကိုလည်း ယုံကြည်မိသည်။

"ငါတို့ ဘယ်တော့ လက်ထပ်ကြမလဲ မြင့်မိုရ်"





"ခေါင်းစဉ်က ဘာလို့ ပြောင်းသွားရတာလဲဟင်"

"ဟုတ်တယ်၊ ငါ နင့်ကို လက်ထပ်ချင်ပြီ၊ စိတ်မရှည်ဘူး"

"ငါ့ဘက်က မဖြစ်နိုင်သေးဘူးလေ သူငယ်ချင်းရယ်၊ ခန့်ငယ်ကျောင်းပြီးမှပဲ"

"ဟာကွာ၊ ခန့်ငယ် ကျောင်းက ခုမှ ပထမနှစ်ပဲ ရှိသေးတာ ကျောင်းပြီးအောင် အကြာကြီး စောင့်ရဦးမှာ၊ မရက်စက်ပါနဲ့။ ခန့်ငယ်ရဲ့တာဝန်ကို ကိုယ်ပါဝိုင်းယူပေးမယ်လေ၊ နင့်မောင်လေးက ငါ့ညီလေးပဲပေါ့"

"ရပါတယ်ဟာ၊ ငါတို့ဘာသာပဲ သူ့ကို ဆရာဝန်ဖြစ်အောင် ထားပေးချင်တာဟ၊ တကယ်လို့ နင်နဲ့ငါ လက်ထပ်လိုက်ရင်တောင် မေကြီးက ငါတို့ ခန့်ငယ်ကို ထောက်ပံ့မှာကို လက်ခံမယ် မထင်ဘူးလေ"

သူမမိခင် သူမထက် ပိုမာနကြီးတာကို သိပါသည်။

"အေးလေ ... မဖြစ်နိုင်သေးမှန်း သိပါတယ်၊ ငါက မခွဲနိုင်လို့ပါ"

"ခုလည်း ခွဲနေရတာမှ မဟုတ်တာကွယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါက အတူတူနေချင်ပြီကို"

"နောက်တော့ ဖြစ်လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖေရင့် မကြိုက်၍ ခန့်ငယ်ရဲ့သူငယ်ချင်းလေး ကိုစိုင်းကို သူမ ရှောင်ပါသည်။ ကိုစိုင်းကတော့ သူမကို တွေ့တာနဲ့ အစ်မရင်းချာတစ်ယောက်လို ရင်းနှီးနွေးထွေးနေမြဲ။

"ကိုစိုင်းက မောင်လေးအပေါ် တော်တော်ကောင်းတယ်၊ အစစအရာရာလည်း ညာတယ်"

ဟု ခန့်ငယ် မကြာခဏ ပြောလေ့ရှိသည်။

ကားထည်လဲမျိုးစုံနှင့် ကျောင်းတက်သော ကိုစိုင်းဟာ ကျောင်းသွားကာနီး သူနေထိုင်ရာ ပန်းလှိုင်ကနေ သူမတို့ ရပ်ကွက်ကလေးမှာ ခန့်ငယ်ကို လာကြိုဖို့လည်း ဝန်မလေးတတ်။ စာအုပ်ဖိုးတွေ မကြာခဏ စိုက်ရှင်းတတ်လွန်းလို့ဆိုပြီး ခန့်ငယ်နဲ့ မကြာခဏ စကားများရလည်း ကိုစိုင်းကတော့ စိုက်ရှင်းပေးမြဲတဲ့။

ခန့်ငယ် မခေါ်ရင်လည်း သူက အတင်းခင်မင်ပြီး ရွတ်လာပေါင်းနေတာမို့ ခန့်ငယ် တစ်ယောက် စိတ်လျှော့လိုက်ရတော့သည်။

တစ်နေ့ ကိုစိုင်း အိမ်ကိုလာချိန် ခန့်ငယ်က မေကြီးနေမကောင်း၍ မေကြီးကို ဆေးခန်းသွားပြပေးနေတာမို့ သူမတစ်ယောက်ပဲရှိသည်။





အခန်းတံခါးဝမှာ ကိုစိုင်းကို တွေ့လိုက်၍ သူမက တံခါးမဖွင့်ပေးချင်သဖြင့် ...

"ခန့်ငယ် မရှိဘူး ကိုစိုင်း"

"ဟုတ်လား မမိုရ်၊ ဘယ်သွားလဲ"

"မေကြီး နေမကောင်းလို့ ဆေးခန်းသွားပြတယ်"

"ဪ ... သူ့ဆီမှာ မှတ်စုတစ်အုပ် ပါသွားလို့ ဝင်ယူတာ၊ မနက်ဖြန် စာမေးပွဲရှိလို့ အဲဒီမှတ်စု လိုနေလို့"

"ဪ"

ခန့်ငယ်ရဲ့စာကြည့်စားပွဲဟာ ဧည့်ခန်းထဲမှာပဲမို့ သူ့ဘာသာ ခန့်ငယ် စားပွဲပေါ် ဝင်ယူရမည့် အခြေအနေပါ။ တံခါးဖွင့်ပေးသဖြင့် ကိုစိုင်းက နာရီကြည့်ကာ ...

"ခန့်ငယ်က ကြာဦးမှာလား မသိဘူး။ အန်တီကရော ဘာဖြစ်တာလဲ၊ စိုးရိမ်ရလား"

တံခါးဝမှာ ရပ်စကားပြောလို့ မကောင်းတတ်တော့ဘာမို့ ...

"စာအုပ်ကို ကိုယ့်ဘာသာ ရှာသွားလိုက်မလား ကိုစိုင်း။ ဆေးခန်းက တုံကင်ကြိုမယူထားတော့ စောင့်ရင် စောင့်ရမှာမို့လေ၊ မေကြီးက ကုတ်ကျွေးဖြစ်တာပါ၊ ဒါပေမဲ့ ဆေးခန်းပြလိုက်မယ်ဆိုပြီး သွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … ဒါဆို ကျွန်တော့်ဘာသာ ရှာသွားတော့မယ်"

သူ့ဘာသာ ခန်းငယ် စာအုပ်ပုံကို မွှေနှောက်ရှာ
ပြီး …

"တွေ့ပြီ မမိုရ်၊ သွားတော့မယ်၊ စာကလုံးဝကို မကျက်
သေးလို့ သူ့ကိုမစောင့်တော့ဘူး"

"အေး … အေး … ပြန်လာရင် ပြောလိုက်မယ်"

ကိုစိုင်းက တံခါးလက်ကိုင်ဘုလေးကို လှည့်ဖွင့်ပြ
အထွက် ဖေရင့်ကလည်း တံခါးကိုခြေအချ။

"ဟင်"

ဖေရင့် မျက်နှာပျက်သွားသည်။ သူမှ ဒီကောင်လေး
ကို ကြည့်မရတာလေ။

ကိုစိုင်းကတော့ အကြောင်းမသိရှာသဖြင့် …

"မမိုရ်ရေ ဧည့်သည်လာတယ်"

ဟုပင် အော်သွားသေးသည်။ ကိုစိုင်း ဆင်းသွား
တော့ …

"ဟယ် … ဖေရင့် လာလေ"

ဖေရင့်က စူပုပ်ပုပ်ဖြင့် ဝင်ထိုင်သည်။

"အန်တီရော"





"မေကြီး နေမကောင်းလို့ ဆေးခန်းသွားတယ်လေ။ ခန့်
ငယ်လည်း မနက်ဖြန် စာမေးပွဲရှိတာ မပြောဘဲ ဆေးခန်း
ပါသွားတယ်"

"ဘာ … အန်တီရော ခန့်ငယ်ပါ မရှိဘူး၊ ဟုတ်လား"

"ဖေရင့်ရယ်၊ လန့်လိုက်တာဟာ၊ ဘာဖြစ်ရပြန်တာလဲ"

"ဒါဆို ဟိုကောင်လေးက ဘာလာလုပ်တာလဲ"

"ဩော် … သူလား၊ သူ့စာအုပ် ခန့်ငယ်ဆီ ပါလာလို့
လာယူတာလေ၊ အမြင်ရှင်းစမ်းပါ ဖေရင့်ရာ"

"ကျွတ် … မသိဘူးလေကွာ၊ ငါ သဝန်တိုတာပဲသိတယ်"

"အဲလို သဝန်တိုရိပ်တွေ စွန်းထင်းနေရင် နှင့်မျက်နှာကြီး
က မကြည်မလင်ကြီး သိလား။ မချောဘူး"

မြင့်မိုရ်က သူ့ကို လိုက်စနေသည်။ ဖေရင့်က
မှောင်ကြုတ်ပြီး ကြည့်လိုက်တော့ လျှာထုတ်ပြီး ပြောင်ပြနေ
သူ ထိုင်နေ့ရာမှ သူမနား လျှောက်သွားကာ ပခုံးကိုလက်
ထက်ကာ ဖိထားလိုက်ပြီး …

"မိုရ်ရဲ့ ကိုယ့်ခံစားချက်ကို မင်း လှောင်ပြောင်ပစ်လို့ရတယ်
သိလား၊ ဒါပေမဲ့ ကိုယ့်ကိုထားခဲ့ဖို့တော့ ဘယ်တော့မှ
မစဉ်းစားနဲ့"

"ဖေရင့်ကလည်းကွာ၊ မရစ်နဲ့"

www.burmeseclassic.com



သူမ ငိုမဲ့မဲ့ ဖြစ်သွားတော့လည်း သူ မနေတတ်

"နင့်ကို ငါ သိပ်ချစ်တယ် မိုရယ်"

"မပြောပါနဲ့ဦးဆိုဟာ"

"ငါမပြောရင် သူများပြောသွားမှာစိုးလို့"

"သည်းပါ"

"ငါ့ကို အဖြေပြန်ပေးတော့"

"လိုသေးလို့လား"

"ငါလည်း ကြားချင်တာပေါ့"

"ငါ့အတွက် ချစ်ရမယ့်သူဆိုတာ နင်တစ်ယောက်ပဲရှိတယ် ဇေရင့်၊ နောက်ထပ်ဆိုတာ မရှိနိုင်ဘူး၊ သေချာတယ်၊ နောက် မပူပန်နဲ့တော့ဟာ"

ဇေရင့်က သူမနဖူးနှင့် သူ့နဖူးကို လာထိပြီး သူ့ နှုတ်ခမ်းတွေ သူမ မျက်ခွံဆီ ရွေ့လျားလာချိန်မှာတော့ ...

"ဟိုမှာ မေကြီးတို့ ပြန်လာပြီ"

သူ လန့်ပြီး ရုတ်တရက် လွှတ်ပေးလိုက်သော သူမက ဟက်ဟက်ပက်ပက် ရယ်နေခဲ့သည်။ ဇေရင့်လည်း ရှက် ကိုးရှက်ကန်းဖြင့် သူငယ်ချင်း ချစ်သူလေးရဲ့ လက်မောင်းသွယ် သွယ်လေးကို လက်သီးဖြင့် ခပ်ဖွဖွ ထိုးလိုက်သည်။





"ငါ တရုတ်တန်းဘက် သွားမလို့၊ ဘာစားချင်လဲ လာ မေးတာ၊ ဘာဝယ်ခဲ့ရမလဲ။ အန်တီ့အတွက် ကြက်ပေါင်း ဝယ်ခဲ့မယ်၊ နင်ရော"

"ရပါတယ်ဟာ၊ မဝယ်ခဲ့ပါနဲ့"

"ဟိတ် ... ချစ်သူဖြစ်နေပြီ၊ သိပ်မာနမကြီးနဲ့တော့လေ"

နှာခေါင်းကို ဆွဲဖျစ်ကာ ဇေရင့် ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ဦးမြတ်ကိုကို့ကို သူမပတ်ဝန်းကျင်မှာ ရိပ်ခနဲ ဖျတ်ခနဲ တွေ့လိုက်ရတာက လွဲရင် သူမကို တိုက်ရိုက်နှောင့်ယှက်တာမျိုးတော့ မရှိ။

ဇေရင့်ကပင် ပြောသည်။

"ငါ့မှာလည်း တစ်မျိုးပြီးတစ်မျိုး ပူနေရတာပဲ။ ဟိုလူကြီး မရှိတော့လို့ တစ်ရန်များ ရှင်းမလား မတ်တယ်၊ နောက်တစ်ရန်က ပေါ်လာတယ်"

ဟု ကိုစိုင်းကို တစ်ချိန်လုံး ကြည့်မရ ဖြစ်နေသည်။

တစ်ရက်လည်း ကိုစိုင်းက၊ သူ့မွေးနေ့ပါဆိုကာ သူမတို့တစ်အိမ်သားလုံးကို စားသောက်ဆိုင်မှာ လိုက်ကျွေးသည်။

မေကြီးကလည်း သူ့ကိုဆို ခန့်ငယ်နှင့်ယှဉ်ကာ သားလေးတစ်ယောက်နှင့်မခြား ချစ်သလို၊ သူကလည်း မေကြီးနား ကပ်ချွဲတတ်သည်လေ။





သူ့ရဲ့မရှမက ခေါ်မှုကြောင့် မေကြီးနဲ့ ခန့်ငယ်ပါ ပါလာပြီး သူမကို ကုမ္ပဏီမှာ လာကြိုကြတာမို့ သူမမှာ တအံ့တသြဖြစ်ပြီး သူတို့နှင့်ပါသွားတော့သည်။

ဟင်းတွေ အမယ်စုံအောင်မှာပြီး တစ်မိသားစုလုံးကို ဟင်းတွေလိုက်ထည့်ပေးနေတာ လက်ကိုရှုပ်နေတာပဲ။

"သားရယ် ... သားဘာသာ စားပါဦး"

"စားပါတယ် အန်တီရဲ့"

သူက လည်ကတုံးလက်ရှည်အဖြူနှင့် ယောပုဆိုးနှင့်မို့ သူမက ...

"ကိုစိုင်း ... ဒီနေ့ ပုံစံပြောင်းနေပါလား"

အမြဲ ဘောင်းဘီနှင့် T ရှပ်သာ ဝတ်တတ်သောသူက ရှက်သလိုလိုဖြင့် ပြုံးကာ ...

"အန်တီကိုယ်တိုင် ချုပ်ပေးထားတာလေ မမိုရ်၊ ခန့်ငယ်နဲ့ ကျွန်တော် ဆင်တူလေ"

"ဟယ် ... ဟုတ်လား၊ ကြည့် မေကြီးက သူတို့ကိုတော့ ချုပ်ပေးတယ်ပေါ့လေ၊ မြင့်မိုရ်ဖို့ရော"

"မြင့်မိုရ်ရယ်၊ မရစ်စမ်းပါနဲ့ ကလေးတွေနဲ့ပြိုင်ပြီး"

ကိုစိုင်းနှင့် ခန့်ငယ်က သူမကို ရယ်နေကြသည်။ သူမကလည်း ပြုံးစိစိပါ။



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေရင်းနဲ့ စိတ်ရဲ့စေ့ဆော်မှုကြောင့် ဆိုင်အပြင်ဘက်ကို ကြည့်လိုက်တော့ ဦးမြတ်ကိုကို့ကို တွေ့ရသည်။ ပလက်ဖောင်းတစ်ဖက် ကားပေါ်ကနေ သူမတို့ဆီကြည့်နေတာပါ။ သူမ မျက်နှာလွှဲလိုက်သည်။

ဆိုင်ထဲက ပြန်ထွက်လာတော့ မတွေ့တော့ပါ။ သူမ သက်ပြင်းကျိတ်ချလိုက်သည်။

စားပြီးတော့ ကိုစိုင်းက ဘုရားလိုက်ပို့မယ်ဆိုကာ ရွှေတိဂုံဘုရားကို ရောက်ရပြန်သည်။

ရွှေတိဂုံကို ရောက်ရင်တော့ အကြောင်းတိုက်ဆိုင်တတ်သော ဦးမြတ်ကိုကို့ကို သတိရတတ်သည်။

ဘုရားရှိခိုးပြီးတော့ ဖေရင့်အတွက် အင်္ဂါထောင့်မှာ ရေသွားသပ္ပာယ်ပေးမိသည်။

"ဟင် ... မြမြ"

မြမြကလည်း အင်္ဂါထောင့်မှာ ရေသပ္ပာယ်လို့ပဲလား။

"မြင့်မိုရ် ... မြင့်မိုရ်က ကြာသပတေးမို့လား"

"ဟုတ်တယ်၊ ဒါ ဖေရင့် အတွက်လေ"

"ဪ"





မြမြ မျက်နှာပျက်သွားသလိုပဲ အချစ်ရဲ့စွမ်းအားနဲ့ အချစ်ရဲ့လှည့်ဖြားမှုက ကြောက်စရာပါလားနော်။

မြမြဟာလည်း ကြာသပတေးသမီးဆိုတာ သူမ သိနေခဲ့တာပဲ။

"မြင့်မိုရ် တစ်ယောက်တည်း လာတာလား"

"မဟုတ်ဘူး၊ မေကြီးတို့ပါတယ်၊ မြမြရော"

ပန်းကလေးတွေဟာ သူတို့ရဲ့ရင်တွင်းဒဏ္ဍာရီကို ကိုယ်စီမျှသိပ်ဖုံးကွယ် ဟန်ဆောင်ရင်း ...

"မြလည်း သူငယ်ချင်းတွေနဲ့လာတာ၊ သူတို့ ဟိုဘက်မှာမို့လို့ သွားလိုက်ဦးမယ်နော်"

"ရတယ် မြမြ၊ သွားပါ"

မြမြ ထွက်သွားပြီးတာနဲ့ အနားကို ကိုစိုင်းရောက်လာသည်။

"ဟာ ... မမိုရ်က အင်္ဂါလား"

"မဟုတ်ဘူး၊ ဖေရင့်အတွက်"

"ဪ ... ကျွန်တော်ကတော့ အင်္ဂါသား မမိုရ်ရဲ့၊ ဒါပေမဲ့ ကျွန်တော်ကတော့ ကြာသပတေးထောင့်မှာ ရှိခိုးလိုက်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းနဲ့ စကားပြောရင်း မေကြီး ဘုရားရှိခိုးတာကို ထိုင်စောင့်နေလိုက်သည်။ ခဏနေတော့ ခန့်ငယ် ရောက်လာကာ ကိုစိုင်းနဲ့ ခန့်ငယ်က ကျောင်းစာအကြောင်း ဆွေးနွေးနေကြသည်။

အိမ်ပြန်ရောက်တော့ လမ်းထိပ်မှာ ဖေရင့်ကို မျှော်ခနဲ တွေ့ရလိုက်သည်။ မျက်နှာထားတော် မညိုပါနဲ့ ချစ်သူရယ်

❥ ○ ❥





"မြင့်မိုရ် ... နင် နောက်ကို ကြီးကြီးငယ်ငယ် ဘယ်ယောက်ျားနဲ့မှ အသွားအလာ မလုပ်နဲ့ဟာ၊ ငါ မကြိုက်ဘူး"

"လူမှုရေးတောင် မရှိရတော့ဘူးလား ဖေရင့်ရယ်"

"မရှိနဲ့ဟာ၊ ငါ မခံစားနိုင်လို့"

"နင် အရင်က ဒီလိုမဟုတ်ပါဘူး၊ ခုမှ ဘယ်လိုဖြစ်တာလဲ"

"အရင်က နင့်ဘေးမှာ ငါပဲရှိတာကိုး၊ ခုက နင့်ဘေးမှာ ပျားတွေရော ပိတုန်းတွေရော ရောင်စုံဝိုင်းဝိုင်းလည်နေတယ်လေ"

"ဒါပေမဲ့ ဒီပန်းကလေးကတော့ ဖေရင့်ဆိုတဲ့ လိပ်ပြာလေးကိုပဲ ချစ်တာပါနော်၊ ယုံစမ်းပါဟာ၊ ငါ ဒီလိုယုံပါ ပြောရတာတောင် သိက္ခာကျနေပြီ သိရဲ့လား"

"အင်းပါ၊ ဒါပေမဲ့ ..."

"မရဘူးကွာ၊ ချစ်ရင် သဝန်မတိုကြေး"



www.burmeseclassic.com

www.burmeseclassic.com



"အေးနော် ... မှတ်ထားနော်"

"ဘာလဲ၊ သဝန်မတိုကြေးဆိုလို့ ဖောက်ပြန်မယ်လို့တော့ မကြံလေနဲ့ ဟင်း"

"ဟော ... သူ့အလှည့်ကျတော့ စကားတောင် အစာင်မခံဘူး"

စကားတပြောပြောနဲ့ ကားလေးဂ သူမတို့ကုမ္ပဏီနားနီးလာပြီ။ မနေ့က ကိုစိုင်း မွေးနေ့ပွဲကို လိုက်စားမိသည့်အတွက် ဧရင့် စိတ်သောက ရောက်နေတာကို မကြည့်ရက်သော မြင့်မိုရ်က ဒီမနက်မှာတော့ ဧရင့်ကို ဖုန်းဆက်ပြီး ကုမ္ပဏီကို လိုက်ပို့နိုင်းခြင်းရယ်ပါ။

ဧရင့်က ပထမတော့ အင်တင်တင်ပုံဖြင့် စိတ်ဆိုးနေသေးသည်။

"ဧရင့်ကလေးရယ်၊ တစ်ခါတလေ ကိုယ့်ချစ်သူကို ရုံးလိုက်ပို့ပေးရမှာတောင် မပို့ပေးချင်ဘူးပေါ့၊ ရပါတယ်လေ။ မပို့ရင် ဖယ်ရီနဲ့ သွားပါ့မယ်"

ဆိုတော့မှ ပျာပျာသလဲ ပို့မည်ပြောတာ။ ဧရင့်လား သူမကို ကြာကြာတင်းခံနိုင်မှာ။

"ကဲ ... ရောက်ပြီ၊ တာ့တာ၊ ဩော် ... ဧရင့်"

"ပြော"



"ဒီကနေ့ တန်းပြန်နော်၊ ဟိုဝင်ဒီထွက် မလုပ်ရဘူး၊ လမ်းမှာတွေ့သမျှ မိန်းကလေးတွေကို လိုက်မကြည့်ရဘူး၊ ဟောဒီ ကောင်မလေးကလွဲရင် ဘယ်သူမှ မချစ်ရဘူးနော် ချစ်သူ"

"သူ့ကျတော့ အဲလိုမသိတတ်ဘဲနဲ့"

"အိုး ... တို့က မိန်းကလေးပဲ နှစ်နာစရာမရှိပေါင်"

ဧရင့် အံကြိတ်လိုက်သဖြင့် လျှာထုတ်ပြောင်ပြကာ ကားပေါ်က မြန်မြန်ပြေးဆင်းရသည်။ နောက်ကျလို့ကတော့ သူ့ရဲ့ဒဏ်ခတ်မှုကို ခံရမှာလေ။

"မိုရ်"

မြင့်မိုရ် လှည့်ကြည့်လိုက်တော့ ဖုန်းဆက်လိုက်ဟု အမူအရာလုပ်ပြသည်။ မြင့်မိုရ် ခေါင်းညိတ်ပြလိုက်တော့ တာ့တာလုပ်ကာ ထွက်သွားသည်။

ရုံးထဲဝင်ရန်ပြင်တော့ ထမင်းစားခန်းက အတင်းပြောသူကို တွေ့လိုက်ရသည်။

"မြင့်မိုရ် ဒီနေ့ ဖယ်ရီနဲ့ မလိုက်ဘူးနော်"

"ဟုတ်တယ်၊ ချစ်သူ လိုက်ပို့တာ"

"ဟယ် ... အဲဒါ မြင့်မိုရ် ချစ်သူလား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဘာမှမဖြစ်ပါဘူး၊ မနေ့က တစ်ယောက်ကို ထင်တာ"

"မနေ့က"

"မနေ့က လာကြိုတာလေ"

"အိုး ... အဲဒါ ကျွန်မမောင်လေး"

"ဟယ် ... ဆောရီး ... ဆောရီး"

"ရပါတယ်၊ လူတွေရဲ့ စိတ်မှန်းနဲ့ ထင်တာတော့ အကုန် ထင်လို့ရတာပဲ၊ စိတ်သွားတိုင်း လိုက်ထင်ရင်တော့ မှန်ချင်မှ မှန်မှာပေါ့"

မြင့်မိုရ် ပြောပြီးတာနဲ့ လှည့်ထွက်လာလိုက်သည်။

သေချာတာကတော့ ဒီနေ့လည်း မြင့်မိုရ် အတင်း ပြောခံရမှာပဲ။ ဒီတော့ ထမင်းစားနောက်မကျရအောင် ကိုယ်အရင် စားထားမှဖြစ်မည်။ မြင့်မိုရ်ရဲ့စားပွဲမှာ Supervisor ကို တွေ့ရသည်။

"မြတ်မြင့်မိုရ် ဒီနေ့ ကွန်တိန်နာတွေဝင်မယ်၊ ဂိုဒေါင်မှာ ပစ္စည်းသွားစစ်ရမယ်၊ ထမင်းချိုင့်ပါ တစ်ခါတည်း ယူသွား လိုက်တော့"

ထိုနေ့က ဇေရင့်ဆီ ဖုန်းမဆက်ဖြစ်တော့။ ဇေရင့် ဖုန်းဆက်တော့လည်း သူမ မရှိ။ ညဘက် တော်တော်မိုးချုပ်မှ ကုမ္ပဏီက ပြန်ပို့သောကားနှင့် အိမ်ပြန်ရောက်ရသည်။





ဇေရင့်က အိမ်မှာလာစောင့်နေသည်။

"နင် ဘာလို့နောက်ကျနေတာလဲ"

မေကြီး မမေးခင် သူက တံခါးဖွင့်ပေးရင်း မေးလာ ပြီ။

"ကွန်တိန်နာရောက်လို့ ပစ္စည်းသွားစစ်ရတာ ဂိုဒေါင်မှာ၊ ရုံးရောက်ရောက်ချင်း သွားရတာ၊ ခုမှပြီးတာ၊ ငါ နင့်ဆီ ဖုန်းဆက်ဦးမလို့ပဲ၊ အချိန်ကို မရတာနဲ့"

"ပြီးတာပဲ၊ နင် မောလာမှာပေါ့၊ ငါ ဒီမှာ စတော်ဘယ်ရီ ဖျော်ပေးထားတယ်"

"တယ်ဟုတ်ပါလား၊ သြော် ... မေကြီး ထမင်းစားပြီးပြီ လား"

"ပြီးပြီ၊ မေကြီး ဆာတာနဲ့ စားနှင့်လိုက်တာ"

"ခန့်ငယ် မတွေ့ပါလား မေကြီး"

"ဒီည ကိုစိုင်းအိမ်မှာ သွားအိပ်တယ်၊ စာကျက်စရာရှိလို့ ဆိုလားပဲ"

"စိတ်ချရလို့လား အန်တီ"

ဇေရင့်က ခပ်ဆတ်ဆတ် ဝင်ပြောတာမို့ မေကြီး သိအောင် ပြုံးမိသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုစိုင်းနဲ့က စိတ်ချရပါတယ် သားရဲ့၊ ကိုစိုင်းလေးက ယောင်္ယောင်္ရမ်းရမ်း မရှိရှာဘူး၊ ခများလေးက သားငယ်ကိုလည်း သိပ်ခင်ရှာတာ၊ တစ်ခါတလေမို့ လွှတ်လိုက်တာပါကွယ်"

"ဗိုက်ဆာပြီ၊ မေကြီး ဘာချက်"

"ဒီနေ့ ငါးသလဲထိုးရလို့ အကြွပ်ကြော်ထားတယ်၊ ကင်ပွန်းရွက်ချဉ်ရည်လေးနဲ့ ငရုတ်သီးပွ ကြော်ထားတယ်"

"ဟား ... good ! ဧရင့် စားပြီးပြီလား"

"စားပြီးလည်း ထပ်စားလို့ မရဘူးလား"

"ဟွန်း ... ငတ်ကြီးကျလိုက်တာ လွန်ရော၊ လာလေ သွားစားကြမယ်"

မေကြီးကတော့ သူတို့နှစ်ယောက်ကိုကြည့်ကာ ပြုံးလို့။

ထမင်းစားခန်းရောက်တော့ မြင့်မိုရ်က ထမင်းပန်းကန်နှစ်ချပ် ခူးဖို့ပြင်သည်။

"မို့ရ် တစ်ပန်းကန်ပဲခူး၊ ငါ စားပြီးပြီ၊ နည်းနည်းပဲစားမှာ နင့်ပန်းကန်ထဲက စားမယ်"

"ဟာ ... ကိုယ့်ဘာသာစားပါ၊ မေကြီး တွေ့သွားဦးမယ် မကဲနဲ့ ဧရင့်ရာ"





"ကျွတ် ... မတွေ့ပါဘူးကွာ၊ ဘာလဲ ရွံတာလား"

တကယ်ကျတော့ သူမ ပန်းကန်ထဲက ထမင်းကို သူမလက်နဲ့ ခွံ့ကျွေးလိုက်ရတာပါ၊ လက်ကို မနာအောင် ခပ်ဖွဖွ ကိုက်ထားတာမို့ မျက်စောင်းထိုးလိုက်မိသည်။

ဧရင့်ကလည်း သူမမျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။ ချွေးစို့ကာ အခြယ်အသကင်းမဲ့သော မျက်နှာပြောင်ပြောင်လေးကို ဘာလို့များ ချစ်ခဲ့မိပါလိမ့်ကွာ။

ငယ်စဉ်ကတည်းက အလိုလိုက် အကြိုက်ဆောင်ကာ ချစ်ခဲ့ရသူလေး။

အရွယ်မရောက်တရောက်မှာပင် တစ်နေ့ သူ လက်ထပ်မည့်သူဟာ သူမပဲလို့ ဆုံးဖြတ်ထားခဲ့တာ။

ခုတော့ တကယ်ပဲ အိပ်မက်ကို ပိုင်ဆိုင်လိုက်ရသည်။

အစားပုပ်မလေးကတော့ ချစ်သူရှေ့ ဆိုပြီးတော့လည်း မရှက်ပေါင်။ ထမင်းတွေ တစ်ပန်းကန်ပြီး တစ်ပန်းကန် ဆွဲနေတာ။

"နင် ဒီပုံတိုင်း ဆက်စားရင်တော့ ဖက်တီးမ ဖြစ်လာလိမ့်မယ်"

"ဘာလဲ ... ဖက်တီးမဆို မကြိုက်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်၊ ဘာပဲဖြစ်ဖြစ်"

"ဒါဆို ငါလည်း စားချင်သလို စားမှာပေါ့ဟဲ့"

ကောင်းရော။ အဲဒါ ကျွန်တော့်သူငယ်ချင်း ချစ်သူလေးပေါ့။

◆○◆





ထူးဆန်းပါသည်။ ဦးမြတ်ကိုကိုဟာ သူမကို လုံးဝ ဆက်သွယ်ဘဲ သူမနောက်မှာသာ အရိပ်လို ရှိနေခဲ့သည်။

သူမ ရုံးသွားလျှင်လည်း ဈေးတဖြုတ် လမ်းမှာကား ရှောင်မိတာမျိုးပဲဖြစ်ဖြစ်၊ အချိန်ကိုက်တွေ့ရတတ်သလို၊ သူမ သွားရင်လည်း သူနှင့် လုံးဝမနီးစပ်သော သူမတို့ရဲ့ ရပ်ကွက် လေးနားမှာ လှစ်ခနဲ တွေ့လိုက်ရပြန်သည်။

သူမနှင့် ဧရင့် တစ်နေရာရာ သွားရင်လည်း င့်တော့ မသိ။ သူမကတော့ မကြာခဏ တွေ့ရသည်။

ထိုသို့ တွေ့လိုက်ရလေတိုင်းမှာလည်း သူဟာ ကို မက်မောတွယ်ငြိနေသော အကြည့်မျိုးနှင့်တော့ ငေးကြည့် သေးတာပင်။ ကဲ ... ဘယ်လိုလူကြီးလဲကွယ်။

ဘာပဲဖြစ်ဖြစ် ဧရင့်ကတော့ စိတ်ချမ်းသာနေပါ ဦးမြတ်ကိုကိုက မနှောင့်ယှက်တော့သလို ကိုစိုင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲရှိလို့ သူမတို့အိမ်ဘက်ပင် သိပ်မရောက်နိုင်ဘဲ ခန့်ငှယ် ပါ သူ့အိမ်မှာ စာလိုက်ကျက်နေသည်လေ။

"မြင့်မိုရ်ရေ ငါ ဒီနေ့ လိုက်ပို့မယ်"

စောစောစီးစီး ရောက်လာပြီး လာခေါ်နေသည်

"ဖေရင့် ... ငါ နင့်ကားကို ခဏခဏမစီးချင်ဘူးဟာ"

"မစီးချင်ရင် တက္ကစီနဲ့ပဲ သွားပါမယ်"

"နေပါဟာ၊ ဖယ်ရီနဲ့ပဲသွားပါ့မယ်"

"အဲဒါ ဘာဖြစ်ရတာလဲ"

သူ မျက်နှာအစူပုပ်ပုပ်နှင့် မေးလာတော့လည်း မြ ကာ ...

"ငါက နင် ပိုက်ဆံကုန်မှာစိုးလို့ဟ"

"ပိုက်ဆံက ဘာလို့ရှာတာလဲ သိလား မြင့်မိုရ်၊ သုံးဖို့ တာဟာ၊ မသုံးဘဲ အလုထိုင်ကြည့်နေရမှာလား"

"မသုံးသင့်တဲ့နေရာသုံးလို့ ပြောနေတာ သူဌေးရဲ့"

"ချစ်သူနဲ့ ကြည်ကြည်နူးနူး သွားချင်လို့ သုံးရတာ သင့်တယ်"

"ပြီးတာပဲ၊ ခဏစောင့်"

သူတို့ တက္ကစီငှားပြီး ထွက်သွားတာကို ဖေရင့်မိ က မြင်သွားသည်။





မြင့်မိုရ်ရဲ့ထမင်းချိုင့်ခြင်းလေးကို ကိုင်ပေးထားသော သူ့သားကိုကြည့်ကာ ဒေါသတွေ ထွက်နေသည်။

ဒီ ဘာမဟုတ်တဲ့ ကောင်မလေးကို သူ့သား ဘာ ဖြစ်လို့ ငြိတွယ်နေမှန်းမသိ။

မိမိဘက်ကသာ ဆွေ့ဆွေ့ခုန်နေတာ၊ သူမမိခင်က တော့ ရလည်းမနည်းဘူးဟု သဘောပိုက်ကာ လွှတ်ထားပုံပဲ။

ဒေါသတွေဖြင့် မြင့်မိုရ်တို့ အခန်းရှေ့ကို ဘယ်လို ရောက်သွားမှန်းပင်မသိ။

မြင့်မိုရ် မိခင်က မလာစဖူး ရောက်လာသော ဖေရင့်မိခင်ကိုကြည့်ကာ ကောင်းသောလာခြင်း မဟုတ်နိုင်ကြောင်း ကိုတော့ တွေးမိသည်။

စိန်နားကပ်ရောင် တဝင့်ဝင့်နဲ့ ဒေါ်သိရိက အခန်း တံပတ်လည်ကို ဝေ့ဝဲကြည့်ကာ နှာခေါင်းရှုံ့လိုက်ပြီး ...

"ကျွန်မ ပြောစရာရှိတယ်"

ဟု နိဒါန်းချီသည်။ ဒေါ်စကားဝါကတော့ ခွန်းတုံ့ ပြန်ဘဲ နားထောင်နေသည်။

"ခုပဲ ကျွန်မသားနဲ့ ရှင့်သမီး တက္ကစီငှားပြီး ထွက်သွား တာ တွေ့လိုက်တယ်၊ ဘယ်သွားတာလဲ"

"သမီးကုမ္ပဏီသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လွှတ်ထားတယ်ပေါ့"

"သမီးက သူ့ဘာသာ ကုမ္ပဏီသွားတာ၊ ကျွန်မ ဘာလို့ တားဆီးပိတ်ပင်ရမှာလဲ"

"ကျွန်မက ဘာကိုဆိုလိုတယ်ဆိုတာ ရှင်သိမှာပါ၊ ဒီထက် ပိုပြီး သိသွားရအောင် ပြောပြရဦးမလား။ ဇေရင့်သာ ရှင့် သမီးကိုယူရင် ကျွန်မ ဇေရင့်ကို အမွေပြတ်မှာ၊ ဘာမှ မျှော်လင့်ထားနဲ့၊ မျှော်လင့်ထားမိရင် အချိန်မီနောက်ဆုတ် နိုင်အောင် လာအသိပေးတာ"

ဒေါ်စကားဝါ ရင်ထဲ ဒေါသတွေ အုံကြွလာသည်။ မျက်နှာရဲ့ အပေါ်ယံလွှာတစ်ခုလုံး ပွင့်ထွက်ပေါက်ကွဲမတတ် ခံ စားရသည်။

သို့သော် ...

"ဒါကတော့ ရှင့်သဘောလေ၊ ရှင့်သား ရှင်အမွေပြတ်တာ ကျွန်မတို့နဲ့ မဆိုင်ဘူးထင်တယ်၊ အဲဒါ ကိုယ့်သားကို ပြောလေ"

"ပြောထားပြီးသား၊ သူ သိပြီးသား၊ ဒါပေမဲ့ ယောကျ်ား လေးဆိုတော့လည်း ရရင် ရသလောက်တော့ အသာ အရိုးရရ တွယ်မှာလေ၊ ကျွန်မက ရှင်တို့ကို သနားလို့ ပြောတာ"



မျက်နှာအမူအရာရော လေယူလေသိမ်းပါ ခန့်တဲ့တဲ့ အက်ရှင်အပြည့် ပြောနေသော ဒေါ်သီရိကိုကြည့်ကာ စော်ကား ခံရလေခြင်းဟု ဒေါ်စကားဝါ ဒေါသကို ထိန်းသိမ်းဖို့ စိတ်ကူးမရှိ တော့။

"ဒီမှာ ခင်ဗျားကြီး ဘာလာစော်ကားနေတာလဲ၊ ခင်ဗျား သားက ရွှေထွက်နေလို့လား၊ ရွှေထွက်နေတယ်ဆိုရင်တောင် မှ ခင်ဗျားတို့အိမ်ရိပ်နင်းခဲ့တာကို တရော်ကင်ပွန်းနဲ့ ဆေး ချပစ်မယ် နားလည်လား၊ ခင်ဗျား အခုချက်ချင်း အိမ်ထဲ က ထွက်သွား"

"သားလေး ခန့်ငယ်"

ခန့်ငယ်က ဘယ်အချိန်ရောက်လာမှန်းမသိ။ ခန့်ငယ် နောက်မှာ ကိုစိုင်း။ ခန့်ငယ်လက်ကို ဆွဲထားသည်။

"သွားမှာ သွားမှာ၊ မောင်းထုတ်စရာ မလိုဘူး၊ လာချင်လို့ လာတာ မဟုတ်ဘူးဟော့၊ ကိုယ့်လိပ်ပြာ ကိုယ်ပြန်ရှက်တယ် ဆိုရင်တော့ အရှက်မရှိ ငါ့သားကို လက်ခံဖို့ မကြိုးစားနဲ့"

"ဟာကွာ ... တောက်"

"လာပါ ခန့်ငယ်ရာ"

မေကြီးက ငိုနေသည်။ ရှိုက်ကြီးတငင် ငိုနေရှာ သည်။ ခန့်ငယ်က ဒေါသတကြီးဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ မေကြီးရာ"

"မေကြီး မြင့်မိုရ်ကို သနားလို့ပါ။ ဇေရင့်ကလေးမှာ အပြစ်မရှိဘဲ မေကြီး သမီးကြီးကို တားရတော့မယ်"

"ဟုတ်တယ် မေကြီး၊ ကိုဇေရင့်ကို သားလည်း ချစ်ပါတယ် ဒါပေမဲ့ ဒီမိန်းမကြီးနဲ့ အမျိုးတော်ဖို့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ တော်တော် လူစိတ်မရှိတဲ့ မိန်းမကြီး"

"မေကြီးလေ သားနဲ့သမီးကို သူများနဲ့တန်းတူ မထားနိုင်လို့ အပြောခံရတာ"

"ဟာ ... မေကြီးကလည်း မဟုတ်တာ၊ သူ့ဘာသာဉစ္စာရှာ မောက် ခနရူး,ရူးပြီး လာပြောသွားတာ၊ မမိုရ်နဲ့ ကိုဇေရင့် ပြတ်သွားရင် ..."

ခန့်ငယ်လည်း စကားမဆက်နိုင်တော့။ "ပြတ်သွားရင်"ဆိုတဲ့ စကားကိုတောင် သူ တော်တော်အားတင်းပြီး ပြော လိုက်ရတာလေ။ မမိုရ် တစ်ယောက် ဘယ်လောက်ခံစားရမလဲ ကိုဇေရင့်ကရော ပြတ်နိုင်မှာလား။

ကျက်ထားပြီးသား စာတွေတောင် မေ့ကုန်ပြီ ကိုစိုင်းကလည်း ဘာပြောရမှန်းမသိဘဲ မျက်နှာမကောင်းရှာ။

မေကြီးက အားတင်းလိုက်ဟန်ဖြင့် ...



"ကဲ ... ကဲ ... သားတို့ ထမင်းစားပြီးပြီလား၊ မေကြီး ဒီနေ့ ငါးစရစ်လေးတွေ ငရုတ်သီးစပ်စပ်ကလေး ချက် ထားတယ်၊ စားသွားကြ"

ပြောပြောဆိုဆို ထမင်းပွဲပြင်ပေးသော မေကြီးကို ခန့်ငယ်က ဖက်လိုက်ပြီး ...

"မေကြီး စိတ်မညစ်နဲ့နော်"

"အင်းပါ သားလေးရယ်"

ကိုစိုင်းကပါ သူ့ကိုဖက်ပြီး ငိုမဲ့မဲ့မို့ မေကြီးက ကိုစိုင်း ပါးကိုပါ တစ်ချက်ဆွဲဖျစ်ပြီး ...

"ကဲ ... ကဲ ... သားတို့ စားကြ။ လာ ... မေကြီးလည်း စားမှာ"

ကလေးတွေကိုသာ ပြောနေတာ ဒေါ်စကားဝါက တော့ မျိုချလို့မရ။

◆○◆

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ မမိုရ်၊ အဲဒီမိန်းမကြီး သိပ်ဂုဏ်မောက်
မေကြီးနဲ့ သူ ခမည်းခမက်တော်ဖို့ ဘယ်လိုမှ မဖြစ်
ဘူး၊ မမိုရ်လည်း ဒီလိုစိတ်ဓာတ်ကြီးကို ယောက္ခမ
နိုင်သလား"

"မေကြီး ငိုလား"

"ငိုတာပေါ့၊ ကိုဇေရင့်ကို သနားပါတယ်၊ ဒါပေမဲ့ မေ
ကို ပိုသနားတယ်"

ခန့်ငယ် ကုမ္ပဏီမှာ လာကြိုတာမို့ အံ့သြနေခဲ့
ပါ။ ခုတော့ မထင်မှတ်ထားသော စော်ကားမှုကို ကြားရသ

"မေကြီးက မမိုရ်ကိုလည်း သနားနေတာ၊ သူ လူတန်း
မထားနိုင်လို့ဆိုပြီး"

"တော်ပါဟာ၊ ခုလည်း ငါတို့ဘာသာ လူတန်းစေ့နေ
သားပဲ၊ ဇေရင့် အမေကကို မောက်မာလွန်းတာပါ။
သူ့ဆိုင်က ထွက်ခဲ့တာလည်း သူ့ရဲ့အပြောဆိုကို ခံ





ထွက်ခဲ့တာ၊ ဒါပေမဲ့ အစိက,က ဇေရင့် ငါ့အပေါ်ကောင်းရင် ပြီးတာပဲဆိုပြီး ဖြေသိမ့်နေခဲ့တာ၊ ဒီပုံအတိုင်းဆိုရင်တော့ ငါ ဇေရင့်ကို ဖြတ်လိုက်တော့မယ်"

"ဟိုမိန်းမကြီးကတော့ သူ ဖြစ်စေချင်သလို ဖြစ်တယ်ဆိုပြီး ဝမ်းသာနေမှာပဲ။ မမိုရ် ဖြစ်ရဲ့လားဟာ"

"ငါက ငါ့ကိုစော်ကားတာ ခံနိုင်တယ်၊ ဒါပေမဲ့ ငါ့အမေကို စော်ကားတာကိုတော့ ငါ သည်းမခံနိုင်ဘူးဟာ"

အိမ်ရောက်တော့ မေကြီးက မြင့်မိုရ်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

"မေကြီး"

"ပြော ... သမီးကြီး"

"သမီး ဇေရင့်ကို ဖြတ်လိုက်မယ်၊ အဲဒီအတွက် မေကြီး စိတ်ထဲ ဘာမှမဖြစ်ပါနဲ့၊ သမီးကြောင့် မေကြီး စော်ကားခံရတဲ့အတွက် သမီး တောင်းပန်ပါတယ်"

"သမီးရယ်၊ မေကြီး စိတ်မကောင်းဘူး၊ ဇေရင့်ကိုလည်း ကိုယ့်သားအရင်းလိုကို ချစ်တာပါ၊ ဒါပေမဲ့ ..."

"သမီး သိပ်မခံစားရပါဘူး၊ မေကြီးမစိုးရိမ်ပါနဲ့"

ထိုစဉ်မှာပဲ ဘာမှမသိရှာလေသော ဇေရင့်က…လား သူတို့အိမ်ရောက်လာပြီ။

www.burmeseclassic.com

တံခါးခေါက်သံ ကြားတာနှင့် မြင့်မိုရ်က အိမ်ထဲ ဝင်သွားသည်။

"ငါ့ကိုမေးရင် အိပ်နေတယ်လို့ ပြောလိုက် ခန့်ငယ်"

အိပ်ခန်းထဲ ဝင်လာပြီး နဖူးပေါ်လက်တင်ကာ မျက်ရည်တွင်တွင်ကျနေမိသည်။ နှစ်ပေါင်းများစွာ ရင့်သန်တွယ် ငြိခဲ့တဲ့ သံယောဇဉ်တွေကို အမြစ်ကနေ ဆွဲနုတ်ပစ်ရတော့မည်။

"မမိုရ် အိပ်နေတယ် ကိုဇေရင့်"

"ဟင် ... အစောကြီး ရှိသေးတယ်"

"ဟုတ်တယ် ကိုဇေရင့်၊ ခေါင်းကိုက်တယ်ဆိုပြီး ဆေးသောက်ပြီး အိပ်ရာဝင်သွားတာ"

"ဪ ... အိပ်ပါစေ၊ ဘယ်လိုလဲ ခန့်ငယ်၊ စာတွေလိုက်နိုင်ရဲ့လား"

"လိုက်ပါနိုင်ပါတယ် ကိုဇေရင့်"

မေးတစ်ခွန်း ခေါ်တစ်ခွန်း ဖြစ်နေသော ခန့်ငယ်ကိုကြည့်ကာ သူ အံ့ဩနေသည်။ ခန့်ငယ်ဆိုတာ သူ့ရဲ့ညီအရင်းတစ်ယောက်လို သူ့အပေါ် နွေးနေကြလေ။ အန်တီကလည်း ဘုရားရှိခိုး ပုတီးစိပ် လုပ်နေတာမို့ သူ့မှာ ယောင်ကန်းကန်းဖြစ်နေသည်။ ကြည့်ရတာ သူမတို့မိသားစုကြားထဲ ပြဿနာတစ်ခုခု ဖြစ်ထားပုံပဲ။ နောက်နေ့မှပဲ ချစ်သူလေးကို မေးကြည့်ရတော့မည်။



ဇေရင့် ပြန်သွားတော့ ခန့်ငယ်က အံကြိတ်ကာ မျက်ရည်ဝဲသလို ဒေါ်စကားဝါကလည်း ပုတီးစိပ်ရင်း မျက်ရည်ကျရှာသည်။

တကယ်ဆို ဇေရင့်ဟာ သူတို့အတွက် မိသားစုဝင်တစ်ယောက်လို သံယောဇဉ်ကြီးလာခဲ့တာမို့လား။

သမီးလေးကိုလည်း သနားလှတာမို့ ဒေါ်စကားဝါ ဆုံးဖြတ်ချက်တစ်ခု အမြန်ဆုံးချလိုက်သည်။

ထို့နောက် သားနဲ့ သမီးကိုခေါ်ကာ ...

"မေကြီးတို့ ဒီကနေ ပြောင်းရအောင်၊ ဒီအခန်းကိုရောင်းပြီး နောက်တစ်ခန်း ဝယ်ကြတာပေါ့"

သားရော သမီးပါ ဝမ်းသာအားရ ထောက်ခံကြသည်။ ထိုအတောအတွင်း မြင့်မိုရ်က ဇေရင့်ကို ပုံမှန်ဆက်ဆံပါသည်။

"ဟိုနေ့က ကိုယ်လာတယ်၊ မြင့်မိုရ် အိပ်နေပြီဆို"

"အင်း"

"အန်တီရော ခန့်ငယ်ရော မျက်နှာမကောင်းကြဘူး၊ ဘာဖြစ်ကြတာလဲ"

"ဘာမှ မဟုတ်ပါဘူး ဒီလိုပါပဲ"

www.burmeseclassic.com



ဓေရင့် ထူးဆန်းသွားရသည်။ သူ့ရဲ့မြင့်မိုရ်က ဘယ်တော့မဆို ဘယ်အရာမဆို သူ့အပေါ် ရင်ဖွင့်ပြောပြနေကြ။ ငိုရင်လည်း ဓေရင့် ရင်ခွင်။ ရယ်မောသရှိလည်း ဓေရင့် ရင်ခွင်၌သာ။

"မြင့်မိုရ် တစ်ခုခု ဖြစ်နေတယ်၊ ပြောကွာ ဘာဖြစ်နေလဲ၊ ကိုယ် စိတ်ပူလာပြီ"

"ဘာမှမဟုတ်ပါဘူးဟာ၊ ဓေရင့် ငါ ရုပ်ရှင်သွားကြည့်ချင်တယ်၊ လိုက်ပြပါလား"

ရုပ်ရှင်ရုံမှာက ဟာသကား ပြတာပါ။ ဒါပေမဲ့ သူမပုံစံက ငူငူငိုင်ငိုင်နှင့် ရယ်ဖို့ ပြုံးဖို့ ဆိုတာ ဝေးရော။ သူ မြင့်မိုရ်ပခုံးကို ဆွဲခါကာ ...

"ဘာဖြစ်နေတာလဲ"

မြင့်မိုရ်က ဓေရင့် ပခုံးမှာ နဖူးမှီပြီး တိုးတိုးလေး_

"ငါ နင့်ကို အရမ်းချစ်တယ်"

"အရူးမလေး၊ ဘာများလဲလို့"

ဓေရင့်ကလည်း သူမပခုံးကို ဖွဖွလေးဖက်ပြီး သူမ ဆံနွယ်ပျော့ပျော့လေးတွေကို နိုးနမ်းလိုက်သည်။

"မောင်"

"ဟာ ... မိုရ်၊ ဘယ်လိုခေါ်လိုက်တာလဲ"



"မောင့်ကို အရမ်းချစ်တယ်"

သူ့ပခုံးစွန်းလေး ဖျတ်ခနဲ နွေးသွားသည်။

"မောင်ကလည်း အရမ်းချစ်ပါတယ် ချစ်သူလေးရယ်"

မြင့်မိုရ်က သူ့လက်ဖဝါးထဲ သူမလက်ကလေးထည့်လိုက်ကာ သူ့လက်တွေကို ပြန်ဖိပိတ်ပြီး ရင်ထဲမှာတော့ ...

"မောင် မငိုနဲ့နော်၊ စိတ်မညစ်ကြေး မောင်ရယ်၊ တို့နှစ်ယောက်က တကယ်ပေါင်းစပ်ဖို့ မဖြစ်နိုင်တော့လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရပ်ရှင်ကြည့်ပြီး ပြန်ကြတော့ မြင့်မိုရ်က ...

"မောင် အိမ်ပေါ်ထိလိုက်မပို့နဲ့တော့နော်"

"ဘာလို့လဲ"

"ရှက်လို့"

"ဖြစ်ရပြန်ပြီ"

"နော်"

"အင်း"

တကယ်က သူမ ဖေရင့်ကို တစ်ပတ်ရိုက်ခေါ်သွားတာပါ။ ထိုအချိန်မှာ မေကြီးနှင့် ခန့်ငယ်က သူမတို့ အသစ်ဝယ်ထားသောတိုက်ခန်းလေးဆီ ပစ္စည်းတွေ ပြောင်းနေတာပါ။

ညဆို ဒီအခန်းမှာ ဘာမှ မရှိတော့။ သော့ခတ်ထားသောအခန်းရှေ့မှာ ခန့်ငယ် စောင့်နေလိမ့်မည်။ ပြီးတော့ သူမနဲ့ ခန့်ငယ် သူမတို့ရဲ့အခန်းကလေးကို စွန့်ခွာသွားကြတော့သည်။





လှေကားပေါ်တက်လာတော့ သူက မျက်စိတစ်ဆုံးလိုက်ကြည့်ပြီးမှ လှည့်ထွက်သွားသည်။

"မောင်ရယ်"

မျက်ရည်တွေ တားဆီးမရစဉ် ပခုံးပေါ် လက်တစ်ဖက်ကျရောက်လာခဲ့သည်။

"ကိုစိုင်း"

ခန့်ငယ်က လက်သီးဆုပ်ပြီး အံကိုတင်းတင်းကြိတ်ကာ ...

"သွားရအောင် မမိုရ်"

ကိုစိုင်းရဲ့ကားလေးက ခန့်ငယ်တို့မောင်နှမကို တင်ဆောင်ကာ သူမတို့အခန်းလေးဆီသို့ ဦးတည်လျက် ...

တကယ်ပါ ...

ဘဝတစ်သက်တာမှာ ငုတ်တုတ်မိုးလင်းခဲ့တာ ထိုတစ်ညပဲ ရှိလိမ့်မည်ထင်သည်။

မေကြီးရော ခန့်ငယ်ပါ မျက်နှာတွေ ပျက်ယွင်းလျက် ...

"မငိုပါနဲ့ မမိုရ်ရယ်"

ကိုစိုင်းကမျက်နှာပျက်ကလေးနှင့် နှစ်သိမ့်ရှာသည်။ ထိုညက ကိုစိုင်းကလည်း ခန့်ငယ်နဲ့အတူ အိပ်သည်မို့ သူမကိုတော့ ခန့်ငယ်ကိုယ်စား နှစ်သိမ့်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်း ရင်ထဲလည်း မကောင်းပါ။

ပိုက်ဆံဆိုတာ လိမ္မော်ခြံတွေကရတာဟု ထင်ရလောက်အောင် လိမ္မော်ခြံ အမြောက်အမြားပိုင်ဆိုင်ပြီး အချိုရည်စက်ရုံတစ်ရုံပိုင်ဆိုင်ထားသော မိဘတွေရဲ့ တစ်ဦးတည်းသောသား ကိုစိုင်းမှာ ဘဝကိုအပူအပင်မရှိစွာ သက်သောင့်သက်သာ ဖြတ်သန်းခဲ့ရတော့ တကယ် ခန့်ငယ်တို့မိသားစုအဖြစ်ကို အံ့သြနေရ၏။

အနည်းငယ်သောပိုက်ဆံပမာဏက နှလုံးသားနှစ်ခုကို သွေးစိမ်းရှင်ရှင်ထွက်စေခဲ့တာကိုလည်း အံ့သြခဲ့ရသည်။

ပြီးတော့ သူ့အဖြစ်သူလည်း ရှက်ရသည်။

တကယ်တော့ ကိုစိုင်းဟာ ဦးမြတ်ကိုကိုရဲ့ တူအရင်းဆိုတာ ဘယ်သူမှမသိကြ။

သူ့လေးလေး အိမ်လာလည်တော့ သူ ဆေးကျောင်းတက်မှန်းသိသွားပြီး သူ့ကို တာဝန်တစ်ခုပေးခဲ့သည်။

ထိုတာဝန်က ...

ခန့်ငယ်ကလည်း ဆေးကျောင်းတက်တာမို့ ကျောင်းမှာ ခန့်ငယ်ကို ဝင်လုံးရန်၊ ပြီးတော့ ခန့်ငယ်တို့အိမ်ကို အဝင်အထွက်ရအောင်လုပ်ပြီး မမိုရ်နဲ့ ကိုဇေရင့်တို့အကြောင်း စုံစမ်းပေးရန်၊ ထိုထက်တစ်ဆင့် ဆက်တက်လို့ရရင် သူမနှင့် ကိုစိုင်းကို ဇေရင့် အထင်လွဲသွားသည်အထိ ဆောင်ရွက်ရန်တဲ့လေ။



လေးလေး ဘာလို့ ဒီလိုလုပ်နိုင်းတာလဲ ဆိုတော့ သူမဟာ လေးလေး အရှက်ရအောင် ပြုမူခဲ့ဖူးလို့ပဲ။

မိန်းကလေးတစ်ယောက်အပေါ် ငြိုးမျက်နေသော လေးလေးကို စိတ်ပျက်မိသော်လည်း ခန့်ငယ်ကိုတော့ ရှာခဲ့မိသည်။

မြင်မြင်ချင်း ခန့်ငယ်ရဲ့ပုံစံလေးကို နှစ်လိုသွားတာမို့ သူငယ်ချင်းဖွဲ့ခဲ့သည့် ခန့်ငယ်တို့ အိမ်ကို ဝင်ထွက်သွားလာရင်း သူတို့မိသားစုရဲ့ ပြဿနာမှုကိုရော လေးလေးရဲ့ နှောက်ယှက်မှုတွေကိုပါ သိလိုက်ရတာမို့ သူတို့အပေါ် တတ်နိုင်သမျှ ကူညီမိတာပါ။

ခုလည်း မမိုရ်နဲ့ ဇေရင့်အကြောင်း လေးလေးကို ပြောဖို့ ဆုံးဖြတ်လိုက်သည်။

အရှုံးသမားကို ထိုင်ကြည့်ဝမ်းသာရမှာက ယောက်ျားကောင်းတို့အလုပ်မှ မဟုတ်တာလေ။

ပြီးတော့ ပိုက်ဆံအောက် ဒူးထောက်လိုက်ရတဲ့ နှလုံးသားလေးဟာ ပြက်ရယ်ပြုစရာမှ မဟုတ်တာ။

လေးလေး စိတ်နာခဲ့တာက သူ့ကို အချဉ်ရည်နဲ့ပက်ခဲ့တဲ့လေ။ ထိုသို့ အချဉ်ရည်နဲ့ပက်ချင်အောင် လေးလေး ဘာလို့ လုပ်ခဲ့ရသလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူက ဘာကိုမလိုက်ဗွာစဉ်းစားပြီး မမိုရဲ မှန်တယ်ဟု ယူဆလိုက်ကာ သူနဲ့ လေးလေး စာတ်လမ်းကို မြှုပ်နှံထားလိုက်သည်။

သိန်းခေါင်ယံမှာ နလုံးသားတစ်ခုရဲ့ ရှိုက်သံသဲ့သဲ့ကိုကြားသည်။ အိပ်မက်တစ်ခုမရှိနိုင်တဲ့ ကွက်လပ်ညကို မမိုရ် ငိုကြွေးရင်း ရင်ဆိုင်နေရသည်ထင်ပါရဲ့။

ခန့်ငယ်လည်း အိပ်မပျော်နိုင်ရှာပါ။

"ကိုစိုင်းရာ ငါ မမိုရ်ကိုရော ကိုဖေရင့်ကိုပါ သနားတယ်"

"ဒါပေမဲ့ ဒေါ်သီရိရဲ့မောက်မာမှုက မင်းတို့ကို အရိပ်ကြီးတစ်ခုလို စိုးမိုးနေတယ်လေ၊ အန်တီအတွက် မင်းတို့ ရွေးချယ်ခဲ့ရာ မှန်ပါတယ်ကွာ၊ မမိုရ်လည်း ဖြေမှာပါ"

"မမိုရ်က အချစ်ကံမကောင်းလို့ ငါ သနားနေတာပါ ဟိုလူကြီး နောင့်ယှက်တဲ့ရန်က လွတ်ရုံရှိသေး သူချစ်တဲ့သူ ဝေးရပြန်ပြီ"

"ဒါပေမဲ့ ကိုဖေရင့်က ဒီအတိုင်းနေမယ်မထင်ဘူး၊ လိုက်ရှာမှာပဲ"

"အေး ... မမိုရ်က ကုမ္ပဏီကိုလာမှာစိုးလို့ဆိုပြီး အလုပ်ထွက်လိုက်တယ်၊ ဟိုလူကြီးနဲ့တွန်းကာလည်း အလုပ်ထွက်လိုက်ရတာပဲ"





ချစ်စရာကောင်းသော ရုပ်ဆင်းရူပကာဟာ မြင့်မိုရ်အတွက်တော့ အဖိုးမတန်ရှာဘဲ လိပ်ပြာဖြစ်နေတယ်။

မင်းကလေး ငိုရုံမှတစ်ပါး ...။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းက ဆိုင်အတွက် ဈေးဝယ်ပေးနေရသဖြင့် ချစ်သူလေးဆီ မရောက်ဖြစ်။ သူ့ဆီကို ဖုန်းတောင်မဆက်သော သူမကို စိတ်ခုချင်သော်လည်း ဘယ်တော့မှ စိတ်ဆိုးမရတတ်တာမို့ ညနေမှပဲ သူမကို သွားကြိုမည်ဟုဆုံးဖြတ်ကာ သူမ ရုံးဆင်းကာနီးတော့ ကားသော့ဆွဲကာ အပြင်ထွက်ရန်ပြင်သည်။

ဒေါ်သီရိက အရိပ်အခြည်ကြည့်ကာ ...

"ဘယ်လဲသား"

"အပြင် မေမေ"

"အရေးမကြီးရင် ဒီညနေ ဆိုင်ထိုင်ပေးပါလား၊ မေမေ ခေါင်းမူးနေလို့ နားချင်နေလို့ပါ"

သွားပြီ။ ဆိုင်ထိုင်ဆို ညကိုးနာရီအထိ ထိုင်ပေးရမှာ။ သူမဆီသွားလို့မရတော့။

"နော် သား"





"ဟုတ်ကဲ့ပါ"

မတတ်သာတော့ သူမတို့ကုမ္ပဏီကို ဖုန်းလှမ်းဆက်တော့လည်း ဖုန်းလိုင်းကမအား။ တစ်ညနေလုံး ထိုင်ခေါ်တာတောင် တစ်ချက်မဝင်။ ဆိုင်ထိုင်ရတာ ဖင်တကြွကြွဖြစ်လာသည်။ သူမတို့ ဖယ်ရီကားကို မျှော်မိသော်လည်း ဖယ်ရီကား၏ အရိပ်အယောင်ပင် မတွေ့ရ။

သူ စိတ်တိုလာသည်။ ဘာလို့မှန်းမသိ ဒီနေ့မှ သူမကို အရမ်းသတိရနေသလို ဒီနေ့မှ မေမေက ခေါင်းမူးတာနှင့် ဖုန်းကခေါ်မရတာနှင့် စိတ်ပျက်လက်ပျက် ဆိုင်သိမ်းပြီးတော့ မနေနိုင်စွာ သူမတို့အခန်းကို သွားမော့ကြည့်မိသေးသည်။ သူမတို့တစ်ခန်းလုံး မှောင်အတိကျလျက်။

ညကိုးနာရီအချိန်ဟာ ချစ်သူအိမ်တံခါးကို သွားခေါက်ရန်မသင့်တာမို့ စိတ်တွေကို ထိန်းချုပ်ကာ အိမ်ပြန်ပြီး စလောင်းကြည့်နေလိုက်သည်။

ခေါင်းမူးချင်ယောင်ဆောင်ထားသော ဒေါ်သီရိမှာ သားဖြစ်သူမျက်နှာရိပ်ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

မနက်ကျတော့ သူ အစောကြီး မြင့်မိုရ်ဆီသွားသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းက သော့ခတ်လျက်သား။ သော့မှ ရေမကြီးသော့ကြီး။ ဘဲလ်တီးသော်လည်း ဘဲလ်သံဖြင့်သာ ရှည်လျက် တံခါးကတော့ တုပ်တုပ်မလှုပ်။ အဲ ... ထိုအခန်းတံခါး တုပ်တုပ်မလှုပ်သော်လည်း မြမြတို့တံခါးကတော့ ပွင့်လာသည်။

"ဟယ် ... ကိုဇေရင့် အဲဒီအခန်းက လူမနေတော့ဘူးလေ"

"ဘာ"

"ဟင် ... ကိုဇေရင့် မသိဘူးလား၊ မြင့်မိုရ်တို့ ပြောင်းသွားပြီလေ"

"ဘာ"

သူ့ရဲ့ဒုတိယဘာက တော်တော်ကျယ်သွားသည်မို့ မြမြ ခန္ဓာကိုယ်ပင် တုန်သွားသည်။

"သူတို့က ဘယ်ကိုပြောင်းသွားတာလဲ"

"မြလည်း မသိဘူး၊ သူတို့ပြောင်းသွားတာတောင် သူများပြန်ပြောလို့သိတာ၊ မြ မရှိတဲ့အချိန်ပြောင်းသွားတာ"

"ဒါဆို ဘယ်သူသိလဲ"

"မကြားမိဘူး"

"ဟာ"





ဒီ'ဟာ'ကလည်း တော်တော်ကျယ်ပါသည်။ တစ်နေ့ကမှ သူနဲ့ သူမ ရုပ်ရှင်သွားကြည့်ကြသေးသည်။ သူမက သူ့ကို ဘာမှ ဖွင့်မပြောသွားခဲ့ပါ။

မနေ့က တစ်ရက်ရောက်ရုံဖြင့် သူမ မရှိတော့ဘူးတဲ့လား။ အဲဒါ တရားပါရဲ့လားကွယ်။

သူ အခန်းတံခါးကို မှီပြီး ဘာလုပ်ရမှန်းပင်မသိ။ မြမြက အံ့ဩနေသည်။ သူ မသိတာကိုရော သူတို့ကို နှုတ်မဆက်ဘဲ ပျောက်ကွယ်သွားတဲ့ မြင့်မိုရ်တို့မိသားစုကိုရော။

ဇေရင့်က ပြေးဆင်းသွားကာ တွေ့ရာတက္ကစီပေါ် တက်ပြီး မြင့်မိုရ်တို့ကုမ္ပဏီကို လိုက်သွားတော့ ...

"မြတ်မြင့်မိုရ် မနေ့ကပဲ အလုပ်ထွက်သွားပြီ"

ဟား ... တစ်ခါတည်း အစအနပျောက်သွားတာပါလား။ မင်းခေါ်တော့ "မောင်"ဆို။ မင်းပြောတော့ "တကယ်ချစ်တယ်"ဆို။ ဘာကြောင့်လဲဆိုသောအတွေးက သူ့ပတ်ဝန်းကျင်မှာ လွှမ်းခြုံထားသည်။

သူ စိတ်နဲ့ကိုယ် ပြန်ကပ်ချိန်မှာ ခန့်ငယ်ရဲ့ဆေးကျောင်းတံခါးဝကို ရောက်နေခဲ့ပြီ။ သို့သော် သူ့ကို ခန့်ငယ်က အရင်တွေ့ပြီး ရှောင်ထွက်သွားသည်။ တစ်ပတ်ခန့်သွားရှာသော်လည်း မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ခွဲကောင်းကောင်းဖြင့် စောင့်သည်။ ခုလို မြင့်မိုရ်ကို ရှောင်ပုန်းသွားခြင်းဟာ သူ့မိခင်ကြောင့်လို့ တစ်စက်မှ မထင်မိပါ။

နောက်ဆုံး ရှစ်ရက်မြောက်နေ့မှာတော့ ခန့်ငယ်ကို တွေ့ရသည်။

"ခန့်ငယ်"

"ကိုဖေရှင့်"

"ကိုယ့်ကို ဘာယ်လို Reason ပေးမလဲ ကိုယ်သိချင်တယ်"

"မမိုရ်ကိုပဲ မေးပါလား"

"ကိုယ်ကလည်း သူ့ကိုပဲမေးချင်တာလေ၊ ကဲ ... ကိုယ့်ကို သူရှိမယ့်နေရာပြော"

"ဟင့်အင်း ကိုဖေရှင့် ကျွန်တော်မပြောပါရစေနဲ့၊ မမိုရ်ကို ကိုဖေရှင့် ချစ်ရင် တွေ့အောင်ရှာပေါ့၊ သြော် ... ကိုဖေရှင့် မမိုရ်က ဒီ MP4 လေး ပြန်ပေးခိုင်းလိုက်တယ်"

သူ မွေးနေ့လက်ဆောင်ပေးခဲ့သော သူမကလည်း အင်မတန် Favourite ဖြစ်သော ထိုပစ္စည်းကလေးကို ပြန်ပေးသည် တဲ့လေ။

"ထွက်ပြီးတဲ့ဆင်စွယ် ပြန်ဝင်ရိုးထုံးစံမရှိဘူး ခန့်ငယ် ကိုယ် ပြန်မယူဘူး၊ ဘာလဲ ဘာတွေလဲ ကိုယ် ဘာမှ မသိ





ရဘူး၊ မြင့်မိုရ်ကို ပြောလိုက် သင့်တို့ရှိရင် ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး တစ်ခွန်းတည်းလာဖြတ်လိုက်လို့ ကိုယ် လုံးဝ မနှောင့်ယှက်ဘူး ယုံ"

"ကိုဖေရှင့်ရာ"

ခန့်ငယ်က ဖေရှင့်ကိုဖက်လိုက်ပြီး အံကြိတ်လိုက်မိသည်။ ဒေါ်သီရိရဲ့လက်ညှိုးတွေကို မြင်ယောင်နေမိသည်။

"အရာရာဟာ မဖြစ်နိုင်တဲ့ မတတ်သာတဲ့အခြေအနေတွေကြောင့်လို့ပဲ ယုံကြည်လက်ခံပေးပါ ကိုဖေရှင့်ရယ်၊ မမိုရ်ကိုရော ကိုဖေရှင့်ကိုပါ ဒီထက်ပိုပြီး မခံစားစေချင်ဘူး၊ ကိုဖေရှင့် မမိုရ်ကို မေ့လိုက်ပါတော့"

"မေ့လိုက်လို့မှမရတာ၊ ခန့်ငယ် ... ညီလေး ကိုယ် တောင်းပန်ပါတယ်ကွာ၊ ကိုယ် သူနဲ့တွေ့ပါရစေ"

"ဟင့်အင်း ကိုဖေရှင့် ဝမ်းနည်းပါတယ်"

သူ ခန့်ငယ်ကို ဆောင့်တွန်းမိလိုက်သလား မသိတော့။

❥○❥

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိကလည်း သားဖြစ်သူကို တစ်ချိန်လုံး အကဲခတ်နေသည်။ ဧရင့်မျက်နှာက ပြုံတော့မည်မိုးလို တစ်ချိန်လုံး ရင့်မှိုင်းနေသော်လည်း မြင့်မိုရ်တို့မိသားစုနှင့် ပတ်သက်၍ သူမကိုတော့ တစ်ခွန်းတစ်ပါဒမှမဟ။

ဘာပဲဖြစ်ဖြစ် သူမ သားအနားက မြင့်မိုရ် ပျောက်ကွယ်သွားတဲ့အတွက် ဒေါ်သီရိဟာ သူမလုပ်ရပ်မှန်တယ်ဟု ယုံကြည်နေပါသည်။

ထို့နောက် သားဖြစ်သူကို မြမြနှင့် နေရာချပေးထားပေးရန် နားချရမည်။

"သား ခုတလော မရွှင်မပျနဲ့ ဘာဖြစ်နေလဲ"

"ဘာမှ မဖြစ်ပါဘူး မေမေရာ"

"တစ်ခုခုတော့ ဖြစ်နေပါတယ်၊ ဘာဖြစ်နေလဲ သားရယ် သားမျက်နှာမကောင်းတော့ မေမေလည်း စိတ်မချမ်းသာဘူး"



ဧရင့်မှာ မြင့်မိုရ်အကြောင်း ရင်ဖွင့်ချင်သော်လည်း မိခင်က မြင့်မိုရ်ကို မကြည်လင်တာမို့ ပြောချင်စိတ်မရှိတော့။

သူ့ခေါင်းထဲမှာ အချိန်တိုင်းမြည်နေတဲ့ အချက်ပေးခေါင်းလောင်းက မြင့်မိုရ် ဘာကြောင့် ရက်စက်သွားသလဲ ...။

"သား ... သားကို မေမေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့ ပြောပါ မေမေ"

"မေမေ သားကို ဘယ်လောက်ချစ်သလဲ သား သိတယ်နော်၊ မင်း အဖေဆုံးပြီးတည်းက တစ်ဦးတည်းသောသားလေးအပေါ်ပဲ မေမ့ဘဝကို မြှုပ်နှံခဲ့တယ်၊ ခုလည်း သားကို မိဘတို့ရဲ့နောက်ဆုံးဝတ္တရားကို မေမေ ကျေချင်ပြီ သားရယ်"

"ဗျာ"

"ဟုတ်တယ် သား၊ သားကို မေမေ အိမ်ထောင်ချပေးချင်ပြီ"

"ဟာ ... ဟင့်အင်း ... သား မယူချင်ဘူး"

"သားရယ် ... သား အသက်အရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီ၊ ပြီးတော့ ကိုယ့်မှာ အလုပ်နဲ့ အကိုင်နဲ့ပဲ၊ မေမေ သားအချစ်ဆီက မြေးအနှစ်ကို လိုချင်ပြီ သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... သား လုံးဝ အိမ်ထောင်မပြုချင်ဘူး"

"လူဆိုတာ နေ့မြင်ညပျောက် သားရဲ့၊ မေမေ သားကို စိတ်မချဘူး၊ မေမေ မရှိတော့ရင် ..."

"ဟာဗျာ ... မေမေကလည်း"

"တကယ်ပါ မေမေ့သားလေးက အမြဲလိမ္မာခဲ့တာပါ၊ ဒီတစ်ခါလည်း လိမ္မာပေးပါ သားရယ်နော် မြမြလေးကလည်း သားအပေါ် သံယောဇဉ်ကြီးပုံပါ"

"ဗျာ ... မြမြ"

"ဟုတ်တယ်လေ၊ သူကလေးဆို အတွင်းသိ အဆင်းသိ၊ ပြီးတော့ တစ်ဦးတည်းသော သမီး လုပ်တတ်ကိုင်တတ် လေး ရုပ်ရည်လေးကလည်း မဆိုးရှာပါဘူး သားရယ်"

"တော်ပါတော့ မေမေရာ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ သားရဲ့၊ မေမေကဖြင့် မြမြအမေဆီ စကားတောင်သွားပြောတော့မလို့"

"ဟာ ... မေမေ မလုပ်နဲ့နော်၊ သား မသိအောင် ဘာမှ မလုပ်နဲ့၊ တော်ကြာမှ စကားလွန်ကုန်မှာစိုးလို့၊ မေမေ့ဘာသာ သွားပြောပြီးသား ဆိုရင်တောင် သားကတော့ လက်ခံမှာမဟုတ်ဘူး၊ အိုဗျာ ... မြမြမှမဟုတ်ဘူး၊ ဘယ်သူဖြစ်ဖြစ် သား လက်မခံဘူး"



"ဘာဖြစ်လို့လဲ ငါ့သားရယ်၊ ဘုန်းကြီးများ ဝတ်ဦးမလို့လား"

"ဝတ်သင့်ရင် ဝတ်ရမှာပေါ့ မေမေ"

"တယ် ဒီကောင်လေး"

ဇေရင့်ကတော့ စိတ်ညစ်ရပါရက်။ ကိုယ့်ဘာသာ အဆင်မပြေရာက မိခင်ကပါ တစ်စခန်းထလာသဖြင့် စိတ်တွေ တိုပြီးရင်းတိုကာ ကားကို ကားဦးတည့်ရာ မောင်းလာမိသည်။

ဗိုက်ဆာလာတော့ လမ်းဘေးထမင်းဆိုင်လေးတစ်ခုမှာ ထမင်းဝင်စားနေတုန်း ...

"ကြက်သားဟင်းတစ်ပွဲ ပါဆယ်နော်"

"ခွမ်း ... ခလွမ်း"

"ဟင် ... ဇေရင့်"

သူ မြင့်မိုရ်ကို လုံးဝမလွှတ်တော့။ ရုတ်တရက် မြင့်မိုရ်ကို တွေ့လိုက်ရတော့ လက်ထဲကဇွန်းကို ယောင်ယမ်းလွှတ်ချမိပြီး မြင့်မိုရ်လက်ကို ခပ်တင်းတင်းကိုင်လိုက်မိသည်။ သူ လက်လွှတ်လိုက်ရင်ပဲ မြင့်မိုရ် သူ့ရှေ့က ပျောက်ကွယ်သွားတော့မယောင်။ မြင့်မိုရ်ရဲ့မျက်နှာလေးတွေ ချောင်နေသည်။ အနည်းငယ်လည်း ပိန်သွားသည်။ ဘာတွေ သောကများနေရသလဲ သူ မသိ။

"မြင့်မိုရ် နင် ရက်စက်တယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေရင့်"

"တော်ပြီ ဘာမှ မပြောနဲ့တော့ မြင့်မိုရ်၊ ငါ နားမထောင်ချင်တော့ဘူး၊ နင် အခု ငါနဲ့ လိုက်ခဲ့တော့"

"ဖေရင့်"

"ဟင့်အင်း ... ငါ ဘာမှ နားမထောင်ချင်ဘူး၊ နားမထောင်နိုင်ဘူး"

သူ မြင့်မိုရ်ကို သူ့ကားဆီ ဆွဲခေါ်သွားသည်။

"ဖေရင့် ငါ မလိုက်ဘူး၊ ဒီမှာ ဖေရင့် ငါက ဒီရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူးနော်။ နင် သိက္ခာကျအောင်မလုပ်ပါနဲ့ ငါ တောင်းပန်တယ်"

"ငါလည်း တောင်းပန်တယ် မြင့်မိုရ်၊ အေးအေးဆေးဆေးလိုက်ခဲ့ပါ၊ မရရင် ငါ ပွေ့ချီသွားဖို့ ဝန်မလေးဘူးနော်"

"ဖေရင့် ... နင် ငါပြောတာကို သေချာနားထောင်၊ ငါ ဘာဖြစ်လို့ နင့်ပတ်ဝန်းကျင်ကို ထားခဲ့သလဲသိလား၊ ငါ နင့်ကို မယူချင်လို့၊ မယူနိုင်လို့ပေါ့ ရှင်းနေတာပဲ၊ ဒီမှာ ဖေရင့်၊ ငါတို့က မွေးကတည်းက ချမ်းချမ်းသာသာ မနေခဲ့ဖူးဘူး၊ ဦးမြတ်ကိုကိုလို သူဌေးကို နင့်ကြောင့်ပဲ ငါ ငြင်းခဲ့တယ်၊ အဲဒါကြောင့် ငါဟာ ငါ့ဘဝမြင့်မားမှုနဲ့ လွဲခဲ့ရတယ်"





"တော်စမ်း မြင့်မိုရ်၊ နင့်ပါးစပ်က တွေ့ကရာတွေ လျှောက်မပြောတတ်ပါဘူး"

"မဟုတ်ဘူး၊ ငါ အတည်ပြောတာ၊ ဦးမြတ်ကိုကိုကို ငါ မရွေးခဲ့တာ ဦးမြတ်ကိုကိုက ငါ့အပေါ်လည်း သိပ်မကောင်းလို့ ငါ မစွန့်စားရဲလို့ မရွေးတာ"

"ငါ မကြာခင် ကိုစိုင်းနဲ့ လက်ထပ်တော့မှာ ဖေရင့်"

"ဘာ"

"ဟုတ်တယ် ဖေရင့်၊ ဥစ္စာပေါ ရုပ်ချော ပညာတတ် သူဌေးသား၊ ပြီးတော့ မေကြီးနဲ့ ခန့်ငယ်ပေါ်လည်း အစစအရာရာကောင်းတဲ့ ကလေးကို ငါ လက်ခံလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်ပြီ"

"နင် ... နင်"

"ဟုတ်တယ် ဖေရင့်၊ ဒါပေမဲ့ နင့်ပတ်ဝန်းကျင်မှာတော့ ငါက နင်နဲ့တွဲပြီး နင့်ကို ဘလိုင်းကြီးထားခဲ့ရင် ငါက သစ္စာမရှိတဲ့သူဖြစ်သွားမှာပေါ့၊ အဲဒါကြောင့် နင်လည်း သက်သာရာရစေ ငါလည်း နာမည်ဆိုးမှ လွတ်မြောက်စေ ဆိုပြီး ငါ ဒီကို ပြောင်းခဲ့တာပဲ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေရင့် ငါ့ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုချင်ပါဘူး၊ ဒါပေမဲ့ နင် ငါ့ကို သတိမရပါနဲ့၊ မကျေနိုင် မချမ်းနိုင် သတိရနေရင် နင် ပင်ပန်းမှာစိုးလို့"

"မယုံဘူး မြင့်မိုရ်၊ ငါ မယုံဘူး"

"မယုံမရှိနဲ့ ဖေရင့်၊ ငါက အကြောင်းမဲ့သက်သက် ဘာလို့ နင့်ကိုထားခဲ့ရမှာလဲ"

"မယုံဘူး၊ နင့်ရဲ့ ကိုစိုင်းကို ငါ သွားမေးမယ်"

"သွားမေးစရာမလိုပါဘူး၊ သူ အမေ့အိမ်မှာရှိတယ်၊ အိမ်မှာ ဒီနေ့ ဟင်းမကောင်းလို့ သူ မစားနိုင်မှာစိုးလို့ ဒီမှာ ကြက်သားဟင်းလာယူတာ ဖေရင့်၊ ငါလေ သူ စိတ်ငြိုငြင်သွားမှာ သိပ်ကြောက်တာပဲ"

"နင် ... နင် ငါ့ကို မချစ်တာ သေချာလား မြင့်မိုရ် ဟင်၊ ငါတို့က ငယ်ငယ်ကတည်းက ချစ်ခဲ့တဲ့သူငယ်ချင်းတွေလေ၊ အဲဒီကောင်လေးနဲ့ နင် အဆင်ပြေပါ့မလား"

"ပြေအောင်နေရင် မပြေစရာ အကြောင်းမရှိပါဘူးဟာ"

"နင် ငါ့ကို မချစ်တာသေချာလား မြင့်မိုရ်"

"ငါ နင့်ကို ချစ်တယ် ဖေရင့်၊ ဒါပေမဲ့ ငါ ချမ်းသာချင်တယ်"

"ငါ ကြိုးစားပေးပါ့မယ် မြင့်မိုရ်"



"ငါ မစောင့်နိုင်ဘူး ဖေရင့်ရာ၊ ကြိုးစားပေမယ့် ဖြစ်မလာတာတွေတစ်ပုံကြီးလေ၊ ရေရာသေချာတာကိုပဲ ခေါင်းညိတ်လိုက်ပြီ"

"မြင့်မိုရ် ငါ ... ငါ မယုံဘူး"

"မယုံလည်း မတတ်နိုင်ဘူး"

"အေး ... ငါ လိုက်ခဲ့မယ်၊ လာ ... ကားပေါ်တက်၊ ငါ့မှာ ကားပါတယ်"

"ဟင့်အင်း ... နင် ငါ့ကို ကားတင်ပြေးရင် ဘယ်လိုလုပ်မလဲ၊ မလိုက်ရဲပါဘူးကွယ်၊ ငါ ခြေလျင်ပဲသွားမှာ၊ ဒီနားတင် နီးနီးလေး၊ နင်ကတော့ ကားကို စိတ်မချရင် မောင်းခဲ့လေ"

"ငါလည်း ခြေလျင်ပဲလျှောက်မှာပေါ့၊ နင့်နောက်မှာ ကားနဲ့မလိုက်ချင်ပါဘူး"

"မနေပါနဲ့ ဖေရင့်၊ လုပ်သင့်တာကိုသာ လုပ်စမ်းပါ၊ ခံစားမှုနောက် လိုက်တတ်တဲ့ တွေဝေတတ်တဲ့ ယောကျ်ားတွေကို ငါမုန်းတယ်"

"နင့်ဆီက အမုန်းစကားတောင်ကြားရပြီပေါ့"

"မနေပါနဲ့ဆိုဟာ"

သူမ ဘာပြောပြော သူ ကားကို ထမင်းဆိုင်မှာ ရပ်ထားခဲ့ပြီး သူမနဲ့အတူ ခြေလျင်လျှောက်လာဖြစ်သည်။

www.burmeseclassic.com



သူမ အိမ်ကလေးမှာ ပေ ၄၀ ပေ ၆၀ ခြံဝင်းက လေးထဲမှာ သပ်သပ်ရပ်ရပ်ရှိနေပြီး အိမ်ရှေ့မှာ အဖြိုကလေးထိုး ကာ စာအုပ်အငှားဆိုင်ကလေးဖွင့်ထားသည်။

"စာအုပ်ဆိုင်ဖွင့်ထားတာလား"

"ဟုတ်တယ်၊ ငါ အခု ကုမ္ပဏီတွေမှာ မလုပ်တော့ဘူး။ ဒီမြို့သစ်က မြို့ထဲနဲ့လည်းဝေးတယ်လေ၊ အလုပ်သွားတာ ပြန်တာနဲ့ပဲ အချိန်ကုန်နေမှာ၊ အခု အိမ်မှာပဲ ဆိုင်ဖွင့်တယ်။ ပြီးတော့ မေကြီးကို အကျိုကူချုပ်ရင်း ဒီနားက ကလေး လေးတွေကိုလည်း ဂိုက်လုပ်ပေးသေးတယ်ဆိုတော့ မဆိုး ပါဘူး၊ အဆင်ပြေတယ်"

ဂိုက်လုပ်တယ်ဆို၍ သူ ရင်နင့်သွားသည်။ သူမဟာ သူတစ်ပါးကို သင်ပြဖို့ဆို စိတ်မှမရှည်တတ်တာ သူ အသိဆုံး လေ။ တခြားသူမပြောနဲ့ သူမရဲ့မောင်အရင်း ခန့်ငယ်ကိုတောင် သူမ စိတ်မရှည်ခဲ့။

အခုတော့ ခန့်ငယ် ကျောင်းစရိတ်အတွက် ရုန်းကန် နေရပုံပင်။

"မေကြီးရေ ဇေရင့် ပါလာတယ်"

"ဩော် ... လာလေကွယ်၊ သမီးရေ နောက်ဖေးမှာ ဟင်း အိုးသွားကြည့်လိုက်ဦး၊ ဩော် ... ညှေ့သည် လာတယ် ကော်ဖီလုပ်ပါဦး"





မေကြီးဆီမှ ဧည့်သည်ဟူသော အသုံးအနှုန်းကြောင့် ဇေရင့်မျက်နှာပျက်သွားသလို တမင်ထည့်သုံးလိုက်တဲ့ ဒေါ်စကားဝါ ခမျာမှာလည်း ရင်ထဲမကောင်းပါ။ နောက်ဘက်မှ မြင့်မိုရ်ရဲ့ အသံ စာစာထွက်လာသည်။

"ဒီကလေးဟာလေ ထမင်းစားလိုက်ပြန်ပြီ၊ ဒီက သူ့ဖို့ ကြက်သားဟင်း သွားဝယ်တာတောင် မစောင့်ဘူး"

"မဝယ်ပါနဲ့လို့ပြောသားပဲ မရာ"

ထို့နောက် မြင့်မိုရ်က ကော်ဖီဇန်းလေးကိုင်ပြီး ထွက် လာသည်။ သူမနောက်မှာ ကိုစိုင်း။

"ကော်ဖီသောက်ပါဦး ဇေရင့်၊ ဩော် ... မေကြီး ဇေရင့် ကလေ သမီးနဲ့ကိုစိုင်း လက်ထပ်တော့မယ် ဆိုတာကို မယုံဘူးဖြစ်နေတယ်"

ဒေါ်စကားဝါက သက်ပြင်းချလိုက်ပြီး ကိုစိုင်းက တော့ ခေါင်းငုံ့ကာပြုံးနေသည်။

"ဟုတ်တယ် ဇေရင့်ရေ၊ အန်တီလည်း သူ့ကို စိတ်ချသွား ချင်ပြီ၊ ပြီးတော့ တင့်တောင်းတင့်တယ်လည်း ဖြစ်စေချင် ပြီ၊ အငယ်ကောင်အတွက်က မပူရတော့ဘူး၊ ဘာပဲဖြစ်ဖြစ် သူ့မှာ ဆရာဝန်ဆိုတဲ့ ပိုင်ဆိုင်မှုလေးတော့ရှိသွားပြီလေ၊ သူ့အတွက်ပဲ စိတ်ပူတာ၊ ခုတော့ စိတ်အေးရပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... အန်တီကိုယ်တိုင် သဘောတူတာပေါ့"

"မတူစရာမှ မရှိဘဲကွယ်၊ ကိုစိုင်းဆိုတာလည်း ကိုယ့်သား လေးလိုဖြစ်နေတာပဲလေ"

"ကိုစိုင်း ... မင်းက မြင့်မိုရ်ကို"

"စိတ်ချပါ ကိုဖေရင့်၊ ကျွန်တော် မ စိတ်ချမ်းသာအောင် ထားမှာပါ"

သူက အရှုးကြီးလား။ သူမတို့အိမ်ပေါ်မှာ တစ်ယောက်တစ်မျိုးဝိုင်းပြောနေကြတဲ့ စကားတွေက သူ့ကို မီးစတွေနှင့်ဝိုင်းထိုးနေသလိုပါလား။

"မြင့်မိုရ် ... နင် ... နင်"

"ငါ့ကို ခွင့်လွှတ်ပါ ဖေရင့်၊ ဘာကြောင့်လဲဆိုတာကို ဘယ်တော့မှ မမေးပါနဲ့တော့နော်"

"ဩော် ဟော် ... ကောင်းတာပေါ့၊ ပေးစရာအကြောင်းပြချက်မရှိတဲ့ အဖြေမရှိတဲ့မေးခွန်းကို ငါ မမေးပါဘူး၊ ဒါပေမဲ့ ငါကတော့ အဖြေကိုသိတယ် မြင့်မိုရ်ရဲ့၊ ဒါဟာ 'နင် ငါ့ကို **သစ္စာဖောက်ခြင်း**'ပဲ"

•○•





## ဇာတ်လမ်းကြောင်းလမ်းပြီးစီးခြင်း

..................

..................

..................

မောင်ဖေရင့် + မမြမြလွင်

သူမ သတင်းစာကိုင်ပြီး အရူးတစ်ယောက်လို အော်ဟစ်ရယ်မောမိ၏။

"သနားတယ် ဖေရင့်၊ နင့်ကို ငါ သိပ်ကိုသနားတာပါ၊ ငါ့ချစ်သူလေးရယ် ... နင် ... နင် မြမြကိုမချစ်တာ ငါသာ အသိဆုံးပါ။ နင့်အမေကြောင့် ပြီးတော့ သိက္ခာသာချမ်းသာတဲ့ မေကြီးရဲ့ သိက္ခာတရားကို လာထိုးနက်တာတွေကြောင့် ငါ နင့်ကို ငါ့အသည်းဟက်တက်အကွဲခံပြီး စွန့်စက်လိုက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကိုဖတ်ပြီး တတွတ်တွတ်ရွတ်နေတဲ့ သူမကို မေကြီးက မျက်နှာလွှဲသွားသည်။

သူမက မေကြီး မသိဘူးအထင်နဲ့ သူမရဲ့စာအုပ်ဆိုင်လေးထဲမှာ လွတ်လပ်စွာပေါက်ကွဲနေတာပါ။ တိုက်ဆိုင်ချင်တော့ ဒေါ်စကားဝါကလည်း သူမကို အပ်ချည်လုံးဝယ်ရမည့်စာရင်းလာပေးတာ မနက်ဖြန် ဖေရင့် ကျောင်းပိတ်ရက်မို့ မြင့်မိုရ် မြို့ထဲ စာအုပ်သွားဝယ်ရင် အပ်ချည်ပါ တစ်ခါတည်းဝယ်ခိုင်းဖို့ပါ။

သူမရဲ့ ရင်ထဲမှာလည်း သမီးလေးအတွက် မချိတင်ကဲဖြစ်ရ၏။ ထိုအကွက်ထဲဝင်အောင် ဖန်တီးခဲ့သော ဒေါ်သိန်းတစ်ယောက်တော့ ပျော်နေမလားမသိ။ သိက္ခာတရားကို တန်ဖိုးထားသော သူမတို့မှာတော့ သိက္ခာအတွက် ခဏတာစိတ်သောကခံစားကြရသည်။ သမီးလေးအတွက်က တစ်သက်တာသောကပင်ဖြစ်သွားနိုင်သည်။

မျက်ရည်စကို အင်္ကျီလက်နားစဖြင့် တို့သုတ်ပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။

သူမတို့ဘက်မှာ ဒီလောက် မြင့်မိုရ် ရှုးနေရသော်လည်း ...

သတင်းစာဖတ်လေ့မရှိသော ဖေရင့်ခမျာတော့ သူ့စေ့စပ်ပွဲသတင်းပင် မသိရှာပေ။





ဖေရင့် အခုချိန်မှာ ပိုတောင်သိမှာမဟုတ်။ ဘာဖြစ်လို့လဲဆိုတော့ အိပ်ခန်းထဲ ခေါင်းငိုက်စိုက်ကျကာ မူးယစ်ရီဝေလို့။ တစ်ခါမှမသောက်ဘူးတဲ့ အရက်ဆိုတဲ့အရသာကို အာရုံခံလို့ စီးကရက်တို့တွေက ပြာခွက်မရှိစွာ မွစာတက်လို့။

အခန်းထဲမှာ ရှိရှိသမျှ အရာရာတိုင်းဟာ နေရာတကျမရှိခြင်းများစွာကြီးစိုးလို့။ ဒါဟာ သူနှင့် သူမရဲ့ ပျက်စီးကြေမွသွားတဲ့ အချစ်တဲ့လားကွယ်။

သူ့ရဲ့အခန်းတံခါးပိတ်ကာ ပျက်စီးလေလွင့်နေတာကို သူ့မိခင်ကတော့ သိမည်မထင်။

တစ်နေကုန် စူပါမားကတ်မှာထိုင်ပြီး အိမ်ရောက်တော့လည်း သူက အခန်းထဲမှာသာနေသဖြင့် သူမ အတွေးနှင့်သူမ မနှောင့်ယှက်ပါ။

ပြီးတော့ မြမြနှင့် စေ့စပ်ထားတာကိုလည်း အသိမပေးသလို သူ့သား သတင်းစာမဖတ်ကြောင်း စိတ်ညစ်ကာအခန်းအောင်းနေကြောင်းလောက်သာ နားလည်သောမိခင်ဖြစ်သည်။

အရာရာဟာ အံဝင်ခွင်ကျမရှိနေတာကိုလည်း မျက်နှာလွှဲခဲပစ်မသိချင်ယောင်ဆောင်နေခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း မြမြ အိမ်မှာ အဝင်အထွက်များလာကာ ဒေါ်သီရိနှင့် ပို၍ပင် ပုလဲနံ့သင့်လာသည်။

တစ်ရက် မြမြ အိမ်ကိုအလာ သူကလည်း အခန်းထဲမှအထွက်နှင့် တိုးသည်။

"ဟင် ... ကိုဇေရင့် ဘာပုံကြီးလဲ"

မုတ်ဆိတ်တို့ ထိုးထိုးထောင်ထောင် ဆီမရှိတဲ့ဆံပင်ဘုတ်သိုက်က ဖိုးရိုးဖားလား စွပ်ကျယ်ချိုင်းပြတ်နှင့် ပုဆိုးကလည်း ခါးပုံစတစ်တောင်လောက်ကျကာ ဖိုသီဖတ်သီဝတ်ထားလိုက်သေး။

မြင့်ကြည့်ရရင် ဇေရင့်ပုံစံက စုတ်ပြတ်ကာ ဇေရင့်မှ ဟုတ်ရဲ့လားဟုပင်။

"ဘာပုံလဲဆိုတော့ အသည်းကွဲနေတဲ့ပုံလေ ... ဟား ဟား၊ မမြင်ဖူးရင် ကြည့်ထားကြ ရည်းစားပစ်တဲ့ပုံ သစ္စာဖောက်ခံရတဲ့ပုံ"

"ဟာ ... မဟုတ်သေးပါဘူး ကိုဇေရင့်ရာ"

"ဟုတ်တာ မဟုတ်တာ နင်နဲ့ဘာမှမဆိုင်ဘူး၊ လုံးဝမဆိုင်ဘူး၊ ဆိုင်တာက အေ့ ... ဆိုင်တာက ဘယ်သူပါလိမ့် ဪ ... မိုရ် ... မိုရ် ... မြင့်မိုရ်၊ မြင့်မြတ်မိုရ် သူနဲ့ဆိုင်တယ်"

"ကိုဇေရင့် မူးနေတာလား"





"မူးတာပေါ့ မူးတယ် စိတ်ညစ်ညစ်နဲ့ သောက်တယ်၊ သောက်တော့မူးတာပေါ့၊ အရက်က သစ္စာရှိတယ်လေ"

မြမြခမျာ ငိုခမန်းဖြစ်နေရှာသည်။ ဇေရင့်ကတော့ မူးမူးနှင့် ပြောချင်ရာပြောနေသည်။ မြမြတစ်ယောက် ဒေါ်သီရိကို ခေါ်ပြရတော့သည်။

"အန်တီ ... အန်တီ လာပါဦး ကိုဇေရင့်ကို လာကြည့်ပါဦး"

တစ်အိမ်တည်းနေ မိခင်ခမျာ ထိုအခါမှပဲ ရင်ဘတ်စည်တီး ငိုမြည်းကာ ...

"သားလေး ဇေရင့်ရယ် ... ဘယ်လိုဖြစ်နေတာလဲ၊ မေမေ့ကိုသာ သေအောင်သတ်လိုက်ပါတော့လား ဟမ်"

"မငိုပါနဲ့ မေမေ မငိုနဲ့၊ သားပဲငိုမယ်၊ မြတ်မြင့်မိုရ်လေ သစ္စာမရှိတဲ့ကောင်မ သားကို သစ္စာဖောက်သွားတယ် မေမေရာ၊ သားက ဟိုကောင်လေးလောက် မချမ်းသာလို့လေ ... ဟား ဟား ... ဟီး အီး"

ဒေါ်သီရိ ခုမှ ရင်ကွဲပက်လက်ဖြစ်ရတာပါ။ မြမြကလည်း ဇေရင့်ပုံစံကြီးကို ကြည့်ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေရှာသည်။

မြမြကိုလည်း အားနာနေပုံရသည်။

"မြမြ သမီးရယ် ... အန်တီ ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ ကိုယ့်သားက အချိုးမပြေတော့လည်း"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အန်တီ၊ မြ သဘောထားကြီးပေးနိုင်ပါတယ်

ဒါပေမဲ့ ဒီပုံစံအတိုင်း ဆက်သွားလို့တော့မဖြစ်ဘူး"

"အန်တီ ဆုံးမပါ့မယ် ... ""ရယ်"

"မေမေ"

"ဘာလဲ သား"

"သားကို မိန်းမတောင်းပေးပါ၊ ရှိသမျှ စည်းစိမ်ပုံပြီး တောင်းပေးပါ မေမေ"

"အေး ... တောင်းပေးမယ် စိတ်ချ၊ မကြာခင် မင်းကို အိမ်ထောင်ချပေးမှာ"

မူးရူးနေသော သားဖြစ်သူကို နှစ်သိမ့်ပြီး ...

"ကဲ ... မြမြရေ အန်တီတော့ သမီးမေမေဆီလာပြီး မင်္ဂလာပွဲအတွက် တိုင်ပင်ရဦးမယ်"

မြမြကတော့ ကိုဇေရင့် ဘယ်သူ့ကို တောင်းနိုင်းသလဲဆိုတာ သဘောပေါက်နေပါပြီ။ ဒေါ်သီရိလည်း သိရက်သားနဲ့ ဖွက်စီစဉ်တော့မှာပါ။

ဒါကိုလည်း မြမြ သိရက် ဝမ်းသာမိသည်။

လူဆိုတာ အတ္တမျိုးနွယ်ပေမို့ 'ငါ'ဆိုဟာကိုတော့ အနည်းနဲ့အများ ကိုးကွယ်ကြတာပါပဲလေ။

'ငါ'ပြီးမှသာ ဝေမျှနိုင်တာမို့ မြမြလည်း 'ငါ'ကို ဒီတစ်ခါတော့ အပြည့်အဝကိုးကွယ်ပြီး ...





မြမြ သူ့ကို ချစ်သည်။ သူ့ကိုသာ ပိုင်ဆိုင်ရရင် မြမြဘဝ ပြီးပြည့်စုံသလို ခံစားရသည်။

"ခွင့်လွှတ်ပါ မြင့်မိုရ်ရယ်"ဟုသာ တိတ်တိတ်က လေး တောင်းပန်ရင်း ...

ကိုဇေရင့်က သူ့အခန်းထဲပြန်ဝင်သွားသည်။ ဒေါ်သီရိ မြမြကို ...

"သမီး မင်္ဂလာပွဲကို ဘယ်မှာလုပ်ချင်လဲပြော၊ အားလုံး သမီးစိတ်တိုင်းကျ ဖြစ်စေရမယ်"

"ကိုဇေရင့်ကို ပိုင်ဆိုင်ရတာနဲ့တင် သမီး ပျော်နေပါပြီ အန်တီ၊ အန်တီ့ကို အမေရင်းလိုသဘောထားပြီး ပြောပြတာပါ၊ အန်တီ ကြိုက်သလိုစီစဉ်ပါ ရပါတယ်"

ဒေါ်သီရိကို စကားလုံးလှလှလေးတွေပစ်ပြီး ချုပ်ထားလိုက်သည်။ သူ့မဘက်မှာ ဇေရင့်မရှိသရွေ့ ဒေါ်သီရိကို ရအောင်ပေါင်းရမည်လေ။ ဘာပဲဖြစ်ဖြစ် ချစ်သူကို ပိုင်ဆိုင်ရဖို့ သာအဓိက။

တကယ်တော့ မြမြဟာ အချစ်ကို ကိုးကွယ်သော ပန်းတစ်ပွင့် ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း"

"ဟာ ... လေးလေး"

ကိုစိုင်း လေးလေးကိုတွေ့တော့ စိတ်နည်းနည်းညစ်သွားသည်။ သူ လေးလေးကို မတွေ့ချင်။ ခုချိန်မှာ သူ့ဟာသူ ဝေဒနာတွေပြည့်နေရှာတဲ့ မမိုရ်ကို လေးလေးကြောင့် ဝေဒနာတွေ ထပ်မရစေချင်တာ သူ့ရင်ထဲက အဖြူဆုံး စေတနာတွေပါ။

ကိုဇေရင့် လာတုန်းကလည်း သူ့မှာ ဗီလိန်ဇာတ်ကို စိတ်မပါဘဲ ဝင်က,ပေးရသေးသည်။ ဪ ... လူ့ပ်လိုက်သမျှ အရာရာတိုင်းက ရင်နာစရာတွေအပြည့်။

ခုလည်း လေးလေးတစ်ယောက် ဘာတွေညွှန်ကြားဦးမယ်လဲမသိ။ စိတ်ညစ်စွာ ခေါင်းကုတ်မိရင်း ...

"မင်းကလည်းကွာ ငါ့ကို Report လေးတောင် မတင်ဘူး။ ပြောပါဦး အခြေအနေ ဘယ်အဆင့်မှာရှိလဲ"





"လေးလေးရာ လေးလေးကိုယ်တိုင် မချစ်တဲ့မိန်းမတစ်ယောက်ကို ဘာလို့ အချိန်တွေကုန်ခံနေရတာလဲ လေးလေး၊ လောကကြီးကို တရားသဘောနဲ့ကြည့်ရင် ဘာမှ မတည်မြဲပါဘူး လေးလေးရဲ့၊ အချဉ်ရည်စွန်းသွားတဲ့ အင်္ကျီတစ်ထည်ကို လေးလေး စွန့်ပစ်လိုက်ရလို့ ဘာမှ မဖြစ်သွားပါဘူး၊ အဲဒီအဖြစ်အပျက်ကို မေ့ပစ်လိုက်ရလို့လည်း လေးလေး ပိုပြီး မဆုံးရှုံးသွားပါဘူး၊ မေ့လိုက်ပါတော့ဗျာ၊ တကယ်တော့ သူတို့မိသားစုဟာ ဘဝကို ကြုံကြိုခံပြီး သမာသမတ်ကျကျ တည်ဆောက်နေကြတာပါ၊ သူတို့မှာ ယုတ်မာလိုစိတ် တစ်စက်ကလေးတောင် မရှိကြဘူး၊ မမိုရ်ကိုယ်စား ကျွန်တော်ပဲ ကြားဝင်တောင်းပန်ပါတယ်"

လေးလေးက သူ့လက်ထဲက Mobile Handset လေးကိုလှည့်ပတ်ကစားရင်း ...

"လေးလေးက သူမကို တကယ်ချစ်တာရော မဖြစ်နိုင်တော့ဘူးလား"

"မဖြစ်နိုင်ဘူး၊ ဘာလို့လဲဆိုတော့ လေးလေးရဲ့ပတ်သက်ခဲ့ဖူးလေသော ရည်းစားတွေထဲမှာ လေးလေးရဲ့ သူမလောက် ဘယ်သူမှ Roll မကျဘူး၊ ပြီးတော့ ဒီအဆင့်ကို လေးလေး ဆင်းမယ်မထင်ဘူး၊ လေးလေးလောက် အဆင့်အတန်းခွဲတတ်တဲ့သူကလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား … ရယ်ရတယ်ကွာ၊ လေးလေးကို မင်းက တရားပြနေတာပေါ့၊ ကောင်းကွာ၊ လေးလေးက သူ့ကို ဘုရားပေါ်မှာ စတွေ့တည်းကိုက သဘောကျခဲ့တာပါကွာ ဟား ဟား … မင်းကို သူ့အကြောင်းထဲ ဆွဲထည့်ရတာကျ တော့ လေးလေး လွယ်လွယ်ဝင်လို့မရလို့ ဝင်ပေါက်ဖောက် တဲ့သဘောပဲ၊ You see !"

"ဟာဗျာ"

"ဒါပဲ လေးလေးရဲ့စိတ်ရင်းက ဒါပဲ၊ သူက လေးလေး အတွက် Rollကျစေမှာအမှန်ပဲ၊ ဘယ်လိုမှ ညှိလို့မရနိုင်တဲ့ တန်းပဲ၊ ဒါပေမဲ့ လေးလေးနလုံးသားကတော့ Roll မတွက်ဘူး၊ ညှိစရာတန်း မရှိခဲ့ဘူး၊ လေးလေး သူ့ကို တကယ်ချစ်မိသွားတယ်"

"ဒါပေမဲ့ မမိုရ်က လေးလေးကိုမှ မချစ်တာ"

"ငါ ချစ်ဖို့ပဲလိုတာပါ၊ ငါ သူ့ကိုချစ်တယ်၊ ငါ့နားမှာ သူ ရှိနေရင်ရပြီ၊ အဲဒီအတွက် ငါ့ဘက်က သူ့ဘဝတစ်ခုလုံး ဆွဲမြှင့်ပေးမယ်၊ လိုလေသေးမရှိတဲ့ ဘဝမျိုး ဖြစ်အောင် ဖြည့်ဆည်းပေးမယ်လေ မရဘူးလား"

"လေးလေး အယူအဆကြီးက အပေးအယူ မဆန်ဘူးလား"





"လောကကြီးမှာ အရာရာတိုင်းက အပေးအယူချည်းပဲ ကိုစိုင်း"

"လေးလေး ထင်သလိုဆိုရင် အချစ်ဆိုတာ ဘယ်ရှိတော့မှာ လဲ၊ လေးလေးက မမိုရ်ကို ငွေနဲ့ပေါက်ဖို့စဉ်းစားနေတာကိုး၊ ဖြစ်တတ်ပါတယ်၊ လေးလေး လောကမှာ ငွေအပေါ်ဆုံး ဆိုတဲ့လူတွေက အရာရာကို ငွေနဲ့သိမ်းပိုက်ချင်ကြတယ်၊ ဒါပေမဲ့ မမိုရ်တို့မိသားစုအတွက်တော့ ငွေလိုပုံမရဘူး၊ သူတို့က သူတို့ရဲ့ဘဝကို မြူစင်တဲ့စိတ်နဲ့ တည်ဆောက်ထား ကြတယ်၊ ငွေအတွက် လက်ထပ်မယ့်သူတွေထဲမှာ မမိုရ် မပါနိုင်ဘူး၊ အဲလိုပဲ အန်တီရော ခန့်ငယ်ရော ဘယ်သူ့ကိုမှ စည်းရုံးလို့ရမှာ မဟုတ်ဘူး"

"ဒါဆိုရင် သူနဲ့ ဇေရင့်က ဘယ်လိုဖြစ်တာလဲ၊ လေးလေး သိထားတာကဇေရင့် တခြားတစ်ယောက်နဲ့ စေ့စပ်လိုက် ပြီ"

"ဟုတ်တယ် လေးလေး၊ ကိုဇေရင့်နဲ့ မမိုရ် ပြတ်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ ကိုဇေရင့်မိခင်က မမိုရ်တို့ကို စကား အရာဖြင့် စော်ကားခဲ့လို့ပဲ၊ လူတွေက ခက်တယ် လေးလေး ရဲ့၊ ကိုယ့်ထက်နိမ့်ပါးရင် အဲဒီလူခေါင်းပေါ် နင်းလို့ရပြီ လို့ ထင်တတ်ကြတယ်၊ ကိုဇေရင့်အမေလည်း အဲဒီမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစားထဲမှာပါတယ်၊ ခုတော့ ကိုဇေရင့်နဲ့ မမိုရ် ပြတ်သွားတယ်"

"ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက် ပြတ်ဖို့က အဓိကပဲလေ၊ လေးလေး အခု မြတ်မြင့်မိုရ်အချစ်ကို ရအောင်ကြိုးစားကြည့်မယ်"

"သူ အခုချိန်မှာ သိပ်ပြီးစိတ်အနှောင့်အယှက်ဖြစ်နေမှာလေ လေးလေးရဲ့၊ ထပ်ပြီး စိတ်အနှောင့်အယှက်မပေးပါနဲ့လား"

"ငါ့တူလေးတော့ မြင့်မိုရ်အပေါ် ရိုးသားပါတယ်နော်"

"ဟာဗျာ ... လေးလေးကလည်း အစ်မတစ်ယောက်လိုကလွဲပြီး ဘာမှ မပိုဘူး စိတ်ချ"

"လေးလေးက နောက်တာပါကွာ၊ လေးလေး သူ့ကိုတကယ်ချစ်တာပါ၊ အဲဒီအတွက် လေးလေး ဆက်ပြီးကြိုးစားကြည့်ဦးမယ်"

"ငွေစကားတော့ မပြောမိစေနဲ့ လေးလေးရေ၊ သူတို့ကပိုက်ဆံကိစ္စအပြောခံရရင် အရမ်းကို Seriousဖြစ်ကြတာ"

"အေးပါကွာ၊ ကဲရော ... ငါ့တူလေးဖို့ လက်ဆောင်"

ဆရာဝန်သုံးပစ္စည်းတွေ ထည့်ထားသော အိတ်ထောင်ခုကို လေးလေးက လှမ်းပေးသည်။





"ဒီကိစ္စနဲ့ပတ်သက်လို့တော့ သားကို လက်ဆောင်ပေးဖို့ မလိုပါဘူး လေးလေး၊ ဒါပေမဲ့ ဒီပစ္စည်းတွေက သားအတွက် တကယ်လိုတဲ့ပစ္စည်းတွေဆိုတော့ ဦးလေးနဲ့တူဆိုတဲ့ ပတ်သက်မှုနဲ့ပဲ လက်ခံရလိမ့်မယ်"

"ကိုစိုင်းရာ လေသံတွေက မြင့်မိုရ်တို့နဲ့ တစ်ထပ်တည်းဖြစ်နေပြီကွာ"

"ဟုတ်တယ် လေးလေး၊ အဲလိုလက်ခံရမှ စိတ်သန့်မှာ၊ မဟုတ်ရင် လာဘ်ပေးလာဘ်ယူသဘောမျိုးဆန်နေတယ် ... ဟဲ ဟဲ"

"ခွေးကောင်"

"အဲဒါ လေးလေးတူပဲနော်"

ဦးမြတ်ကိုကိုရဲ့ နပျိုဆဲလက်သီးက အရှိန်ပြင်းစွာ။ သို့သော် လေကိုသာခွင်းလျက်။



www.burmeseclassic.com

www.burmeseclassic.com



ဇရှင့်တစ်ယောက် စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ စိတ်နောက်ကိုယ်ပါခဲ့ပြီ။

ကားသော့ဆွဲကာ အပြင်ထွက်ဖို့ပြင်တော့ မြမြရောက်လာသည်။

"ကိုဇရှင့် ဘယ်သွားမလို့လဲ"

သူ တစ်ခွန်းမှပြန်မဖြေဘဲ ထွက်လာလိုက်သည်။ သူ ကားထဲရောက်တဲ့အထိ မြမြက လာရှုပ်နေတာမို့ ...

"ငါ့ဟာငါ ဘယ်သွားသွား မင်းအပူလား"

ရည်းစားဟောင်းကို တသသဖြစ်ပြီး ရုပ်ပျက်ဆင်းပျက် အသည်းကွဲနေသော သူ့ကို ခပ်ချဉ်ချဉ်ဖြစ်နေသော မြမြကလည်း ...

"ကိုယ့်ခင်ပွန်းလောင်းကို ဒီလောက်တောင် မမေးရတော့ဘူးလား"



"ဘာ ... ဘယ်သူလဲ မင်းခင်ပွန်းလောင်း"

"ကိုဇရှင့်နဲ့ မြ စေ့စပ်ထားတယ်လေ"

"မင်းရူးနေလား မြမြ၊ ဘာစေ့စပ်တာလဲ၊ ဘယ်တုန်းက စေ့စပ်တာလဲ"

"ဩော် ... သတင်းစာထဲမှာ ဒီလောက် တိုင်သိပြည်သိ ကြော်ငြာထားတာတောင် ကာယကံရှင်က မသိတာမဖြစ်နိုင်ပါဘူးနော်"

"ဘာ ... မင်း လာနောက်နေတာလား မြမြ"

"ဒီလိုကိစ္စမျိုးက နောက်စရာမဟုတ်ဘူးလေ ကိုဇရှင့်ရယ်၊ ဒီမှာသတင်းစာ ဖတ်ကြည့်"

မြမြက အသင့်ယူလာသော သတင်းစာကို ထုတ်ပေးလိုက်သည်။ ဇရှင့် မျက်နှာက ပြိုတော့မယ့်မိုးလို ညိုမှောင်ပုပ်ခဲ့လာပြီး ကားပေါ်က ပြန်ဆင်းကာ စူပါမားကတ်ထဲပြေးဝင်သွားသည်။

"မေမေ"

သတင်းစာကိုင်ပြီးရောက်လာကတည်းက ဒေါ်သီရိခြေအနေကို ရိပ်မိလိုက်ပြီမို့ ...

"မေမေ ဒါကဘာလဲ"

"ဘာလဲ သားရယ်၊ အလန့်တကြား"

www.burmeseclassic.com



"ဒီမှာ မေမေ ဒါက ဘာလဲ"

သူ လက်ညှိုးထောက်ပြရာသို့ ကြည့်လိုက်ပြီး ...

"ဪ ... ဒါလား၊ သားကို မြမြလေးနဲ့ နေ့စပ်ပေးထား တာပါ၊ လာ ... လာ သားအိမ်ထဲသွားပြောရအောင်"

ဒေါ်သီရိက ဆိုင်ထဲမှာ ပေါက်ကွဲမခံပါ။ သူ့ကို အိမ်ထဲရောင်အောင် ခေါ်သွားသည်။ မြမြက ပြန်သွားသည်။

"သား"

"မေမေ လုပ်ရက်တယ်"

"မေမေလုပ်တာ သားကောင်းစားဖို့လေ၊ မြမြနဲ့သားက တစ်ဦးတည်းသောသားသမီးတွေ၊ ပြီးတော့ ဂုဏ်ရည်ရာ ပညာတတ်ကလေးတွေ၊ အလုပ်နဲ့အကိုင်နဲ့ အဲဒီအတွက် မေမေ စီစဉ်တာမှားလား၊ ပြီးတော့ မြမြလေးက သားကို ချစ်တာတုန်လို့"

"သား မချစ်နိုင်ဘူး"

"သားရယ် ... သူချစ်ကိုရွေးစမ်းပါ၊ စိတ်ကူးမလွဲစမ်းပါနဲ့"

"ဘာပဲဖြစ်ဖြစ် မေမေ သားကိုတော့ တိုင်ပင်သင့်တယ်"

"သားသမီးအတွက် မေမေ အဲဒီလောက်တောင် ဆုံးဖြတ် ခွင့်မရှိဘူးလား"





"လူတစ်ယောက်ရဲ့ဘဝကို တခြားလူတစ်ယောက် ဝင်ပြီး ဆုံးဖြတ်ပေးတာဟာ တော်တော် အဆီအငေါ်မတည့်တဲ့ လုပ်ရပ်ပဲ မေမေ"

"ဒါပေမဲ့ အဲဒီလို ဆုံးဖြတ်လိုက်တာက မင်း အမေမလေ"

"မေမေ သားကိုတော့ မေးသင့်တယ်"

"ကဲ ... ဒါဆို အခု ဘာလုပ်ပေးရမလဲ၊ ငါ့မျက်နှာကို ဓားနဲ့လှီးပြီး ပြန်ဖျက်ပေးရလား ဧရင့် ဟင်"

"ဝမ်းနည်းပါတယ် မေမေ၊ သား အခု စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းကြောင်း သွားထည့်မယ်"

ပြောပြီးတာနဲ့ ထွက်သွားသော ဧရင့်ကို ဒေါ်သီရိ အော်ခေါ်လိုက်သည်။

"ဧရင့်"

ဧရင့်က လှည့်မကြည့်ဘဲ ကားပေါ်တက်သွားတာ မို့ ...

"ဧရင့် မင်း အဲဒီကြော်ငြာထည့်လိုက်တာနဲ့ နောက်နေ့မှာ ငါ့ဘက်ကလည်း သားအဖြစ်က စွန့်လွှတ်ပြီးသားပဲ"

ဧရင့် ကားကို မောင်းထွက်သွားပြီး သတင်းစာ တိုက်ကို အရင်သွားပြီး ကြော်ငြာသွားထည့်သည်။ ပြီးတော့ မြင့်မိုရ်ဆီသို့ ...



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် သူ့ကို ရှောင်ပြေးသွားခြင်းဟာ ဒီကိစ္စနှင့် ပတ်နေမှာ သေချာပြီ။

သူ သတင်းစာတိုက်မှအထွက် သတင်းစာတိုက်ထဲ ဝင်လာသော မြမြကို တွေ့ရသည်။

"ကိုဇေရင့် တိုက်စွကို ဖျက်သိမ်းကြောင်းလာထည့်တာလား"

"ဟုတ်တယ် ... ဆောရီးပဲ မြမြရယ်"

မြမြက အံတစ်ချက်ကြိတ်ကာ ...

"စေ့စပ်ကြောင်းလမ်းကို ရှင့်ဘက်ကမဖျက်ဘဲ ကျွန်မဘက် ကဖျက်တယ်လို့ ထည့်ပါရစေ ကိုဇေရင့်၊ ဒါဟာ မိန်းက လေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် တောင်းဆိုတာပါ"

ဟုတ်တာပေါ့၊ စေ့စပ်တာကို ဖျက်သိမ်းခံရတဲ့ မိန်းကလေးဆိုရင် သူမရဲ့ဂုဏ်သိက္ခာဟာ ရေထဲမျှောလိုက်သလို ဖြစ်သွားတော့မှာပေါ့။ သူမကို ဒီလောက်တော့ လိုက်လျောပေး ရမှာပေါ့။ ဒါဟာ သူမဘက်မှ အမှားမှမဟုတ်တာ။ ဇေရင့် တရားမျှတပေးလိုက်ပါသည်။

"ရတယ် မြမြ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ကိုယ် တောင်းပန် တယ်၊ ပြီးတော့ ကျေးဇူးလည်းတင်တယ် သိလား"

မျက်နှာလေးမဲ့ကာ အငိုစွက်သောအပြုံးဖြင့် မြမြက သူ့ကို ကြည့်နေပါသည်။





"ရပါတယ် ကိုဇေရင့်၊ မြက ဝန့်ကြွေးပါလာတာကိုး၊ ကိုဇေရင့် စိတ်ချမ်းသာရင် မြလည်း စိတ်ချမ်းသာမှာပါ၊ ကိုဇေရင့် မြင့်မိုရ်ဆီသွားလိုက်ပါ"

"မြမြ မြင့်မိုရ်တို့ ပြောင်းသွားတာ ဒီစေ့စပ်ကြောင်းလမ်း ခြင်းကြောင့်လား"

"မြမြ တကယ်မသိတာပါ ကိုဇေရင့်၊ ပြီးတော့ စေ့စပ်တာ ကလည်း သူတို့ပြောင်းသွားပြီးမှ စေ့စပ်တာလေ"

"ဘာပဲဖြစ်ဖြစ် ကျေးဇူးနော် မြမြ"

"ရပါတယ်"

သူ သတင်းစာတိုက်ကို ကျောခိုင်းမိချိန်မှာတော့ ခြေလှမ်းတို့က လွတ်လပ်ပေါ့ပါးစွာ ချစ်သူဆီသို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဇေရင်က မြင့်မိုရ်ဆီအလာ မြင့်မိုရ်က မြို့ထဲကို စာအုပ်ထွက်ဝယ်သည်မို့ လမ်းမှာ လွဲသွားသည်။ သို့သော် ...

ဇေရင့်နှင့် မဆုံခဲ့သော မြင့်မိုရ်တစ်ယောက် ဦးမြတ်ကိုကိုနှင့် တည့်တည့်တိုးရသည်။ ပန်းဆိုးတန်းလမ်းရှိ Passpost ရုံးကိုလာသော ဦးမြတ်ကိုကိုက လမ်းဘေးမှာ စာအုပ်ထုပ်ကြီးကို မနိုင်မနင်းဆွဲလာသော မြင့်မိုရ်ကိုတွေ့သဖြင့် ကားကို ပြန်ကွေ့ကာ မြင့်မိုရ်နားရောက်သွားသည်။

"မြင့်မိုရ်"

"ဪ ... ဦးမြတ်ကိုကို"

"ဘယ်လာတာလဲ စာအုပ်လာဝယ်တာလား"

မြတ်ကိုကို လက်ထဲက စာအုပ်ထည့်ထားသော အိတ်ကိုကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ်"



"လာလေ ကလေး၊ ကိုယ် လိုက်ပို့ပေးမယ်"

"ရပါတယ်"

"ကိုယ် ကလေးကို ကားတင်မပြေးဘူးလို့ အာမခံတယ် ကွာ၊ လုံးဝ Promise ပဲ၊ လာပါ ပြန်ပို့ပေးမယ်၊ လာပါ ကလေးရဲ့၊ ကိုယ် ကတိပေးပြီးပြီပဲ၊ ကိုယ် ကလေးကို ပြောစရာတွေလည်းရှိလို့ပါ Please"

ဇေရင့် စေ့စပ်သွားသဖြင့် ဦးမြတ်ကိုကို ပြန်မျှော်လင့်နေပုံရသည်။ သူမဘက်ကတော့ သဘောထားမပြောင်းလဲပါ။ သို့သော် မပြောမပြီး မတီးမမြည်မို့ ဦးမြတ်ကိုကိုနဲ့ စကားပြောဖို့ သူခေါ်ရာသို့ လိုက်လာလိုက်သည်။

ဦးမြတ်ကိုကိုက ကော်ဖီဆိုင်တစ်ဆိုင်ကို ခေါ်လာလိုက်သည်။

"ကလေး ဘာရာစီးကော်ဖီ သောက်မလား"

"ဘာပဲဖြစ်ဖြစ်ရပါတယ်၊ ကော်ဖီသောက်ဖို့က အဓိကမှ မဟုတ်တာ"

ဦးမြတ်ကိုကိုကပဲ ဦးဆောင်ကာ ကော်ဖီနှင့်မုန့်တွေ မှာလိုက်သည်။

"ဦးမြတ်ကိုကို ဘာပြောမှာလဲပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဧရာ် ဆေ့စပ်သွားပြီဆိုတော့ ကလေးနဲ့ ဇေရင့် ပြတ်သွားတယ်ဆိုတဲ့သဘောလား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ၊ ကိုယ် စပ်စုရာကျနေပြီ၊ ဒါပေမဲ့ ကလေးတို့က တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်ကြတာလေ"

"ဖူးစာမပါလို့ နေမှာပေါ့"

"ကလေး မပြောချင်ရင်လည်း မမေးတော့ပါဘူး၊ ဇေရင့်နဲ့ ပြတ်သွားတယ်ဆိုတော့ ကလေးကို ကိုယ် ပြန်မျှော်လင့်ချင်တယ်"

"မမျှော်လင့်ပါနဲ့ ဦးမြတ်ကိုကို့ကို မြင့်မိုရ် ငြင်းတာ ဇေရင့်ရှိလို့မဟုတ်ဘူးလေ၊ ဦးမြတ်ကိုကို့ကို လုံးဝ လက်မခံနိုင်လို့ ငြင်းတာပါ"

"ဘာကို လက်မခံနိုင်တာလဲ၊ ဘာကြောင့်လက်မခံနိုင်တာလဲ၊ ကိုယ် ပြင်လို့ရမလား"

"ဦးမြတ်ကိုကိုဘက်မှာ ဘာအပြစ်မှမရှိပါဘူး၊ မြင့်မိုရ်ရင်ထဲမှာ ဦးမြတ်ကိုကို ဘဝဖော်အဖြစ် ဘယ်လိုမှ ခံစားလို့မရလို့ပါ၊ အဲဒါ အမြဲတမ်းအတွက်ပဲ၊ မြင့်မိုရ် ဘယ်တော့မှ ဘာအတွက်မှ လက်ခံမှာမဟုတ်ဘူး"



"ဇေရင့်ကြောင့်လား"

"အဲဒါ မြင့်မိုရ် မသိဘူး၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ တစ်နေ့မှာ မြင့်မိုရ် လက်ထပ်ချင်တဲ့လူတစ်ယောက်ယောက် တွေ့ချင်လည်းတွေ့မှာပဲ မပြောတတ်ဘူး"

"မြင့်မိုရ်ရယ်"

သူက ညည်းတွားသံသဲ့သဲ့ဖြင့် ဆက်ပြောသည်။

"ကိုယ့်မှာ မျှော်လင့်ချက် လုံးဝမရှိတော့ဘူးပေါ့"

"မမျှော်လင့်ချင်ပါနဲ့တော့"

"မြင့်မိုရ် စိတ်ချမ်းသာစေရပါ့မယ်၊ ကဲပါလေ မြင့်မိုရ် ကိုယ့်ကို မိတ်ဆွေလိုတော့ သဘောထားလို့ရတယ်မို့လား"

"ရပါတယ် ဦးမြတ်ကိုကို"

"အိုကေ ... ကိုယ့်ကို အရင်းနှီးဆုံးမိတ်ဆွေဆိုတဲ့ စာရင်းထဲတော့ ထည့်ပေးပါ၊ အကူအညီလိုရင်လည်း အချိန်မရွေး ပြောနော်၊ သူစိမ်းမဆန်ကြေး"

"ကျေးဇူးပါ ဦးမြတ်ကိုကို"

"ပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် ကလေးကို ကိုယ် တကယ် ချစ်ခဲ့တယ်ဆိုတာကို လက်ခံပေးပါ၊ ကိုယ့်ဘဝမှာ မိန်းကလေးတွေ အများကြီးကို တွဲခဲ့ဖူးတယ်၊ နှစ်သက်ဖူးတယ်၊ ဒါပေမဲ့ ကိုယ့်ရင်ဘတ်ထဲ စွဲငြိနေအောင် ဘယ်သူကမှ

www.burmeseclassic.com

www.burmeseclassic.com



မစွမ်းဆောင်နိုင်ခဲ့ဘူး၊ ဒါပေမဲ့ ကလေးကိုတော့ ဘုရားပေါ်မှာတွေ့တွေ့ချင်း ကိုယ် စွဲလမ်းသွားခဲ့တယ်၊ ဒါပေမဲ့ ကိုယ့်ကို ကံကြမ္မာက အခွင့်အရေးမပေးခဲ့ဘူး"

"ဦးမြတ်ကိုကိုလည်း တစ်နေ့နေ့တော့ လက်ထပ်နိုင်မယ့် မိန်းကလေးတစ်ယောက်ယောက်နဲ့ တွေ့မှာပါ"

"ရမှာပါ၊ ဘယ်မိန်းကလေးကိုမဆို လက်ထပ်လိုက်လို့ရမှာပါ၊ ဒါပေမယ့် ကိုယ့်ရင်ထဲက အချစ်တော့ပါမှာမဟုတ်တော့ဘူး"

မြင့်မိုရ်က ခေါင်းညိတ်သည်။ သူမ ကိုယ်ချင်းစာလို့ရလေသည်။ ဘာလို့လဲ ဆိုတော့ သူမလည်း ချစ်သူကို လတ်တလော လတ်လတ်ဆတ်ဆတ်ခွဲခွာလိုက်ရတာကိုး။ အချစ်အတွက် ခံစားရတဲ့ ခံစားချက်ကို ကိုယ်ချင်းစာနားလည်ပေးနိုင်သော်လည်း မနစ်သိမ့်ပေးနိုင်တာကိုတော့ ...

"ပြန်ရအောင် ဦးမြတ်ကိုကို"

"ကော်ဖီတော့ သောက်ပါဦး"

အရာမယွင်းသေးတဲ့ အေးစက်စက်ကော်ဖီခါးခါးတွေကို တစ်ကျိုက်တည်းမော့သောက်လိုက်တော့ တန်ဖိုးကြီးကော်ဖီတစ်ခွက်က အရသာကင်းကဲ့စွာ ...

ကော်ဖီဆိုင်က ထွက်လာတော့ ...





"မြင့်မိုရ်ရှေ့က ကားမှတ်တိုင်မှာ ဆင်းမယ်နော်"

"ကလေးအိမ်က ဘယ်မှာလဲ"

မြင့်မိုရ် မဖြေတော့။

"ကလေးအိမ်ထိလိုက်ပို့မယ်၊ ကလေးအိမ် သိမှာစိုးလို့လား၊ ကိုယ့်ကို မယုံသေးဘူးလားကွာ၊ ကိုယ် မနှောင့်ယှက်ပါဘူးလို့ ပြောပြီးပြီလေ"

နောက်ဆုံးတော့ သူ့ ကားလေးဖြင့် အိမ်ရှေ့ထိရောက်လာသည်။ ငုတ်တုတ်ထိုင်စောင့်နေသော ဇေရင့်က လာကြိုသည်။

"မိုရ် မောင် စောင့်နေတာကြာလှပြီကွာ"

ဟု ရှုသိုးသိုးဖြင့် ဦးမြတ်ကိုကိုဘက်ကိုလည်း မကြည်မသာ ကြည့်လိုက်သေးသည်။ ဘယ်ရမလဲ မြတ်ကိုကိုဆိုသည့်လူစားမျိုးကလည်း အကြောခံတတ်တဲ့ထဲမှာ မပါဘူးလေ။

"ဇေရင့် စေ့စပ်တာ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်၊ လက်ထပ်ရင်တော့ ဖိတ်စာပို့လိုက်ဦးနော်"

"အဟွန်း ... စေ့စပ်ပွဲအကြောင်းဖတ်ရရင်လည်း မနက်ဖြန်သတင်းစာကို ပြန်ဖတ်ကြည့်ပါဦး၊ အဲဒီထဲမှာ သတင်းထူးပါတယ်ခင်ဗျ၊ ဒါပေမဲ့ ဦးမြတ်ကိုကိုဆီ ကျွန်တော်နဲ့ မြမြ မင်္ဂလာဖိတ်စာတော့ ဘယ်တော့မှ ရောက်လာမှာမဟုတ်ဘူး၊ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ ဘယ်တော့မှ လက်ထပ်ကြမှာမဟုတ်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားတွေကို စာအုပ်ထုပ်သယ်ပြီး အိမ်ထဲဝင်သွားသော မြင့်မိုရ် မကြားလိုက်ပါ။

"ဒါဆိုရင်"

"ကျွန်တော်နဲ့ မြင့်မိုရ်ရဲ့ မင်္ဂလာပွဲဖိတ်စာတော့ ပို့လိုက်မယ်"

"မိန်းကလေးတစ်ယောက်နဲ့ စေ့စပ်ပြီး စေ့စပ်ကာပျက်လို့ တခြားတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် အဲဒီမိန်းကလေး ဘက်ကရောစဉ်းစားရဲ့လား၊ မိန်းကလေးနှစ်ယောက်စလုံး လေ"

"တစ်ခါတလေ လက်ထပ်ပြီးမှတောင် သဘောထား မတိုက်ဆိုင်တတ်တဲ့မျိုး ရှိသေးတာပဲဗျာ၊ ခုချိန်ပြင်လိုက်တာက ပိုကောင်းပါတယ်"

အိမ်ထဲဝင်သွားသော မြင့်မိုရ်က ပြန်ထွက်လာတော့ မြတ်ကိုကို ပြန်လာခဲ့လိုက်သည်။ ဇေရင့်က စေ့စပ်ပွဲတောင်ပျက်သွားပြီဆိုမှတော့ သူ့အတွက် ဘာယ်လိုမှုကို အခွင့်အရေးမရှိနိုင်တော့။ အပြန်လမ်းတစ်လျှောက်မှာ သူ့မှာ ဘဝတစ်ခုပြန်မပါလာတော့သလို ခံစားရသည်။ ဟင်းလင်းပြင်ရင်ဘတ်ထဲကလည်း စူးစူးရှရှ နာကျင်နေသည်။



မြင့်မိုရ်က အသစ်ဝယ်လာသော စာအုပ်တွေကို ချုပ်နေသည်။ ကတ်ကြေးတွေ ဖလင်ကော်ပြားတွေ ကြိုးတွေဖြင့် ရှုပ်ယှက်ခတ်နေသည်။

ဇေရင့်ကို မကြည့်မိအောင်လည်း ကြိုးစားနေသည်။ ဇေရင့်က အရင်ဇေရင့်နဲ့ တခြားစီဖြစ်သွားသည်။

ပိန်ပြီး ပါးရိုးတွေကျကာ မုတ်ဆိတ်ကျင်စွယ် ဗရပွစ်နှင့် ဒီရက်ပိုင်းလေးမှာ ဒီလောက်ပျက်စီးသွားရသတဲ့လား ချစ်သူရယ်။

ဇေရင့်က မြင့်မိုရ်နားမှာ လာရပ်သည်။ မော့မကြည့်ချင်ပါ။ ချစ်သူရဲ့ အသည်းကွဲနေတဲ့ စိတ်ညစ်စရာကောင်းတဲ့ပုံကို မော့မကြည့်ချင်ပါဘူး ချစ်သူရယ်။

"မိုရ်"

ဇေရင့်က ဖလင်ကော်ပြားညှပ်နေတဲ့ သူမရဲ့ ကတ်ကြေးကိုင်လက်ကို ခပ်ဖွဖွ လာဆုပ်ကိုင်လိုက်ပြီး ...

"ပေး ... မောင် ညှပ်ပေးမယ်"

"ဇေရင့်"

"ရှူး ... ဘာမှမပြောပါနဲ့လား မိုရ်၊ မောင်လည်း ဘာမှ မပြောဘူး၊ မောင် အလုပ်တွေ ဝိုင်းလုပ်ပေးမယ် လာ"

www.burmeseclassic.com

www.burmeseclassic.com



သူက စာအုပ်တွေ ဝိုင်းချုပ်ပေးသည်။ တိတ်ဆိတ်ငြိမ်သက်လို့။ ထို့နောက် စာအုပ်ငှားသူအချို့ ဆိုင်ထဲရောက်လာတော့ မြင့်မိုရ်ကို ငေးကြည့်ရင်း ချုပ်ပြီးသားစာအုပ်တွေကို စင်ပေါ်မှာ စနစ်တကျ စီပေးနေလိုက်သည်။

ထို့နောက် မြင့်မိုရ်ကလည်း စာအုပ်တွေ နေရာရွှေ့လိုက်၊ ထပ်လိုက် စီလိုက်ဖြင့် အလုပ်ရှုပ်ချင်ယောင်ဆောင်နေခဲ့သည်။

"မိုရ်"

မြင့်မိုရ် ပြန်မထူးသလို လှည့်လည်းမကြည့်ပါ။

"မိုရ် မောင် မိုက်ဆာလို့ ထမင်းကျွေးပါလား၊ ဘာဟင်းရှိလဲ"

မြင့်မိုရ်က အဲဒီလက်ရာကို သူ အရမ်းကြိုက်သည်လေ။

"မိုရ်မောင့်ကို စကားတောင်မပြောချင်တော့ဘူးလားဟင်"

"မဟုတ်ပါဘူး ပြောစရာမှမရှိဘဲ ဧရင့်ရယ်"

"မိုရ် မောင် တော်တော်စိတ်ဆင်းရဲခဲ့တာ သိလား၊ မှုဒီမနက် သတင်းစာကိုတွေ့မှ ဒါတွေဟာ မေမေ့စနက်ဆိုတာ ချက်ချင်းသိပြီး မိုရ်ဆီ ရောက်လာခဲ့တာ၊ မေမေ တစ်ခုခုပြောခဲ့တယ်မို့လား မိုရ် ပြောပါဦး"



"တစ်ခုခုပြောခဲ့တာမဟုတ်ပါဘူး၊ ကျွန်မတို့မိသားစုရဲ့ဂုဏ်သိက္ခာကို လှလှပပကလေး ချေမှုခဲ့တာ ကိုဧရင့်ကလေးရဲ့"

"ကိုယ်ထင်တယ် ထင်လိုက်တယ်၊ တောင်းပန်ပါတယ်မိုရ်ရယ်၊ အဲဒီအတွက်တော့ ကိုယ့်ကို မမုန်းပါနဲ့ကွာနော်၊ ကိုယ့်ရုပ်ကိုလည်းကြည့်ပါဦး မိုရ်ရယ်၊ မိုရ်မရှိရင် ကိုယ်မရှင်သန်ရဲတော့ဘူး၊ မိုရ် ကိုယ့်ဘေးမှာ မရှိလို့မဖြစ်ဘူး၊ အဲဒါ အသေချာဆုံးပဲ မိုရ်၊ ကိုယ်တို့ လက်ထပ်ရအောင်"

မြင့်မိုရ်က ခေါင်းကို သွက်သွက်ခါအောင်ယမ်းရင်း ...

"ဟင့်အင်း ... ရှင့်ကို လက်ထပ်ရင် ရှင့်အမေရဲ့အပြောအဆိုတွေကို တစ်သက်လုံး ခံရမှာပေါ့ ဧရင့်ရယ်၊ ငါက ပိုက်ဆံမချမ်းသာပေမယ့် ထိုက်သင့်တဲ့မာနလေးတော့ ချမ်းသာပါတယ်"

"မင်းရဲ့ အသုံးမကျတဲ့မာနကြီးကို တစ်သက်လုံး ဖက်တွယ်ထားမလို့လား"

ဧရင့်လည်း စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်မိပြီ။

မြင့်မိုရ်မျက်နှာက မာနရောင်ဖြင့် လက်လက်ဖြာသွားကာ ...

"ဟုတ်တယ်၊ ငါက မာနကို တန်ဖိုးထားတယ်၊ ငါတို့က မာနနဲ့ပဲ ရှင်သန်နေရတာကို၊ နင်တို့လို ပိုက်ဆံကို ထိုင်ရှိခိုးတတ်တဲ့သူတွေနဲ့ မပတ်သက်ချင်လို့ ကိုယ့်ဘာသာ

www.burmeseclassic.com



သီးသန့်လာနေတာ ဘာလို့ လာပတ်သက်နေသေး
ဒီမှာ ဇေရင့် နင် အခုတော့ ပြန်တော့၊ ထပ်မှာလိုက်ဦးမေ
နောက်ကိုလည်း ဘယ်တော့မှ မလာနဲ့တော့”

မြင့်မိုရ် မျက်နှာထားကိုကြည့်ပြီး သူ လန့်သွား
စားလက်စ ထမင်းပန်းကန်ကိုချပြီး မြင့်မိုရ်နား ရောက်လာသည်

“မိုရ်ကလည်းကွာ မောင်က ဒေါသဖြစ်ပြီးပြောလိုက်တာ
မောင်က မိုရ်ကို ချစ်လွန်းလို့ မခွဲနိုင်ဖြစ်နေတဲ့အ
မိုရ်က အေးစက်စက်လုပ်ပြတော့ မောင့်ကို မချစ်ဘူး
ပြီး ပြောလိုက်မိတာပါ၊ စိတ်မဆိုးနဲ့နော်”

မြင့်မိုရ် စုပုပ်ပုပ်ဖြစ်နေတော့ သူက အသည်း
ပြီး နှာခေါင်းကိုဆွဲဖျစ်ကာ ပိတ်ထားလိုက်သည်။

“ဖယ်”

သူ့လက်တွေကို ရိုက်ထုတ်နေသော မြင့်မိုရ် လ
ကလေးကို ဆွဲယူဖျစ်ညှစ်လိုက်ကာ ...

“မောင်လွမ်းနေတာ သေတော့မယ် သိလား”

ဟု ဆွေးဆွေးမြည့်မြည့် ရေရွတ်နေသည်။ မြင့်
ဘာကို ဆုံးဖြတ်ရမလဲကွာ။ သေချာတာကတော့ မြင့်မိုရ် သူ့
တဏှာချစ်တယ်လေ။





ညဘက်က တစ်ညလုံး သူ့အကြောင်းစဉ်းစားပြီး အိပ်မပျော်။ မနက်အိပ်ရာထချိန်မှာ လူက ငြီးစီစီဖြစ်နေသည်။ မနေ့က ညရှစ်နာရီ စာအုပ်ဆိုင်ပိတ်မှ ပြန်သွားသောသူဟာ ဒီမနက် ရှစ်နာရီထိုး ဆိုင်ဖွင့်ချိန်မှာ ဆိုင်ရှေ့ရောက်နေခဲ့ပြီ။ မေကြီးကတော့ လူငယ်တွေကြားကို ဘာမှ ဝင်မပြောဘဲ မသိ လိုက် မသိဘာသာ နေပေးပါသည်။

ဇေရင့်နဲ့ ဝေးကွာနေချိန်တွေမှာ သူမ ဘယ်လောက် ရူးသွပ်လွမ်းဆွတ်နေသလဲဆိုတာ သိနေသော မေကြီးက ဇေရင့်ကို လည်း သားတစ်ယောက်လို ချစ်ရင်းစွဲရှိပြီးသားမို့ ဒေါ်သီရိကို စိတ်ပျက်သော်လည်း ဒေါ်သီရိသားကိုတော့ ဇေရင့်အဖြစ် မြင်ပေး နိုင်တာမို့ ...

ဒီနေ့တော့ ဇေရင့်က ကားမယူလာတော့။ စာအုပ် ဆိုင်ဝိုင်းဖွင့်ပေးရင်း သူမဘက်ကို အရိပ်လိုကြည့်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာလာတော့ သူက မသိမသာ မျက်နှာလွှဲသွားသည်။ မြင့်မိုရ်က ကော်ဖီသွားဖျော်လာပြီ။

"မေရင့် ဘာစားပြီးပြီလဲ"

"မစားရသေးဘူး၊ ကိုယ် ကော်ပြန့်စိမ်းဝယ်လာတယ်၊ ဒီရောက်မှ မိုရ်နဲ့အတူစားမလို့"

မေရင့်က သူမကို သူမ သိပ်ကြိုက်သော ကြက်သားကော်ပြန့်စိမ်းနှင့် စတင်ဖြားယောင်းသည်။

မေရင့်ကိုယ်တိုင် ပန်းကန်နှင့် ခွန်းသွားယူပြီး ကော်ပြန့်စိမ်းထည့်ပေးသည်။ မေကြီးဖို့က တစ်ခု။

ပြီးတော့ ကော်ပြန့်စိမ်းထဲက ငုံးဥကလေးဆံယယူကာ ...

"မိုရ် ဟ၊ ကိုယ် ခွံ့ကျွေးချင်လို့"

မြင့်မိုရ်က ပါးစပ်ဟာမလို့ပြင်ပြီးမှ မျက်ဝန်းအကြည့်ထောင့်စွန်းက သတင်းစာပေါ်ရောက်သွားသည်။

"သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ဘုရားရေ ...

"မေရင့်"

"ကိုယ် အခု သူဌေးမဟုတ်တော့ဘူးနော် မိုရ်၊ ကိုယ့်လိုငမွဲလေးကို ပစ်မထားပါနဲ့နော်"



"ဟင့်အင်း ... မေရင့်၊ နင့်ကို ငါ လက်မခံဘူး၊ ငါ့အတွက် နင့်ကို နင့်အမေက အမွေပြတ်တယ်ပေါ့၊ ရယ်စရာတော့ကောင်းသားပဲ မေရင့်၊ ငါနင့်ကို လက်ခံလိမ့်မယ်လို့ နင်အမေ ထင်နေတာကိုး"

"မိုရ် ကိုယ် ယောကျ်ား၊ ကိုယ် ခံနိုင်ရည်ရှိတယ်၊ မေမေက ကိုယ့်ကို စွန့်လွှယ်တာကို ဝမ်းနည်းတယ်၊ အမွေဖြတ်တာကိုတော့ ဘယ်လိုမှမနေဘူး မိုရ်၊ အဲဒီအတွက်တော့ နောက်မဆုတ်ပါနဲ့၊ ကိုယ်တို့နှစ်ယောက် လက်တွဲပြီး ဘဝကို ရင်ဆိုင်ရအောင် မိုရ်ရယ်နော်၊ မောင့်ကို ပစ်မထားပါနဲ့၊ မရက်စက်ပါနဲ့၊ မောင့်ကို မခွဲခွာသွားပါနဲ့ မိုရ်ရယ်"

သူက အရူးတစ်ယောက်လို တတွတ်တွတ် တောင်းပန်နေသည်။ ကျွန်းလေးတုန်းကအကြောင်းအရာလေးတွေ ပြန်ပြောပြလိုက်၊ တတွတ်တွတ်တောင်းပန်လိုက်၊ သူမကို ကော်ပြန့်စိမ်းတွေအတင်းလိုက်ခွံ့ကျွေးလိုက်နှင့် သူ့မှာ အရူးတစ်ယောက်လိုပင်။

"မေရင့် ... ရှင် ဘာဖြစ်နေတာလဲ"

သူက သူမပခုံးပေါ်မှာ မျက်နှာအပ်လိုက်ရင်း ...

"မိုရ်နဲ့ခွဲရမှာ ကြောက်နေတာ"

မြင့်မိုရ် ချစ်သူကို သနားသွားကာ သူ့ဆံပင်တွေကို ခပ်ဖွဖွသပ်တင်ပေးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျုပ်ကြောင့် အမွေပြတ်တာခံရတဲ့အတွက် ကျုပ်စိတ်မကောင်းဘူး ဧရင့်ရယ်"

"မိုရ် သနားရင် ကိုယ့်နားပဲနေပေးပါ"

"မြမြကရော"

"ဩော် ... မိုရ်ကဇလေ သတင်းစာကို ကျော်ဖတ်တဲ့အကျင့်က မပျောက်သေးဘူး၊ ဒီနေ့သတင်းစာမှာ ကိုယ်နဲ့မြမြစေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းပါတယ်လေ ကြီးဒေါ်ရယ်"

"ဒါဆို အခု အိမ်ပေါ်က ဆင်းလာတာပေါ့"

"အင်း"

"ဧရင့် ဘယ်မှာသွားနေမှာလဲ"

"လောလောဆယ်တော့ အဆောင်တစ်ခုခု ငှားရမှာပေါ့၊ ပြီးတော့ လုပ်စရာအလုပ်တစ်ခုခုရှာရမယ်၊ မိုရ်နဲ့အတူ အနာဂတ်ကိုတည်ဆောက်ဖို့ မောင်ကြိုးစားမှာပေါ့"

"မောင် ပင်ပန်းမှာပေါ့"

"ယောက်ျားပဲကွာ၊ ပင်ပန်းတာများ အဆန်းလုပ်လို့၊ တစ်ခုပဲရှိတယ်၊ မောင် ဘယ်လောက်ပဲပင်ပန်းပါစေ ဒီကောင်မလေးအပြုံးက မောင့်အတွက်ဆိုရင်ရပြီ"

ဒီတစ်ခါတော့ သူတို့နှစ်ယောက်ရဲ့လက်တွဲ ဘယ်တော့မှ ဖြုတ်ပစ်မိမယ် မထင်တော့ဘူးလေ။





"မောင် မှတ်ဆိတ်တွေရိတ်ပါဦး၊ သူ့ကိုယ်သူ တော်တော်လှတယ် ထင်နေလား မသိဘူး"

"အင်းပါ"

"ပြီးတော့ ပိုက်ဆံရောပါရဲ့လား မောင်၊ လောလောဆယ် မြင့်မိုရ်မှာ စုထားတာရှိတယ်၊ ပိုက်ဆံချေးမယ်လေ"

"တော်ပါကွာ၊ မောင့်မှာ ပိုက်ဆံပါပါတယ်၊ ရပါတယ်"

"ဒီက စေတနာနဲ့ပြောတာကို"

"အင်းပါ၊ ကိုယ့်ချစ်သူစေတနာရှိမှန်း သိပါတယ်၊ မောင်ကလည်း တကယ်အဆင်ပြေလို့ပါ"

ထို့နောက် ဧရင့်က သူမကို စိတ်မချဆိုကာ သူမတို့နဲ့ သိပ်မဝေးသော အိမ်ကလေးရဲ့ အခန်းပိုတစ်ခုမှာ ငှားနေသည်။ ထိုအိမ်ဟာ အတိုးအဘွားလင်မယားသာနေတာမို့ သူ့အတွက် အဆင်ပြေလှသည်။ ပြီးတော့ မြို့ထဲက ကုမ္ပဏီတစ်ခုမှာ အလုပ်ရသွားသည်။

သူတို့နေသော မြို့သစ်က မြို့ထဲနဲ့ဝေးတာမို့ မနက်ဆိုအစောကြီး ကားထ,စီးရပြီး၊ ညနေဆိုလည်း အပြန်နောက်ကျတတ်သည်မို့ ဧရင့်နှင့်မြင့်မိုရ်ဟာ တစ်ပတ်တစ်ခါ ဧရင့်ရုံးပိတ်သို့ နားရက်ရမှာပဲ တွေ့ရတော့သည်။

ပင်ပန်းပေမယ့် ဧရင့်တစ်ယောက် တက်ကြွပျော်ရွှင်လို့။ အလုပ်နားသည်ရက်ဆို မြင့်မိုရ်နှင့်အတူ စားသုပ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကူထိုင်ပေး၊ စာအုပ်ဝယ်ရင် လိုက်ဝယ်ပေး၊ စာအုပ်ချုပ်ပေးနှင့် ပျော်နေတာပင်။

လက်ကုန်လို့ လစာထုတ်တော့ မြင့်မိုရ်ဆီ လာအပ်သည်။

"သိမ်းပေးထား၊ မောင်တို့လက်ထပ်ဖို့"

"မောင်သုံးဖို့ ယူထားဦးလေ"

"ယူထားပြီးပြီ"

ထို့နောက်မှာလည်း ဇေရှင်ဟာ ကားဝယ်ရောင်းတွေနဲ့ ဆက်မိပြီး ကားပွဲစားလုပ်လိုက်၊ အိမ်ပွဲစားလုပ်လိုက်နှင့် မြိုးမြိုးမြက်မြက်ကလေး ရလာသည့်အခါလည်းရှိသည်။

တစ်နေ့ လမ်းမှာ ဇေရှင်နှင့် သူ့မိခင် ဒေါ်သီရိတို့ တွေ့ကြသည်။

ဇေရှင်က ကုမ္ပဏီကိစ္စနှင့် အပြင်ကို ခဏထွက်ရတာ ဖြစ်ပြီး ဒေါ်သီရိက နေမကောင်း၍ ဆေးခန်းသွားပြတာပါ။

ဒေါ်သီရိခမျာ တစ်ဦးတည်းသောသားကို ပစ်ထားရသည့်အတွက် တညို့ညို့ တမှိုင်မှိုင်နှင့် သူမဘာသာ စိတ်ထောင်းကိုယ်ကြေဖြစ်ရှာသည်။

သူမ ပစ်ထားသော သူမရဲ့ ချစ်လှစွာသောသားက တော့ တက်ကြွဖျတ်လတ်လို့။

"မေမေ"





"မင်း အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေ၊ မေမေ နေမကောင်းဘူးလား"

"မင်းစိတ်ပူစရာမလိုပါဘူး၊ မဘာက်လိုက်ပြီး မိုက်ဘာက်ပါတဲ့ သူရဲ့ ဂရုစိုက်မှုကို ငါ မလိုချင်ဘူး"

"မေမေရယ် သားအိမ်ထောင်ရေးကိုတော့ သားကိုယ်တိုင်ပဲ ဆုံးဖြတ်ချင်တာပေါ့၊ မြင့်မိုရ်မှာ ဘာအပြစ်ရှိလို့လဲ"

"ရှိတာပေါ့ ငယ်ငယ်တည်းက မင်းကို သိပ်နိုင်စားတဲ့ ကောင်မလေး၊ မင်းကပဲ သူ့ကို အောက်ကျနောက်ကျနဲ့ တမမလိုက်လုပ်နေရတာ၊ ကိုယ့်ထက်သာလို့ မ,ရတယ်ဆိုရင်လည်း ငါ မပြောပါဘူး"

"သူက နိုင်တာမဟုတ်ပါဘူး မေမေရာ၊ သားက ချစ်လို့ လျှော့ပေးထားတာပါ၊ သားက သူ့ကိုအရမ်းချစ်လို့ပါ"

"တော်ပါတော့ ဇေရှင်ရယ်၊ မအေရှေ့မှာ ရွှေမိုးသည်းမနေမ်းနဲ့"

"မေမေ အခု သား ကုမ္ပဏီကခိုင်းလိုက်လို့ ထွက်လာတာ၊ အချိန်သိပ်မရလို့ လိုက်မပို့တော့ဘူးနော်"

မေမေက သူ့ကို တစ်ချက်အကဲခတ်ပြီး ...

"မင်းတို့ လက်ထပ်ပြီးပြီလား"

"ဟင့်အင်း ... ခုမှ လက်ထပ်ဖို့ ပိုက်ဆံစုကြတုန်းပါ၊ သားကလည်း သူ့ကို ဖြစ်သလိုတော့မယူချင်ဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆွမ်းကျွေးလေးလုပ်ဖို့ ပိုက်ဆံစုနေတယ်၊ ပြီးတော့ သူ့အတွက် လက်စွပ်လေးတစ်ကွင်းလောက်ပေါ့ မေမေ"

"သူက ဒါတွေ လုပ်ပေးမှလဲ့လား"

"မဟုတ်ပါဘူး မေမေရဲ့၊ သူက ဘာမှ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ သားက လုပ်ပေးချင်တာ"

"သိပါဘူး၊ မင်းမှာ ဘာမှ ပါမလာလို့ အင်နေတာလားလို့"

"မြင့်မိုရ်က အဲဒီလိုမိန်းကလေးမျိုးမှ မဟုတ်တာ မေမေရယ်"

ဒေါ်သီရိက ချစ်မငြီးသောသားလေးရဲ့ မျက်နှာကို ကြည့်ကာ အိမ်ကို ပြန်ခေါ်သွားစိတ်တွေ တဖွားဖွား။

"မေမေရော အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဘာအဆင်မပြေစရာရှိလဲ"

"ဟုတ်ကဲ့ ဒါဆို သား သွားတော့မယ်နော် မေမေ"

"သွား ... သွား"

ကျောခိုင်းထွက်ခွာသွားသော သားဖြစ်သူကိုကြည့်ကာ ဒေါ်သီရိ ဝမ်းနည်းပါသည်။ မေမေ နေကောင်းရဲ့လားလို့ တစ်ခွန်းမမေးသွားတဲ့သားကို ကြည့်ကာ ...။

❥ ○ ❥





ဒီတစ်ပတ် တနင်္ဂနွေ ဖေရှင်က Over time ဆင်းရသည်။ ဒီတော့ မြင့်မိုရ်တစ်ယောက်တည်း စာအုပ်ဝယ်ထွက်လာခဲ့သည်။

"ကလေး"

ဩော် ... တိုက်ဆိုင်လှသည့် ကံကြမ္မာနှယ် တမင်ဖန်တီးထားသလားပင် အောက်မေ့ရသည်။ ဖေရှင်မပါတာနှင့် ဦးမြတ်ကိုကို့ကို တန်းပြီးတွေ့ရတော့တာပင်။

"စာအုပ်ထွက်ဝယ်တာပဲလား"

"ဟင့်အင်း ... ဒီတစ်ခေါက်က မေကြီးအတွက် ချည်လာဝယ်ပေးတာပါ"

"ဩော် ... ကလေးနဲ့အတူ ကော်ဖီဆိုင်ထိုင်ခွင့်လေးပေးပါလား"

"မြင့်မိုရ် အချိန်မရလို့ ဦးမြတ်ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပါ မြင့်မိုရ်ရယ်၊ ငါးမိနစ်လောက်လေးပါ"

"တော်ပါပြီ ဦးမြတ်ကိုကို"

"မဟုတ်သေးပါဘူး၊ ကိုယ်ဟာ တကယ်ချစ်ခဲ့တာချင်း အတူတူမှာ ဒီလောက်လေးတောင် အခွင့်မရနိုင်တော့ဘူးလား မြင့်မိုရ်ရယ်၊ ကိုယ့်ဘက်ကိုလည်း တစ်ချက်လောက် စာနာပေးပါ၊ ကိုယ်လူတစ်ယောက်ပါ မြင့်မိုရ်၊ ပြီးတော့ ကိုယ်ဟာ ဘယ်လောက်ပဲပြည့်စုံခဲ့ပေမယ့် အချစ်အတွက် ကံမကောင်းခဲ့သူပါ၊ L ဆိုင်းစီသီချင်းလိုပေါ့"

သူက ခံစားပြီးပြောနေသော်လည်း အရှန်းလေး ဖောက်ပြီး ပြောလိုက်တာမို့ ရယ်ရသေးသည်။

"ကဲပါ ဒါဆိုရင်လည်း ထိုင်တာပေါ့၊ အချိန်တော့ သိပ်မရဘူး"

"Thanks a lot baby !"

ဒီလိုနဲ့ သူတို့ မိုလ်ချုပ်ဈေးရှေ့ FMI စင်တာထဲက Cafe Aroma မှာထိုင်ဖြစ်ကြသည်။

"ခေရင့်နဲ့ လက်ထပ်မယ်ပေါ့"

"ဟုတ်ကဲ့"

"ကောင်းပါတယ်၊ ချစ်သူကို ပိုင်ဆိုင်ရတယ်ဆိုတာ ဘဝမှာ တကယ်ကို ဘုရားပေးတဲ့လက်ဆောင်ကို ပိုင်ဆိုင်ရတာပဲ"





"ဗုဒ္ဓဘာသာမှာ ကိုယ်ပြုသည့်ကံပါပဲ ဦးမြတ်ကိုကိုရယ်၊ ဘုရားက ဘာလက်ဆောင်မှ မပေးပါဘူး"

"ကလေးက ဖြူစင်တယ်နော်၊ တကယ်ပြောတာ ကိုယ် အဲဒီဖြူစင်မှုလေးကို ပိုင်ဆိုင်ချင်လိုက်တာ"

"မြင့်မိုရ်လိုလူမျိုးတွေ အများကြီးရှိဦးမှာပါ၊ ဦးမြတ်ကိုကို ကြုံဦးမှာပေါ့"

ဦးမြတ်ကိုကိုက ကားပေါ်ကဆင်းလာကတည်းက အိတ်တစ်လုံးယူလာသည်။

ထိုအိတ်ကို ဖွင့်ကာ အင်္ကျီတစ်ထည်ကိုပြပြီး ...

"ဒီအင်္ကျီကို မှတ်မိလား ကလေး"

"ဟင့်အင်း"

Crocodile တံဆိပ် ကြွေရောင်တောက်နေသော စပို့ရှပ်ဖြူတည်ထည်။ ထို့နောက် သူက အင်္ကျီကို ဖြန့်ပြတော့ ရင်ဘတ်နေရာမှာ အချဉ်ရည်အစွန်းကွက်တစ်ခု။ မြင့်မိုရ်က ချဉ်ရည်ဖြင့် ပက်လိုက်မိတဲ့ အင်္ကျီပေါ့။

"ကိုယ် ဒီအင်္ကျီကိုကြည့်မိတိုင်း ကလေးကို မေ့လို့မရခဲ့ဘူး၊ ဒီအင်္ကျီကို လွှင့်ပစ်ဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် ကြိုးစားလို့မရခဲ့ဘူး၊ ဒီအင်္ကျီကြည့်ပြီး သတိရနေရတဲ့ အရသာကို ကြိုက်နေခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအင်္ကျီမြင်တိုင်း မုန်းမုန်းနဲ့ သတိရတာမျိုးလား ဦးမြတ်ကိုကို"

"ပထမတော့ ကိုယ် အဲဒီလိုပဲထင်ခဲ့တာ၊ တကယ်တမ်းကျတော့ ကိုယ်ကလေးကို မမုန်းဘူးလေ၊ ချစ်တယ်၊ ဒီအင်္ကျီဟာ ကိုယ်နဲ့ ကလေးကြားမှာရှိတဲ့ တစ်ခုတည်းသော အမှတ်တရလေးပဲ၊ အဲဒါကြောင့်ကိုယ် ဒီအင်္ကျီကို မြတ်နိုးမိတယ်"

မြင့်မိုရ်က ဘာမှ ပြန်မပြောဘဲငြိမ်နေသည်။

"ခုတော့ ကိုယ် ဒီအင်္ကျီကို စွန့်လွှတ်လိုက်တော့မယ်"

"ကောင်းပါတယ်"

"ဒါပေမဲ့ ကိုယ်ကိုယ်တိုင် မစွန့်ပစ်ရက်လို့ ကလေး ဖယ်ပေးပါလား Please"

"ရပါတယ်"

"ပြီးတော့ ကိုယ် ဒီညနေပဲ ဩစတေးလျကို အပြီးသွားတော့မယ်"

"တကယ်လား၊ ဘာဖြစ်လို့လဲဟင်၊ မြင့်မိုရ်ကြောင့်တော့ မဟုတ်ပါဘူးနော်"

"တစ်ကောင်ကြွက်ဘဝနဲ့ ကိုယ့်မှာ ရုပ်ဝတ္ထုအားဖြင့် ပြည့်စုံနေပေမယ့် စိတ်ကတော့ အထီးကျန်လှတယ်ကလေး





ဒါပေမဲ့ အဲဒါကို ကလေးနဲ့ မတွေ့ခင်က မသိသာဘူး၊ ခုတော့ ကိုယ်ဟာ အလိုရှိတဲ့အရာကို မရနိုင်တဲ့လူတစ်ယောက်ဖြစ်သွားပြီလေ"

"မြင့်မိုရ် အချိန်သိပ်မရဘူး ဦးမြတ်ကိုကို၊ မေကြီး သိပ်နေမကောင်းလို့ မြန်မြန်ပြန်မှဖြစ်မယ်"

မြင့်မိုရ်က ကော်ဖီခွက်ကို ခပ်မြန်မြန်လက်စသတ်ရင်း ပြောလိုက်တော့ သူက သဘောပေါက်စွာ မချိပြုံးပြုံးမိရင်း ...

"အိုကေလေ ... ကလေးရဲ့မေကြီးက ဘာဖြစ်တာလဲ"

"တုတ်ကွေးလေ"

"သြော် ... ဆေးခန်းလေး ဘာလေး ပြဦး၊ ဆေးမြီးတိုနဲ့ မကုနဲ့နော်"

"ဟုတ်"

"လာ ကိုယ် ပြန်ပို့ပေးမယ်"

"ရပါတယ် ဦးမြတ်ကိုကို၊ ရပ်ကွက်ထဲကို ကားနဲ့ ခဏခဏ ပြန်ပို့ခံရတာ မကောင်းဘူး"

"ခဏခဏ မပို့နိုင်တော့ပါဘူး ကလေးရဲ့၊ ဒီညနေ ကိုယ် ဩစီသွားတော့မှာလေ"

"ဒါပေမဲ့"

"နောက်ဆုံးဆန္ဒလေးပါ ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့သာ ဦးမြတ်ကိုကိုကားနဲ့ မလိုက်ဖြစ်ခဲ့ရင် စာတ်လမ်းက အချိုးအကွေ့ရှိမည်မထင်။ ခုတော့ သူ့ကားနှင့် ပြန်ခဲ့မိပြီ။ အားနာနာနှင့် ပြန်လိုက်ခဲ့မိတာပါ။

ကားပေါ်ရောက်တော့ သူ ကားတံခါးတွေ မှန်အကုန် တင်ပြီး တံခါးလော့ခ်တွေ ချလိုက်သည်။

ပြီးတော့ ကားကို ညင်သာစွာ တလိမ့်ချင်း။ လှည်းတန်းမီးပွိုင့်ရောက်တော့ မီးပွိုင့်က အကြာကြီးမိနေသည်။

"ကလေး ကိုယ့်ကို သတိရနေပေးနော်"

"ရပါတယ် ဦးမြတ်ကိုကို၊ အပန်းမကြီးပါဘူး၊ ဦးမြတ်ကိုကိုလည်း အစစအရာရာ ဂရုစိုက်ပါနော်"

"အင်း"

ရုတ်တရက် မြတ်ကိုကို လက်ထဲမှာ ပဝါလေးက သူမနှာခေါင်းပေါ် ရောက်သွားရသည်။ တွန်းဖယ်ရန်းကန်နေတဲ့ သူမ တဖြည်းဖြည်း ငြိမ်သက်ပျော့ခွေသွားခဲ့ပြီ။

ထို့နောက် ကားရဲ့ဦးတည်ရာ ပြောင်းသွားပြီး မြတ်ကိုကိုရဲ့အိမ်သို့ ...

သူမကို ပွေ့ချီပြီး ညေ့ခန်းဆိုဖာပေါ် ချပေးလိုက်သည်။ ပြီးမှတစ်ဖန် သတိရသွားပြီး သူမကို သီးသန့်အိပ်ခန်းတစ်ခုထဲ ခေါ်သွားကာ အိစက်ညက်ညောနေတဲ့ မွေ့ရာပေါ် ပစ်တင်လိုက်သည်။



အိပ်မောကျနေတဲ့ မျက်နှာနုနုလေးကိုကြည့်ကာ အခန်းထဲမှ ညင်သာဖွဖွခြေလှမ်းတွေဖြင့် ကျောခိုင်းထွက်ခွာခဲ့တာက သူ့ရဲ့သစ္စာတရားပါ။ တံခါးလော့ခ်ချလိုက်ပြီး တံခါးကိုမှီကာ အခန်းထဲက အသက်ရှူသံကို နားစွင့်မိသည်။ ပြီးတော့ ညေ့ခန်းဆက်တီပေါ်မှာ ချဉ်ရည်စွန်းသော အင်္ကျီကို ပစ်တင်ကာ နာရီကိုကြည့်လိုက်တော့ သူ သွားဖို့ အချိန်ရောက်ပြီ။

ထို့နောက် သူ့လက်တွေက ဂဏန်းခြောက်လုံးပေါ် ပြေးလွှားဆော့ကစားပြီးသည့်နောက် ...

"(......)ကုမ္ပဏီကလား ခင်ဗျာ၊ ဖေရင့်နဲ့ပြောချင်လို့ပါ"

ထို့နောက်မှာတော့ သူ မြန်မာပြည်ကို ထာဝရ ကျောခိုင်းလိုက်ပြီ။ လောကကြီးမှာ ကိုယ်ပေးသလောက်တော့ ပြန်ရရမှာပေါ့။ သူမြင့်မိုရ်ကို တကယ်မြတ်မြတ်နိုးနိုးချစ်ပါသည်။ ထို့ကြောင့် သူမြတ်မြတ်နိုးနိုး လက်စားချေခဲ့တာပါ။ ဒါဟာ သူ့အင်္ကျီတစ်ထည်စာဂုဏ်သိက္ခာအတွက်ပေါ့။ ထို့ထက်ပို၍ သူ ဘာမှပိုမယူခဲ့တာ သူ့ရဲ့သစ္စာတရား။

◆ ○ ◆

www.burmeseclassic.com



ထိုနေ့က ကံဆိုးချင်တော့ ဦးမြတ်ကိုကို ဖုန်းဆက်သည့်အချိန် ဖေရင့်က အပြင်သွားနေသဖြင့် မှာထားခဲ့လိုက်သည်။

ရုံးကို ဖေရင့် ပြန်ရောက်တော့ ရုံးဆင်းချိန်ပင်ကျော်နေပြီမို့ သူ့စားပွဲပေါ်မှာ စာရွက်ကလေးတစ်ရွက်ကသာ ဆီးကြိုနေခဲ့သည်။

“ကိုဖေရင့် ဖုန်းလာတယ်၊ (......။ ......။ ......) မှာ မမြတ်မြင့်မိုရ်ကို လာကြိုပေးပါတဲ့”

ထိုစာရရချင်း တက္ကစီငှားပြီး ဖော်ပြပါ လိပ်စာအတိုင်း လိုက်သွားခဲ့သည်။ ခြံတံခါးရှိ ခေါင်းလောင်းကြိုးကို အကြိမ်ကြိမ်ဆွဲပါသော်လည်း တုပ်တုပ်မျှမလှုပ်။

မှောင်ရိပ်သန်းနေသော ခြံထဲမှာ အလင်းရောင်က မပီဝိုးတဝါး။ အိမ်မတံခါးကတော့ ဖွင့်ထားပြီး ခရမ်းဖျော့ရောင် အလင်းဖျော့ဖျော့က တံခါးဝကိုဖြတ်ကာ လျှံကျနေသည်။





ခြံတံခါးက စေ့ရုံစေ့ထားတာမို့ တွန်းဖွင့်လိုက်မိပြီး ဘာကြောင့်မှန်းမသိ လှည့်ပြန်သွားချင်စိတ်တော့ မဖြစ်ဘဲ ရှေ့ကိုသာ တစ်လှမ်းပြီးတစ်လှမ်း ...။

ရင်ထဲမှာ ဘာကိုစိုးရိမ်မှန်းမသိ။ စိုးရိမ်စိတ်တွေ တနင့်တပိုး။ အိမ်ထဲကိုလှမ်းအဝင် ငိုရှုံ့ပြေးထွက်လာသော မိန်းကလေးတစ်ယောက်။

“မြင့်မိုရ်”

သူ့ရဲ့ တစ်ဘဝမှာတစ်ခါသာ ပေါ်ပေါက်ခဲ့ဖူးသော ရင်ကွဲသံ။ မြင့်မိုရ်က သူ့ကို အံ့ဩတကြီး စိုက်ကြည့်ကာ ...

“မောင်”

“မြင့်မိုရ်ရယ်”

သူမ အားပါးတရ ရှိုက်ငိုလေ သူ့နှလုံးသားကတော့ တစ်ရစ်ပြီးတစ်ရစ် ဖျစ်ညှစ်ခံရလေပဲပေါ့ကွယ်။

ထို့နောက် မြင့်မိုရ်ကို မတွန်းရက်ရက် တွန်းဖယ်ကာ အိမ်ကိုဝင်သည်။ ဆိုဖာတွေကို ကန်ကျော်ကာ ...

“လူယုတ်မာကြီး အခုထွက်ခဲ့”

တစ်ခန်းဝင်တစ်ခန်းထွက် အရူးတစ်ယောက်လို ထိုခဏမှာ သူ တကယ်ရူးသွပ်သွားလိုက်ချင်တာပါ။

“သူ မရှိတော့ဘူး မောင်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"သူ ... သူ နိုင်ငံခြားကို အပြီးထွက်သွားပြီ"

"ဟာ ... တောက်"

တောက်ခတ်သံက ဒေါသတွေကို ကုန်စင်အောင်ဖွင့်ထုတ်နိုင်ပါရဲ့လား။

"ဘာမှ စိတ်မပူနဲ့နော်၊ မောင် တာဝန်ယူတယ် သိလား"

"တာဝန်ယူတယ်ဆိုတာ တာဝန်ရှိမှ ယူရမှာပေါ့၊ မောင့်မှာ တာဝန်မရှိဘူး"

"ဒါပေမဲ့"

"ထားလိုက်ပါတော့ မောင်"

"ဘာ ... ဘာကိုထားလိုက်ရမှာလဲ"

"သူငယ်တန်းကစပြီး မနေ့ကအထိ မောင်နဲ့မြင့်မိုရ်ကြားထဲက အတိတ်တစ်ခုကိုပေါ့၊ မြင့်မိုရ် အိမ်ပြန်မယ်၊ မောင်လည်း မောင်ငှားထားတဲ့အငှားဘဝကို စွန့်လွှတ်ပြီး မောင့်မေမေအိမ်က ဇေရင့်ဘဝကို ပြန်သွားတော့"

"မဟုတ်တာ"

"ဟုတ်တယ် မောင်ရဲ့၊ အဲဒါက မိုရ်ဆန္ဒပဲ"

"ဘာဆန္ဒလဲ၊ ဘာလဲ မောင် ရင်ကွဲအောင်မလုပ်နဲ့နော်"

"မောင်လည်း မြင့်မိုရ် တစ်သက်လုံး စိတ်ဆင်းရဲအောင်မလုပ်ပါနဲ့"





"မရဘူး မြင့်မိုရ်၊ အခု အိမ်မပြန်နဲ့တော့၊ မောင်နဲ့အတူ မောင့်ဘဝထဲကို လိုက်ခဲ့တော့နော်"

"မောင် ကြွေချိန်မတန်ခင် အခြွေခံရတဲ့ပန်းကို မောင်က ထပ်ပြီး တက်နင်းချင်သေးလို့လား"

"အမြတ်တနိုးကောက်ပန်မှာပါ မြင့်မိုရ်ရယ်"

"ဒါပေမဲ့ ပန်းကလေးက ပင်ပန်းလှပြီမောင်၊ သူ့ဘာသာ မြေကြီးပေါ်မှာပဲ သာသာလေးလဲလျောင်းချင်နေပြီ၊ အဲဒီအတွက် သူ တစ်စုံတစ်ယောက်ကို အလှဆင်ပေးဖို့ ခွန်အားမရှိတော့ဘူး၊ ပန်းကလေးကို လွတ်မြောက်ခွင့်ပေးလိုက်ပါ မောင်ရယ်"

"စဉ်းစားပါဦး မြင့်မိုရ်ရယ်၊ ကဲပါ ... လာ အိမ်ပြန်ရအောင်"

သူတို့ရဲ့ အပြန်လမ်းက တိတ်ဆိတ်စွာ။

အိမ်နားရောက်ကာနီးမှ ဇေရင့်က ...

"ဘယ်လိုဖြစ်တာလဲ မြင့်မိုရ်"

"အယုံလွယ်မိတဲ့ အဖြစ်အပျက်တစ်ခုပေါ့ မောင်၊ ပြန်ပြောချင်တဲ့စိတ်ကို မရှိတော့လို့ပါ"

"စိတ်ကို အေးအေးထား၊ ဘာမှ မစဉ်းစားဘဲ အိပ်ပျော်အောင်အိပ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မှာတမ်းချွေနေရှာတဲ့ ချစ်သူလေးရယ်။ မင်းရင်ထဲမှာ နေဆယ်စင်းလင်းနေတာမြင်ရတော့ ငါ မျက်ရည်မဲ့စွာ ငိုမိပါရဲ့။

သူမကို အိမ်ပြန်ပို့ပြီး သူ ငှားထားတဲ့ အခန်းလေးဆီ ပြန်လာကာ ယောက်ျားတန်မဲ့ ငိုမိသည်။

ရှိုက်ကြီးတငင် အသံတိတ်ငိုမိတာဟာ ဘဝမှာ ပထမဆုံးအဖြစ်အပျက်တစ်ခုပါပဲလေ။

တန်ဖိုးအထားဆုံးအရာတစ်ခုကို တစ်ပါးသူက ပစ်စလက်ခတ်လုပ်ရက်ခဲ့ပြီ။

စားရမှာသဲတရုပ်ရုပ်ပေမဲ့ ထိုတရုပ်ရုပ်သော သဲတို့ကို မေတ္တာရေဖြင့် စင်အောင်ဆေးရတော့မည်ပေါ့။

သနားလိုက်လေခြင်း ချစ်သူလေးရယ်။

ဦးမြတ်ကိုကိုရဲ့အငြိုးမှာ ဘဝပျက်ရလေသော ချစ်သူလေးဟာ သူနဲ့ပတ်သက်ရင်လည်း ကံမကောင်းရှာခဲ့။

သူ့မိခင်ဟာ သူမတို့ပတ်ဝန်းကျင်တစ်ခုကို စွန့်ခွာသွားနိုင်လောက်တဲ့ စော်ကားမှုမျိုးပေးခဲ့သည်။

ချစ်သူနှင့် ချစ်ရည်တူမျှခဲ့ပါလျက် တစ်ပါးသူနှင့် ခေစပ်လို့ ပွဲပျက်မှ စွန့်တော်ခံ။

ဟော ... ခုတော့ ...





ဇာတ်သိမ်းကလေးလှပဖို့ ကြိုးစားပေးရဦးမယ်။

ထို့အတွက် ဒီတစ်ညတော့ အရုပ်ဆိုးအကျည်းတန်စွာ သူ ကြေကွဲလိုက်ရပါဦးမည်။

အချစ်ကို ဖြူစင်ခြင်းဖြင့် အချစ်နောက်က အပြစ်တွေကို ဆေးကြောပါတော့မည်။

လောကကြီးသည် တစ်ခါတစ်ရံလည်း ထိုသို့ တစ်ဖက်စောင်းနင်းဆန်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ...

သူမကို တွေ့တွေ့ချင်း သူ ပြောဖြစ်သည့်စကားက ...

"မောင်တို့ အမြန်ဆုံးလက်ထပ်ရအောင် မိုရ်ရယ်"

သူမကလည်း တစ်ခွန်းတည်းသောစကားကို ပြန်ပြောပါသည်။

"ဘယ်တော့မှ လက်မထပ်ဘူး"တဲ့လေ။

"ဘယ်လိုပြောလိုက်တာလဲ မိုရ်၊ မောင့်ရဲ့ရှင်သန်ခြင်းကို ရိုက်မချိုးပါနဲ့"

"ဖေရှင့် ငါဟာ လှလှပပလေး ဖျက်ဆီးခံလိုက်ရတယ်၊ ငါ့ရဲ့ခန္ဓာကိုယ်က သန့်စင်နေရင်တောင် ငါ့ရဲ့ဘဝကတော့ လူတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ ညက်ညက်ကြေသွားခဲ့ဖူးတယ်လေ၊ ငါ့ရဲ့သိက္ခာ အပါအဝင်ပေါ့၊ အဲဒီတော့ ငါဟာ နင်နဲ့ မထိုက်တန်တဲ့ ပန်းတစ်ပွင့်ပါ ဖေရှင့်ရယ်၊





ပြီးတော့ ချစ်ရတာကိုလည်း ပင်ပန်းလှပြီဟာ၊ ငါ အချစ်နဲ့ ဝေးဝေးနေချင်တယ်"

"မဟုတ်တာ"

သူက ခါးခါးသည်းသည်း ငြင်းသည်။ မြင့်မိုရ်က လက်ကာလိုက်ပြီး ...

"ခဏလေး ဖေရှင့်၊ ငါ့စကားမဆုံးသေးဘူး၊ ငါ့ကို တကယ်ချစ်ရင်"

"ဟိတ် ... ဟိတ် ... အဲလိုမချည်နှောင်ကြေးကွာ၊ မချည်နှောင်နဲ့ မရဘူး၊ အသက်လောက်ချစ်တယ်၊ အဲဒီအတွက် ဘယ်နည်းနဲ့မှ အဝေးမခံနိုင်ဘူး၊ အဲဒ့ါ Sure ပဲ သေချာတယ်"

"Please ဖေရှင့်၊ ငါ တောင်းပန်တယ်၊ ငါနဲ့ ဝေးတဲ့အခါ ၊ ဘဝကိုဖြစ်ကတတ်ဆန်း ကပျစ်ကညစ်မနေရဘူးနော်၊ ငါ့ကို တကယ်ချစ်တယ်ဆိုရင် ငါနဲ့ဝေးတဲ့ဘဝမှာ ပျော်အောင်နေပြပါ ချစ်သူရယ် နော်၊ နင် ဝမ်းနည်းနေမယ်ဆို ငါလည်း ဘယ်ပျော်နိုင်ပါ့မလဲ၊ နင်မရှိတဲ့ဘဝက အချစ်မရှိတဲ့ဘဝမှာ ငါ အားတင်းပြီး လန်းဆန်းရဦးမှာလေ၊ နင် ငါ့ကို ကတိပေးပါ၊ ဖြစ်သလို အသည်းမကွဲဘူးဆိုတဲ့ ကတိလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး"

"ငါ့ဘဝမှာ နင့်ကို အတင်းအကျပ် အနိုင်ယူတောင်းဆိုခဲ့တာ ဘာမှ မရှိခဲ့ဘူးနော်၊ အခု ငါ ပထမဆုံး မဖြစ်မနေ တောင်းဆိုချင်တယ်၊ အဲဒါက နင် ပျော်အောင်နေမယ်ဆိုတဲ့ ကတိပဲ"

"မြင့်မိုရ်"

"ဇေရင့် ငါ့ကိုချစ်ရင်"

"မဖြစ်နိုင်တာကွာ"

"ဇေရင့်"

"ငါက နင့်ကို ဒီလောက်ချစ်နေတာလေဟာ၊ ဘယ်လို ပေးနိုင်မှာလဲ၊ ပြီးတော့ ငါတို့ကြားမှာ အဖျက်အဆီး အတားအဆီးတွေကို ငါတို့ ရင်ဆိုင်လက်တွဲပြီး ဖြတ်ကျော်ရမှာမဟုတ်ဘူးလား၊ နင် ငါ့ကို မရက်စက်ပါနဲ့ဟာ"

"ဘာပဲဖြစ်ဖြစ် ဒါဟာ ငါ့ရဲ့တစ်ခုတည်းသော တောင်းဆိုမှုပဲ ဇေရှင့်ရယ်၊ မလိုက်လျောချင်ဘူးလား"

"ကျွတ်"

"မောင် ... မောင် မိုရ်ကို တကယ်ချစ်ရင် မိုရ်ဆန္ဒကို လိုက်လျောပေးပါနော်"





သူမက မျက်ရည်တို့ရစ်ဝဲလျက်။ သူ ဘယ်လိုမှ ခံနိုင်ရည်မရှိသောအကြည့်တစ်ခု။

"အချစ်ဆုံးလေးရယ်"

"မချစ်ပါနဲ့တော့ မောင်ရယ်၊ မိုရ်လေ ..."

မျက်ရည်တွေသာ ပေါက်ပေါက်ကျလျက် ...

"မိုရ် စဉ်းစားကြည့်နော်၊ တကယ်ဆို ဒီလူကြီးက မောင်တို့ ဒီလိုမကွဲကွဲအောင် တမင်ယုတ်သွားတာလေ၊ အဲဒါကို မောင်တို့က သူ့အလိုကျ ကွဲလိုက်ရတော့မှာလား"

"မြင့်မိုရ်ကိုယ်တိုင် အချစ်ကိုကြောက်လို့ပါ မောင်ရယ်၊ လူတွေဟာ အချစ်ရဲ့နောက်က အတ္တကို မမြင်တတ်ကြဘူး၊ အဲဒီအတ္တက သိပ်ကြောက်စရာကောင်းတယ်၊ မိုရ် ကြောက်တယ်၊ ချစ်သူတိုင်းဟာ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ချင်ကြတယ်၊ မပိုင်ရရင် ဝမ်းနည်းပူဆွေးငိုကြွေးကြသလို တချို့ကြတော့လည်း ငါမှမပိုင်ရရင်ဆိုပြီး သဲနဲ့ပက်တတ်ကြတယ် မောင်၊ အချစ်ကြောင့် ငိုကြွေးပူဆွေးခြင်းတွေကိုရော အချစ်ကြောင့် ယုတ်မာရိုင်းစိုင်းခြင်းတွေကိုရော ဘာကိုမှ မြင့်မိုရ် လက်မခံချင်တော့ဘူး၊ အချစ်ကို ကြောက်သွားပြီ မောင်၊ မြင့်မိုရ်အချစ်ကို ကြောက်ကြောက်ကြီးနဲ့ စွန့်ပစ်လိုက်ပြီ၊ မခံစားချင်တော့ဘူး မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့နှစ်ယောက်ကြားက အချစ်က ကြောက်စရာမှ မကောင်းတာ"

"ဒါပေမဲ့ မြင့်မိုရ်ဘက်က အမည်းစက်အတွက် မြင့်မိုရ် တစ်သက်လုံး အားနာနေရလိမ့်မယ်"

"မောင်လည်း အမည်းစက်ရှိတာပဲ၊ မိန်းကလေးတစ်ယောက် နဲ့ စေ့စပ်ခဲ့ဖူးတယ်လေ၊ အဲဒီအတွက် မောင်တို့မှာရှိတဲ့ အပြစ်တွေ ထေလိုက်ရအောင်"

"အပြစ်ဆိုတာ ငွေချေသလို ထေလို့ရတဲ့အရာမှမဟုတ်တာ၊ မောင် မောင့်စေ့စပ်ပွဲပျက်တာက ပျက်တာပဲ၊ ပတ်ဝန်းကျင် မှာ ဖေရင့်နဲ့ မြမြ စေ့စပ်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ဖျောက်ဖျက်မရတဲ့အရာပဲ၊ အဲလိုပဲ မြင့်မိုရ်နဲ့ ဦးမြတ်ကိုကို ရဲ့ပတ်သက်မှုကိုလည်း ဦးမြတ်ကိုကိုက ဘယ်တော့မှ မေ့ မှာမဟုတ်ဘူး မောင်၊ ဖူးစာမင်ရှည် ကျဲခဲ့တယ်လို့ပဲ သဘောထားလိုက်ပါတော့ မောင်ရယ်နော်"

"မောင် ဘယ်လိုတောင်းပန်ရမလဲ"

"မောင့်မှာ တောင်းပန်ရလောက်တဲ့အပြစ်မရှိသလို မိုရ်မှာ လည်း ခွင့်လွှတ်စရာမရှိဘူးလေ မောင်၊ တကယ်ဆေးကြ စို့ မောင်ရယ်၊ အိမ်ကိုပဲ ပြန်ပါတော့နော်၊ ပြီးတော့ မောင် သင့်တော်သူတစ်ယောက်ယောက်တွေ့ခဲ့ရင်"





"မောင် အဲလို ခပ်ပေါ့ပေါ့ယောကျ်ားတစ်ယောက်မဟုတ် ဘူးနော်"

"ကဲပါ ထားပါတော့"

"မောင် မကြာခဏလာမယ်"

"မလာနဲ့ မောင်၊ မောင်လာရင် မောင်ရော မိုရ်ပါ စိတ် ဆင်းရဲကြလိမ့်မယ်၊ မလာပါနဲ့တော့၊ မိုရ်တို့နှစ်ယောက် ဘယ်တော့မှ မတွေ့ကြေး၊ လမ်းမှာတွေ့ရင်တောင် နှုတ် မဆက်ကြေးမောင်ရယ်"

ဖေရင့်က သူ့မလက်ဖဝါးနှစ်ဖက်ဆွဲယူပြီး မျက်နှာ အပ်ထားလိုက်သလို မြင့်မိုရ်ကလည်း ဖေရင့်ဆံပင်တွေပေါ် မျက်နှာအပ်ရင်း ...

"ဒီအဆုံးသတ်က မှားနေတယ် ထင်တယ်"

"ဟင့်အင်း မောင်ရယ်၊ ဒီလိုပဲ အဆုံးသတ်လိုက်ရအောင်"

သက်ပြင်းခပ်ဖွဖွချလိုက်ရုံဖြင့် ကမ္ဘာတစ်ခု မျက်သုဉ်း သွားနိုင်ပါသလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ညင်သာစွာဝေးခဲ့ကြတဲ့ ချစ်သူနှစ်ဦး။ ဒေါ်သီရိဟာ သားဖြစ်သူ ပြန်လာနိုးမျှော်မိသော်လည်း ဇေရင့်ကို ဘယ်မှာမှ ရှာမတွေ့ခဲ့ပါ။

မြင့်မိုရ်တို့ရပ်ကွက်ကလေးမှ ဇေရင့် ပျောက်သွားခဲ့တာ လမ်းခွဲခဲ့ကြကတည်းကပေါ့။

ထိုကြားထဲမှာ ပျောက်ဆုံးသွားတဲ့ ဇေရင့် ...

ဒေါ်သီရိက မြင့်မိုရ်တို့အိမ်ကို လိုက်လာသည်။

"မြင့်မိုရ်ရယ် သမီးကို အန်တီတောင်းပန်တယ်၊ ဒေါ်စကားတို့ကိုလည်း တောင်းပန်ပါတယ်၊ သားစိတ်ချမ်းသာရင်တော်ပါပြီ၊ သားကို ပြန်ခေါ်ပေးပါ"

"ဇေရင့် အိမ်ပြန်မလာဘူးလား အန်တီ"

"သူ နိုင်ငံခြားထွက်သွားတယ်ဆို၊ မနေ့က ဖုန်းဆက်တယ်၊ သူ စင်ကာပူမှာတဲ့"

"ဪ ... ဟုတ်လား၊ သူ နိုင်ငံခြားထွက်သွားတာကို"





"ဟင် ... သမီး မသိဘူးလား"

"မြင့်မိုရ်တို့ လမ်းခွဲလိုက်ကြပါပြီ အန်တီ"

"ဪ ... ဟုတ်လား၊ အန်တီ မသိဘူး၊ ဘာလို့လဲ သမီးရယ်၊ အန်တီ့ကြောင့်လား၊ အန်တီ သမီးတို့ကို သဘောတူလိုက်ပါပြီ၊ တကယ်တော့ အန်တီ့မှာ ဒီသားတစ်ယောက်တည်းရှိတာ၊ သားစိတ်ချမ်းသာအောင် အန်တီ လိုက်လျောရမှာပေါ့၊ တကယ်တော့ အန်တီ့အတ္တတွေပါ သမီးရယ်"

ဒေါ်သီရိက ကြုံကြုံပါအောင် ငိုနေသည်။ မငိုပါနဲ့တော့ကွယ်။ တရားကိုမသိဘဲ မတရားသဖြင့် အတ္တကြီးခဲ့ပြီးအခုလည်း တရားမဲ့စွာ ငိုနေပြန်သော ဒေါ်သီရိကို နှစ်သိမ့်ရပြန်သည်။

"သားလေးဟာ သမီးနဲ့ မပေါင်းရဘဲ သမီးနဲ့ တစ်မြေတည်းမှာ မနေဘူးတဲ့ သမီးရယ်၊ သားကို ပြန်ခေါ်ပေးပါကွယ်၊ အားလုံး သမီးစိတ်တိုင်းကျ ဖြစ်စေရပါမယ်"

"မြင့်မိုရ်တို့က မဖြစ်နိုင်လို့ လမ်းခွဲလိုက်ကြတာလေ အန်တီ၊ မြင့်မိုရ် ပြန်မခေါ်နိုင်တာခွင့်လွှတ်ပါ၊ ဇေရင့်လည်း သူ့ဦးနှောက်နဲ့သူ ဆုံးဖြတ်တတ်နေပါပြီ၊ သူ ပြန်လာချင်ရင် ပြန်လာမှာပေါ့ အန်တီရယ်"

"သမီးတို့ ဒီလောက်ချစ်တာ ဘာလို့ ခွဲနေကြသလဲ၊ ဘာကြောင့်ကွဲခဲ့ကြသလဲ စဉ်းစားလို့တောင်မရဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် စိတ်ထဲမှာ ချစ်လို့ပေါ့ဟု ခပ်တိုးတိုး ပြန်ဖြေနေမိသည်။ ဟုတ်တယ်။ မြင့်မိုရ်တို့ ချစ်လို့ ချစ်သူကို အကောင်းဆုံးတွေ မပေးနိုင်လို့ လမ်းခွဲလိုက်ကြတာပါ အန်တီရယ်။

တကယ်တော့ အချစ်ဆိုတာ ချစ်သူကို ကြီးကျယ်မြင့်မြတ်ခြင်းပဲ ပေးချင်တာလေ။

အကောင်းဆုံးတွေနဲ့ပဲ အချစ်ကို ဖန်တီးချင်တာလေ။ ခုတော့ သူမတို့နှစ်ယောက်ကြားက အကောင်းဆုံးအချစ်ကို တစ်ပါးသူ ဖျက်ဆီးချေမွခဲ့ပြီးပြီ။

ဒီတော့ ကြေမွနေတဲ့ နှလုံးသားအကျိုးအပဲ့တွေကို ရင်ဘတ်ထဲ ထာဝရသော့ခတ်ထားလိုက်ပြီ။

အဲဒီအကြောင်းတွေကို ဒေါ်သီရိ နားလည်အောင် ဘယ်ပုံသေနည်းနဲ့ ပြောပြရမလဲကွယ်။

ရယ်ပဲ ရယ်ရသေးရဲ့။ လောကကြီးက ကျီစားပုံမှာ မိမိနှင့် သဘောမတူလွန်းလို့ သားဖြစ်သူကို အမွေပြတ်စွန့်လွှတ်ခဲ့တဲ့ ဒေါ်သီရိ ခုတော့ ဇေရင့်နှင့် မြင့်မိုရ် ပြန်လည်ပေါင်းစည်းရေးကို တိုက်တွန်းနေပါသတဲ့။

မြင့်မိုရ်ကတော့ အချစ်ကို စိတ်ကုန်စွာ။

မေကြီးက ပွဲကြည့်ပရိသတ်။

သို့သော် ဒေါ်သီရိက မေကြီးကိုပါ ဇာတ်ရုံအဖြစ်ဆွဲသွင်းသည်။





"ဒေါ်စကားဝါရယ် ကလေးတွေကို ပြောပါဦးရှင်"

"သူတို့လည်း သူတို့အကြောင်းနဲ့သူတို့မို့ဖြစ်ပါလိမ့်မယ် ဒေါ်သီရိ၊ ကျွန်မကတော့ ကလေးတွေရဲ့ဆန္ဒအတိုင်းပဲ၊ တကယ်တမ်းရင်ဆိုင်ရမှာက သူတို့ကိုယ်တိုင်လေ၊ လူဆိုတာ ကိုယ့်အနာဂတ်ကို ကိုယ်ကိုယ်တိုင် ထုဆစ်တာပဲကောင်းပါတယ်၊ အဲဒါကြောင့် ကျွန်မ သားသမီးတွေကို တိုက်တွန်းခြင်း၊ တားမြစ်ခြင်း ဘယ်တော့မှ မလုပ်ခဲ့ဘူး၊ အကြံပေးတာလောက် ဘေးကနေ ဝိုင်းပြီး ပွဲကိုင်ပေးရုံလောက်ပဲလုပ်ခဲ့တာ"

"ဒေါ်စကားဝါ သားသမီးတွေကို ရင်ခွင်ထဲမှာပဲ ရှိခဲ့တာကိုး၊ ကျွန်မ သားကသာ"

"ဟုတ်တယ် ဒေါ်သီရိ၊ ကျွန်မကလည်း ရင်ခွင်ထဲမှာ ထားတတ်ခဲ့တာကိုး"

"ဟုတ်ပါတယ်၊ ခုတော့ ကျွန်မအမှားတွေမဲပေါ့"

"ဇေရင့်က လိမ္မာတဲ့ကလေးပါ၊ တစ်နေ့တော့ ပြန်လာမှာပေါ့ရှင်"

ဒေါ်သီရိကို နှစ်သိမ့်လိုက်ရသည်။

အရာရာဟာ ကံဇာတ်ဆရာရဲ့အလိုကျသာ။

❥○❥



www.burmeseclassic.com

www.burmeseclassic.com



ဒီအဖြစ်အပျက်တွေကို

ကိုစိုင်း မသိလိုက်ပါဘူး။

ဦးမြတ်ကိုကိုက မပြောခဲ့သလို ...

မြင့်မိုရ်ရော ဇေရင့်ပါ သူတို့နှစ်ယောက်ကြားက ပတ်သက်မှုကို မသိတဲ့အတွက် ဒီအကြောင်းတွေကို ကိုစိုင်း လုံးဝမသိခဲ့ပါ။

ထို့ကြောင့် အချိန်ကာလတွေ ရွေ့လျားခဲ့ပြီးသော တစ်နေ့ ...

"မမိုရ်"

"ပြော ကိုစိုင်း"

"မမိုရ် ကိုဇေရင့်နဲ့ ဘာလို့ လက်မထပ်ဖြစ်တာလဲ"

"ဒါက ကံကြမ္မာက ဆုံးဖြတ်သွားတာပါ"

"ကိုယ့်ကံကြမ္မာကို ကိုယ့်ဘာသာ ဆုံးဖြတ်တာပဲလေ"





"တစ်ခါတလေကျတော့လည်း ပြောပြလို့မရတဲ့ အလွဲလေးတွေ ကြားဖြတ်ဝင်လာတတ်တယ်"

"ဪ"

ကိုစိုင်းက သူ့ဦးလေးဆီ ဖုန်းဆက်ဖြစ်သည်။

"လေးလေး သူတို့ လက်မထပ်ဖြစ်ဘူး"

"ထင်ပါတယ်၊ ဒီလိုပဲဖြစ်လာလိမ့်မယ်လို့"

"ကိုဇေရင့်က နိုင်ငံခြားထွက်သွားတယ်"

"ဪ ... သူ ကျန်ခဲ့တာပေါ့"

"ဟုတ်တယ် လေးလေးရဲ့၊ လေးလေး ကြိုးစားမယ်ဆိုရင် သား ကူညီမယ်"

"နေပါစေတော့ကွာ"

"လေးလေး တကယ်ချစ်တယ်ဆို"

"ကိုယ် ဘယ်လောက်ပဲချစ်ချစ် ကိုယ့်ကို မချစ်တဲ့သူ တစ်ယောက်ကို အနားမှာထားပြီး ပျော်နိုင်မယ်မထင်တော့ပါဘူး ကိုစိုင်း"

"သား နားမလည်ဘူး"

"နားမလည်တာပဲကောင်းပါတယ်"

ကိုစိုင်းက မမိုရ်ကို သနားနေသည်။ ထူးဆန်းလှစွာ လေးလေးရဲ့အချစ်ကိုလည်း မအံ့ဩတော့ပါ။ လေးလေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူ့ဂုဏ် သူ့အဆင့်အတန်းနဲ့ မမိုရ်လိုမိန်းကလေးမျိုးကို စွဲနစ်စွာချစ်နိုင်မည်မထင်။ တကယ်လို့သာ မမိုရ်ဟာ လေးလေးကိုပဲ အခြေအနေကောင်းကောင်း ဖယားမြင့်မြင့် လူ့မလိုင်အသိုင်းအဝိုင်းကဆိုရင်တော့ လေးလေးဟာ သူ့ရဲ့အချစ်အတွက် ဒီထက်ပိုပြီး ကြိုးစားနိုင်ကောင်းပါရဲ့။ ခုတော့ ...

..........။

ကိုဇေရင့်ရော လေးလေးပါ မမိုရ်ကို ထားရစ်ခဲ့ကြပြီလေ။

ဒီလိုနဲ့ပဲ သူတို့ ဆရာဝန်ဖြစ်သည်အထိ မမိုရ်ဟာ တစ်ယောက်တည်းပဲရှိနေခဲ့ပါတယ်။ ခန့်ငယ်တစ်ယောက်ကတော့ ကျောင်းပြီးလို့ ပိုစတင်ကျတဲ့ ဆေးရုံကို တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားခဲ့ပြီ။

သူလည်း အင်္ဂလန်မှာ ဆေးပညာနဲ့ပတ်သက်တဲ့ ဘွဲ့တွေ ထပ်ယူနိုင်အောင် ကြိုးစားနေသည်။

သို့သော် ...

မမိုရ်တို့နှင့် အဆက်အသွယ်တော့ မပြတ်ခဲ့။ အဆက်အသွယ်မပြတ်၍လည်း ကိုဇေရင့်မိခင် ဒေါ်သီရိ ဆေးရုံတက်ရတာရော၊ ထို့နောက် သွေးတိုး ဆီချို၊ နှလုံးရောဂါတွေစုံပြီး သွေးတိုးဆေးသောက်ရင် နှလုံးကိုသွားထိ၊ နှလုံးရောဂါအတွက် ဆေးသောက်





ရင် ဆီးချိုကိုသွားထိ ကျန်းမာရေးက တစ်စထက်တစ်စ ယိုယွင်းလာကာ နောက်ဆုံး ဆေးရုံးဆင်းချည်တက်ချည်နှင့်ပင် ဆုံးပါးသွားခဲ့သည်။

သို့သော် ကိုဇေရင့်က သူ့ပိုင်ဆိုင်မှုတွေကို ရှေ့နေနှင့် လွှဲအပ်ပြီး ရောင်းသင့်တာရောင်းခိုင်းကာ သူကတော့ ပြန်မလာ။

ဒီတော့ ဇေရင့်ဟာ စင်ကာပူမှာပဲ အခြေချနေလိုက်ပြီဟု လက်ခံခဲ့ရချိန်မှာ မမိုရ် မျက်ရည်ကျရှာပါသည်။

နောက်တော့ ကိုစိုင်း စင်ကာပူကို ထွက်ဖြစ်သည်။ ကိုဇေရင့်ရဲ့ရှေ့နေကတစ်ဆင့် ကိုဇေရင့်ကို ရအောင်ဆက်သွယ်ပြီးသွားသည်။

"ကိုယ် တိုက်ခန်းဝယ်လိုက်တယ်၊ အရစ်ကျစနစ်နဲ့ပဲ"

"ကိုဇေရင့် မြန်မာပြည်ကို ပြန်မလာတော့ဘူးပေါ့"

"ဘယ်လိုပြောရမလဲ၊ လာမှာပါ၊ လာဖြစ်မှာပါ၊ ဒါပေမဲ့ အနာကျက်တဲ့အချိန်မှပဲ"

"အနာက ဘယ်တော့မှကျက်မှာလဲ၊ မမိုရ်နဲ့ ကိုဇေရင့်က ဘာဖြစ်ကြတာလဲ"

"ကိုယ် မဖြေချင်ဘူး ညီလေး၊ ဒါနဲ့ ခန့်ငယ်တစ်ယောက် ဆရာဝန်ဖြစ်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ချင်းပြည်နယ်မှာ ပိုစတင်သွားကျတယ်"

"ဪ"

"ရည်းစားတောင်ရနေပြီ၊ ဟားခါးဆေးရုံမှာ တာဝန်ကျနေတဲ့ဆရာဝန်မလေးနဲ့ပဲတဲ့၊ မန္တလေးဆေးဆင်းတဲ့ ဆရာဝန်မလေးပေါ့ ချင်းမလေးပဲ"

"ဪ"

"ကိုဇေရင့် ထွက်သွားတာ ဦးမြတ်ကိုကိုကြောင့်လား"

"ဦးမြတ်ကိုကို !၊ ဘာကြောင့် မေးတာလဲ"

"ဪ ... ဦးမြတ်ကိုကိုက မမိုရ်ကို အမြဲနှောင့်ယှက်တယ်မို့လား၊ အဲဒါ အကြောင်းတစ်ခုခု အခန့်မသင့်ခဲ့လို့လေ"

"ဒီလိုပါပဲ အဓိကပြဿနာက မြင့်မိုရ်ကိုယ်တိုင်က ကိုယ့်ကို စွန့်လွှတ်ခဲ့တာပါ"

"ဪ"

ကိုစိုင်း စင်ကာပူမှာနေတုန်း ဦးမြတ်ကိုကိုလည်း စင်ကာပူကို ရောက်လာသည်။

ကိုစိုင်းက ဦးမြတ်ကိုကိုနှင့် ကိုဇေရင့် တွေ့စေရန် တမင်စီစဉ်သည်။ ကိုဇေရင့်ကို စားသောက်ဆိုင်တစ်ခုကိုချိန်းလိုက်ပြီး လေးလေးကို တမင် ထိုဆိုင်သို့ခေါ်သွားသည်။





ဇေရင့်က ဦးမြတ်ကိုကို့ကိုတွေ့တော့ ...

"ဟင် ... ခင်ဗျား ... ခင်ဗျား လူယုတ်မာ"

လေးလေးရဲ့အင်္ကျီရင်ဘတ်ဟာ ကိုဇေရင့်လက်ထဲမှာ မွမွကြေနေသည်။

"ကိုဇေရင့် ဆိုင်ထဲမှာ မကောင်းပါဘူးဗျာ၊ မကျေနပ်တာတွေရှိရင် ကျွန်တော်တည်းတဲ့ ဟိုတယ်ကိုလိုက်ခဲ့"

"ကိုယ့်ဘက်ကတော့ မင်းနဲ့ စာရင်းရှင်းဖို့ စိတ်မဝင်စားဘူး ဇေရင့်"

"သေလိုက်ပေါ့၊ ခင်ဗျား လဲသေလိုက်၊ ကျွန်တော်ကတော့ ရှင်းရမယ်၊ ခင်ဗျားရဲ့ယုတ်မာမှုကို အမြစ်ပြတ်အောင် အတိုးပါရောပြီး ရှင်းရမယ်"

ကိုစိုင်းက နှစ်ယောက်လုံးကို သူ့အခန်းကို ခေါ်သွားသည်။

အခန်းထဲရောက်တာနဲ့ ဇေရင့်က ဦးမြတ်ကိုကို့ကို ဆွဲထိုးသည်။

"ဟိတ် ... နေဦး၊ မင်းကိုယ့်ကို ဘာလို့ ထိုးတာလဲ"

"ခင်ဗျားမှာ ဒီမေးခွန်းမေးခွင့်ရှိလို့လား၊ ဖြေစရာမလိုအောင် အဖြေထွက်ပြီးသားကြီးကိုလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဘာကြောင့်လဲ၊ ကိုယ်က မြင့်မိုရ်ကို မေ့ဆေး အုပ်ပြီး ခေါ်မိလို့လား ...

ဒါမှမဟုတ် မြင့်မိုရ်ကို လာခေါ်ဖို့ မင်းဆီကို ဖုန်း ဆက်မိလို့လား ...

ဒါမှမဟုတ် ကိုယ် မြင့်မိုရ်အပေါ် ဘာမှ မကျူးလွန် ခဲ့လို့လား"

"ခင်ဗျား ... ခင်ဗျား"

"ဟုတ်တယ်၊ ကိုယ် မြင့်မိုရ်ကို လက်စားချေချင်လို့ ကိုယ့်အိမ်ကိုခေါ်သွားတယ်၊ ဒါပေမဲ့ အိမ်ရောက်တာနဲ့ မင်းဆီကို ဖုန်းဆက်တယ်၊ ဖုန်းဆက်ပြီးတာနဲ့ ကိုယ် လေဆိပ်ကိုတန်းပြီး ဆင်းခဲ့တာပဲ၊ စပါးလုံးတစ်ထောက်စာ လောက်တောင် မကျူးလွန်ဘူး၊ လုံးဝ သန့်တယ်"

"ဒါဆို မြင့်မိုရ်က ကျွန်တော့်ကို ဘာလို့ ငြင်းတာလဲ"

ဦးမြတ်ကိုကိုက ပခုံးကို ဟန်ပါပါတွန့်ပြီး လက်ဝါး ဖြန့်ကာ ...

"ဒါတော့ ကိုယ်လည်း ဘယ်သိမှာလဲ၊ ဖြစ်နိုင်တာတစ်ခု ရှိတယ်၊ မင်းကို သံသယတွေနဲ့ မပင်ပန်းစေချင်လို့နေမှာ ပေါ့၊ သူနဲ့ ကိုယ် ဘာမှ မဖြစ်ဘူးဆိုတာ သူလည်း သိမှာ ပဲလေ"





"ကျွန်တော် ဘာလုပ်ရမှာလဲ"

"ဒါတော့ ကိုယ်လည်း မသိဘူးလေ"

ကိုစိုင်းက သက်ပြင်းချကာ ဝင်ပြောသည်။

"ကိုဇေရင့် အမေဆုံးတော့ မမိုရ်က ကိုဇေရင့်ကို မျှော်နေ သလိုပဲ၊ မလာတော့ သူ ငိုပုံရတယ်၊ ကိုဇေရင့်အကြောင်း ပြောတော့ ငိုနေတယ်"

ဒါကိုတော့ ဇေရင့်ရဲ့ရှေ့နေကလည်း ပြန်ပြောပါ သည်။

"ဦးမြတ်ကိုကိုက ဘာလို့ အဲလိုလုပ်ခဲ့တာလဲ"

"ကိုယ် သူ့အပေါ် မကျေနပ်ချက်ရှိခဲ့ဖူးလို့"

"ခုရော ဘာလို့ ကျွန်တော့်ကို အဖြစ်မှန်တွေပြောပြတာလဲ၊ အထင်လွဲအောင်လုပ်ပြီးမှလေ"

"အခုက လုံလောက်သွားပြီလေ၊ ကိုယ်က သူ့ကို ထိုက် သင့်သလောက်တုံ့ပြန်ပြီးပြီ၊ ပြီးသွားပြီ"

"ကိုဇေရင့် မြန်မာပြည်ကိုပြန်ပါ"

"ကိုယ် စဉ်းစားထားတယ် ကိုစိုင်း၊ ဒါပေမဲ့ လောလော ဆယ်တော့ ကိုယ့်စိတ်တွေ ထွေနေတယ်၊ ပြီးတော့ မေမေ ဆုံးတာ ကိုယ့်စိတ်တွေ အများကြီးပါနိုင်တယ်၊ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ချင်တယ်၊ ကိုယ် ပြန်တော့ပြန် မယ်၊ တစ်ချိန်ချိန်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းကတော့ သူ့ရှေ့က ယောက်ျားရင့်မကြီးနှစ်ယောက်ကို တအံ့တဩ ငေးစိုက်ကြည့်နေခဲ့သည်။ သူတို့နေရာမှာ ...

သူသာဆို မမိုရ်ဆီကို ဒုန်းစိုင်းပြန်ပြေးမိမှာပင်။ ခုတော့ လက်စားချေတာတွေရော ဒဏ်ခတ်တာတွေရော ဘာတွေမှန်းကိုမသိတော့။

တကယ်လို့ ...

ကိုဇေရင့် ပြန်သွားရင်ရော ...

မမိုရ် ဘယ်လိုဆုံးဖြတ်မလဲ။

ဘာမှမသေချာသော ...။





## တစ်နှစ်ခန့်ကြာသော...

www.burmeseclassic.com

www.burmeseclassic.com



"တင်း ... တောင်"

မြင့်မိုရ်က အိမ်တံခါးကို သွားဖွင့်လိုက်သည်။

"ဟယ် ... ခန့်ငယ် ပြန်လာတယ် မေကြီးရေ၊ မေကြီးသား ပြန်လာတယ်"

"ဟယ် ... ငါ့သားလေး ပြန်လာတယ်၊ အမယ့် အသားတွေ တောင် ပိုဖြူလာသလိုပဲ"

"ဖြူတာပေါ့ မေကြီးရာ၊ ဟိုမှာ လက်ရှည်ချည်းပဲ ဝတ်ဖြစ် တာ"

"အေးပေါ့၊ ရာသီဥတုကအေးတာကို၊ ဒါနဲ့ လာမှာကို ကြို မပြောဘူး"

"သားက အကြောင်းမကြားဘဲ ဖြုန်းစားထလာဖြစ်တာ၊ ဖုန်းဆက်တော့ ဖုန်းလိုင်းက မအားတာနဲ့"



"သြော် ... ဟုတ်ပါပြီ၊ ငါ့သားလေး ပြန်လာမယ်ဆို မေကြီးက ဟင်းကောင်းကောင်းချက်ကျွေးချင်လို့ပါ၊ ကဲ ... သားလေး ဘာစားမလဲပြော"

"ရပါတယ် ... မေကြီး၊ မမိုရ် ..."

"ပြော ခန့်ငယ်လေး၊ နင် ပိန်တော့ပိန်သွားတယ်"

"ဟုတ်တယ်၊ အားတဲ့အချိန်တွေဆို ရွာတွေဘက်သွားပြီး ကျန်းမာရေးပညာဒါန သွားလုပ်နေလို့ပါ"

"ကောင်းပါတယ်ဟာ၊ ဆရာဝန် လုပ်မှတော့ ဆရာဝန် ကောင်းဖြစ်အောင် လုပ်တော့ပေါ့"

"အင်းပါ၊ ဒါနဲ့ မနက်ဖြန်ကျရင် အိမ်ကို ညီမလေးတစ် ယောက် ထမင်းဖိတ်ကျွေးမလို့ ရမလား"

"လုပ်ပြီ၊ မေမေ့သား လုပ်ပြီ၊ မေကြီး တွေ့လား"

"ကဲပါတော် ... သမီးလေး အဖော်ရအောင် ရှာပေးတဲ့မောင် လေးကို ကျေးဇူးတင်လိုက်ပါဦး"

"ဟွန်း ... ကောင်စုတ်ကလေးနော်"

သြော် ... ခန့်ငယ်လေးတောင် အရွယ်ရောက်ပြီပေါ့။

"မေကြီး ... သားက မိတ်ဆက်ပေးရုံပါ၊ ဒီမှာ သားတို့ ဆေးရုံအတွက် ဆေးလာထုတ်တော့ သူပါလာတာနဲ့ ကြုံလို့ မိတ်ဆက်ပေးတာပါ၊ အိမ်လည်းရောက်ဖူးအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ"

မြင့်မိုရ်ကတော့ နောက်ကားကျော်ခံရသဖြင့် မအီမလည်ဖြစ်နေရှာသည်။

သူမရဲ့ဆိုင်ကလည်း စာအုပ်အငှားဆိုင်ကနေ စာအုပ်အရောင်းဆိုင်လေးပါ တွဲဖွင့်နိုင်သလို အလှမွေးငါးလေးတွေ၊ ဟမ်းစတားကောင်လေးတွေပါတွဲပြီး အရောင်းဆိုင် ဖွင့်ထားသဖြင့် လူပိုစည်ကာ ဝင်ငွေလည်းကောင်းလာသဖြင့် မေကြီးကို စက်ချုပ်ခြင်းအလုပ်မှ ထာဝရ အနားယူစေလိုက်ပြီ။

ခန့်ငယ်ကလည်း လစဉ်ပုံမှန်ထောက်ပံ့ပါသည်။ သို့သော် ပိုက်ဆံစုတာဝါသနာပါသော မေကြီးက သူမတို့နှစ်ယောက်အတွက် ဘဏ်စာအုပ်တစ်အုပ်စီဖြင့် စုပေးထားသည်။

"ဟဲလို ... ကက်သရင်း ပြော"

"ဟုတ်တယ် မောင် အိမ်မှာ"

"လာမယ်လေ၊ ညနေလေးနာရီလောက်ပေါ့"

"အိုကေ ... ကက်သရင်း ခေါင်းမူးနေသေးလား၊ အင်း ... ကားမူးနေတာပါ၊ ဒါပဲနော် နားလိုက်ဦး Bye !"

ဖုန်းပြောပြီး အိတ်ကပ်ထဲထည့်လိုက်သော ခန့်ငယ်ပုံစံက ဧရင့်နဲ့ တော်တော်တူသည်။ ဧရင့်ဆိုလည်း သူ့ကိုယ်သူ ဟန်းဒ်ဖုန်းနဲ့ဆိုပြီး ဘယ်တော့မှ ပဲမများတတ်ပါ။





ဖြစ်သလို အိတ်ကပ်ထဲထိုးထည့်ကာဝရာဝန်ဖြစ်လာတာ

ကပ်ထဲမှာ တွဲလွဲ။ ကြည့်ရဆိုးမှဆိုးပါပဲ။ စပို့ရှပ်

ပိုဆိုးသေး။ စပို့ရှပ်သားပျော့ပျော့မှာ ဖုန်းကချိတ်သူ့ ဆရာဝန်မလေး

"မမိုရ် ဘာငေးနေတာလဲ" ရားကျောင်းမှ ထောက်ပံ့

"ဘာမှ မဟုတ်ပါဘူး" ာင်းလေစွ။ မေကြီးနှင့်

"တစ်ခုခုတော့တစ်ခုခုပဲ" ရုံနှင့်ပင် ချစ်ခင်နေကြ

မောင်နှမနှစ်ယောက် စကားပြောပုံ

ဖုန်းကထပ်ဝင်လာပြန်၏။ မြင့်မိုရ်က ခန့်ငယ်ကို မျ

လိုက်သည်။ တစ်နေမှ မကုန်သေး။ လာလိုက်တဲ့ဖုန်း

နစ်ခါအားသွင်းရပြီးပြီ။

"ဟာ ... ကိုစိုင်းပြော၊ Unknown ဆိုတည်းက မင်တာ သိတယ်လေကွာ ...

ဟေ ... ဟုတ်လား၊ မင်းနဲ့ တွေ့ပြီးပြီပေါ့၊ ဩော်

ကိုစိုင်းဆီကလာသောဖုန်းပါ။ ခန့်ငယ်က ဖုန်းလိုင်းမမိချင်ယောင်ဆောင်ကာ ဆိုင်အပြင်ဘက်ကို ထွက်ပြောနေသည်။

"ဩော် ... ပြဿနာဖြစ်သွားတာကိုး"

"အင်း ... အင်း ... ဟင် ... ဟုတ်လား၊ ဩော် ... အေး သိပြီ"

"အေးပါ ပေးလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ငါလား မနက်ဖြန်တစ်ရက်ရှိဦးမယ်၊ သန်ဘက်

မြင့်ဖို့ ကက်သရင်းလည်း ပါလာတယ်"

မလည်ဖြစ်နေရှာသဉ် ခရစ်ယာန်"

သူမရဲ့ပေါဘူး၊ နားလည်မှုနဲ့ပဲ တည်ဆောက်မှာ"

အရောင်းဆိုင်လေးပါ ဝင့်နေမှာ၊ အေး ... ဒါပဲလေ"

စတားကောင်လေးပြောပြီး မမိုရ်နားကို ပြန်ရောက်တော့ ...

လူပိုစည်ကာ ဝင်ဆိုကလား"

ခြင်းအလုပ်မှ ဂ်တယ်"

ုစိုင်း ရောက်နေတာလား"

သို့သော် 'မရောက်ပါဘူး၊ စင်ကာပူကဆက်တာ"

ယောက် "ဪ"

စင်ကာပူဆို၍ မျက်နှာညှိုးရိပ်သမ်းသွားသည်။

ညနေဘက်ကျတော့ ခန့်ငယ်က သူ့ကောင်မလေး

အဒေါ်အိမ်က ထမင်းစားဖိတ်၍ သွားသည်။

မြင့်မိုရ်ကလည်း မနက်ဖြန် ခန့်ငယ် ကောင်မလေး

ကို ဘာချက်ကျွေးရမလဲ စဉ်းစားကာ စိတ်ကူးဖြင့် စီစဉ်နေမိ

သည်။

"မောင်နဲ့ ပတ်သက်မှတော့ ညီမလေးပဲ မေကြီးရေ"



"အင်း ... မိဘမဲ့ကျောင်းမှာကြီးပြီး ဆရာဝန်ဖြစ်လာတာ

ဟော်ရှာပါတယ်"

ကက်သရင်းဆိုသော ဖေရင့်ချစ်သူ ဆရာဝန်မလေး

ဟာ မိဘမဲ့ကျောင်းမှာကြီးပြင်းလာရပြီး ဘုရားကျောင်းမှ ထောက်ပံ့

မှုဖြင့် ဆရာဝန်ဖြစ်လာခဲ့သည်တဲ့။ ကံကောင်းလေစွ။ မေကြီးနှင့်

သူမဟာ ထိုကက်သရင်းကို သတင်းကြားရုံနှင့်ပင် ချစ်ခင်နေကြ

သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေကြီး ဒါကက်သရင်းတဲ့၊ သားချစ်သူ"

တကယ်တမ်းခေါ်လာတော့ ချင်းမလေးပီပီ မျက်လုံး အစ်ပိတ်ပိတ် အသားဖြူဖြူ အရပ်က ငါးပေပင်မပြည့်ချင်။ အရပ်ပုပု အနည်းငယ်ပြည့်လုံးလုံးလေးဖြစ်နေသော ခန္ဓာကိုယ် ကြောင့် ပိုပြီး ပုချင်ချင်။

ဆံပင်ညိုညိုစင်းစင်းကလေးတွေကို ဇစ်တိုးရိုးယားပုံစံ ညှပ်ထားပြီး နှုတ်ခမ်းသေးသေးလေးတွေက စူစူဖူးဖူးလေး။ ခြုံငုံကြည့်ရရင် ကလေးပုံစံ ဆရာဝန်မလေးပေါ့။

မြင့်မိုရ်က မြင်မြင်ချင်း ချစ်သွားရသည်။ သူမက လေးက ရယ်လိုက်ရင် နဂိုမှေးစင်းသောမျက်လုံးကလေးက ပိတ် သွားတတ်သည်။

"ကိုခန့်ကပြောပါတယ်၊ မေကြီးရော မမိုရ်ရော သဘော ကောင်းတယ်တဲ့၊ ကက်သရင်းကို ဘုရားသခင်ကပေးတဲ့



အမေနဲ့အစ်မပါပဲ၊ ကက်သရင်းကို လှိုက်လှဲတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဩော် ... မလိုပါဘူး သမီးရယ်၊ ဒါနဲ့ သမီးနဲ့သား ဘယ်တော့လက်ထပ်မလဲ၊ မေကြီး ဘာစီစဉ်ပေးရမလဲပြော"

ကက်သရင်းက ခန့်ငယ်မျက်နှာကို လှမ်းကြည့်သည်။

ခန့်ငယ်က ...

"သားတို့ မတိုင်ပင်ရသေးဘူး မေကြီး၊ သားတို့ အရင်တိုင် ပင်လိုက်ဦးမယ်"

"မေကြီးက သမီးလေးတစ်ယောက်တည်းဖြစ်နေလို့ လက် ထပ်လိုက်ရင် ကောင်းမယ်ထင်လို့ အကြံပေးတာပါ၊ သားတို့ နှစ်ယောက် တိုင်ပင်ကြည့်ပေါ့၊ နှစ်ယောက်လုံး မငယ်ကြ တော့ဘူး၊ အသက်အရွယ်ကလည်း လက်ထပ်သင့်တဲ့အရွယ်၊ အလုပ်အကိုင်နဲ့ဆိုတော့ အချိန်ဆွဲမနေကြနဲ့တော့"

"ဟုတ်ကဲ့ပါ"

ကက်သရင်းက သူမတို့မိသားစုနှင့် ခဏလေးအတွင်း မှာ နွေးထွေးသွားသည်။

ဖုန်းသံမြည်လာသဖြင့် ခန့်ငယ်က ဝရန်တာဘက် ထွက်ပြောသည်။

"ဟဲလို ... ဟာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တိုးတိုးတိုးတိုးဖြင့် ဘာတွေပြောနေသည် မသိ။ ကက်သရင်းက လိုက်ကြည့်နေသည်။

ခန့်ငယ် ဖုန်းပြောပြီးသွားတော့ ကက်သရင်းက —

"ဘယ်ကဖုန်းလဲဟင်"

"သူငယ်ချင်းတစ်ယောက်ပါ"

"မောင် အခုတလော ကက်သရင်းမသိတဲ့ဖုန်းတွေ ခဏခဏ လာသလိုပဲ"

"ကိစ္စတစ်ခုရှိလို့ပါ၊ ဒါပေမဲ့ မိန်းကလေးကိစ္စမဟုတ်တာ သေချာတယ် ယုံထားလိုက်"

"ယုံပါတယ်၊ မောင့်ကိုမှ မယုံရရင် ဘယ်သူ့ကိုသွားယုံ မလဲ၊ ဘာကိစ္စတွေရှုပ်နေလဲ၊ ကက်သရင်း ကူညီလို့ရရင် ကူညီရမလား"

"ရပါတယ် လိုရင်ပြောမယ်"

"ပြီးတာပဲ၊ မောင်က သိပ်ပြီး သူစိမ်းဆန်တယ်"

"မဟုတ်တာကွာ"

ထိုနေ့က ကက်သရင်းရော ခန့်ငယ်ပါ မကြီး[illegible] ကန်တော့ပြီးတော့ ခန့်ငယ်က ကက်သရင်းကို လိုက်ပို့သည်။

ပြန်လာတော့ …

"မမိုရ် အိပ်ပြီလား"

"အိပ်ချိန်လားဟဲ့၊ ဘာပြောစရာရှိလို့လဲ ပြော"





"မမိုရ် ကိုဇေရင့်ကို စိတ်နာတုန်းပဲလား"

ဆိုင်းမဆင့် ဗုံမပါပြောလိုက်တဲ့စကားကြောင့် မြင့်မိုရ် [illegible]တ်တရက် ကြောင်သွားပြီး …

"ဘာတွေလာမေးနေတာလဲဟဲ"

"ဪ … မမိုရ် ကိုဇေရင့် …"

"တော်ပြီ ဇေရင့်ဆိုတာ ငါ့စာမျက်နှာမှာ မရှိတော့ဘူး၊ ထွားခဲ့ပြီ၊ အတိတ်မှာ ကျန်ခဲ့ပြီ"

ပြောပြီးတာနဲ့ ထထွက်သွားသည်။

တကယ်က မောင်ဖြစ်သူရဲ့ အတွဲကိုကြည့်ပြီး သိပ် [illegible]ကိုသတိရနေချိန်ပါကွယ်။

ခန့်ငယ်က လာစလိုက်တော့ သတိရတဲ့ရင်ခွင်က အလွမ်းတို့ပြင်းထန်ပြီး မျက်စန်းတံခါးက မျက်ရည်မိုးကို အံတုလို့။

ဒီမျက်ရည်ကို မောင်ငယ်ရှေ့မှာ မကျချင်တာမို့ [illegible]ကားစ ဆက်ပြောလို့မရတဲ့ နှလုံးသားကို စကားစဖြတ်ခြင်းဖြင့် [illegible]သိမ်းဆည်းသိုဝှက်ကာ …

အစ်မဖြစ်သူပုံစံကိုကြည့်ပြီး ခန့်ငယ်လည်း သဘော [illegible]ပေါက်လိုက်ပါသည်။

ထို့နောက် …

ကက်သရင်းဆီ ဖုန်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် မြို့ထဲ စာအုပ်တွေ သွားဝယ်ရာမှ ပြန်ရောက်တော့ အိမ်မှာ မေကြီးကို မျက်စိမျက်နှာပျက်စွာဖြင့် မြင်ရသည်။

“မေကြီး ဘာဖြစ်လို့လဲ”

“ကက်သရင်းကလေး အသည်းအသန်ဖြစ်လို့တဲ့ သမီးရေ၊ ခမျာ တစ်ယောက်တည်း မလုပ်တတ်မကိုင်တတ်နဲ့ သူနဲ့အတူနေတဲ့ သူနာပြုဆရာမတစ်ယောက် ရှိပေမယ့် ကိုယ့်ဆွေမျိုးရင်းချာ ဆိုရင်တော့ ပိုကောင်းတာပေါ့”

“ဟုတ်လား၊ ဘာဖြစ်တာလဲ”

“အူအတက်ရောင်တယ် ဆိုလားပဲ၊ ခွဲရမလား မသိဘူးတဲ့၊ အဲဒါ မောင်လေးကတော့ သမီးကို လာစေချင်ပုံပဲ”

“သွားရမှာပေါ့၊ သမီး လိုက်သွားမယ်”

ဒီလိုနဲ့ပဲ ခန့်ငယ်ဆီ ဖုန်းဆက်ကာ ဟားခါးဆေးရုံကို လိုက်ဖြစ်ခဲ့သည်။





ခန့်ငယ်က သူ့သူငယ်ချင်းတစ်ယောက်ဆီကို ဖုန်းဆက်ကာ လေယာဉ်လက်မှတ် စီစဉ်ပေးသည်မို့ လေယာဉ်နဲ့ လိုက်လာဖြစ်သည်။

မေကြီးခမျာ မျက်ရည်တဆမ်းဆမ်း ကျခဲ့ရှာသည်။

ဟားခါးလေဆိပ်မှာ ခန့်ငယ်တို့ဆေးရုံကကားက လာကြိုနေသည်။

“မမြတ်မြင့်မိုရ်လား ခင်ဗျာ၊ ဒေါက်တာခန့် ကြိုခိုင်းလိုက်လို့ပါ”

ပူပန်စောဖြင့် ကားကိုတောင် နှေးသည်ထင်မိသည်။ ရန်ကုန်အိမ်ကနေ ဟားခါးဆေးရုံကိုရောက်ဖို့ကား ကြာလှချည့်ရဲ့။

ကားလေးက ဖလပ်တွေဝေအောင်ပွင့်နေသော ကုန်းမြင့်လေးတစ်ခုပေါ် တက်သွားကာ ကုန်းထိပ်က အိမ်လေးရှေ့ ရပ်သွားသည်။

ခန့်ငယ်က ထွက်ကြိုသည်။

“မမိုရ် ... လာ”

“ဟဲ့ ... ကက်သရင်းက ဆေးရုံမှာမို့လား၊ ကက်သရင်းဆီ အရင်သွားမယ်”

“နားပါဦး မမိုရ်၊ ခရီးပန်းလာတယ်မို့လား”



www.burmeseclassic.com

www.burmeseclassic.com



"မပန်းပါဘူး၊ လေယာဉ်နဲ့ လာရတာပဲ၊ ကက်သရင်းဆီ အရင်သွားမယ်"

"ကက်သရင်းက အိမ်ထဲမှာ မမိုရ်ရဲ့ ကက်သရင်းရေ"

"လာပြီ ကိုခန့်"

"ဟင်"

အပြုံးတဝေဝေနဲ့ ထွက်လာသော ကက်သရင်း။ ပါးမှာလည်း ပါးကွက်အဖွေးသားဖြင့် ပြုံးလို့ရယ်လို့။

"လာ ယောက်မ၊ အံ့သြနေလား"

"ဘာတွေတုန်း ကက်သရင်း အူအစာက်ရောင်လို့ဆို"

"အဲလိုခေါ်မှ လာမှာမို့လို့လေ"

"နင်တို့နှစ်ယောက်ဟာလေ၊ တကယ်ကိုမကောင်းတဲ့ ကလေးတွေပဲ၊ ကြည့်စမ်း အိမ်မှာ မေကြီးမျော မျက်ရည် တဆမ်းဆမ်း ကျန်ခဲ့ရတာ"

နှစ်ယောက်စလုံးက ပြုံးစိစိတွေနှင့်။

"မမိုရ် လေယာဉ်ပေါ်ရောက်တဲ့ အချိန်လောက်ကတည်းက မေကြီးဆီကို အကျိုးအကြောင်း လှမ်းဆက်ထားပြီးပြီ"

"ကြည့် ... ငါ့မှာတော့ အလုပ်တွေပစ်ပြီး ပြေးလာရတာ၊ နင်တို့ဟာလေ ခေါ်ချင်ရင်လည်း ရိုးရိုးခေါ်ပေါ့"



"ရိုးရိုးခေါ်ရင် မမိုရ် တော်တော်နဲ့ လာဖြစ်မှာမဟုတ်ဘူး၊ ကဲ ... လာပါ၊ ဒီမှာ ကက်သရင်း လက်စွမ်းပြထားတာ လေး အားပေးရအောင်၊ ပြီးရင် ဆေးရုံသွားရဦးမှာ"

"နေပါဦး ဒါက ဘယ်သူ့အိမ်တုံး"

"ဒါ ကိုခန့်ကို ဆေးရုံက ပေးထားတဲ့အိမ်လေ၊ ကိုခန့်နဲ့ တွဲကျတဲ့ဆရာဝန်က မိသားစုပါလာလို့ မြို့ထဲမှာ ငှားနေတယ်"

"ဪ ... ကက်သရင်းက ဘယ်မှာနေလဲ"

"ကက်သရင်းက ဒီကုန်းအဆင်းက အိမ်လေးပဲ၊ ဒါက အစိုးရဆေးရုံဝင်းပဲလေ"

"ဪ ... ဟုတ်ပါပြီ၊ ကဲ ... ကဲ ... ငါ မနက်ကတည်းက ဘာမှ ကောင်းကောင်းမစားဖြစ်ဘူး၊ ဗိုက်တောင်ဆာလာပြီ"

"လာ ... လာ မမိုရ်၊ ရှယ်ချက်ထားတယ်"

"အားလေ၊ ပြီးမှပဲ ဆေးရုံဘက် လိုက်ကြည့်ဦးမယ်"

ထမင်းစားကြတော့ အိမ်အကြောင်း၊ မေကြီး အကြောင်း ပြီးတော့ ခန့်ငယ်တို့နှစ်ယောက် နောက်တစ်နှစ်နှစ် ခန့်အကြာ လက်ထပ်တော့မည့်အကြောင်း တွေရာလေးပါးပြောဖြစ် ကြပြီး ...

"ကဲ ... စားလို့လည်း ကောင်းတယ်၊ ဆေးရုံကလည်း သွား ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါလည်း လိုက်မယ်လေ ခန့်ငယ်ရယ်"

"ဟိုမှာ Case တစ်ခုကိုင်စရာရှိလို့ မမိုရ်ရဲ့၊ မနက်ပြန်မှပဲ လိုက်တော့"

ပြောပြောဆိုဆို ကက်သရင်းကပါ ဆေးရုံသွားဖို့ပြင်နေတာမို့ ...

"နင်တို့နှစ်ယောက်လုံး သွားမှာလား၊ ငါ မနေရဲပါဘူး"

"အာ ... မနေရဲစရာ ဘာရှိလို့လဲ မမိုရ်ရ၊ ဒါက ဆေးရုံဝင်းဘာမှ အန္တရာယ်မရှိဘူး၊ ငိတ်ချ ဟိုဘက်ခြံမှာလည်း ဆရာဝန်ကြီးမိသားစု ရှိတယ်"

"ငါက သရဲကြောက်တာ"

"မမိုရ်ရာ ဒါက အိုင်တီခေတ်၊ နှစ်ဆယ်တစ်ရာစုကိုနောက်ပြန်မလျှောက်စမ်းပါနဲ့၊ ကဲ ... ကက်သရင်း လာနောက်ကျနေပြီ"

"နင်တို့ကလေ ငါ့ကို ခေါ်တုန်းကခေါ်ပြီး တစ်ယောက်တည်းထားတယ်"

"တစ်ယောက်တည်း မထားခဲ့ဘူး စိတ်ချ"

"ပြန်လာမှာပါ မမိုရ်၊ ဆေးရုံမှာ တကယ်ကေ့စ်ရှိနေလို့ပါ၊ ဩော် ... မမိုရ် ရေးချိုးရင် ရေနွေးစပ်ချိုးနော်၊ Water Heater ရှိတယ်"



နောက်ဆုံးတော့ မြင့်မိုရ်ပဲ စုပုပ်ပုပ်နဲ့ ကျန်ခဲ့ရတာပေါ့။ စိတ်ပင်ပန်းလာတာရော၊ ဆာဆာနဲ့ ထမင်းကို အားပါးတရစားလိုက်တာပါပေါင်းပြီး အိပ်ငိုက်လာသည်မို့ ချွဲခန်းက Dream Bed လေးပေါ် လှဲနေလိုက်ရုံဖြင့် အိပ်ပျော်သွားသည်။

တစ်စုံတစ်ယောက်က သူမရဲ့ ဆံပင်တွေကို သပ်တင်ပေးနေသလိုပဲ။

အိပ်မက်များလားကွယ်။

တစ်စုံတစ်ခုက သူမနဖူးကို ခပ်ဖွဖွလာထိသလိုပဲ။

နှုတ်ခမ်းတစ်စုံလို့ စိတ်ထဲမှာ အလိုလို ခံစားရတယ်။

ဘယ်သူလဲ။ ပြီးတော့ သူမရဲ့လက်ဖဝါးတစ်ဖက်မှာ မျက်နှာတစ်ခုက ခပ်ဖွဖွလာအပ်လိုက်သလိုပဲ။

အဲဒါ ဘယ်သူလဲ။

သူမ ပတ်ဝန်းကျင်မှာ တိမ်ဆိုင်တွေ အလိပ်လိုက်ပြေးနေသလိုပဲ။

ဒါပေမဲ့ သူမ လေယာဉ်ပေါ်မှာ မဟုတ်တာ သေချာတယ်။

ဘာတွေလဲကွယ် ...

ပြီးတော့ သူမ အိပ်မက်မှ လွတ်မြောက်စွာ တကယ်အိပ်မက်မမက်တမ်း အိပ်ပျော်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လေးအေးအေးက မျက်နှာကို ဖြတ်တိုက်လာတော့ သူမ ရုတ်တရက် လန့်နိုးသွားခဲ့တယ်။

"ဟာင်"

ရုတ်တရက်ကြီး သူမရဲ့လက်မောင်းတစ်ဖက်ကလေး ယံနေခဲ့သတဲ့။

သူမရဲ့ လှုပ်ရှားမှုကြောင့် သူမလက်မောင်းပေါ် မျက်နှာအပ်ပြီး အိပ်ပျော်နေသူကလည်း လန့်နိုးလာခဲ့တယ်။

ဒရင်းဘက်ပေါ်က သူမက ကြမ်းပြင်ပေါ်က သူ့ကို အလန့်တကြား ငုံ့ကြည့်လိုက်တော့ ...

"မိုရ်"

"ဇေရင့်"

သူမကို သူ သိမ်းကျုံးဖက်လိုက်သလိုပဲနော်။

"မိုရ်ရယ်"

"နင် ဘယ်တွေပျောက်နေခဲ့သလဲ ဇေရင့်"

"အရင်ဆုံး ပြန်တွေ့တဲ့အချိန်မှာ ပြောတဲ့စကားက ဒါပဲလား မိုရ်"

"မောင့်ကိုချစ်တယ်၊ ပြီးတော့ ဘယ်တော့မှ မထားခဲ့နဲ့တော့နော်"

"မောင်တို့ လက်ထပ်ရအောင် မိုရ်"



"မောင့်သဘောပဲ"

ပြုံးသွားတဲ့ ဇေရင့်ရဲ့ မျက်နှာဟာ တိမ်စင်လ,နှယ်။ သူမတစ်သက်မှာ တစ်ခါပဲမြင်ဖူးတဲ့အပြုံးမျိုး။ သူဟာ တကယ်ပဲ စကားတစ်ခွန်းမှ ထပ်မပြောဘဲ ပြုံးနေခဲ့တယ်လေ။

ဒါ့ပါပဲ။ သူပြုံးပုံက သူမနဲ့ ဦးမြတ်ကိုကိုတို့ကြားက နေ့ရက်တစ်ရက်ကိုလည်း နားလည်သွားတဲ့အပြုံးမျိုး။

ပြီးတော့ အင်မတန် ကြည်နူးချမ်းမြေ့သွားတဲ့ အပြုံးမျိုး။

ကဲ ... ခုဆို သူ့နဲ့သူမကြားမှာ အချစ်တစ်ခုရှာလွဲပြီး ဘာမှ မလိုတော့ဘူးလေ။

သံသယဆိုတဲ့ မြူမှုန်တစ်ထပ်လည်း မခြားထားဘူးထင်ပါရဲ့။

ပြီးတော့ တစ်ခုရယ်စရာကောင်းတာက ...

သူမကလည်း ကုပ်ပိုးသားလေး နည်းနည်းရှာက်လာသလို သူကလည်း ဗိုက်ကလေး မဆိုသလောက်ရွှဲလာသလိုပဲ။

တကယ်ပါ။ ကျွန်မတို့နှစ်ယောက်ကတော့ ဆေးနေတဲ့အချိန်မှာ တကယ်လွမ်းနေခဲ့ဖူးတယ် ဆိုတာ ... ယုံ။

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး



ဆက်ထုံးတွေ
တစ်ထုံးပြီးတစ်ထုံး ရှိခဲ့ပေမယ့်
ဒီဆက်ထုံးတွေဟာ
ကြိုးပြတ်လို့ပြန်ဆက်ရတဲ့
ဆက်ထုံးတွေတော့
မဟုတ်ဘူးတဲ့လေ
ကြိုးရှစ်ခဲ့တဲ့ ဆက်ထုံးပါတဲ့။
အဲဒီတော့
ဆက်ထုံးတွေ ပြေသွားတဲ့အခါ
ထိုကြိုးတစ်ချောင်းဟာ
ဖြောင့်တန်းစွာ
ပြတ်တောက်ခြင်းကင်းစွာ
ထို့အတူ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့
ငယ်ကအချစ်တို့သည်လည်း
ဆက်ထုံးပြေသောနေ့တွင်
ပကတိ အချစ်ဖြင့် ပြည့်ဘိဏ်း

မှုန်းရမိုး
7-8-08 (Wed)
08;30 AM

BURMESE CLASSIC
www.burmeseclassic.com